www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

ဘုန်းမြင်သင်ချက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)


အမှန်းပြင်ဆင်ချက်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၀၁၀၈၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၁၈၀၀၀၈

၂၀၀၉ ခုနှစ်၊ ဇွန်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) ဧကာစာပေ အမှတ်(၅၉) ၁၉ လမ်း လသာမြို့နယ် ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၃၃) ဧကာနှာ OFFSET အမှတ်(၅၉) (၁၉)လမ်း ရန်ကုန်။


BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် ,စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





ရှင်မိုး
(ဆေးတက္ကသိုလ်)

# အမုန်းပြင်ဆင်ချက်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







(၁၈)

ဒေါက်တာထိုက်တန်သည် သူ၏ဆေးခန်းအတွင်းသို့ ဖိုတိုဂရေးမှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လာလိုက်ပါသည်။ ဆေးခန်း၏ ဝင်ဝင်ချင်းမှာတော့ လူနာများနားနေစောင့်ဆိုင်းဖို့ အသင့်ချထားသော သစ်သားခုံတန်းရှည်များ၊ ပလတ်စတစ်ထိုင်ခုံများသူ့နေရာနဲ့သူ အစီအရီဖြစ်နေပါသည်။ မကျဉ်းမကျယ် ညှော်ခန်းနေရာလေးမှာ ကြမ်းခင်းကြွေပြားတို့လည်း သန့်ရှင်းပြောင်လက်နေသလို ဆေးခန်းအတွင်းလည်း လေအေးစက် ကြိုဖွင့်ထားပြီးဖြစ်သဖြင့် အပြင်နဲ့မတူဘဲ အေးမြသောပတ်ဝန်းကျင် အထိအတွေ့ကို ဖြစ်နေစေပါသည်။

လူနာများ ရက်ချိန်းပေးရာ နာမည်ခေါ်ပေးရာကောင်တာစားပွဲလေးကတော့ ညှော်ခန်းထောင့်မှာရှိနေပြီး ထိုကောင်တာနောက်မှာ မည်သူမျှ ထိုင်မနေသဖြင့် သူ အသာဝေ့ဝဲရှာလျှင် ဖြုန်းဆို ကောင်တာစားပွဲရှေ့ ပြန်ပေါ်လာသော မျက်နှာတစ်ခုကြောင့် သူတောင် လန့်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... လန့်သွားတာပဲ မင်းသားရာ၊ အသံမပေး ဘာမပေးနဲ့ ကောင်တာစားပွဲနောက်မှာ ဘာထိုင်လုပ်နေတာလဲ"

မင်းသား ရယ်ကျဲကျဲလုပ်ရင်း ..

"အဟီး ... ဆရာ ရှာခိုင်းထားတဲ့ လူနာမှတ်တမ်းဖိုင်လ်ကို စားပွဲအောက်က ဗီရိုမှာ ရှာနေတာပါ"

ဟု မလုံမလဲ ဖြေသည်။

"ဟုတ်ရောဟုတ်ရဲ့လားကွာ၊ ငါခိုင်းထားတဲ့အလုပ်ဆိုရင် မင်းပုံစံ ဒီလိုမနေပါဘူး"

"အဟီးဟီး .... ဟုတ်ပါတယ်"

"အေး ... ဟုတ်ရင်လည်းပြီးတာပဲ၊ ငါ ရောက်ပြီ ဆေးခန်းဖွင့်ပြီဆိုတဲ့ဆိုင်းဘုတ် ချိတ်လိုက်တော့"

"ဆရာ ... ကျွန်တော် ဒီနေ့ ကြမ်းတိုက်ထားတယ်"

"အေး ... တော်တယ် ... လိမ္မာတယ်၊ နေ့တိုင်းတိုက်ရင် ပိုကောင်းမယ်ကွာ"

"ဟာ ... ဆရာကလည်း ..."

ဒေါက်တာထိုက်တန်သည် အသက်ဆယ့်ခုနစ်နှစ်အရွယ် မင်းသားကို ဘာမှဆက်မပြောတော့ဘဲ သူ့ဆေးခန်းအခန်းလေးထဲ တံခါးဘုလှည့်ပြီး ဝင်လာခဲ့သည်။ ဆေးခန်းအခန်းလေးအတွင်းမှာ အပ်တွေ ကိရိယာတွေ ပြုတ်ထားသော ပေါင်းအိုးတင်ထားသည့် စားပွဲရှည်ကြီးအောက်ထဲ သူ လွယ်လာသော သားရေ





အိတ်ကို အသာထိုးထည့်လိုက်သည်။ ဆေးခန်းနံရံတစ်ခြမ်းအပြည့်မှာတော့ ဆေးပစ္စည်းမျိုးစုံရှိပါသည်။ ကျန်တဲ့နံရံတစ်ခြမ်းမှာတော့ သွားရောဂါဖြစ်ပွားပုံမျိုးစုံ၏ အဆင့်ဆင့်ပုံကို သရုပ်ပြထားသော ပိုစတာတွေ ကပ်ထားပါသည်။

ဒေါက်တာထိုက်တန်မှာ ဆေးစာရေးသော စားပွဲရယ်လို့ သီးသန့်မရှိ။ သွားရောဂါကုသော ပစ္စည်းကိရိယာတွေပြုတ်သည့် ပေါင်းအိုးကြီးတင်ထားသော စားပွဲနေရာအလွတ်မှာပင် ဆေးစာရွက်စာတမ်းတွေ ရောတင်ထားသည်။ သူကတော့ ဆုံလည်ကုလားထိုင်မှာ ထိုင်ပါသည်။ သွားဝေဒနာရှင်တွေလာလျှင် လှဲအိပ်ရသော ဒရင်းဘက်(ခ)ပုံစံ ခုတင်လေးတွဲပါသည့် သွားဝေဒနာကုသသော စက်ကြီးကတော့ အခန်းလေးထဲမှာ နေရာပြည့်အောင်ယူထားတဲ့သဘောမှာ ရှိနေသည်။

သွားဆေးခန်း စတင်ဖွင့်လာသော သုံးနှစ်အတွင်း ပုံမှန်လောက်သာ သွားနေသော ဒေါက်တာထိုက်တန်၏ ဆေးခန်းလေးကတော့ လူစည်ကားသော မြို့နယ်ကြီးတစ်ခုမှာရှိပါသည်။ သူ၏ ဆေးခန်းဧည့်ကြိုကောင်တာမှာ အပျော်ဝင်လုပ်ကြသော ကောင်လေးတွေကတော့ ခြောက်လ တစ်နှစ်လောက်နေရင် တစ်ယောက်ပြောင်းနေတတ်သည်။ အခုနောက်ဆုံးကောင်လေးလည်း ဝင်လုပ်တာ လေးလလား ငါးလလားရှိပြီ။ ကလေးလိုလို ခွေးလိုလိုနဲ့ ရုပ်က စပ်ဖြဲဖြဲနိုင်လှကာ အပျင်းလည်းကြီးလှသော ထိုကောင်



www.burmeseclassic.com

www.burmeseclassic.com



လေး (နာမည်ကလည်း အပျံစား မင်းသားတဲ့၊ သူ့မိဘက မှည့်ပဲ မှည့်တတ်တယ်)ကလည်း ဆယ်တန်းအောင်ထားပြီးပြီ ဖြစ်ရာ မကြာခင် တက္ကသိုလ်သွားတက်လျှင် ဆေးခန်းဧည့်ကြိုကောင်တာမှာ ဝင်လုပ်ချင်တော့မယ်မထင်။ အဲဒီကျ နောက်တစ်ယောက်ရှာရဦးမယ်။ မရခင်စပ်ကြားမှာတော့ ဒေါက်တာထိုက်တန်ပဲ ဧည့်ကြို၊ ဒေါက်တာထိုက်တန်ပဲ ဆရာဝန်ပေါ့။

ဒေါက်တာထိုက်တန်သည် ဆေးခန်းအခန်းလေးထဲမှာရှိသည့် ပေါင်းအိုးတင်စားပွဲပေါ်တွင် အသင့်တွေ့လိုက်ရသော ပန်းရောင်ပုရပိုက်ပုံစံ ဖိတ်စာလေးကိုမြင်လျှင် ..

"မင်းသား ဒါ ဘယ်သူလာပို့ထားတာလဲကွ"

"အစ်မလေးတစ်ယောက်ပဲ ချောတယ်ဗျ၊ ဆရာ့ကို ဆက်ဆက်ပေးလိုက်ပါပြောတယ်၊ ပြီးတော့ ဆက်ဆက်လာခဲ့ပါတဲ့။ သူငယ်ချင်းဟောင်းတွေပဲတဲ့"

မင်းသား ဆက်စကားပြည်နေမှာစိုး၍ လက်အသာကာပြီးလျှင် ဒေါက်တာထိုက်တန်သည် ပုရပိုက်ပုံစံဖိတ်စာလေးကို ထုတ်ကြည့်လိုက်ပါသည်။

"မောင်ဇော်ထိပ်နှင့် မမေဘယ်လ်လင်းတို့၏ မင်္ဂလာဧည့်ခံပွဲ၊ ဆီဒိုးနားဟိုတယ်"

ဆိုသော စာကြောင်းတွေက ဒေါက်တာထိုက်တန်ကို ကြိုဆိုနေကြသည်။





ထိုအချိန်မှာပင် အပြင်က လူသံ စကားပြောသံတွေ စပြီးကြားရပြီဖြစ်ရာ ဒီနေ့အတွက် လူနာစတင်လက်ခံကြည့်ဖို့ ပြင်ရပြီမို့ မင်္ဂလာဆောင်ဖိတ်စာကို အသာပြန်တင်ထားလိုက်ပါတော့သည်။


* ❧ *



www.burmeseclassic.com

www.burmeseclassic.com








"မဟုတ်သေးဘူးကွာ ... မဟုတ်သေးဘူး၊ မင်း လုံးဝမသွားသင့်ဘူးကွာ၊ ဒါ မင်းကို တမင်လုပ်တာကွ"

"မဟုတ်ပါဘူးကွာ၊ မဖြစ်နိုင်ပါဘူး။ ငါတို့ အဲဒီမတိုင်ခင်တည်းက သူငယ်ချင်းတွေလိုပဲ ဆက်ပြီးခေါ်ပြောနေတာပဲ၊ ပြီးတော့ သူ့ အခုယူမယ့်ကောင်နဲ့ တွဲပြီးတော့လည်း နှစ်ခါလောက် အပြင်မှာ မတော်တဆဆုံကြသေးတယ်၊ ပထမတစ်ခါမှာ သူတို့စုံတွဲနဲ့အတူတူ ငါ့ကို မုန့်အတူလိုက်စားဖို့ ခေါ်လို့တောင် ငါ လက်ခံလိုက်သေးတာကို မင်းလည်း သိတာပဲ"

"ငါက မင်းအစားမခံချင်လို့ မသွားနဲ့ပြောတာကွ"

ညီနိုင်က ထိုက်တန်အစား မကျေမနပ်၊ တရှုံးရှုံးတရှုံရှုံတွေဖြစ်လို့မဆုံးဘဲ ထိုမင်္ဂလာပွဲကို မသွားဖို့အရေး မဲဆွယ်



www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် ထိုက်တန်မှာ နားပင်မလည်နိုင်ဖြစ်နေသည်။ ဒီကောင် ဘာကြောင့်များ ဒီ့လောက်တားမြစ်နေရတာလဲ။ ရည်းစားဟောင်း တစ်ယောက်ရဲ့မင်္ဂလာပွဲကို သွားတာဟာ ဘာပြဿနာမှမရှိဘူး။ ပြီးတော့ အဲဒီရည်းစားဟောင်းနဲ့ ကိုယ်နဲ့ကလည်း သဘောထား ချင်းမတိုက်ဆိုင်လို့သာ နှစ်ဦးသဘောတူဖြေရှင်းပြီး လမ်းခွဲခဲ့တာ ပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဘာမှလဲ မုန်းစရာ၊ နာစရာတွေ မရှိခဲ့လေရာ ကွဲပြီးပြတ်ပြီးတော့လည်း မိတ်ဟောင်းဆွေဟောင်း တွေလိုပဲ ဆက်လက်စကားပြောဆက်ဆံခဲ့သူတွေပါ။ လမ်းတွေ့ ခေါ်ပြောနှုတ်ဆက်,ဆက်ဆံသလို သူမရဲ့နောက်ထပ်ရည်းစားနဲ့ တောင် မိတ်ဆက်ပေးခဲ့တာပါ။

"ငါ့အစား မခံချင်စရာမရှိပါဘူးကွာ၊ ငါ ပြောပြီးသားပဲ၊ မေဘယ်လ်ကို ချောလို့ လှလို့ စိတ်ဝင်စားပြီး ရည်းစား ဖြစ်ခဲ့တာပဲရှိတယ်၊ ငါ သူ့ကို တကယ်မှချစ်ခဲ့ပါဘူးကွာ။ ဒါကြောင့် ငါ ဘာမှ မခံစားရတာပဲကြည့်"

"မင်း ကွယ်ရာမှာ ဘာတွေပြောကြသလဲဆိုတာ မင်း သိလို့လား ထိုက်တန်"

"ဘာပြောလို့လဲ"

"မေဘယ်လ်လင်းကိုယ်တိုင် တိုက်ရိုက်ပြောတာတော့ ငါ မကြားပါဘူး။ ဒါပေမဲ့ သူ ပြောခဲ့တဲ့စကားကို ပြန်ဖောက် သည်ချတဲ့၊ သူနဲ့တွဲတဲ့အုပ်စုဆီက ကြားလာတာ"





"မင်းနဲ့ ဘယ်မှာတွေ့လို့လဲ"

"ငါက အဲဒီနေ့က ကော်ဖီ ဝင်သောက်နေတာ၊ ဆိုင်တစ် ဆိုင်မှာပေါ့။ ငါ ထိုင်တဲ့စားပွဲနားကို ကောင်မလေးအုပ်စု တစ်စု လာဝင်ထိုင်တယ်၊ ဘယ်သူတွေလဲကြည့်လိုက်တော့ မေဘယ်လ်ရဲ့ညီမဝမ်းကွဲလည်းပါတယ်၊ မေဘယ်လ်လင်းရဲ့ သူငယ်ချင်းတွေလည်းပါတယ်၊ လေးယောက်ပေါ့၊ သူတို့ ဖြစ်နေတယ်၊ ငါကတော့ မင်းနဲ့ပတ်သက်တဲ့ အခွဲချာအလှ လေးတွေကို မှတ်မိပြီး အားကျနေတဲ့သူဆိုတော့ သူတို့ကို မှတ်မိပါတယ်။ သူတို့ကတော့ ငါ့ကိုမမြင်တာလား၊ မမှတ်မိ တာလား၊ ဒါမှမဟုတ် ငါ့ရဲ့ ယောက်ျားပီသသောရုပ်ရည်နဲ့ ဘော်ဒီကို စိတ်ဝင်စားလောက်စရာမရှိဘူးဆိုပြီး သတိမထား မိတာလားမသိဘူး၊ ငါ ရှိနေတာ လုံးဝကြည့်လည်းမကြည့်၊ သိလည်းမသိကြဘူးကွ"

ညီနိုင်က သူ့မျက်နှာသူမော့၊ ပခုံးကိုမတ် ရင်ကို ဖွင့်ပြီး ရယ်စရာပြောပါသည်။ ညီနိုင်မှာ အရပ်ငါးပေခြောက်လက်မ လောက်ရှိပြီး ရှိသောအရပ်နဲ့မလိုက်အောင် တော်တော်ကြီးဝနေသော ကိုယ်လုံးမျိုးရှိသူဖြစ်သည်။ ဗိုက်ပူပူနှင့် ပါးစုန့်ကြီးများ ပြည့်တင်း နေသော ညီနိုင့်မျက်နှာဝိုင်းဝိုင်းမှာ ဖိုးလမင်းကြီးနဲ့တူကာ လကမ္ဘာ ရဲ့မျက်နှာပြင်မှာရှိသလိုပဲ အချိုင့်ရာတွေကလည်း ရှိနေသေးသည်။ ငယ်ငယ်က ဝက်ခြံများခဲ့သော ညီနိုင်ဟာ လက်အငြိမ်မနေဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဆွဲနေတတ်သောကြောင့် နောက်ဆုံးရလဒ်မှာ သူ့မျက်နှာပြင်တွင် ချိုင့်ရာအမာရွတ်သေးသေးကြီးကြီးတွေ ပွနေတာဖြစ်သည်။ ဒါ့အပြင် မျက်မှန်ကလည်း တပ်ရသေးသဖြင့် ရုပ်ရည်က မိန်းကလေးတွေအနေနဲ့ ဘယ်လိုမှ စိတ်ဝင်စားလောက်စရာမရှိသော ရုပ်မျိုးဖြစ်နေပါသည်။

လူကသာ ပုံမလာပေမယ့် ညီနိုင်က အလှအပတော့ တော်တော်ကြိုက်ပြီး တော်တော့်ကိုလည်း မက်မောနှစ်သက်ပါသည်။ ဒါကြောင့် မိန်းကလေးချောချောလှလှဆိုရင် တစ်ခါမြင်ရုံနဲ့ပင် မှတ်မိနေတတ်သော မှတ်ဉာဏ်မျိုးလည်း သူ့မှာ ထူးထူးခြားခြား ပိုင်ဆိုင်နေပါသေးသည်။

"အစကတော့ သူတို့ ပေါက်ပေါက်ဖောက်သလိုပြောနေတဲ့ အကြောင်းအရာတွေကို စိတ်မဝင်စားပါဘူး၊ ငါ့ဘာသာ ဆေးစာအုပ်ဖတ်ရင်း ဆက်ထိုင်နေတာပါပဲ၊ ဒါပေမဲ့ သူတို့ စကားထဲမှာ ကိုထိုက်တန်ဆိုတာ ပါလာတော့ ငါလည်း နားစွင့်မိလိုက်တယ်"

"သူတို့က ဘာလို့ ငါ့အကြောင်း အရေးတယူ ပြောရသလဲ"

"အေး ... အဲဒါပဲပေါ့၊ မေဘယ်လ်လင်းက စိတ်ထင်ရာ လျှောက်ပြောလို့ မိန်းကလေးအုပ်စုက အဟုတ်ထင်ပြီး တစ်ယောက်နဲ့တစ်ယောက် သတိပေးကြတာပဲပေါ့"





ထိုက်တန်မှာ ခုထိ ဘာမှန်းမသိသေးဘဲ အသာဆက်နားထောင်နေလိုက်ပါသည်။

"သူတို့ပြောတာကွာ မေဘယ်လ်လင်း ညီမဝမ်းကွဲက စပြောတာ။ အဲဒီကောင်မလေးနာမည် အိန်ဂျယ်လ်လင်း မဟုတ်လား"

"အေးပါ ထားပါကွာ၊ ညီမဝမ်းကွဲဆိုပြီးပါပြီ၊ နာမည်မှတ်မိဖို့မလိုပါဘူး၊ မင်းကလည်း အရေးထဲမှာ"

ညီနိုင်ဟာ အချောအလှဆိုရင် လူနဲ့နာမည်တွဲပြီး အသည်းအသန် မှတ်သားတတ်သော အကျင့်လည်း ရှိပါသည်။ ထိုက်တန် ဟောက်လိုက်တော့ ညီနိုင် နာမည်မှန် မမှန် ဆက်မမေးတော့ဘဲ သူ သိလာတာကိုပြောဖို့သာ ပါးစပ်ပြင်သည်။

"အေးကွာ ... အဲဒီကောင်မလေးက စ,ပြောတာပဲ၊ မမေဘယ်လ်က ပြောတယ်တဲ့၊ ကိုထိုက်တန်မှာ လာဘ်ရှိတယ်တဲ့၊ သူ့မှာရှိတဲ့လာဘ်က ဘာလဲဆိုတော့ သူက ချစ်တယ်ပြောခံရတဲ့မိန်းကလေးတိုင်းကို ကံကောင်းစေတာတဲ့"

"ဘာ ... ဘာ ... ဘယ်လို"

"မင်းက ချစ်တယ်ပြောခံလိုက်ရတဲ့ မိန်းကလေးဆီမှာ ကံကောင်းခြင်းတွေ ဖြစ်စေတာတဲ့"

"ဘာတွေလဲကွာ၊ ရှုပ်နေတာပဲ၊ ဘာလဲ ငါက ချစ်တယ် ပြောလိုက်လို့ ကံကောင်းပြီး သူ ထီပေါက်သွားလို့လာ



www.burmeseclassic.com

www.burmeseclassic.com



"ထိပေါက်တဲ့အတိုင်းဖါပဲကွာ"

"မင်းဟာကလည်း ပဟေဠိတွေလုပ်နေပြန်ပြီ၊ ဘာကို သိလာတာလဲ ပြောစမ်းပါ"

"ဘယ်လိုကံကောင်းစေတာလဲဆိုတော့ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ အလိုအပ်ဆုံးဖြစ်တဲ့အရာကို ပိုင်ဆိုင်စေတာတဲ့"

"မင်းနော် နောက်တစ်ခါထပ်ပြောမယ့်စကားမှာ ပဟေဠိထပ်ပါနေရင် ငါ ထ,ထိုးပြီပဲမှတ်"

ညီနိုင် ပြောနေတာတွေက ခုထိ မရှင်းလင်းသေးတာမို့ ထိုက်တန် လက်သီးရွယ်ရင်း ကြိမ်းလိုက်မိ၏။

"မင်းဟာ ငါ့ဆို အတော်ဗိုလ်ကျတဲ့ကောင်၊ ကျောင်းမှာတည်းက ဗိုလ်ကျတာ အကျင့်ပါနေပြီ"

ညီနိုင်နဲ့ ထိုက်တန်တို့ဟာ တကယ့်ကို ငယ်ပေါင်းတွေဖြစ်လေသည်။ တစ်လမ်းတည်းနေ သူငယ်ချင်းဖြစ်ပြီး အိမ်ချင်း ငါးအိမ်မျှသာအကွာမှာ နေခဲ့ကြသော သူငယ်တန်းဘဝတည်းကအတူတွဲခဲ့တဲ့ သူငယ်ချင်းရင်းချာတွေဖြစ်ကာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကိုလည်း အတူတူတက်ပြီး ကျောင်းအတူပြီးခဲ့ကြသူတွေဖြစ်ပါသည်။ အသက်နှစ်ဆယ့်ခုနစ် နှစ်ဆယ့်ရှစ်အရွယ်ရောက်သည်အထိ အတွဲမပျက်ပေါင်းခဲ့ကြသော သူတို့ရဲ့ သူငယ်ချင်းသက်တမ်းက မနည်းလှတော့။





ထိုက်တန်က ညီနိုင့်ကို ဘယ်တော့မှ အနိုင်ကျင့်လိုက်ရသည်လဲ မရှိ။ အရှုံးပေးလိုက်ရသည်လည်း မရှိဘဲ နှစ်ဦးမျှမျှတတခင်မင်လာကြသော သူငယ်ချင်းရင်းချာတွေပေမယ့် ညီနိုင်က တစ်ခါတစ်ရံမှာ ထိုက်တန်က သူ့ကို အနိုင်ကျင့်တတ်ပါသည်ဟု ထင်တတ်လေသည်။

တကယ်တော့ သူတို့နှစ်ယောက်ဟာ သူတစ်ပါးအပေါ် အနိုင်ကျင့်တတ်သူတွေမဟုတ်ဘဲ သူတို့ကိုသာ သူများက အနိုင်ကျင့်သွားတာကို ခံလိုက်ကြရတဲ့ အရှုံးသမား Loser နှစ်ယောက်သာဖြစ်ခဲ့လေသည်။

"မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ ဘာက အလိုအပ်ဆုံးမို့လဲ"

ထိုက်တန် စကားစလိုက်လျှင် ညီနိုင်က ဒီတော့မှ စိတ်ကောက်သလိုရုပ်ကြီးနဲ့ ဆက်ပြောလေသည်။

"မှတ်ထားကွ မိန်းမတစ်ယောက်ရဲ့ဘဝမှာ သူ့အပေါ်မှာ တကယ့်ကို သူမှသူ မေတ္တာစစ်နဲ့ချစ်ပြီး အင်မတန်မှလည်း ပိုက်ဆံချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်လိုက်ရတာဟာ ဘဝမှာ ကံအကောင်းဆုံးပဲပေါ့။ ထိပေါက်တာထက်တောင် ကံကောင်းသေးတယ် မောင်ရင်။ ထိပေါက်တာက ပိုက်ဆံပဲရတာ၊ ကိုယ့်အပေါ် တကယ်ချစ်တဲ့ လင်ယောကျ်ားကို ရှာတွေ့ချင်မှတွေ့မှာလေ။ အခုကျတော့

www.burmeseclassic.com



မေဘယ်လ်လင်းဟာ သူ့ကို တကယ်လည်း True love နဲ့ချစ်သော ပိုက်ဆံချမ်းသာသည့် သူဌေး ဇော်ထိပ်ဆိုတဲ့ ယောက်ျားတစ်ယောက်ကို ပိုင်ဆိုင်လိုက်ခြင်းဖြစ်လေသည် လေကွာ၊ ကဲ .. ဒီထက်ကံကောင်းတာ ဘာများရှိဦးမလဲ"

"သူ့ဘာသာ ဇော်ထိပ်နဲ့ ဖူးစာဆုံတာ ငါနဲ့ ဘာဆိုင်လဲ"

"မင်းပဲ ဇော်ထိပ်နဲ့ သူ့ကို မိတ်ဆက်ပေးဖူးခဲ့တာဆို"

"မိတ်ဆက်ပေးတယ်ရယ်မဟုတ်ပါဘူး၊ အဲဒီတုန်းက ငါ ဆေးခန်းဖွင့်ဖို့ စက်ကိရိယာတွေ လိုက်ရှာဝယ်နေတော့ သူကလည်း ငါနဲ့အတူတူပါလာတယ်ကွာ၊ ကိုဇော်ထိပ်က Madical equipments(မက်ဒီကယ်လ်အက်ကွင့်(ပ)မန့်စ်) တွေ အကြီးအကျယ်ရောင်းတဲ့ရှိုးရွမ်းကြီးဖွင့်တဲ့ ကုမ္ပဏီဒါရိုက်တာပေါ့။ ငါ သွားဝယ်တော့ မင်း သိတဲ့အတိုင်းပဲ ငါတို့က သာမန်မိသားစုဝင်ငွေနဲ့ ဆရာဝန်ဖြစ်လာတာဆိုတော့ ဒီပစ္စည်းကြီးကို ဈေးအကြေမချေနိုင်ဘူးလေ။ ကိုဇော်ထိပ်တို့ကုမ္ပဏီမှာက ဆရာဝန်တွေဆို ဆ.မလက်မှတ်နံပါတ်ရှိရင် အကြွေးစနစ်နဲ့ရောင်းပေးတဲ့ စနစ်ရှိတော့ အကြွေးနဲ့ဝယ်ပြီး အရစ်ကျပေးဖို့ကိစ္စ ဘာညာကို ကုမ္ပဏီဒါရိုက်တာနဲ့ တွေ့ပြီး စကားပြောရတာပေါ့၊ အဲဒီနေ့က မေဘယ်လ်ကပါ လိုက်ချင်တယ်ဆိုပြီး ပါလာတာနဲ့ သူ့ပါခေါ်သွားတော့ သူနဲ့ ကိုဇော်ထိပ် တွေ့ရတာပေါ့၊ ဒါပဲ ငါက တကူးတက





ကြီး တမင်ဆုံခိုင်းပြီး မိတ်ဆက်ပေးတာလည်း မဟုတ်ပါဘူး"

ညီနိုင်သည် ထိုက်တန် စကားဆုံးတော့မှ ...

"ဘာပဲဖြစ်ဖြစ် မင်းကြောင့်ပဲ ဒီသူဌေးနဲ့သူ ဆုံရတာ။ ဒီသူဌေးကလည်း သူ့ကို မြင်မြင်ချင်း ချစ်သွားခြင်းခံရတာ တဲ့ဗျာ။ ဘေးမှာ ရည်းစားပါတာတောင် မြင်မြင်ချင်း ချစ်မိပါတယ်၊ လက်ထပ်ပါရစေ ခွင့်တောင်းခံရတာဟာ နည်းနည်းနောနောအချစ်မဟုတ်ဘူး၊ တကယ့်ကို အချစ်စစ်နဲ့ ချစ်လို့တဲ့၊ မေဘယ်လ်လင်းကတော့ လုံးဝ ယုံနေတယ် မောင်ရင်။ မင်းကြောင့် သူ ကံကောင်းတာတဲ့၊ အဲဒီလိုကို ကြေညာနေပြီ"

ထိုက်တန်လည်း ဒီကိစ္စကို အဲဒီလောက်ကြီး မခံစားရတာမို့ ညီနိုင် ပြောပေမယ့် စိတ်ဆိုးရကောင်းမှန်းမသိပါ။ စိတ်လည်းမဆိုးမိပါ။ ဒါ ဘာစိတ်ဆိုးစရာရှိလဲ။ မိန်းကလေးဆိုတာက ဒီလိုပဲ အယူသီးပြီး လိုချင်တာကို ဆွဲတွေးတတ်တဲ့အမျိုးအစားတွေလေ။

"ဘာဖြစ်လဲကွာ ... သူ့ဘာသာ ဘာပဲပြောပြောပေါ့၊ သူ့ဘာသာ အယူသီးပြီးလျှောက်ပြောတာ စိတ်ဆိုးစရာလား"

"ကောင်မလေးတွေကြားထဲမှာတော့ မင်းက ငတုံးကြီး ဖြစ်နေတာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ငတုံးကြီးလဲ"

"ကိုယ့်ရည်းစားကို ဖြတ်ခုတ်သွားမယ့်ကောင်နဲ့မှ တည့်တည့်ကြီးမိတ်ဆက်ပေး တွေ့ဆုံပေးတဲ့ မြားနတ်မောင်ငတုံးကြီးပေါ့"

"သူတို့က ငါ့ကို ငတုံးကြီးလို့ထုတ်ပြောလို့လား"

"မပြောတော့မပြောပါဘူး"

"အေး ... မပြောဘဲနဲ့ မင်းပြောချင်တဲ့စကားတွေ မထည့်နဲ့ ညီနိုင်ဖက်တီး"

"ဘာဖက်တီးလဲ၊ မဖက်တီးပါဘူး၊ ဗလကောင်းတာပါ၊ ဒီမှာကြည့်' ..."

ညီနိုင်က သူ့အင်္ကျီလက်ကို ခေါက်တင်လိုက်ပြီး လက်သီးဆုပ်ပြီး ဗလထုတ်ပြလျှင် သူ့လက်မောင်းဝဝကြီးများမှာ ဗလက တက်မလာပါ။

"ဗလကောင်းရင်လာလေ ငါနဲ့ လက်ရုံးရည်ယှဉ်မလား"

"အံမာ ... အထင်သေးလို့ စိန်ခေါ်ရင်မငြင်းဘူးကွ"

ညီနိုင်ကလည်း စားပွဲပေါ်လက်ထောက်လိုက်ပြီး လက်ချင်းလှဲဖို့ အသင့်လုပ်ပြပါသည်။ တကယ်တော့ သူ ထိုက်တန်ကို ဘယ်လိုမှ မနိုင်နိုင်ပါ။ အမြဲလည်း ရှုံးနေကျပေမယ့် သူတို့ဟာ ခုထိ ကလေးဆန်စွာ လက်လှဲနည်းကို ကစားကြည့်တုန်း၊





စကားနိုင်လုတုန်း၊ တစ်ယောက်ရဲ့မကောင်းကွက်၊ အားနည်းချက်၊ လူသိမခံချင်တဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ပြောပြီး နှိပ်ကွပ်တတ်တုန်း။

တနင်္လာတစ်ရက်သာ ဆေးခန်းပိတ်ရပြီး တစ်ပတ်မှာ ခြောက်ရက်လုံးလုံး ဆေးခန်းထိုင်ကြရသော ထိုက်တန်နဲ့ ညီနိုင်တို့မှာ အားရက်တိုင်းလည်း အခုလိုဆုံပြီး စကားပြောဆိုကြ၊ ငြင်းကြခုံကြလုပ်ဖို့ ဘယ်တော့မှလဲ မပျက်ကွက်သေးပါ။

ထိုက်တန်ကတော့ ခုလောလောဆယ်မှာ ရည်းစားသုံးယောက်မြောက်နဲ့ ကွဲထားပြီးခါစဖြစ်ပြီး မေဘယ်လ်လင်းဆိုသူမှာ သူ၏ပထမဦးဆုံးရည်းစားကလေးဖြစ်သည်။ လွန်ခဲ့သောနှစ်နှစ်လောက်က ပြတ်စဲသွားသော ရည်းစားဟောင်းတစ်ယောက်သာဖြစ်သဖြင့် ထိုက်တန်အတွက် သူမရဲ့မင်္ဂလာသတင်းဟာ ဘာမှ တုန်လှုပ်စရာမဖြစ်ခဲ့။

"မင်း မှတ်မိသေးလား ထိုက်တန်။ ငါတို့ကိုးတန်းလောက်တုန်းက မင်းကို အသည်းအသန်သဘောကျတဲ့ ဒီဒီကို မှတ်မိလား"

"ဒီဒီ ... အင်း ... နေဦး သူ့နာမည် နန္ဒီလား စန္ဒီလား"

"နန္ဒီကွ၊ ငါတို့ကွယ်ရာမှာ သူ့ကို နာမည်ပြောင်တောင်ပေးသေးတယ်၊ နန္ဒီမဟုတ်ဘူး နံသည်လို့ ... ဟားဟား"



www.burmeseclassic.com

www.burmeseclassic.com



ညီနိုင်က မဆီမဆိုင် စကားလမ်းကြောင်းပြောင်းပြီး ကိုးတန်းတုန်းကအကြောင်းကို စကားစ,လိုက်သဖြင့် ထိုက်တန်လည်း အလိုက်သင့်နားထောင်နေလိုက်သည်။

"ဒီဒီက မင်းကို တစ်တန်းလုံး လူသိခံပြီးတော့တောင် သဘောကျတာနော် ...ဟား ဟား၊ သူ့စာအုပ်တွေထဲမှာ အသည်းပုံဆွဲပြီး အဲဒီအသည်းထဲမှာ ထိုက်တန်+နန္ဒီဆိုပြီး ရေးတာတွေ သူများတွေခိုးကြည့်လို့တွေ့တော့ အစ,ခံရတာလည်းမရှက်ဘူး။ သူက အတန်းခေါင်းဆောင်ဆိုတော့ ဆရာမ မရှိတုန်း အတန်းထဲမှာ ငြိမ်အောင်ထိန်းခိုင်းပြီး စကားပြောတဲ့သူ၊ ဆော့တဲ့သူ နာမည်စာရင်းမှတ်ခိုင်းလို့ မှတ်တိုင်း မင်း ဘယ်လောက်စကားပြောပြော၊ ဘယ်လောက် လှုပ်ရှလှုပ်ရှ လုပ်လုပ် မင်းနာမည်ကိုဆို ဘယ်တော့မှ လူဆိုးစာရင်းထဲ မမှတ်ဘူးနော်၊ ဟား ဟား ... မင်း မှတ်မိသေးလား၊ သူ မင်းကို ကျိန်စာတိုက်သွားတဲ့ အကြောင်းကို ..."

ညီနိုင် သတိတရပြောလျှင် ထိုက်တန်လည်း ရယ်မောမိရင်း ..

"မှတ်မိပါတယ်ကွာ၊ သူ့ကိုယ်သူ စုန်းမလိုလို ဘာလိုလိုနဲ့ ငါ့ကို ကျိန်စာတိုက်ပြတာလေ၊ တကယ့်ကို Seriousကြီး လုပ်ပြပြီး လူအထင်ကြီးအောင်လုပ်တာ ရယ်စရာကြီးပါ"





ဟု ပြန်ဖြေလျှင် ညီနိုင်ကတော့ လက်မခံ။ တကယ့်ကို အလေးအနက်ကြီး ပုံစံဖြင့် ...

"ငါတော့ ကျိန်စာတွေ ဘာတွေ ကြောက်တယ်"လို့ ပြောလေသည်။

"ဘာလဲကွ ဒီခေတ်ကြီးထဲမှာ သိပ္ပံခေတ်ကြီးထဲမှာ ဘာကြောက်စရာလိုလဲ၊ ကျိန်စာတိုက်တိုင်းသာ လူတွေထိရင် အကုန်လုံး ထိကုန်မှာပဲပေါ့"

"သူ မင်းကို ကျိန်ခဲ့တဲ့စကားဟာ တကယ်များဖြစ်လာတော့မလားလို့ပါ"

"ဘာဖြစ်လာလို့လဲ"

"သူ့ စိတ်ဆိုးပြီးပြောခဲ့တယ်လေ၊ နင်က ချစ်တယ်လို့ပြောလိုက်တဲ့မိန်းကလေးတိုင်း နင်နဲ့လွဲရပါစေ၊ တခြားသူနဲ့ ဆုံစည်းရပါစေတဲ့"

"အဲဒီတော့ ဘာဖြစ်လဲ"

"အခု စ,နေပြီလေ၊ မင်း ချစ်တယ်ပြောခဲ့တဲ့ မေဘယ်လ်လင်းဟာ မင်းနဲ့ လွဲသွားပြီး တခြားသူနဲ့ ဆုံစည်းသွားပြီ"

"ဟော့ကောင် ချစ်တယ်လို့ တစ်ခါကပြောခဲ့ဖူးတာပါကွာ။ ပြီးတော့ ငါ တကယ်လည်းမချစ်ခဲ့လို့ သူနဲ့ခွဲရလည်း ပျော်ပျော်ပဲမဟုတ်လား၊ စိတ်ချ အသည်းမကွဲပါကြောင်း ပြသဖို့ သူ့မင်္ဂလာဆောင်ကို သွားကိုသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ပြောမရရင်လည်း သွားကွာ၊ ဟိုမှာ မင့်ကို အရှုံးသမားကြီးအဖြစ် ဝိုင်းစောင့်ကြည့်နေကြမဲ့ မေဘယ်လ် လင်းရဲ့အုပ်စုတွေ ရှိနေလိမ့်မယ်"

"အဲဒီထဲက တစ်ယောက်ယောက်ကိုများ ချစ်မိရင် အခု လောလောဆယ် ရည်းစားမရှိ တစ်ကိုယ်တည်းငေါင်နေရတဲ့ အဖြစ်ကတော့ လွတ်သွားနိုင်တယ်"

ထိုက်တန်သည် လူပုံကချောချော၊ အရပ်မြင့်မြင့်နဲ့ ဟုတ်သော်ရှိ မဟုတ်သော်ရှိ "ဒေါက်တာ"ဆိုသောဘွဲ့လေးတစ်ခု လည်း ပိုင်ဆိုင်ထားသဖြင့် မိန်းကလေးတွေက သဘောကျတာခံ ရသလို သူကိုယ်တိုင်ကလည်း လွယ်လွယ်ပဲ ချစ်တတ်ပြီး ရည်းစား ကို လွယ်လွယ်ထားတတ်လေသည်။ အခုခေတ်မှာ ကောင်မလေး တွေက ပြင်တတ်ဆင်တတ်လှသဖြင့် နည်းနည်းရုပ်ရည်ရှိသူပင် တော်တော်လေးလှနေတတ်ကြသည်။ ဒီတော့ ကောင်မလေးချော ချောကို ချစ်သူရည်းစားအဖြစ် ဘေးမှာ လက်တွဲထားချင်တတ် သော စိတ္တဇမျိုး ပိုင်ဆိုင်သည့် ထိုက်တန်အတွက် "ချစ်တယ်"ပြော ပြီး ရည်းစားထားလိုက်ရတာ ခဏခဏ။ အခုဆို သုံးယောက် မြောက်နဲ့ပြတ်ပြီးခါစလေးရှိသေးသည်။

ရည်းစားက ထားကြည့်ပြီးသိပ်မကြာ ကိုယ်ကပဲ တကယ်မချစ်လို့လား။ သူတို့ကပဲ တကယ်သည်းမခံလို့လားမသိ။ ကောင်မလေးတွေဘက်ကပဲ အကြောင်းတစ်ခုမဟုတ်တစ်ခုပြပြီး ထိုက်တန်ကို စပြီးလမ်းခွဲထားရစ်ခဲ့ကြတာဖြစ်ပါသည်။





ဒါကိုပဲ ညီနိုင်က ဘယ်ကဘယ်လိုသတိရလာသည် မသိသော ကိုးတန်းကျောင်းသားဘဝက အဖြစ်အပျက်ကို ပြန်ရေ နှုးပြီး ထိုက်တန် ရည်းစားတွေနဲ့ လွဲလွဲသွားတာ ""အဲဒါကြောင့်" လို့ တရားခံနာမည်တပ်ချင်နေပုံရသည်။

ညီနိုင် ပြောတာနဲ့ပဲ ထိုက်တန်သည် အဲဒီလွန်ခဲ့တဲ့ ဆယ်လေးနှစ်လောက်က အဖြစ်လေးကို ပြန်ပြီးတွေးမိသွားသည်။ အခုပြန်တွေးလိုက်တော့ ရယ်စရာကောင်းပြီး ကလေးမကျ၊ လူကြီး မကျအရွယ် ကလေးဆန်ဆန်အပြုအမူလေးကို ပို၍သာ ရယ်မော မိပါသည်။ ညီနိုင် အိမ်ကပြန်သွားသောအခါ ထိုက်တန်တစ်ယောက် တည်း ထိုကာလလေးကို ပြန်သတိရပြီး ရယ်မောနေခဲ့သည်။

* ❧ *



www.burmeseclassic.com

www.burmeseclassic.com



## ၂

### (၁၉၉၄)ခုနှစ်ကာလတစ်ခု...

ထိုနေ့မှာ အတန်းထဲက သူငယ်ချင်းကောင်လေး တစ်ယောက်ရဲ့မွေးနေ့ပွဲကို ညီနိုင်နဲ့အတူသွားခဲ့ပါသည်။ ညီနိုင်နဲ့ ထိုက်တန်တို့က တစ်လမ်းတည်း အတူတူနေကြသူများဖြစ်ပြီး ထိုကောင်လေးကတော့ လမ်းအရှည်ကြီးနှစ်ဘလော့(ခ)လောက် အကွာက ရပ်ကွက်တစ်ခုမှာနေပါသည်။ ညီနိုင်နဲ့ထိုက်တန်တို့ ကတော့ စက်ဘီးလေးကိုယ်စီနင်းပြီး ထိုမွေးနေ့ပွဲကျင်းပရာ အိမ် ကိုရောက်လာခဲ့ကြသည်။

အိမ်က ကန့်ထရိုက်တိုက်ခန်းနှစ်လွှာဖြစ်ပြီး မွေးနေ့ ပွဲကို အပေါ်လွှာမှာကျင်းပပါသည်။ မွေးနေ့ရှင်ရဲ့အိမ်သားတွေက တော့ အောက်အလွှာမှာပဲ အစားအသောက်တွေ ပြင်ဆင်ကျွေးမွေး





ပြီး စားပြီးတဲ့ကလေးကို အပေါ်မှာသွားနေစေပြီး ပါဆယ်ဂိမ်း ကစားဖို့ စောင့်နေခိုင်းပါသည်။ မွေးနေ့မှာ အတန်းထဲက သူငယ် ချင်းတော်တော်များများကို ဖိတ်သည်ဖြစ်ရာ မိန်းကလေးတချို့ လည်းပါပါသည်။ အဲဒီထဲမှာ နန္ဒီလည်းပါပါသည်။

ယောကျ်ားလေးတွေကတော့ အသက်ဆယ့်လေး ဆယ့်ငါးအရွယ်တွေ ဆိုသည်မှာ သိပ်ပြီး လူပျိုမလုပ်ကြသေး။ ရှိုးသိပ်မထုတ်သေးပေမယ့် မိန်းကလေးတွေကတော့ အပျိုလုပ်ရှိုး ထုတ်ကာ မိတ်ကပ်၊ နှုတ်ခမ်းနီတွေ လက်သည်းဆိုးဆေးအလှတွေ နဲ့ အလှအပပြင်လာကြသည်ကို ယောကျ်ားလေးတွေက ကြည့်ပြီး ရယ်မောဝေဖန်ကြလျက် အိမ်အပေါ်ထပ်အလွှာလေးမှာ ဆူဆူညံညံ စည်စည်ကားကား။ ထိုကာလအချိန်တုန်းက နာမည်ကြီးလူကြိုက် များနေသော အဆိုတော်တွေရဲ့သီချင်းခွေတွေ တစ်ခွေပြီးတစ်ခွေ မနားတမ်းဖွင့် သံပြိုင်လိုက်ဆိုဖြင့် မွေးနေ့မှာ ဖိတ်ထားသော လူစုံအောင်စောင့်ကြပါသည်။

လူစုံပြီ။ အားလုံးလည်း ဗိုက်ကားအောင်စားသောက် ကြပြီးပြီ။ အစားအသောက်မင်သော ညီနိုင်ဆို မွေးနေ့ရှင် သူရကျော် အမေလက်ရာ အုန်းနို့ခေါက်ဆွဲကို သုံးပွဲ၊ ဆိုင်ကမှာကျွေးသော သီးစုံအိုက်(စ)ကရင်(မ)ကိုနှစ်ပွဲ၊ မွေးနေ့ကိတ်ကို သုံးတုံးစားပြီးကာ ဗိုက်ကြီးတင်းနေသဖြင့် ဝတ်ထားသောတီရှပ်ကိုပင် ဗိုက်ပေါ်လှန် တင်ပြီး တအီးအီးအော်နေရပြီ။ ထိုအချိန်မှာပင် မွေးနေ့ရှင်၏



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူ ဆယ်တန်းအောင်ပြီးခါစ ကိုသီဟကျော်က ကက်ဆက်တစ်လုံးဖြင့် အပေါ်တက်လာကာ ...

"ကဲ ကဲ ... ငါ့ညီ၊ ညီမတွေပျော်သွားအောင် ဂိမ်းကစားမယ်ဟေ့၊ ပါဆယ်ဂိမ်း၊ ပါဆယ်ဂိမ်း"

ဟု ကြေညာလိုက်လေသည်။

ကလေးတွေအားလုံး ချက်ချင်းပဲဝိုင်းကြီးပတ်ပတ် လူစုထိုင်လိုက်ကြပါသည်။ သို့သော် ... ယောကျ်ားလေးတွေ တစ်ခြမ်း၊ မိန်းကလေးတွေကတစ်ခြမ်း ပုံစံမျိုးတော့ဖြစ်နေသည်။ ဒါကို ကိုသီဟကျော်က ကြည့်ပြီး ပြုံးစေ့စေ့လုပ်လျက် ...

"အေးနော် ... ယောကျ်ားလေး၊ မိန်းကလေး ခွဲခြားပြီးထိုင် မနေချင်နဲ့။ ငါ စီစဉ်ထားတဲ့ဂိမ်းကတော့ ယောကျ်ားလေး မိန်းကလေး တွဲကိုတွဲရမယ့်ပုံစံလုပ်ထားတာ၊ ကိုယ့်အချင်းချင်းတွဲရမှာကြောက်ရင်မပါနဲ့"

ဟု ထပ်ပြောပါသည်။

ကလေးတွေက ...

"ဟာ ... ကိုသီဟကြီး ဘာတွေလုပ်ထားလို့လဲ"

လို့ ဝိုင်းအော်မေးတော့ မဖြေ။ ရယ်ကျဲကျဲလုပ်နေပြီး ...

"ကြောက်ရင်မပါနဲ့"

လို့သာ ဆက်ပြောနေပါသည်။





"အံမာ ... ဘာလို့ကြောက်ရမှာလဲ၊ မိန်းကလေးတွေများ ကြောက်ရမှာလား"

ညီနိုင်က စပြောတော့ အားလုံး (အထူးသဖြင့် ယောကျ်ားလေးတွေ)တွေထံမှ ဟုတ်တယ် မကြောက်ဘူးဆိုသော အသံတွေ ဆက်တိုက်ကြားရသည်။ မိန်းကလေးတွေကလည်း အနိုင်မခံဘဲ ...

"အံမာ ... သမီးတို့လည်း သူတို့ကို မကြောက်ပါဘူး နော်"

... တွေ ဘာတွေ ပြန်အော်သံထွက်လာတော့သည်။ ဒီတော့ ကိုသီဟကျော်လည်း အကြိုက်တွေ့သွားကာ ...

"ကောင်းပြီ ပွဲစပြီ၊ ပွဲကြီးပွဲကောင်းစပြီဟေ့၊ ကဲ ... ဒီမှာ ပါဆယ်ဂိမ်းအထုပ် သီချင်းစမယ်၊ စတာနဲ့ ကိုယ့်လက်ထဲက အထုပ်ကို လွှဲပေးပေတော့နော်၊ မတော်တဆများ လက်ထဲ အထုပ်ရောက်တုန်း သီချင်းရပ်သွားရင် ကွိုပြီပဲ၊ ကံစမ်းမဲ လေးနှိုက်ပြီး မဲလိပ်ထဲကခိုင်းတဲ့အတိုင်း လုပ်ပေတော့"

ပါဆယ်ဂိမ်းပွဲကစလေပြီ။ ညီနိုင်နဲ့ ထိုက်တန်တို့ ကပ်ရပ်ထိုင်ကာ ကိုယ့်လက်ထဲအထုပ်မကျန်ဖို့ ကြိုးစားပမ်းစား ဆော့ကြသည်။ အထုပ် လက်ထဲမှာကျန်နေတုန်း သီချင်းအရပ်နှင့် ကြုံရသူတွေခမျာ ကိုသီဟကျော် ဟာသလုပ်ပြီး စီစဉ်ထားသော မဲလိပ်တစ်ခုနှိုက်ကာ အဲဒီထဲကခိုင်းတဲ့အတိုင်းလုပ်ရလျှင် ကျန်သေး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြည့်သူတွေမှာ တဝါးဝါး တဟားဟား လှောင်လို့မဆုံး။ ဝိုင်းရယ်ကြလို့မဆုံးသော ကစားပွဲလည်းဖြစ်နေပါသည်။

မဲလိပ်တွေက အတော်ပင် ရယ်စရာကောင်းသည်။

ဥပမာ ...

"သင် သဘောကျသော ယောက်ျားလေးရှေ့မှာ ဖာတ်မင်းသမီးလို ကပြပါ"

ဟူ၍ မိန်းကလေးတွေအတွက် သီးသန့်မဲခွက်ထဲမှ မဲနှိုက်ရသော မိန်းကလေးမှာ ထိုသို့မဲပေါက်လျှင် မလုပ်ချင်လုပ်ချင်နဲ့ လုပ်ရလေသည်။ ယောက်ျားလေးတစ်ယောက် မဖြစ်မနေကို ရွေးရသဖြင့် အရွေးခံရသော ယောက်ျားလေးကလည်း ရုပ်အတည်ကြီး၊ အထာကြီးလုပ်ပြ၊ မိန်းကလေးကလည်း ရှက်ရှက်ရွံ့ရွံ့ဖြင့် အမူအရာလုပ်ပြ စသဖြင့် ကပေါက်တိကပေါက်ချာအမူအရာတွေမှာ ကလေးတွေအဖို့ ရယ်စရာတွေဖြစ်နေတော့သည်။

ယောက်ျားလေးတွေအတွက် မဲနှိုက်ရသော မဲခွက်ထဲမှာ မဲကို နှိုက်ရလျှင်လည်း ...

"သင် ကြိုက်နေသောမိန်းကလေးရှေ့မှာ ခွေးလိုအူပြပါ"

ဆိုတာမျိုးတွေ ဆိုးဆိုးဝါးဝါးကြုံရတာ အတော်ရှက်ဖို့ကောင်းသည်ဟု ထိုက်တန် ထင်မိသည်။

ယောက်ျားလေးတွေကလည်း မိန်းကလေးရှေ့မှာ ကင်းမြီးကောက်ထောင်ပြရတာတွေ၊ ဖာတ်မင်းသားလို သီချင်းဆိုပြီး





ကပြရတာတွေ၊ ကိုယ်ကြိုက်သောရုပ်ရှင်မင်းသားရဲ့ အမူအရာမျိုးနဲ့ သရုပ်ဆောင်ပြရတာတွေကို ယောက်ျားလေးတွေ အဟားခံ၊ အလှောင်ခံပြီး လုပ်ရသည်။

မိန်းကလေးတွေကလည်း ယောက်ျားလေးတွေရှေ့မှာ ကိုယ်ကြိုက်သောအဆိုတော်ရဲ့သီချင်းတစ်ပုဒ် ရသမျှဆိုပြရတာတွေ၊ ရုပ်ရှင်မင်းသမီးရဲ့ အမူအရာလုပ်ပြရတာတွေ စသဖြင့် မလုပ်ချင်လုပ်ချင်နဲ့ အနည်းငယ်တော့ လုပ်ပြကြရပါသည်။

အဲဒီလို ကစားပွဲက အရှိန်တက်နေတုန်းမှာ ကံဆိုးချင်တော့ ဗြုန်းခနဲ နန္ဒီ့အလှည့်ရောက်သွားပါသည်။ ပါဆယ်ဂိမ်းအထုပ်ကြီး နန္ဒီ့လက်ထဲအရောက်မှာ ကက်ဆက်သံက တုံ့ခနဲရပ်သွားလေရာ နန္ဒီ အရင်ဆုံးကြည့်လိုက်သူမှာ ထိုက်တန် ဖြစ်နေသဖြင့် ထိုက်တန်ဘက်က "ကံဆိုးချင်တော့" ဟူသော စကားကို သုံးမိတာပင်။ ဘာကြောင့်လဲဆိုတော့ အားလုံးသိနေသည်မှာ နန္ဒီဟာ ထိုက်တန်ကို အကြီးအကျယ် သဘောကျနေ၍ နန္ဒီတွဲရမည့်ယောက်ျားလေးကိုရွေးလျှင် ထိုက်တန်ပဲ အရွေးခံရမှာဖြစ်သည်။

ထိုက်တန်ကလည်း ထိုက်တန်ပင်။ နန္ဒီဟာ သိပ်လည်းရုပ်အဆိုးကြီးမဟုတ်ပါဘဲ အလိုလိုနေရင်း နန္ဒီ့ကို ကြည့်မရဖြစ်ကာ နန္ဒီနဲ့တွဲစလျှင် တီကိုဆားနဲ့တို့သလို တွန့်တွန့်လူးပြီး အခံရခက်တတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်တဲ့အတိုင်းပါပဲ နန္ဒီ မဲလိပ်ကိုနှိုက်၊ မဲလိပ်ကို ဖြေကြည့်ပြီးလျှင် ...

"သင် သဘောအကျဆုံးယောကျ်ားလေးနဲ့ လက်ချင်းတွဲပြီး မင်္ဂလာဆောင်ပြပါ။ ကြိုက်ရာနောက်ခံသီချင်းကို ဖွင့်ပေးပါမည်။ မြန်မာလို "အခါတော်ပေး"သီချင်း နောက်ခံယူမလား၊ ဘိုလိုမင်္ဂလာဆောင်ရင် ဖွင့်သော "Wedding March"သီချင်းသံနောက်ခံယူမလား ဖွင့်ပေးနိုင်ပါသည်"

ဟူ၍ အားလုံးကြားအောင် ဖတ်ပြလိုက်သောအခါ အခန်းတွင်းရှိရှိသမျှ လူကုန်ရဲ့ မျက်လုံးအစုံပေါင်းများစွာတို့ဟာ ထိုက်တန်ဆီသို့ စုပြုံပြီး ကျရောက်လာတော့လေသည်။

"ကဲ ... ဘယ်လိုလဲ ညီမလေး၊ ကြိုက်ရာရွေးပြီးပြီလား"

"ထိုက်တန်ပဲပေါ့၊ ဘယ်သူရွေးစရာရှိလို့လဲ၊ အားလုံးသိတာပဲ၊ ဒီဒီ အတွဲချင်ဆုံးက ထိုက်တန်ပဲ ရှိတာလေ"

"ဝိုး ... ကြိုက်ပြီဟေ့ ကောင်းတယ်၊ ငါ့ညီမကမှ ပွင့်လင်းသေးတယ်၊ ဘာဖြစ်လဲကွ ကြိုက်ရင်ကြိုက်တယ်၊ သဘောကျရင်ကျတယ်ပေါ့၊ ဘာရှက်စရာရှိလဲ၊ ဒါအပျော်ကစားတာပဲ။ ကဲ ... ညီလေး ထိုက်တန် သတို့သမီးက ခေါ်နေပြီ၊ သတို့သားအဖြစ် သရုပ်ဆောင်ပေးလိုက်ပါဦး၊ အခါတော်ပေးယူမလား၊ ဝက်ဒင်းမာ့ချ်ယူမလား"





ကိုသီဟကျော်ကတော့ အပျော်လုပ်ပြီး တဟေးဟေး တဟားဟားနဲ့ ကလေးမကျ လူကြီးမကျ အရွယ်လေးတွေကို မြှောက်ပေးလို့ကောင်းနေသည်။ နန္ဒီကလည်း မျက်နှာပြောင်လှစွာ ပြုံးပြုံးလေးလုပ်ပြီး သူမ၏ညာလက်ကိုကွေးပြီး ပန်းစည်းဘိုကေ ကိုင်ဟန်လုပ်ရင်း ကျန်လက်တစ်ဖက်ကတော့ ထိုက်တန်ကို လက်လာတွဲဖို့ ကမ်းထားပါသည်။ အားလုံး တဟေးဟေး တဟားဟားနဲ့ ရယ်မောနောက်ပြောင်ကြပြီး ...

"သတို့သား မောင်ထိုက်တန် ကြွပါဗျို့"

ဟု အော်သူအော် ...။

"မင်္ဂလာအချိန်အခါရောက်လာပြီဖြစ်ပါသဖြင့် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံသော ခန်းမအတွင်းသို့ သတို့သား မောင်ထိုက်တန်နဲ့ သတို့သမီး မနန္ဒီတို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်ခင်ဗျား"

လို့ မင်္ဂလာအခမ်းအနားမှူးအသံနဲ့ အော်သူအော်။ စသဖြင့် ဝိုင်းစ,ဝိုင်းအော်သံတွေကြားမှာ ထိုက်တန်သည်ကား အရှက်ကြီးရှက်၊ ဒူးအတုန်ကြီးတုန်ကာ နေရာမှမရွေ့ပါ။ ခေါင်းလည်းမဖော်ပါ။ နန္ဒီ့အလှည့်ကျမှ ဒီလိုတွဲလျှောက်ပြရမည့်ခေါင်းစဉ်ကြီး မဲပေါက်တာ ဟုတ်ရော့ဟုတ်ရဲ့လား။ တမင်များကြံစည်ထားသလားလို့ သံသယတွေဘာတွေဖြစ်လို့။

"ဟဲ့ ... ထိုက်တန် ထ,လေဟယ် နင်ကလည်း၊ မိန်းကလေးကတောင် စခေါ်နေပြီ၊ အထာကိုင်မနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန် ဖင်ကျောက်ချနေတာကို ကြည့်မရတော့သော နန္ဒီ့ဘက်သား သူငယ်ချင်းကောင်မလေးက ဝင်ပြောတော့လည်း ထိုက်တန် မလှုပ်။ ညီနိုင်မှာ ထိုက်တန်ရဲ့ခံစားချက်ကို သိပေမယ့် အများနဲ့တစ်ယောက်မို့ သူလည်းမငြင်းရဲဘဲ ...

"ဟေ့ကောင် ထိုက်တန် ထ,တွဲပြလိုက်ပါကွာ၊ ခဏလေးပဲဟာ"

ဟု ခပ်တိုးတိုးကပ်ပြောသတိပေးတော့လည်း ထိုက်တန် ခေါင်းကမော့မလာ။ မွေးနေ့ရှင် သူရကျော်ကလည်း ...

"ထိုက်တန် ထလေကွာ၊ ငါ့အစ်ကို သီချင်းဖွင့်ပေးဖို့ အခွေတောင်ထည့်ပြီးနေပြီ"

လို့ အော်ပြောတိုက်တွန်းလည်း မရ။

"ညီလေး ထိုက်တန် လာတွဲလိုက်တော့လေ၊ မိန်းကလေးက စောင့်နေရပြီ၊ မင်းကလည်းကွာ ပဲများမနေပါနဲ့"

ဟူ၍ ကိုသီဟကျော်က လှမ်းပြောလည်း မထ။

နန္ဒီက ထိုက်တန်ရှေ့လာရပ်ပြီး ...

"ဘယ်လိုလဲ ထိုက်တန် တွဲပြီးလမ်းလျှောက်ပြရမယ်လေ၊ ဘာလို့ ထမလာတာလဲ"

လို့ ခပ်တည်တည်မေးချလိုက်သောအခါမှာတော့ ထိုက်တန်တစ်ယောက် ခွေးအ,ကြီးလှည်းနင်းသလိုပဲ အီး,အဲတွေဖြစ်ကာ လူကတော့ ဖင်ကြွမလာပါ။





"ထပ်ပါဦးဟဲ့ ခဏလေးတွဲရုံပါ၊ ဘာလဲ နင်က ငါ့လက်မထိချင်လောက်အောင် ဖြစ်နေတာပေါ့ ဟုတ်လား"

"ဗျာ ခြားကောင်ခေါ်ပါလား နန္ဒီရာ"

"ငါ့ဘာသာ ငါခေါ်ချင်တဲ့သူခေါ်တာလေ၊ နင်က ဘာလို့ ငြင်းရမှာလဲ၊ တခြားလူတွေလည်း ဒီလိုပဲ အပျော်လုပ်ပြီး တွဲပြကြတာပဲ၊ ဒါ ကစားတာပဲ၊ နင်ကိုက အဖြစ်သည်းနေတာ"

"ကျွတ် ... ဒုက္ခပါပဲ"

"ဘာ ... ဒုက္ခပါပဲလဲ၊ အစတည်းက ဒီမှာ ခိုင်းတာမလုပ်ချင်ရင် ဝင်မကစားနဲ့လို့ ကိုသီဟကျော် ပြောပြီးသားပဲ၊ ဝင်လည်းကစားသေးတယ် ပြီးတော့ ကိုယ့်အလှည့်ကျတော့ မလုပ်ချင်ဘူး၊ သူများတွေတုန်းကတော့ ဝိုင်းလှောင်တဲ့အထဲမှာ နင့်အသံ အကျယ်ဆုံးပဲ၊ ကိုယ့်အလှည့်ကျမှ အလှောင်ခံရမှာကြောက်လို့ဖြစ်မလား"

ထိုက်တန်ကလည်း ထိုက်တန်ပင်။ ခဏလေးသတို့သားဟန်ဆောင်ပြရမှာကိုပင် အယူသီးလျက် မလုပ်ချင်။

"ထိုက်တန် တွဲလိုက်ပါကွာ ညီလေးရာ။ မင်းကလည်း မိန်းကလေးကတောင် မရှက်ဘူး။ မင်းက တစ်ပြန်ကြီးရှက်ရတယ်လို့ကွာ"

"ကိုသီဟကျော် ဘာသိလို့လဲ၊ ကျွန်တော် သူနဲ့ မတွဲချင်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ..."

"ဟမ် ... ဘာပြောတယ်"

ကိုသီဟကျော်အသံနဲ့ နန္ဒီ့အသံတို့ ပြိုင်တူလိုပင် ထွက်လာသလို တစ်ခန်းလုံးရှိကလေးတွေအသံကလည်း အူးခနဲ အိုးခနဲ ဟက်ခနဲ ဟင်ခနဲတွေ ဆက်တိုက် အာမေဋိတ်သံတွေ ဆူညံသွားပါသည်။

ညီနိုင်မှာ ထိုက်တန်အစား စိတ်အပျက်ကြီးပျက်နေကာ ခေါင်းတခါခါဖြင့် ...

"ကျွတ် ... ထိုက်တန်ရာ ... မင်း လုပ်ပြီကွာ၊ ဘာလို့ အဲဒီလိုကြီးပြောချရလဲ"

ဆိုပြီး တဖျစ်တောက်တောက် ပြောဆိုညည်းညူနေ၏။ နန္ဒီမှာ ဒီတစ်ချက်မှာတော့ အရှက်ကြီးရှက်သွားကာ မျက်ရည်တွေပင် ရစ်ဝိုင်းသွားပါသည်။ ထိုက်တန်မှာ နန္ဒီ့မျက်လုံးတွေကို ကြည့်မိပြီး သွားပြီ ငါတော့ စကားပြောမှားသွားပြီ ဟု နောင်တရသွားပါသည်။

နန္ဒီသည် ဘာမပြော ညာမပြောဖြင့် ထိုက်တန်၏ ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဆောင့်တွန်းထည့်လိုက်သည်။ ရုတ်တရက်မို့ ထိုက်တန် ပက်လက်လန် လဲကျသွားပါသည်။ အားလုံးက ပွဲကြီးပွဲကောင်းကို အသံတိတ်ကြောင်ငေးကြည့်နေကြသည်။





"နင် ငါ့ကို အခုလို အရှက်ခွဲတဲ့အတွက် နင့်ကို ငါ တော့မှ မကျေဘူး၊ နင် တစ်သက်လုံး မှတ်လောက်သလောက်အောင် ကျိန်စာတိုက်လိုက်မယ်၊ ဘာမှတ်လဲ ငါက စုန်းမ သိလား၊ နင့်ကို မြှုစားပြီး ကျိန်စာတိုက်လို့ရတယ်"

နန္ဒီ စိတ်ဆိုးမာန်ဆိုးဖြင့် ကလေးတစ်ယောက်လိုပဲ ခါးထောက် လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောပါသည်။

"နင့်ဘဝမှာ နင်ကချစ်တယ်ပြောလိုက်တိုင်း အဲဒီနင့်အချစ်ကို သိခွင့်ရတဲ့ မိန်းကလေးတွေဟာ နင့်ကို ဘယ်တော့မှ လက်မတွဲပါစေနဲ့။ သူတို့ကိုယ်တိုင်ကတော့ တခြားလူကိုပဲ ချစ်ပြီး အဲဒီလူနဲ့ပဲ လက်တွဲသွားရပါစေ၊ နင်က အမြဲကျန်ရစ်ဖြစ်ပါစေလို့ နေ့တိုင်း ကျိန်မယ်သိလား ... ပြီ နင် ငါ့ကို အရှက်ခွဲလိုက်လို့ နင့်ကို မှတ်လောက် သားလောက်အောင် ပညာပေးလိုက်တာပဲ၊ မြဲမြဲသာမှတ်ထား။ တစ်ချိန်ကျရင် နင် တဖြည်းဖြည်း ခံစားလာရလိမ့်မယ်"

နန္ဒီဟာ စကားလည်းဆုံးရော ဒုန်းဒုန်း ဒုန်းဒုန်းနဲ့ အိမ်အပေါ်လွှာမှ တောက်လျှောက်ပြေးဆင်းသွားခဲ့ကာ မွေးနေ့ပွဲမှ အပြီးပြန်သွားပါတော့သည်။ ကျန်ရစ်ခဲ့သောသူတွေအားလုံးကတော့ ပွဲကြီးပွဲကောင်းလည်းပြီးရော နန္ဒီ့ဘက်က အများစုပါကာ ထိုက်တန်ဘက်မှာတော့ ညီနိုင်တစ်ယောက်ပဲကျန်လျက် စကားနိုင်လုကြ၊ အပြစ်တင်ကြနှင့် ပါဆယ်ဂိမ်းပွဲပါပျက်၊ မွေးနေ့ပွဲလည်း ဆာစောစီးစီး ပွဲသိမ်းလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကစပြီး 'နန္ဒိသည် ထိုက်တန်ကို တကယ်ပဲ ရုန်းကြီးမုန်းသွားကာ မတော်တဆမျက်လုံးချင်းဆုံမိလျှင်တော့ မုန်းတီးနာကြည်းမှုတွေအပြည့်ပါသော မျက်စောင်းကြီးကို အမြဲထိုး တတ်ခဲ့တော့လေသည်။ ဆယ်တန်းရောက်သောအခါ နန္ဒိသည် ကျောင်းပြောင်းသွားသဖြင့် အဲဒီတည်းက အဆက်အသွယ်ပြတ် သွားခဲ့သလို ဘာသတင်းမှလဲ မကြားရတော့တာ ကြာခဲ့ပါပြီ။

✻ ❧ ✻

ပြော့်...





## ၃

## (၂၀၀၈)ခုနှစ်

မင်္ဂလာခန်းမအဝင်မှာ လက်ဖွဲ့ပစ္စည်းလက်ခံသည့် စားပွဲတွင် ချောချောလှလှကောင်မလေး,လေးယောက်တို့ရှိနေသည်။ သူတို့ကို ထိုက်တန် မသိပေမယ့် သူတို့ကတော့ ထိုက်တန်ကို ကြိုသိသည့်အလား လိုအပ်တာထက်ပိုပြီး ဂရုတစိုက်လေ့လာအကဲ ခတ်နေကြသည်ဟု ထင်မိသည်။ ငါပဲ အထင်မှားသလားလို့တွေး ရင်း လက်ဖွဲ့ပစ္စည်းထုပ်ကိုအပ်ကာ အဲဒီအုပ်စုကို ကျော်ဖြတ်လာခဲ့ သော် ...

"အဲဒီလူပေါ့ မမေဘယ်လ်ပြောတဲ့ Lucky charm(လာဒ်ကီး ချမ်း)ကြီးလေ"

ဟူသော အသံသဲ့သဲ့တစ်ခုကို နားစွန်နားဖျား ကြား လိုက်ရလေသည်။ ထိုက်တန်မှာ ဘာကို ဆိုလိုမှန်းမသိဘဲ စိတ်လဲ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ကာသိကအောက်ကြီးဖြစ်ကာ ကျောခိုင်းလာရသည်။ ကိုယ့်နောက်ကျောကိုကြည့်ပြီး ဘာတွေပြောနေကြမလဲလို့တွေးကာ နောက်ကျောမလုံသလိုဖြစ်နေပါသည်။

တိုက်ပုံအနက်ရောင်၊ အတွင်းက ရှပ်လည်ကတုံး ခရမ်းရင့်ရောင်ပုပ်ပုပ်ဝတ်ပြီး ခရမ်းရင့်ရောင်မှောင်တောက်နေသော ပိုးပုဆိုးတို့ကိုဝတ်ထားသော တမင်အလှတပ်သည့် ဒီဂရီမျက်မှန်ပါးပါးနှင့် ချောမောခန့်ညားလှသော ထိုက်တန် ဝင်လာတော့ ...

"ဟော့ ... ကိုထိုက်တန်ကြီး"

ဆိုသော လှမ်းနှုတ်ဆက်သံတွေ စကြားရသည်။

ဩော် .. မောင်ဘယ်လ်လင်း သူငယ်ချင်းတွေပဲ။ သူတို့ဝိုင်းကိုလာထိုင်ဖို့ခေါ်နေသလားလို့ ကြည့်လိုက်တော့ တစ်ဝိုင်းလုံး မိန်းကလေးတွေပဲဖြစ်နေသဖြင့် ဝင်မထိုင်ဖို့ဆုံးဖြတ်လိုက်သည်။ ကိုယ့်ဘက်က ဘာမှ ဒီလောက်ကြီးလည်းခံစားရတာမဟုတ်ပါဘဲ ကိုယ့်အပေါ် သနားစရာသတ္တဝါကြီးလိုလို၊ အရှုံးသမားကြီးလိုလို ဆက်ဆံခံရမှာကို မလိုလားသလို ကောင်မလေးတွေကြားထဲရောပြီး ငပေါကြီးလိုလို၊ အငမ်းထူတဲ့ကောင်ကြီးလိုလို ဝင်ရောနေသူအဖြစ်လည်း အထင်မခံချင်သဖြင့် မျက်စိထဲမြင်ရာ အလွတ်နေရာတစ်ခုမှာ ခပ်မြန်မြန်ပဲ ဝင်ထိုင်လိုက်ပါသည်။

ညီနိုင် အတန်တန်တားတဲ့ကြားက ရည်းစားဟောင်း ကောင်မလေးရဲ့မင်္ဂလာပွဲကိုလာခဲ့သဖြင့် ညီနိုင် ဒီပွဲအကြောင်း၊





ဒီပွဲမှာ ထိုက်တန် ဘာတွေကြုံခဲ့ရတဲ့အကြောင်း ပြန်မေးလျှင် အကောင်းသာပြန်ပြောပြီး အဆိုးတွေပြန်မပြောဖို့လည်း စိတ်ကူးထားခဲ့သည်။ ဖြစ်ချင်တော့ ထိုက်တန်က နေရာလွတ်ရင်ပြီးရောဆိုပြီး ဝင်ထိုင်လိုက်သောစားပွဲမှာ ကလေးတွေချည်းထိုင်နေသောစားပွဲဖြစ်နေပါသည်။ ကလေးတွေက ထိုက်တန်ကို မျက်လုံးလေးပြူးပြီး ကြည့်နေကြသည်။ လူဆယ်ယောက်စာ စားပွဲဝိုင်းမှာ ကလေးချည်းရှစ်ယောက်ဖြစ်နေကာ ထိုက်တန်တစ်ယောက်တည်း လူကြီးဖြစ်နေသည်။

ဒီအဖြစ်ကို မြင်သော မောင်ဘယ်လ်လင်းသူငယ်ချင်းအုပ်စုမှာ တခွိခွိ တဟိဟိဖြင့် ကျိတ်ရယ်မဆုံးဖြစ်နေတော့လေသည်။ ထိုက်တန်လည်း ကိုယ့်အဖြစ်နဲ့ကိုယ်မို့ ကလေးတွေကိုပဲ မိတ်ဆွေဖွဲ့ဖို့ စတင်ပြုံးပြလိုက်သည်။

"ဦးက ဘယ်သူလဲ"

ခပ်လည်လည်ဝယ်ဝယ်ရှိသော အသက်ရှစ်နှစ်ကိုးနှစ်အရွယ်ကောင်လေးက ထိုက်တန်ကို စူးစမ်းစပ်စုတော့လေသည်။

"သွားကုတဲ့ဆရာဝန်ကွ"

"ဩော် ... You are a dentist ပေါ့"

ကလေးက ဘိုလိုမှတ်လိုက်သဖြင့် ထိုက်တန်လည်း ဒီကလေး အချီးကျူးခံချင်တယ်ထင်ပြီး ...

"တယ်ဟုတ်ပါလားကွ၊ ဘိုလိုပြောတတ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းမှာ ဒီလိုပဲပြောနေကျ၊ အခု ဦး နားမလည်မှာစိုးလို့ မြန်မာလိုပြောတာ၊ ကျောင်းမှာဆို အင်္ဂလိပ်ရှိပဲပြောရတယ်၊ မပြောရင် ဒဏ်ပေးခံရတယ်ဗျ"

အခုခေတ် အင်္ဂလိပ်ကျောင်းတွေမှာ ကျောင်းတက်ပုံရသော ကလေးလေးမျက်နှာက ဆောင့်ကြွားကြွားတော့ နိုင်လှသည်။

"ဦးက သွားဆရာဝန် ဆိုတော့ သွားနုတ်တတ်တာပေါ့နော်"

ကလေးမလေးတစ်ယောက်က စိုးရိမ်သောမျက်နှာဖြင့် သူမ၏သွားပိုးစားစ သွားလေးတွေကို လက်ကွယ်ပြီးမေးလေသည်။

"သွားပိုးတွေစားနေတယ်ကြည့်စမ်း၊ သမီးကို ဦး သွားနုတ်ပေးတော့မှ ဖြစ်မယ်ထင်တယ်"

"ဟင် ... မလုပ်ပါနဲ့ သမီးကြောက်လို့"

"သွားပိုးတွေ ပါးစပ်ထဲဆက်ထားရင် မကောင်းဘူး၊ နုတ်ပစ်ရမှာကွ"

"သွားနုတ်ရင် နာတယ်"

"မနာပါဘူး ထုံဆေးထိုးမှာပေါ့"

"အဲဒီထုံဆေးထိုးတဲ့ ဆေးထိုးအပ်ကို ကြောက်လို့"

"အပ်က မနာပါဘူး၊ ပုရွက်ဆိတ်ကိုက်သလောက်ပဲရှိတာယ်"





ကလေးတွေမှာ ထိုက်တန်က သွားဆရာဝန်ဆိုတာနဲ့ အတော်ကြီးစိတ်လည်းဝင်စားသလို နည်းနည်းလည်းထိတ်လန့်နေဟန်ရှိကာ သူတို့ရဲ့သွားကျိုးတွေ၊ သွားပိုးစားတွေကို မမြင်အောင် ပါးစပ်ပင် ကောင်းကောင်းမဟရဲသလိုဖြစ်နေတော့သည်။

ကလေးတွေကြားထဲ ကိုယ်က လူကြီး,ကြီးတစ်ယောက်တည်းဖြစ်ကာ အူကြောင်ကြောင်တော့နိုင်ပေမဲ့ ဘာပဲဖြစ်ဖြစ် ကလေးတွေနဲ့ထိုင်ရတာ စိတ်လွတ်လပ်မှုရှိသည်ဟုထင်မိသည်။ ထိုအချိန်တွင် သူတို့စားပွဲဝိုင်းနားကို လာရပ်လိုက်သော အရိပ်တစ်ရိပ်ကြောင့် အားလုံး မော့ကြည့်မိလိုက်ကြပါသည်။

ထိုက်တန် ရင်ထဲမှာ အသက်ရှူဖို့ပင်မေ့သွားသလိုလိုဖြစ်လျက် အစိမ်းနုရောင်အင်္ကျီလေးနဲ့ရပ်နေသော မိန်းကလေးကို ကြောင်ငေးကြည့်နေမိသည်။ အစိမ်းနုရောင် ပိုးသားရင်ဖုံးအင်္ကျီလေးဝတ်ကာ အစိမ်းနုရောင်ပိုးပေါ်တွင် ကျောက်ရောင်စုံတွေ ပုံဖော်ထားသော လုံချည်အဆင်နှင့် ရိုးရိုးလေးလှသောမိန်းကလေး။

ဘော့(ပ)ဟဲယားပုံစံ ဆံပင်ပုံရိုးရိုးလေးကို ဒီတိုင်းသဘာဝအတိုင်း ထားထားကာ အခု ခေတ်ပေါ်တွေလို ဟိုက်လိုက်ထ်လ်လုပ်မထား။ အရောင်လည်းမပြောင်းထား။ ဆံထုံးတွေထုံးတာလည်း မလုပ်။ ကလစ်ပင်ထိုးမထားခဲ့ပါ။ ငွေရောင်ပိုက်ဆံအိတ်လေး လက်မှာကိုင်ကာ မပြုံးဘဲနဲ့တောင် မျက်နှာလေးကပြုံးနေသယောင်ယောင် အသွင်ရှိသော မိန်းကလေးဟာ အခုတော့ အသာအယာလေးပြုံးပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နေရာလွတ်တာလားဟင်၊ ကျွန်မ ထိုင်ချင်လို့"

ဟု ပြောလာပါသည်။

"ဟာ ... ရပါတယ် ထိုင်ပါ။ နေရာလွတ်ပါတယ်"

လည်းပြောလိုက်ရော ကောင်မလေးဟာ ထိုက်တန်နံဘေးကပ်ရပ်လွတ်သောခုံမှာ မြန်မြန်ပင်ဝင်ထိုင်လိုက်ပါသည်။

"ကျေးဇူးပါပဲ ရောက်တာနောက်ကျနေတော့ စားပွဲတော်တော်များများ ပြည့်နေပြီလေ၊ အထဲဘက်လည်း ဆက်မဝင်ချင်တော့တာနဲ့"

"ရပါတယ် နေရာလွတ်နေတာပဲ"

"အမှန်အတိုင်းပြောရမလား"

"ခင်ဗျာ"

ကောင်မလေးက စကားပြောနေရင်း ထိုသို့စကားအဆက်အစပ်မရှိတဲ့တစ်ခွန်းကို ထည့်ပြောလိုက်သဖြင့် ထိုက်တန်ကြောင်သွားပါသည်။

"အဟင်းဟင်း ... ကလေးတွေနဲ့ထိုင်ရတာ ပိုအဆင်ပြေပြီးစိတ်ကျဉ်းကျပ်မှုလည်းနည်းလို့ တမင်ပဲ ကလေးများတဲ့ဝိုင်းကိုရွေးလိုက်တာပါလို့"

"သြော် ... ဒီလိုလား"

"ဒါနဲ့ ရှင်ကရော ဒီကလေးတွေရဲ့အုပ်ထိန်းသူပဲလား"





"မဟုတ်ပါဘူး၊ ကျွန်တော်လည်း ထိုင်စရာမရှိလို့ ဝင်ထိုင်လိုက်တာပါ"

"ဒါဆိုအတော်ပဲ ကျွန်မတို့လူကြီးနှစ်ယောက် ကလေးတွေကို ဗိုလ်ကျပြီး မုန့်တွေပိုစားပစ်လိုက်ကြရအောင်နော်"

ကောင်မလေးက မျက်လုံးပြူးလေးတွေနဲ့ ကြည့်နေသောကလေးတွေဆီ ဝေ့ဝဲကြည့်လိုက်ပြီး စသလိုနောက်သလိုပြောလိုက်သည်။ ထိုက်တန်ပါ ရောယောင်ပြီး ရယ်မောလိုက်ကာ ...

"ဟာ ... ဟုတ်တာပေါ့၊ သိပ်ကောင်းတဲ့အကြံပဲ။ ကလေးတွေဆီကမုန့်တွေ လုစားသွားကြရရင် ပျော်စရာကြီးပဲပေါ့"

ကလေးတွေဟာ သူတို့စကားကြောင့် စားပွဲအလယ်မှာချထားပြီး စားခွင့်မရသေးသော မုန့်ပန်းကန်တွေဆီ မျက်လုံးရောက်သွားကာ ကြိုယူထားတော့မလို လက်ဟန်ပြင်တော့သည်။

"ဟော့ ... ဟော့ .. ကလေးတို့ ယူမစားနဲ့ဦးလေ၊ အန်တီတို့က အလကားနောက်တာပါ။ မစားပစ်ပါဘူး အလကားစ,တာ တကယ်မထင်နဲ့"

"ဟုတ်တယ် ဦးတို့ အများကြီးမစားပစ်ပါဘူး၊ မုန့်အချိုတွေ၊ ကိတ်မုန့်တွေက သွားပိုးစားစေတယ်ကွ၊ ဒါကြောင့်များများစားဖို့မသင့်ဘူး"

"သွားပိုးစားရင် ဦးက ဝမ်းသာမှာပေါ့"

"ဟေ ... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားတို့သွားပိုးစားရင် ဦးတို့ဆရာဝန်တွေဆီ ရောက်လာရတော့ လူနာများများရတယ်လေ၊ ဒီတော့ ဦးတို့ ဝမ်းသာမှာပေါ့"

စကားပြောလည်လှသော ကလေးလေးတစ်ယောက်၏ စကားကြောင့် ထိုက်တန် တအံ့တဩရယ်မိသည်။ တော်တော်လည်တဲ့ကလေးလေးပဲ။ ခုန ဗိုလ်လိုပြောတဲ့ကောင်ထက်တောင် ပိုလည်ပုံရတယ်။

"ရှင်က ဆရာဝန်လား"

"ဟာ ... အထင်မကြီးပါနဲ့ သွားဆရာဝန်ပါ"

"ဘာဖြစ်လို့ သွားဆရာဝန်လုပ်တာလဲဟင်၊ ဝါသနာပါလို့လား"

"အမှန်အတိုင်းပြောရမလား"

ထိုက်တန်သည် ခုနကကောင်မလေး၏ ပြောဟန်အတိုင်း အတုခိုးပြီး ဒီစကားကိုပြောလိုက်ပါသည်။

ကောင်မလေးက သတိထားမိဟန်မတူဘဲ မျက်လုံးဝိုင်းလျက် (ထိုမျက်လုံးလေးတွေဟာ ဖြူစင်ရိုးသားလှသည်ဟု ထိုက်တန် တစ်ထိုင်တည်းနဲ့ အကဲခတ်နိုင်ခဲ့သည်)နားစွင့်နေပါသည်။

"အဟဲ ... အမှန်အတိုင်းပြောရရင် ဆေးတက္ကသိုလ်ဝင်တဲ့ အမှတ်ကို မမီလို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ကို





လျှောက်လိုက်ရတာမို့ပါ၊ အဲဒါကြောင့် သွားကုဆရာဝန်တတ်

လာတာပါပဲဗျာ၊ ဒါပါပဲ" ဂျိုးမဟုတ်

"ဘာပဲဖြစ်ဖြစ် ခေါက်တာဘွဲ့ပဲလေ၊ တော်ဂါ့ည်ကို ပိုပြီး

ရတာပဲ၊ ကျွန်မ အထင်ကြီးပါတယ ်က်တန်ကတော့

တော်ရုံဉာဏ်နဲ့လူ သင်ယူဖို့ခက်တဲ့ ည်းများချင်သူပီပီ

ဒါနဲ့ မေးရဦးမယ်၊ ကျွန်မ သွားဝေ ာ်က်မိပြန်လေသည်။

ကောင်မလေးက စကားပြေ း ဂုဏ်သရေရှိပုံတွဲတွေ

လှကာ ဟန်ဆောင်တတ်ခြင်းလည်းမရှိသ ာစ်ခုပြီးတစ်ခု စီစဉ်

လည်း အလွယ်တကူ ရင်းနှီးမိသွားပါသ စ,လေသည်။ ဒီအချိန်

စတင်ဖို့ ပြင်ဆင်နေပြီ။ သတို့သား သင ား:တစ်ပုဒ်ပြီးတစ်ပုဒ်

လာဖို့ တန်းစီးနေပြီမို့ အဆိုတော်တွေ ၁က်နားတစ်ယောက်

အခါတော်ပေးဆိုမဲ့ အဆိုတော်တောင် ပဝါပြ နဲ့ ကောင်မလေး

ဟန်ပြင်နေပါပြီ။ မင်္ဂလာအခမ်းအနားမှူးသ အကျွေးအမွေးစပြီ

မိုက်ခရိုဖုန်းရှေ့မှာ စတင်ရပ်နေလေပြီ။ ည့်ပန်းကန်ထဲကိုယ်

ခန်းမတစ်ခုလုံး တိတ်ဆိတ်လ:မှာ တဟားဟား

လည်း စကားသံကို လေသံမျှဖြစ်အောင်ဝ ကော်ဖီကိုသာ ငုံ့

"ကျွန်တော် တွေ့ဖူးသမျှထဲမှာတော့ ခ်းအပေး ကောင်မ

ရှေ့သွားတွေကိုကြည့်ပြီးပြောတာလေ ဗျာ နိုင်ပုံရသော

မမြင်ရဘူးပေါ့" ် ကော်ဖီအိုးက

ဟု တကယ့်အမြင်ကိုပြောလိုက

www.burmeseclassic.com

www.burmeseclassic.com



“သ…ဘ်တယ် ကျွန်မ သွားရောဂါသိပ်မဖြစ်ဘူး၊ သွားလည်း
ရတော့်ဖူးဘူး၊ သွားတွေအကုန်ကောင်းပါတယ်ရှင်၊ ဆရာဝန်
မှာပေါ့” ပြောတာမဟုတ်ဘူးနော်။ တကယ်သွားကောင်းလို့
စကာ

၏စကားကြောင့် ထိုဂ၊ ဒါနဲ့ ကျွန်တော့်နာမည်မှတ်ထားပါဦး။
လည်တဲ့ကလေးလေးပဲ။ ထိုက်တန်ပါ၊ ဒီမှာ ကျွန်တော့်ရဲ့ကတ်ဒ်”
ပိုလည်ပုံရတယ်။ သည် သူ့တိုက်ပုံအိတ်ထဲထည့်လာသော
“ရှင်က ဆရာဝန်ခါက်အိတ်လေးထဲမှ ကတ်ဒ်ကို ထုတ်ပေး
“ဟာ … အထင်
“ဘာဖြစ်လို့ သွား၇ာ မင်္ဂလာအခါတော်ပေးသံနဲ့အတူ သင့်
လား” ခန်းမထဲဝင်လာပေပြီ။ ထိုက်တန်မှာ
“အမှန်အတိုင်းဂတွေ့ဝတ်တယ် စားတယ်၊ ဘာတွေပြင်
ထိုက်တန်ကြည့်ပေမဲ့ ကောင်မလေးကတော့ မိန်းက
အတိုင်း အတုခိုးပြီး ဒီ၊သေချာချာပင် ကိုယ်ကိုလှည့်ပြီးကြည့်ပါ
ကောင်မ… သတို့သား သတို့သမီးကိုကြည့်တော့
ဝိုင်းလျက် (ထိုမျက်လုံးင်မလေးကို ခိုး၍ သေသေချာချာကြည့်ခွင့်

သည်။ သ…က သိပ်အချောကြီး၊ အလှကြီးမဟုတ်လှ
“အဟဲ … အံ့ကိန်ှာဟာ ဆွဲဆောင်မှုတစ်မျိုးလေးနဲ့ ချစ်စရာ
အမှတ်ကို မင်္သေချာသည်။





ဟန်ဆောင်မှုမရှိဘဲ ရဲရဲတင်းတင်းစကားပြောတတ်
ဟန်၊ ဖော်ရွေတတ်ဟန်တွေမှာ မူရာမာယာများခြင်းမျိုးမဟုတ်
သဖြင့် တစ်မျိုးထူးခြားပြီး သူကလေးရဲ့ချစ်စရာရုပ်ရည်ကို ပိုပြီး
အသွင်တောက်ပစေသည်ဟု ထင်မိပါသည်။ ထိုက်တန်ကတော့
ရည်းစားလွယ်လွယ်ထားတတ်သူ၊ ရည်းစားလည်းများချင်သူပီပီ
ကောင်မလေးကို မြင်မြင်ချင်း သဘောကျပစ်လိုက်မိပြန်လေသည်။

မင်္ဂလာပွဲကတော့ ထုံးစံအတိုင်း ဂုဏ်သရေရှိစုံတွဲတွေ
လက်စွပ်လဲပေး၊ ပန်းကုံးစွပ်ပေး စသဖြင့် တစ်ခုပြီးတစ်ခု စီစဉ်
ဆောင်ရွက်ပြီးသောအခါမှာ ဧည့်ခံကျွေးမွေးပွဲစ,လေသည်။ ဒီအချိန်
မှာ တီးဝိုင်းကလည်း အဆိုတော်တွေနဲ့ သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ်
ဖျော်ဖြေလေရာ စကားပြောချင်လျှင် တစ်ယောက်နားတစ်ယောက်
ကပ်ပြီး အော်ပြောမှသာကြားတော့သည်။

ကလေးတွေကတော့ ထိုက်တန်နဲ့ ကောင်မလေး
ခနောက်ထားသည်ကို အဟုတ်ထင်နေသေးရာ အကျွေးအမွေးစပြီ
ဆိုတာနဲ့ မုန့်တွေ သူ့ထက်ငါဦးအောင် ကိုယ့်ပန်းကန်ထဲကိုယ်
လှထည့်တော့လေသည်။ ထိုက်တန်နဲ့ ကောင်မလေးမှာ တဟားဟား
ရယ်ရင်း ကလေးတွေ သိပ်စိတ်မဝင်စားသော ကော်ဖီကိုသာ ငှဲ့
သည့်ပြီးသောက်၊ ထိုက်တန်က ကော်ဖီအိုးကိုကမ်းအပေး ကောင်မ
လေးက လှမ်းအယူမှာ အင်မတန် ရုပ်တီးရုပ် ပျာ နိုင်ပုံရသော
ကောင်မလေး၏ လှမ်းယူပုံ မသေသပ်တာကြောင့် ကော်ဖီအိုးက
သမ်းခုလတ်မှာတင် မှောက်ရှေလသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မှောက်ပြီ"

ကောင်မလေးစကားအဆုံးမှာ ကော်ဖီရည်တွေက ထိုက်တန်၏ပုဆိုးပေါ် စီးကျလာတော့သည်။

"ဟယ် ... ကိုထိုက်တန်ဆီ စီးသွားပြီ၊ ပူလားဟင် ပူသွားလား"

"အား ... အင်း ... မပူပါဘူး။ သိပ်အပူကြီးမဟုတ်လို့တော်ပါသေးရဲ့"

"ပုဆိုးတော့စိုသွားပြီနော်"

"ရပါတယ် ထမှပဲ လှည့်ဝတ်လိုက်တော့မယ်"

"အားနာလိုက်တာလေ ကျွန်မက အဲဒီလိုပဲ သိပ်ပြီးနမော်နမဲ့နိုင်တာလေ။ တစ်နေရာရာမှာ တစ်ခုမဟုတ်တစ်ခုကတော့ ဖြစ်လိုက်တာချည်းပဲ၊ အရမ်းကို Clumsy(ကလန်း(မ)စီး"ဖြစ်တယ်"

"ရပါတယ် အားမနာပါနဲ့ ကျွန်တော် စိတ်မဆိုးပါဘူး"

"ကိုထိုက်တန် နာမည်ကိုတော့ ပြောပြပြီးပြီ၊ ကျွန်မနာမည်တောင် မပြောရသေးဘူးနော်"

"ကျွန်တော်လည်း မေးမလို့ပါပဲ၊ ခုန မင်္ဂလာပွဲက စ,သွားတာနဲ့ စကားစပြတ်သွားတာ"

"ကျွန်မနာမည်က နှင်းဆီကိုးပွင့်တဲ့"

"ဟင် ... ဟုတ်လား တော်တော်ဆန်းတဲ့နာမည်ပဲ"





"မေမေလေ မေမေပေါ့၊ ကျွန်မကို မွေးတဲ့နေ့က အဲ .. မွေးတဲ့နေ့မဟုတ်ဘူး၊ ဗိုက်နာတဲ့နေ့က သူ စိုက်ထားတဲ့ နှင်းဆီပင်တွေမှာ ပွင့်လာတဲ့ပန်းကို ရေကြည့်တော့ ကိုးပွင့်ပဲဖြစ်နေတာနဲ့ သမီးလေးမွေးရင် နှင်းဆီကိုးပွင့်လို့ပေးမယ်ဆိုပြီး စိတ်ကူးထားလို့တဲ့၊ ဒီနေ့ ဗိုက်နာ နောက်နေ့ကျမွေးတော့ နှင်းဆီကိုးပွင့်နာမည် တန်းပေးတာပဲ"

"သားလေးမွေးရင် သူဘယ်လိုနာမည်ပေးမလဲမသိဘူး"

"သမီးလို့ ကြိုတော့သိပြီးသားပေါ့၊ USG ရိုက်ကြည့်ထားတော့ သမီးဆိုတာကြိုသိပေမဲ့ တစ်ခါတလေ မှားမှာစိုးလို့ သမီးလေးမွေးရင်ပဲ ကြိုစဉ်းစားထားတာတဲ့။ သားမွေးရင်တော့ ဒီနာမည်မပေးပါဘူးတဲ့"

"ဘာပဲဖြစ်ဖြစ် နာမည်လေးက လှပါတယ်"

"နှင်းဆီကိုးပွင့်ဆိုတော့ နာမည်က ရှည်နေတယ်လေ ဟင်းဟင်း"

"ကျွန်တော်က ဘယ်လိုခေါ်ရမလဲ၊ နှင်းဆီလို့ခေါ်ရင် ကြိုက်လား။ ပွင့်လို့ခေါ်ရင် ကြိုက်လား"

"သူငယ်ချင်းတွေက ကိုးပွင့်လို့ပဲ ခေါ်ကြတာ"

"အင်း ... ဒါဆိုလည်း ကိုးပွင့်ပေါ့၊ ဒါနဲ့ ကိုးပွင့် ဘယ်မှာ အလုပ်လုပ်လဲ"

"အမှန်အတိုင်း ပြောရမလား"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီကိုးပွင့်က ထိုအမုန်အတိုင်းပြောရမလားဆိုသော စကားကို ထပ်သုံးလာပြန်လေသည်။ ထိုက်တန်ကတော့ နည်းနည်းရိုးသွားသဖြင့် ထိုသို့မေးပြောပြောတာကို မထူးဆန်းတော့ပါ။

“ပြောပါ ရပါတယ်”

“အဟီးဟီး … ကိုးပွင့်က Serial Killer(ဆီရီယာယ်ကေလာ)လေ”

“ဟာ … ကြောက်စရာကြီးပါလား”

နှင်းဆီကိုးပွင့်က အတည်ပေါက်ကြီးဖြင့် သူမကိုယ်သူမ လူတွေတစ်ယောက်ပြီးတစ်ယောက် လိုက်သတ်နေသော၊ လူပေါင်းများစွာကိုသတ်သော လူသတ်သမားလို့ခြိမ်းခြောက်ဟန်ဖြင့် နောက်လိုက်ပြီး သူမဘာသာရယ်မောနေသည်။

“တကယ်ယုံသွားပြီလား”

“တကယ်ယုံစေချင်ရင် ယုံလိုက်ပါ့မယ်”

“အလကားနောက်တာပါ၊ ကိုးပွင့်က ဒီလိုပဲ အတည်ပေါက်နဲ့ နောက်တတ်တယ်။ ရုပ်ရှင်ဆိုရင် အဲဒီလို Serial Killer ပါတဲ့ကားတို့၊ ကြောက်ရတဲ့ကားတို့ဆို ကြိုက်တော့ တစ်ခါတလေ ကိုယ့်ဘာသာကိုယ် Serial Killer အဖြစ် စိတ်ကူးယဉ်ကြည့်တာလေ”





“ကိုယ် မကျေနပ်တဲ့သူတွေကို စိတ်ကူးထဲမှာ ကြိုက်သလို နှိပ်စက်ပြီးသတ်ပစ်လို့ရတာပေါ့၊ အဲဒီစိတ်ကူးကောင်းပါတယ်”

“ကိုးပွင့်က ဆိုင်ဖွင့်ထားပါတယ်၊ ဗိုလ်ချုပ်ဈေးမှာပဲလေ။ မေမေ့ကို ကူရောင်းပေးတာပါ၊ မြန်မာ့လက်မှုပစ္စည်းတွေပေါ့၊ ပန်းပုတို့ ရွှေချည်ထိုးတို့ပေါ့။ အလှတင်စောင်းကောက်ရုပ်တို့၊ ဆွမ်းအုပ်တို့၊ နွားလှည်းတို့လို ပန်းပုလှလှလေးတွေကို သစ်နဲ့ထုတာရော၊ ကျောက်စိမ်းနဲ့ထုတာရော အစုံတင်ထားတာပါ၊ ကိုးပွင့် ငယ်ငယ်တည်းက လုပ်လာတဲ့လုပ်ငန်းဆိုတော့ ကိုးပွင့် ကျောင်းပြီးတော့ အလုပ်ရှာစရာမလိုဘဲ မေမေ့ဆိုင်ကို ဝင်ကူထိုင်တဲ့သဘောပါပဲ”

“ကိုယ်ပိုင်ဆိုင်ဆိုတော့ စိတ်ချမ်းသာတာပေါ့၊ Pressure မများဘူးပေါ့”

“ကိုထိုက်တန်လည်း ကိုယ်ပိုင်ဆေးခန်း ဖွင့်ထားနိုင်တာပဲ”

“ကိုယ်ပိုင်ဆေးခန်းပေမဲ့ Pressure ရှိတာပါပဲ။ လူနာတွေက တစ်ယောက်တစ်မျိုးစီလေ၊ ဆရာဝန်ကို ရိုသေလေးစားတဲ့လူနာရှိတယ်၊ တချို့က သူ့သိ၊ သူတတ်ကြီးလုပ်ပြီး ဆရာဝန်ကို ပြန်ဆရာလုပ်တဲ့လူနာလည်းရှိတယ်။ တချို့ ကျတော့လည်း သွားပစ္စည်းတွေ ဈေးကြီးတာမသိဘဲ ဈေး



www.burmeseclassic.com

www.burmeseclassic.com



အတင်းဆစ်တဲ့လူနာမျိုးလည်းရှိတာယ်၊ ဆရာဝန်က ဈေးတင်တယ်ထင်ကြသေးတယ်။ တကယ်လို့ သူဆစ်တဲ့ဈေးအတိုင်း ပစ္စည်းအပေါစားနဲ့ လုပ်ပေးလိုက်တော့ သွားက ကြာကြာမခံဘဲ တစ်နှစ်၊ နှစ်နှစ်လောက်အတွင်း ပြန်ဖြစ်ရင် ဒီဆရာဝန် မကောင်းဘူးလို့ လျှောက်ပြောတဲ့လူနာနဲ့လည်း ကြုံရတယ်လေ"

ထိုက်တန်က ဘာရယ်မဟုတ် လျှောက်ပြောပြပေမဲ့ နှင်းဆီကိုးပွင့်ကတော့ လျှာလေးထုတ် ဖက်ပုကာ ...

"ဟယ် ... ဒါဆို ကိုးပွင့် သွားလာလုပ်ရရင် ခက်ပြီ"

ဟု ပြောလိုက်သဖြင့် ထိုက်တန်လည်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဒီလိုလေ ... အဟဲ ... ကိုးပွင့်က ဈေးမဆစ်ရရင် မနေနိုင်ဘူး၊ ဈေးသိပ်ဆစ်တာ အကျင့်ပါနေတတ်လို့ပါ"

"ဩော် ... ဒါလား၊ ကိုးပွင့်က သွားကောင်းတာပဲလေ။ ဘယ်လိုလုပ် ကျွန်တော့်ဆေးခန်းရောက်လာမလဲ"

"မတော်တဆ တစ်ခုခုဖြစ်လာခဲ့ရင် ကိုးပွင့် အမှတ်မထင် သိကျွမ်းခဲ့တဲ့ ကိုထိုက်တန်ကိုပဲ ပြေးသတိရလိမ့်မှာမို့ပါ၊ ဘာကြောင့်လဲဆိုတော့ ကိုးပွင့်တို့မိသားစုက သွားကောင်းကြတော့ သွားဆရာဝန်တစ်ယောက်ဆီ ဖွဲဖွဲမြဲမြဲသွားဖူးတာတောင်မရှိဘူး၊ အကြာကြီးနေမှ တစ်ခါသွားရတာမျိုးဆို





တော့ အဲဒီဖြစ်တုန်းခဏပဲ ကြားဖူးနားဝရှိတဲ့ ဆရာဝန်ဆီ ပြေးတာ"

ထိုအချိန်မှာ မင်္ဂလာစင်မြင့်ထက်မှ သတို့သားသတို့သမီးတွေလည်း ဆင်းလာပြီး စားပွဲဝိုင်းတချို့ကို လိုက်နှုတ်ဆက်နေပြီမို့ မင်္ဂလာပွဲပြီးခါနီးပြီဖြစ်ကြောင်း သတိထားမိပါသည်။

အမှန်တော့ ဒီနေ့ဟာ တနင်္ဂနွေနေ့ ထိုက်တန်မှာ ဆေးခန်းဖွင့်ထားရက်တန်းလန်းမို့ မအားပါ။ ထိုက်တန်၏ ဆေးခန်းက မနက်ကိုးနာရီမှစဖွင့်ပြီး ဆယ့်နှစ်နာရီမှာ တစ်ခါနားသည်။ ဆယ့်နှစ်နာရီမှ တစ်နာရီ ထမင်းစားချိန်အဖြစ် နားပြီးပိတ်သည်။ နောက်တစ်နာရီမှာ ပြန်ဖွင့်သည်မှာ ဆက်တိုက်မနားဘဲ ညနေခြောက်နာရီထိဖွင့်လိုက်ပါသည်။ ခြောက်နာရီမှာ လူနာထပ်ရှိနေသေးရင်တော့ ဆက်ဖွင့်ပြီး အလုပ်လုပ်ပေမဲ့ အကယ်၍ လူနာမရှိလျှင်တော့ ပုံမှန်ပိတ်ပါသည်။

ဒီနေ့လို မင်္ဂလာဆောင်တစ်ခုလာဖို့ကျတော့ တကူးတကကြီးပဲ ဆေးခန်းပိတ်ချိန်မဟုတ်သေးဘဲ ညနေသုံးနာရီမှ ခဏပိတ်လိုက်ကာ ဒီမင်္ဂလာပွဲကို အဝတ်အစား အိမ်ပြန်လဲပြီး ထွက်လာခဲ့တာ။ တစ်နာရီခွဲမျှသာကြာမြင့်မည်ဖြစ်သော ဒီမင်္ဂလာဆောင်မှာ ပွဲပြီးတာနဲ့ မြန်မြန်နှုတ်ဆက်ပြီးပြန်လျှင် ဆေးခန်းကို ညနေငါးနာရီမှာ ပြန်ဖွင့်ပြီး လူနာလက်ခံပြီး ဆက်ကြည့်နိုင်သည်။ အစက အဲဒီလိုတွေးထားပြီး လာခဲ့တာပေမဲ့ အခုတော့ သူ့အား



www.burmeseclassic.com

www.burmeseclassic.com



ထပြန်ပြီး အပေါက်မှာ နှုတ်ဆက်ဖို့ပင် တန်းစီနေသည်ထိ ထိုက်တန်မှာ ပြန်ဖို့စိတ်ကူးမရသေး။ သူ့ကို နှင်းဆီကိုးပွင့်ဆိုသော မိန်းကလေးက စိတ်ကြည်လင် လန်းဆန်းမှုကိုပေးပြီး ဆွဲဆောင်ထားနိုင်ခဲ့၍ပင်။

"ကိုးပွင့် ဆိုင်ပြန်ရဦးမယ်၊ ကိုထိုက်တန် သွားတော့မယ်နော်"

"ဪ ... ပြန်တော့မှာလား၊ ဒါဆို ကျွန်တော် ပြန်မယ်လေ၊ ကျွန်တော်လည်း ဆေးခန်းခဏပိတ်ပြီး ဒီပွဲကိုလာရတာ"

"ကိုထိုက်တန်က ဘယ်သူနဲ့သိတာလဲဟင်"

"ခင်ဗျာ"

"သတို့သမီးလား သတို့သားလားလို့"

"ဪ ... အဲ ... အင်း ... ဟို ... သတို့သားပါ၊ သတို့သား ကိုဇော်ထိပ်က Medical equipment တွေတင်သွင်းတဲ့ ကုမ္ပဏီပိုင်ရှင်လေ၊ ကျွန်တော်တို့က သူ့ဆီက ဝယ်ဖြစ်နေတော့ ခင်မင်သွားကြတာပါ"

ထိုက်တန်သည် အမှန်အတိုင်းမပြောဘဲ မုသားတစ်ဝက် အမှန်တစ်ဝက်ရော ပြောဂ ်က်မိသည်။ ဟုတ်တယ်လေ။ သတို့သမီးရဲ့ရည်းစားဟောင်းပါ။ ရည်းစားဟောင်းကို မိတ်ခွေလိုသဘောထားပြီးဖိတ်လို့ လာတာပါလို့ အသိပေးဖို့ ဖြစ်မှမဖြစ်နိုင်





တာပဲ။ တကယ်တော့ သတို့သားနဲ့ ရင်းနှီးတာနည်းနည်းပါ။ သတို့သမီးနဲ့သာ ပိုရင်းနှီးတာပါဆိုတာ နှင်းဆီကိုးပွင့်ကို မပြောပြချင်ပါ။

နှုတ်ဆက်ရန်သူ့အရင်ထွက်လာသောအခါ မေဘယ်လ်လင်းက တရင်းတနှီးပင် ...

"ကိုထိုက်တန်ရေ ကျေးဇူးအရမ်းတင်တယ်နော်"

ဟု ဘာကိုဆိုလိုမှန်းမသိသည့် နှုတ်ဆက်စကားဖြင့် ပြောလျှင် ထိုက်တန်မှာ နားမှုလည်တော့။ သူ့မင်္ဂလာဆောင်ကို လာတာနဲ့ပဲ အရမ်းကျေးဇူးတင်ရသလား။ ဘာကိုပြောတာလဲ။ ထိုက်တန်နောက်မှာပါလာခဲ့သော နှင်းဆီကိုးပွင့်ကတော့ ထိုက်တန်နဲ့ မေဘယ်လ်လင်း ရင်းနှီးမှုရှိလှဲတာကို သတိထားမိဟန်ပင်မတူ။ အပြင်အတူရောက်တော့ ...

"ကိုးပွင့် သွားပြီနော်၊ အားရင် ဆိုင်ကိုလာလည်နိုင်ပါတယ်"

ဟု နှုတ်ဆက်ပြီး လက်ပြ ကားလေးမောင်းထွက်ကာ ထွက်သွားတော့မှ ထိုက်တန် မေးဖို့တစ်ခုကျန်တာကို သတိရပြီး ဟိုက်ခနဲဖြစ်ရတော့သည်။

ဗိုလ်ချုပ်ဈေးမှာ ဆိုင်ဖွင့်တယ်သာသိထားတာ။ ဘယ်မှာလဲ။ ဘယ်ဘက်အခြမ်းမှာလဲ။ အရှေ့အနောက် တောင်မြောက်မှာလည်း ဆိုင်ခန်းတွေရှိတယ်။ ဈေးရုံကြီးထဲမှာလည်းရှိတယ်။ အပေါ်မှာလည်းရှိတယ်။ ဈေးရုံအသစ်ဘက်ခြမ်းမှာလည်း ဆိုင်ခန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိတယ်လေ။ ဒီတော့ သွားရှာချင်ရင် ဘယ်လိုလုပ်ရှာရတော့မလဲ။ ဆိုင်နာမည်လည်းမသိ။ ဆိုင်နံပါတ်နဲ့ တည်နေရာလည်းမသိဘဲ လိုက်ရှာရင် လွယ်ပါ့မလား။

ထိုက်တန်သည် သူ့ရဲ့ဆန်နီပစ်ကပ်ကားဟောင်းလေးကို မောင်းရင်းပြန်လာခဲ့သောအခါ ခေါင်းထဲမှာ နှင်းဆီကိုးပွင့်အကြောင်းတွေပဲ တွေးလာခဲ့မိလေသည်။

* *





## ၄

အခုတလောမှာ ဘာဖြစ်နေသည်မသိ။ ထိုက်တန်၏ဆေးခန်းကို လာပြကြသူအများစုမှာ မိန်းမချော မိန်းမလှလေးတွေချည်းဖြစ်နေသည်။ အားလုံးဟာ ရုပ်ရည်မဆိုးကြသူတွေနဲ့ ရုပ်ရည်ချောသူတွေပဲဖြစ်နေတတ်တာကို တစ်ပတ်လောက်ကြာတော့ သူသတိထားမိလာသည်။ ပြီးတော့ လာတဲ့အခါလည်း တကယ်သွားရောဂါဖြစ်နေတာကြတာမဟုတ်ပါဘဲ သွားသန့်ရှင်းချင်လို့၊ ကြေးချွတ်ဖို့ လာသူရှိသလို တချို့ကတော့ တကယ်သွားဝေဒနာပြချင်သော ဆွေမျိုးတစ်ယောက်ယောက်ကို အဖော်လုပ်ပြီးလိုက်လာကြတာတွေလည်းရှိသည်။

ဆေးခန်းဆိုတာ ဒီလိုပဲ လူပေါင်းစုံလာတတ်ပေမဲ့ အခုရက်ပိုင်းကျမှ ကောင်မလေး ခပ်ငယ်ငယ်တွေ ခပ်ချောချောတွေချည်း ဆက်တိုက်မြင်ရသောအခါ သူ တော်တော်အံ့ဩလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လာတဲ့မိန်းကလေးတိုင်းလိုလိုဟာ ထိုက်တန်ကို ညှို့ငင်သလိုလို၊ သဘောကျနေသလိုလို၊ ထိုက်တန်၏စိတ်ဝင်စားခံရမှုကို ရယူချင်သလိုလို မျက်နှာလေးတွေနဲ့ချည်းဖြစ်နေလေရာ ထိုက်တန်ပင် စဉ်းစားမရဖြစ်လာသည်။

ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးအထင်ကြီးနေတတ်တဲ့ယောကျ်ားမျိုးလည်းမဟုတ်ပါဘူး။ မိန်းကလေးတိုင်းက[illegible]ဝင်စားခံရလောက်တဲ့ထိတော့လည်း စန်းမပွင့်ပါဘူး။ ဒါပေမဲ့ ခုတလောမှာမှ စန်းပွင့်လာသလားမသိ။ တွေ့တဲ့မိန်းကလေးတိုင်းလိုလိုက ထိုက်တန်အပေါ် သူမတို့ဘက်က စိတ်ဝင်စားနေကြောင်း သိသိသာသာပဲ ပြသကြလေရာ အတွေးရခက်နေပါသည်။

ညီနိုင်နဲ့ဆုံသောအခါ ထိုအကြောင်းကိုပြောပြမိလျှင် ညီနိုင်က သိနှင့်ပြီးဟန်ဖြင့် တဟားဟားရယ်တော့သည်။

"ဟေ့ကောင် ဘာရယ်တာလဲ၊ မင်းက မင်းဘာသိထားလို့လဲ"

"အဲဒါ မေဘယ်လ်လင်း စလိုက်တဲ့ဓာတ်လမ်းပဲ"

"ဘာဓာတ်လမ်းစ,ထားလို့လဲ"

"ငါ ဟိုရက်က ပြောပါရောလားကွာ၊ သူ့ညီမဝမ်းကွဲနဲ့ သူငယ်ချင်းအုပ်စုတွေ မင်းအကြောင်းပြောနေတယ်ဆိုတာ၊ မင်းက မိန်းကလေးတွေအတွက် Lucky charmကြီးလေ...





ကံကောင်းစေတဲ့အဆောင်ကြီးလေ။ မင်းဆီကအချစ်ကိုရရင် သူတို့ဘဝအတွက် တစ်သက်တာပြည့်စုံလုံခြုံရမဲ့ ပိုက်ဆံချမ်းသာတဲ့သူဌေးနဲ့ ဆုံရတတ်တယ်လို့ မေဘယ်လ်လင်း အပြောကိုယုံပြီး ထင်ယောင်ထင်မှားတွေဖြစ်ကုန်ကြတာလေ"

"အဓိပ္ပာယ်မရှိတာကွာ၊ ငါ့ဆီက အချစ်ကိုတော့ရပြီး ငါနဲ့ကျ မဆုံစည်းရဘဲ သူဌေးတွေနဲ့ပဲဆုံစည်းပြီး ပျော်ရွှင်စွာအတူနေထိုင်သွားကြလေသတည်းဆိုတဲ့ ဓာတ်သိမ်းကိုလိုချင်လို့ရမလား"

"ဒါတော့ ဝါ မရှင်းပြတတ်ဘူးလေ။ မိန်းကလေးတွေက အဲဒီလိုထင်ကုန်ကြပြီဆိုတာတော့ သေချာတယ် မောင်ရင်"

"သူတို့ အဲဒီလို ထင်တယ်ဆိုတာ မင်းက ဘာလို့ အသေအချာကြီးပြောလို့ရနေတာလဲ"

"မင်း အင်တာနက်ကြည့်ရင် ကိုယ်ပိုင်,Blog(ဘလော့(ဂ်)) တွေထဲ ဝင်ကြည့်ဖူးလား"

"ဖတ်တော့ဖတ်ကြည့်တာပဲ၊ ဘာဖြစ်လို့လဲ"

"မင်း ခုတလောမှာ မဖတ်ကြည့်မိတာ တစ်ခုခုတော့ရှိမယ် ထင်တယ်၊ အဲဒါကြောင့် မင်း မသိတာ"

ညီနိုင်က မဆီမဆိုင် ကွန်ပျူတာထဲကအကြောင်းတွေဆီ စကားလွှဲယူပြီးပြောသဖြင့် ထိုက်တန် သိပ်တောင်နားမလည်ပေမဲ့ ဘာပြောချင်တာလဲလို့ သည်းခံပြီးနားထောင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဖတ်မိလိုက်တာတစ်ခုရှိတယ်၊ အဲဒီအကြောင်းအရာက မင်းနဲ့ တိုက်ရိုက်ပတ်သက်နေတယ်၊ မင်းနာမည်ကိုရော မင်း ဘယ်သူဘယ်ဝါဆိုတာရော ဘယ်မှာ ဆေးခန်းဖွင့်ထားတယ်ဆိုတာရော ပေါ်တင်ကြီးကို By name တပ်ပြီး ရေးထည့်ထားတာကွ"

"ဟုတ်လား ဘာတွေရေးထားလို့လဲ"

"ငါ ပြောသလိုပေါ့ကွာ၊ မင်းမှာ Lucky charm ရှိနေတယ်၊ အဲဒီ Lucky charm ဟာ မင်းအတွက်တော့မဟုတ်ဘူး၊ မင်းအချစ်ကိုရတဲ့ မိန်းကလေးအတွက် ကံကောင်းစေတာမျိုး၊ အဲဒီမိန်းကလေးဟာ မင်းအချစ်ကိုရပေမဲ့ မင်းကို ကြာလေလေ ဘယ်လိုမှ ချစ်လို့မရလေလေ ဖြစ်လာပြီး တခြားချစ်သူကိုရွေးတဲ့အခါ အဲဒီချစ်သူဟာ အပြစ်ပြောစရာ မရှိအောင် ချမ်းသာကြွယ်ဝ၊ ရုပ်ရည်သင့်တင့်၊ ထိုမိန်းကလေး အပေါ်လည်း တကယ့်ကို အချစ်စစ် True love နဲ့ချစ်ပြီး လက်ထပ်ယူကာ အတူတကွ ပျော်ရွှင်စွာနေထိုင်သွားကြလေသတည်း They lived happily ever after ပါပဲတဲ့။ ပုံပြင်ထဲကလို မင်းသားလေးနဲ့လက်တွဲပြီး ပျော်ရွှင်ချင်ကြသူများ အနေနဲ့ ဒေါက်တာထိုက်ဇာန်ဆီက အချစ်ကိုရဖို့ ဘာကြောင့် မကြိုးစားကြည့်ချင်ရမှာလဲတဲ့၊ ရေးထားတာကတော့ကွာ ဖတ်လို့ကောင်းအောင် ဝတ္ထုစာစုလေးပဲရေးသလိုလို ဘာ





လိုလိုလုပ်ပြီး ဘလော့(ဂ်)ထဲ ဝင်ရေးထားတာပဲ။ ဝင်ရေးတဲ့ သူနာမည်ကတော့ သူ့ကိုယ်သူ စင်ဒရဲလားလို့ပေးထားပေမဲ့ ငါ့အထင်တော့ ဒါ မေဘယ်လ်လင်း ရေးတာလို့ထင်တယ်။ ဘာကြောင့်လဲ ဆိုရင် သူက မယုံရင်စမ်းကြည့်ပါ၊ ကျွန်မကိုယ်တွေ့ပါ၊ ကျွန်မကတော့ အခု သိပ်ကိုပျော်စရာကောင်းတဲ့ လက်ထပ်ပွဲကြီးကျင်းပပြီး ပြင်သစ်ကို ဟန်းနီးမွန်းသွားနေပါပြီလို့ အဆုံးသတ်ထားတယ်လေကွာ။ ဒီတော့ ဒါဟာ မေဘယ်လ်လင်းမဟုတ်လို့ ဘယ်သူရှိဦးမလဲ။ သူပဲ မင်းကို ရေးမဲ့သူရှိတာ၊ သူပဲ ခုလောလောဆယ် ဆီဒိုးနားမှာ အကြီးအကျယ်မင်္ဂလာဆောင်ပြီးပဲရစ်(စ)ကိုသွားလည်နေတာလေ"

ထိုက်တန်မှာ အကြောင်းစုံသိရပေမဲ့လည်း သိပ်မယုံရဲသလိုဖြစ်နေသည်။ ညီနိုင်က တစ်ခါတလေ ဒီလိုပဲ အတည်ပေါက်နဲ့ ပါးစပ်ထဲတွေ့ရာ လျှောက်ပြောတတ်၍ပင်။

"မယုံလည်းနေကွာ၊ မင်း ဖတ်ကြည့်ချင်ရင် ငါ ဘလော့(ဂ်) နာမည်တောင် ပြောပြပေးလိုက်ဦးမယ်"

"အေး ... ထားပါတော့၊ ငါ့မှာ ရည်းစားသုံးယောက်တောင် ရှိခဲ့တာပဲ၊ မေဘယ်လ်လင်းတစ်ယောက်တည်း သူဌေးနဲ့ တွေ့ပြီး အကြီးအကျယ်လက်ထပ်ပြီး Europe(ယူရုပ်(ပ)) ဘက်သွားလည်ရတာနဲ့ပဲ ကောင်မလေးတွေက ချက်ချင်းယုံကြတာတော့ သိပ်အဓိပ္ပာယ်မရှိဘူးလို့ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သတင်းမကြားသေးဘူးလား၊ မင်းရဲ့နံပါတ်နှစ်ကောင်မလေး မြနှင်းရည်လေ၊ သူလည်း မကြာခင်လက်ထပ်တော့မယ်လို့ ငါ သိလာတယ်၊ မနေ့က သူတို့စုံတွဲကို နာမည်ကြီး Furniture (ဖန်နီချာ)ဆိုင်ကြီးမှာ တကယ့်ကောင်းပေ့ဆိုတဲ့ ပရိဘောဂတွေ လက်ညှိုးထိုးဝယ်နေတာ တွေ့ခဲ့တယ်၊ ငါ့အထင် လက်ထပ်ခါနီးလို့ အိမ်ထောင်ပရိဘောဂဝယ်တာလို့ ထင်ကိုထင်တယ်ကွာ။ မင်းနဲ့ မဆုံလို့ ငါ ပြန်မပြောရသေးတာ"

မြနှင်းရည်ဟုအမည်ကို ကြားလိုက်ရတော့ မြန်မာဆန်သောအမည်နဲ့ မြန်မာဆန်ဆန်ကျစ်ဆံမြီးရှည်လေး အမြဲကျစ်ကာ၊ မြန်မာအင်္ကျီလုံချည်လေးတွေပဲ ဝတ်လေ့ရှိသူ ညိုချောလေးကို ပြန်အမှတ်ရသွားပါသည်။

ချစ်ကြည့်တုန်းကတော့ ဘယ်လိုလေး ဘယ်ဝါလေး၊ ခင်မောင်တိုးသီချင်းထဲကလို့ မဟာဆန်သူလေး ဘာညာနဲ့ စိတ်ကူးယဉ်ပြီး ချစ်ကြည့်လိုက်တာပဲ။ ခြောက်လလောက်တွဲပြီးတော့ မြနှင်းရည်ကိုယ်တိုင်ကပဲ ...

"ကိုထိုက်ကြည့်ရတာ မြကို သိပ်အလေးအနက်မထားသလိုပဲ၊ သိပ်မချစ်သလိုပဲ၊ အရင်ရည်းစား မေဘယ်လ်လင်းကိုပဲ ပိုချစ်လို့လား"





စသဖြင့်ဇတွေ တစ်နေ့တွေ့လည်းဒါပဲပြော၊ နောက်တစ်နေ့တွေ့လည်း ဒါပဲပြော၊ ဆက်တိုက်ပြောဆိုစွပ်စွဲလာရာကနေ သူ့ဘာသာပဲ စိတ်တွေကောက်ပြီး ...

"မြတို့ လမ်းခွဲကြရအောင်"

လို့ စပြောလာခဲ့ပါသည်။ ဘာကြောင့်လဲလို့ ထိုက်တန်မေးတော့ ...

"ကိုထိုက်တန်ကလည်း မြကို တကယ်မှမချစ်တာ၊ မြလည်း တဖြည်းဖြည်းသိလာပြီ၊ ကိုထိုက်ကို ချစ်လို့မရတော့ဘူး"

တဲ့လေ။ ထိုက်တန်ဘက်က နည်းနည်းပါးပါးတော့ ချော့မော့ဖြေရှင်းခဲ့သော်လည်း မြနှင်းရည်ကိုယ်တိုင်က စိတ်မပြေခဲ့လေရာ ဒီလိုနဲ့ပဲ ဇာတ်လမ်းတစ်ခုက ပြီးဆုံးသွားခဲ့ရသည်တည်း။ ထိုမြနှင်းရည်နဲ့ကတော့ အဲဒီတည်းက မဆုံတော့တာမို့ အဆက်အသွယ်ပင်ပြတ်နေပြီ။

"သူ့လူက တကယ်ဘော့(စ)ပုံစံပဲကွ၊ ကြည့်လိုက်တာနဲ့ သိသာတယ်။ မင်း သိတယ်မဟုတ်လား၊ မြနှင်းရည်ကကွာ သိပ်ပြီးချောင်လည်တဲ့မိသားစုကမဟုတ်တော့ သူ ဝတ်တာစားတာလေးတွေက တန်ဖိုးနည်းလေးတွေကိုပဲ သူနဲ့လိုက်ဖက်အောင်၊ ကြည့်လို့လှအောင် ဝတ်တတ်လို့သာ အားလုံးကြားထဲမှာ ထင်ရှားနေတာလေ။ အခုတော့ သူ့ငွေနဲ့လက်တွဲရတော့မှာမို့ထင်တယ်။ ဝတ်ထားလိုက်တာကွာ နိုင်ငံခြား

www.burmeseclassic.com



ဖြစ်ရယ်ဒီမိတ်ဂါဝန်လေးနဲ့ ပလက်တီနမ်စိန်ထည်လေးတွေနဲ့ သိပ်သိသာတယ်ကွ၊ ပိုပြီးလည်းလှလာတယ်"

"သူတို့လက်ထပ်ကြမယ်လို့ မင်း ဘာကြောင့်အတပ်ပြောနိုင်လဲ"

"စောင့်ကြည့်ပါကွာ၊ ငါထင်ရင် သေချာတတ်ပါတယ်၊ သတင်းစာထဲမှာသာ မင်္ဂလာသတင်းရှာဖတ်တော့"

"ဒါဖြင့် မင်းပြောပုံအရဆိုရင် ငါ့မှာ တကယ်ပဲ Lucky charm ရှိလို့ ငါချစ်သူဖြစ်ဖူးတဲ့ မိန်းကလေးတွေဟာ သူဌေးတွေနဲ့ပဲ ဖူးစာဆုံကုန်ရတယ်ပေါ့၊ မင်းက ဒါကို လက်ခံတယ်ပေါ့ ဒီလိုလား"

"လက်ခံတယ်ရယ်မဟုတ်ပါဘူး၊ ဒါပေမဲ့ ဘာဖြစ်လဲကွာ၊ မင်း နာမည်ပျက်တဲ့သတင်းမှ မဟုတ်တာ"

"ကောင်မလေးတွေက ငါ့ကို အခုတလောမှ သိပ်စိတ်ဝင်စားလာကြတာကို ဘယ်လိုလုပ်မလဲ၊ ငါကတော့ ငါ စန်းပွင့်လှပြီထင်နေတာကွာ"

"ရလာတဲ့အခွင့်အရေးကို အသုံးချရုံပေါ့၊ မင်းနဲ့ လူချင်းလဲပစ်ချင်တယ်..တကယ်"

"အံမာ ဘာအခွင့်အရေးမို့ အသုံးချရမှာလဲ"

"မိန်းမလှလေးတွေနဲ့ တစ်ယောက်ပြီးတစ်ယောက် ဒါမှမဟုတ် တစ်ပြိုင်တည်း သုံးယောက် လေးယောက် ရည်းစားဖြစ်ရမဲ့ အခွင့်အရေးကို မင်းလိုကောင်မျိုးပဲ ရနေတာလေ"





ညီနိုင်က မကျေမနပ်ကြီးပြောလျက် ထိုက်တန်၏ ပခုံးကိုပင် ပိတ်ထိုးလိုက်ပါသေးသည်။

"သူတို့လိုချင်တာ မင်းနဲ့ ခဏတာချစ်သူဖြစ်ခွင့်ရရေးပဲ။ မင်းရဲ့ပါးစပ်က ချစ်တယ်ပြောတာကို လက်ခံရဖို့ပဲလိုတာလေ။ မင်းကို လိုချင်တာ မဟုတ်ဘူး။ ရှင်းရှင်းပြောရရင် မင်းထက်သာတဲ့ ဘော့(စ)ကို ဖူးစာဆုံချင်တာ။ ဒီတော့ မင်းရဲ့အချစ်ကို ခဏအသုံးချပြီး သူတို့ရဲ့ ဖူးစာရှင်အစစ်ကို ရွေးချင်ကြတာပဲ၊ မင်း တစ်ပြိုင်တည်း ရည်းစားသုံးယောက်ထားလည်း သူတို့အချင်းချင်း သိနေလည်း ဘာမှ ပြဿနာမရှိဘူး၊ ဘယ်လောက်ကောင်းလဲ၊ ပျော်စရာကစားနည်းကြီးကို ကစားရတဲ့အတိုင်းပဲပေါ့၊ လုပ်ကြည့်လိုက်စမ်းပါ၊ မင်း တကယ်မပျော်ရရင် ငါ့ခေါ် လာဖြတ်လိုက်။ ရည်းစားတစ်ယောက် ရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ မင်းကတော့ လွယ်လွယ်ကူကူနဲ့ တစ်ယောက်ပြီး တစ်ယောက် လက်ဖျောက်တီးပြီး တွဲရုံပဲ၊ ပြီးရင် သူတို့က မင်းကို ဘာမှ ဒုက္ခပြန်ပေးမှာမဟုတ်ဘူး။ သူတို့လိုချင်တဲ့ ဖူးစာရှင်ကို ရှာတွေ့သွားရင် ထားခဲ့မှာချည်းပဲ"

ထိုက်တန် တစ်ချက်စဉ်းစားလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ခုလောလောဆယ် ရည်းစားတစ်ယောက်ထားကြည့်မယ်၊ မင်းတို့ပြောတာမှန်သလား၊ မမှန်သလားသိချင်လို့ ထားမှာ။ တစ်လလောက် ဒါမှမဟုတ် တစ်ပတ်လောက်တွဲပြီးရင် ဖြတ်လိုက်မယ်၊ အဲဒီကောင်မလေး အခြေအနေကို စောင့်ကြည့်မယ် ဘယ်လိုလဲ"

"ကြိုက်သွားပြီ၊ ဒါမျိုးမှပေါ့ ငါလည်း သိပ်ယုံလို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဖိုရမ်ထဲမှာ ဒီသတင်းဟာ တော်တော်ရေပန်းစားပြီး မင်း သိပ်ပေါ်ပြူလာဖြစ်နေလို့ ငါလည်း စမ်းသပ်ကြည့်ချင်တာပါကွာ"

အဲဒီလိုသဘောတူညီချက်ရပြီးသွားသောအခါမှာ ထိုက်တန်သည် လောလောဆယ် တွေ့နေမြင်နေကျထဲက တစ်ယောက်ကို ရည်းစားအမြန်ကောက်တော်လိုက်ဖို့ စိတ်ကူးလိုက်တော့လေသည်။

* ❧ *





## ၅

ထိုနေ့မှစပြီး ထိုက်တန်သည် မြင်တွေ့နေကျ ဆေးခန်းလာနေကျထဲမှ မိန်းကလေးတစ်ယောက်ကို ရည်းစားအဖြစ် တောင်ရွေးချယ်လိုက်ပါသည်။ ကောင်မလေးနာမည်က ရွှန်းရတီ။ လှလည်းလှ။ ခေတ်လည်းမီပြီး တကယ်သွားရောဂါဖြစ်တာမဟုတ်ပါဘဲ သွားတွေ လာအရောင်တင်လိုက်၊ ဟိုသွားကကျင်သလို ဒီသွားကကျင်သလိုလိုဖြစ်ပါသည်ပြောပြီးလာလိုက်၊ ညီညာနေသော သွားတွေကိုပင် ...

"ရတီ့သွားက မညီဘူးထင်လို့ ပြင်ရင်ကောင်းမလားဆိုပြီး ဒေါက်တာနဲ့ လာဆွေးနွေးတာပါ"

ဆိုပြီး ရောက်လာလိုက်။

နောက်တစ်ခါတွေမှာ အိမ်ကအဘွားကို ခေါ်ချလာပြီး သွားတုလုပ်ခိုင်းလိုက်၊ အိမ်က အိမ်ဖော်ကောင်မလေး သွား



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ပါသည်ဆိုပြီး ခေါ်လာပြ စသည်ဖြင့်တွေ အကြိမ်ကြိမ်ရောက်လာရင်း တစ်စစ ရင်းနှီးလာကာ ထိုက်တန်၏အစမ်းသပ်ခံပွဲတစ်ခုမှာ အသုံးချဖို့ ပထမဦးဆုံး ရွေးချယ်ဖြစ်သွားပါသည်။

သို့သော် ရည်းစားဖြစ်ရတာ တစ်လပင်မခံလိုက်။ ကိုယ်ကပဲ မချစ်ဘဲနဲ့တွဲခဲ့လို့လား။ သူကပဲ ကိုယ့်အပေါ် စိတ်ဝင်စားမှုလျော့လာလို့လားမသိ လမ်းခွဲစကားပင် ပြောစရာမလိုပါပဲ အလိုလို ပြန်အဆက်အသွယ်ပြတ်သွားပါသည်။ ထိုသို့ အဆက်အသွယ်ပြတ်ခါစလေးမှာပင် ညီနိုင်ဆီက သတင်းတစ်ခု ကြားရလေသည်။

"မင်းကို ကောင်မလေးတွေထင်တာတော့ ဟုတ်ကိုဟုတ်နေပြီထင်တယ် ထိုက်တန်"

"ဘာသတင်းကြားလာလို့လဲ"

"မင်းနဲ့တွဲခဲ့တဲ့ အရင်ကသုံးယောက်ထဲက တစ်ယောက်လေ ပိုးအိမ် ဆိုတဲ့တစ်ယောက် ဖိတ်စာတောင်ဝေနေပြီကွ"

"မင်း ဖိတ်စာရလို့လား"

"ပိုးအိမ်ရဲ့အစ်မသူငယ်ချင်းက ငါ့အစ်မသူငယ်ချင်းလေကွာ၊ အဲဒါ ငါ့အစ်မက သူ့သူငယ်ချင်းဆီကတစ်ဆင့်သိလာပြီး ငါ့ကို ပြန်ပြောပြတာပဲ။ ပိုးအိမ်ကို ငါ့အစ်မ သိတယ်လေ၊ မင်းနဲ့ ရည်းစားဖြစ်ဖူးတဲ့ မော်ဒယ်လ်ကောင်မလေးဆိုတော့ သိတာပေါ့၊ သူယူမဲ့လူက တကယ့်သူဌေးပဲကွ။ အိမ်တွေ





ခြံတွေ တိုက်ခန်းတွေ ဝယ်လိုက်ပြင်လိုက် အမြတ်တင်ပြန်ရောင်းလိုက်လုပ်ရင်းက အရမ်းချမ်းသာလာတာတဲ့၊ ခုလောလောဆယ်မှာ တိုက်အိမ်ချည်းငါးလုံးပိုင်ထားတယ်၊ သိန်းထောင်ချီ လက်ထဲရှိတယ်တဲ့ ... ကဲ"

ညီနိုင်၏ နောက်ဆုံးစကား အဆုံးသတ် "ကဲ"မှာ ဘယ့်နှယ်ရှိစဟု မေးဟန်ပါသော စကားအဆုံးသတ်ဖြစ်နေသည်။ ထိုက်တန် သိပ်တော့မယုံပေမဲ့ မျက်ခုံးအသာပင့်ပြကာ ခေါင်းသာ တညိတ်ညိတ်လုပ်မိ၏။

"မြနှင်းရည်ကတော့ မြရိပ်ညိုမှာ လက်မှတ်ထိုးပြီး ဟိုတယ်နီကိုးလ်မှာ ဒင်နာပါတီ လုပ်သွားတယ်၊ အခု စင်ကာပူကို အလည်ထွက်သွားတယ်"

"မင်းကလည်း သိလှချည်လား၊ ဒါပဲ လိုက်စုံစမ်းနေတာလား"

"မဟုတ်ဘူး၊ မြနှင်းရည်ကလည်း မေဘယ်လ်လင်းရေးတဲ့ ဘလော့(ဂ်)ထဲဖတ်မိပြီး ထောက်ခံတဲ့အနေနဲ့ ဝင်ရေးထားတာကို ငါ ညကတင်ဖတ်မိလာတယ် ထိုက်တန်။ အင်္ဂလိပ်နာမည်နဲ့ သူ့ကိုယ်သူ Emerald Snow (အယ်မရယ်လ်(ဒ)စနိုး)ဆိုတဲ့ မြန်မာလိုဘာသာပြန်ကြည့်ရင် မြနှင်းပါပဲကွာ၊ Emeraldဆိုတာ 'မြ'ကျောက်ကိုပြောတာ၊ Snowဆိုတာနှင်း"



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်ထင်တာတွေ လျှောက်ဘာသာပြန်ကြည့်ပြီး ထင်တာလားကွာ"

"ဟုတ်ဖို့များပါတယ်ကွာ၊ သူကလည်း သူ့ကိုယ်တွေ့ပဲတဲ့။ ဒေါက်တာထိုက်တန်နဲ့ ချစ်သူဖြစ်ခဲ့ဖူးသူပါတဲ့။ ဒေါက်တာထိုက်တန်နဲ့ တွဲနေတုန်းမှာ သူ အခုလက်ထပ်မဲ့သူကို ဆုံရတာတဲ့။ ဒါကြောင့် ဒေါက်တာထိုက်တန်ကို အကြောင်းမဲ့ဖြတ်ပစ်ခဲ့ပြီး သူ့ဖူးစာရှင်ကိုပဲ လက်တွဲခဲ့တာတဲ့။ ကဲ ... မင်း မယုံလည်းနေ၊ ငါ အသေချာဆုံးသတင်းရထားတာရှိတယ် ပြောမယ်"

ထိုက်တန် တဟားဟားရယ်ရင်း ...

"မင်းကို ငါ့ရဲ့အလွတ်စုံထောက်အဖြစ် အခကြေးငွေပေးပြီး ငှားမယ်လို့မပြောထားမိပါဘူးနော်။ ငါ့ကိစ္စတွေ လိုက်စုံစမ်းပြီးမှ တော်ကြာ မင်း ငါ့ကို အမှုလိုက်ခ ပိုက်ဆံပေးရမယ်တွေ ဘာတွေ လာအတောင်းခံရမှာစိုးလို့ ကြိုတင်ပြောထားရတာ"

ဟု ပြောလျက် ညီနိုင့်ဆီက နောက်ထပ်ကြားရမဲ့ သတင်းကို ဆက်စောင့်နားထောင်လိုက်ပါသည်။

"အခု နောက်ဆုံးစမ်းသပ်ပြီးတွဲလိုက်တဲ့ ရွှန်းရတီလေ"

"အေး ပြောပါဦး၊ သူ့သတင်းဆိုရင်တော့ မဆိုးဘူး အနီးစပ်ဆုံးပဲ"





"ရွှန်းရတီ မင်းနဲ့ တွဲနေရင်း ဘဲတစ်ကောင်နဲ့ ငြိသွားလို့ မင်းကို မသိမသာခွာသွားတာ"

"အဲဒီကောင်ကရော ငါ့ထက်သာတာပဲလား"

"သာတယ်လို့ပြောရင် ရမလားမသိပါဘူးကွာ၊ အဲဒီကောင်က အမေရိကားက ခဏပြန်လာတဲ့ကောင်"

"အမေရိကားမှာ ဘာလုပ်လဲ"

"ဒါတော့ ငါ အသေအချာမသိဘူး၊ ဒါပေမဲ့ ရွှန်းရတီနဲ့ တွေ့တွေ့ချင်း ချစ်ကြိုက်သဘောကျသွားတာနဲ့ လက်ထပ်မယ်၊ အမေရိကားကို ခေါ်သွားမယ်တွေဘာတွေ ဖြစ်သွားပြီကွ"

"လက်ထပ်ပြီးလိုက်မှာ လွယ်လှချည်လား"

"ဟိုကောင်နဲ့ အရင်စေ့စပ်ထားမယ်၊ ဟိုကောင် ခဏပြန်သွားမယ်၊ သူ့နောက်လိုက်လာဖို့ ဗီဇာကိစ္စတွေ ဘာတွေ စီစဉ်မယ်၊ လိုက်လာလို့ရပြီ ဗီဇာရပြီဆိုမှ ပြန်လာလက်ထပ်ပြီး တစ်ခါတည်းခေါ်မှာတဲ့ကွ"

"သတင်းက တယ်သေချာပါလား၊ ဘာပဲဖြစ်ဖြစ် မိန်းကလေး လင်ကောင်းသားကောင်း ရသွားတာ ဝမ်းသာပါတယ်ပေါ့ကွာ"

ထိုက်တန်က လူကြီး,ကြီး အဘိုးကြီးဟန်ဖြင့်ပြောရင်း အရယ်အပြုံးမပျက်ခဲ့ပါ။ ရွှန်းရတီကို သူများလက်ထဲထည့်လိုက်ရလို့ ဝမ်းမနည်းတာတော့ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင် မင်းထက်သာသည်ဖြစ်စေ၊ မသာသည်ဖြစ်စေ အမေရိကားကို လိုက်သွားခွင့်ရတယ်၊ နေခွင့်ရတယ်ဆိုတဲ့ အချက်ဟာ နည်းတဲ့ကံကောင်းမှုကြီးလားကွာ၊ မင်းသိတဲ့ အတိုင်းပဲ ထိုက်တန်။ အခုခေတ်မှာက မင်းသမီးတွေ၊ အဆိုတော်တွေကအစ နိုင်ငံခြားမှာနေတဲ့ မြန်မာယောကျ်ား တွေကို ရွေးလက်ထပ်ယူပြီး ဟိုကိုလိုက်သွားနေနေကြတာ တွေ ခေတ်စားနေတယ်လေကွာ။ အဲဒီကို လိုက်သွားရရင် အားလုံးက အားကျပြီး ကံကောင်းလှချည်ရဲ့လို့ ဝိုင်းထင်နေ ကြတာဆိုတော့ ရှန်းရတီလည်း မင်းရဲ့ချစ်သူခဏဖြစ်ခွင့် ရတာနဲ့ ကံကောင်းပြီး လူတိုင်းလိုချင်မက်မောတဲ့ အခြေ အနေကို ရသွားတာပဲ"

ထိုက်တန် ရယ်မောရင်းကပဲ ဤသို့ မှတ်ချက်ချ လေသည်။

"အေးပေါ့လေ မြန်မာပြည်က သာမန်သွားရောဂါကုဆရာ ဝန်လေးထက်စာရင်တော့ အမေရိကားမှာနေတဲ့ကောင်ဟာ ဘာအလုပ်ပဲလုပ်လုပ် သာတယ်ပဲထားပါတော့။ ကောင်မ လေးတွေလိုချင်တာရသွားအောင် ငါက ခဏချစ်ပြပေးလိုက် ရတာ ကုသိုလ်ရပါတယ်ပေါ့ကွာ၊ အချစ်တွေ အလှူပေးပြီး ကုသိုလ်ယူတယ်လို့ ကဗျာဆန်ဆန်ပြောရမယ်"





အဲဒီနောက်ပိုင်းမှာ ထိုက်တန်ဟာ သူ့ရဲ့ Lucky charm ကို စမ်းသပ်ချင်တာနဲ့ပဲ ရည်းစားတွေ တစ်ယောက်ပြီးတစ် ယောက် ထည်လဲတွဲတော့လေသည်။ သူ့အပေါ် စိတ်ဝင်စားချင် သယောင်ယောင်၊ ပတ်သက်ချင်သယောင်ယောင် စတင်အမူအရာ ပြလာကြသော မိန်းကလေးတချို့တွေကို အရင်ကလို မသိကျိုး ကျွန်မပြုတော့။ သူက ပြန်ပြီး အီစီကလီအကြည့်တွေ၊ ရီတီတီ ညို့ငင်သောအကြည့်တွေ ပြန်ကြည့်ပြကာ ရည်းစားဖြစ်ဖို့ ဓာတ်လမ်း စပေးတတ်လာသည်။

အလွယ်တကူပဲ ရည်းစားတွေတစ်ပြိုင်တည်း သုံး ယောက်ထားလိုထား၊ တစ်ယောက်ပြီးတစ်ယောက် မနက်တစ် ယောက် ညနေတစ်ယောက်တွဲလိုတွဲနဲ့ သူ့ရဲ့ Lucky charm ကြီး ကို စိတ်နာနာဖြင့် အသုံးချစမ်းသပ်ပစ်လိုက်ပါသည်။

ခြောက်လလောက်ကြာသောအခါ ထိုက်တန်တွင် ရည်းစားပေါင်းသောင်းခြောက်ထောင်လို့ ပြောရမလိုပင် ရည်းစား တွေ တစ်ပုံကြီးထားခဲ့ဖူးသူဖြစ်နေခဲ့တော့သည်။ အဲဒီတစ်ပုံကြီး တွေဟာလည်း (အနည်းဆုံးတော့ လက်ဆယ်ချောင်းမဆန့်အောင် များပါသည်) တကယ်ကို ပြောစမှတ်ပြုရလောက်အောင်ပင် ပိုက် ဆံချမ်းသာသော ယောကျ်ားတွေနဲ့ချည်း ဖူးစာဆုံသွားကြတာသည် လည်း သတင်းတွေပြန်ကြားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ထိုက်တန်မှာ ရုပ်ရည်ချောမောတာရယ်၊ ဆရာဝန်ဆိုတဲ့ဂုဏ်ရယ်ပဲရှိကာ လူကတော့ သာမန်အဆင့်လောက်သာ သုံးနိုင်စွဲနိုင်သော လူတန်းစားသာဖြစ်သည်။ အလယ်အလတ်တန်းစားမိသားစုမှ အငယ်ဆုံးသားဖြစ်ကာ မိဘတွေဟာ သာမန်ကုန်သည်တွေသာဖြစ်သည်။ ရပ်ကွက်က ဗဟိုဈေးကြီးထဲ ကုန်စုံဆိုင်ကြီးဖွင့်ကာ စီးပွားရှာသော မိဘတွေမှာ တိုက်ခန်းတစ်ခန်းရယ်၊ နီဆန်းပစ်ကပ်ကားတစ်စီးရယ်သာပိုင်ပါသည်။ ထိုက်တန်မှာ အစ်မတစ်ယောက် အစ်ကိုတစ်ယောက်ရှိပေမဲ့ သူတို့ကတော့ အိမ်ထောင်ကျပြီး အိမ်ခွဲသွားပြီမို့ အိမ်မှာ ထိုက်တန်ရယ် အဖေအမေရယ်သာရှိပါသည်။

လူတန်းစေ့နေနိုင်ရုံမိသားစုထဲမှာ သာမန်သွားဆရာဝန်လေး ထိုက်တန်ရဲ့ဝင်ငွေဟာ တကယ်တော့ ဘာမှ မရှိလှပါ။ မိဘက စီးပွားရှာနိုင်လို့သာ တင့်တောင့်တင့်တယ် နေနိုင်တာ။ မိဘတွေရဲ့ကားလေးတစ်စီးနဲ့ သွားသွားလာလာလုပ်နိုင်ခွင့်ရှိနေတာဆိုသော အခြေအနေကို ဘယ်မိန်းကလေးကမှ မက်မောလှကြသည်ရယ်လို့တော့မဟုတ်ပါ။ မိန်းကလေးတွေ မက်မောသော သိန်းရာချီကုန်မဲ့ မင်္ဂလာပွဲကြီးရယ်၊ တိုက်အိမ်တွေရယ်၊ သိန်းထောင်ချီပေးရတဲ့ကားတွေရယ်ကို မဖန်တီးပေးနိုင်သော ထိုက်တန်သည် ကောင်မလေးတွေက သူ့ထက်သာသော ယောကျ်ားတွေကိုပဲ ရွေးရွေးသွားကြတာ စိတ်မနာနေခဲ့ပါ။ ဒါ သဘာဝပဲလေဟု





နားလည်ခွင့်လွှတ်လို့ရလျက် သူ့ ခဏတာစိတ်ချမ်းသာပျော်ရွှင်ရင်ပြီးရောဆိုပြီး ရည်းစားတွေကို အဓိပ္ပာယ်မရှိ ဖွတ်တွဲနေတော့လေသည်။

“မင်းကွာ ငါ့ကို မယူချင်ဦးဟဲ့ဆိုပြီး စိတ်နာနာနဲ့များ ရည်းစားတွေလျှောက်ထားသလားကွာ”

ညီနိုင်ကပင် သူ့ဇာတ်သူ မနိုင်တော့သလိုဖြစ်ပြီး မျက်လုံးပြူးကာ ပြောလာလေသည်။

“မင်းပဲ ငါ့မှာ Lucky charm ရှိတယ်ဆို၊ ငါ့အချစ်ကိုရရင် မိန်းကလေးတွေမှာ ကံကောင်းမှုတွေကြုံပြီး ငါ့ထက်သာတဲ့ သူဌေးယောကျ်ား (သို့မဟုတ်) သူတို့မက်မောသောဘဝကို ဖန်တီးပေးနိုင်သော ယောကျ်ားကို ဖူးစာဆုံရတယ်ဆို။ ဒီတော့ ငါက သူတို့လိုချင်တာကို ကူညီတဲ့အနေနဲ့ ခဏ ချစ်ပြရတာပါကွာ”

“မင်းဟာက ဆင်ဆင်ခြင်ခြင်လည်း လုပ်ဦးမှပေါ့၊ အခု မင်းက တစ်မျိုးထပ်နာမည်ကြီးနေပြီကွ”

“ဘာလဲ လုပ်လာပြန်ပြီ၊ မင်းပဲ အဲဒီဖိုရမ်တွေ လျှောက်လျှောက်ဖတ်ပြီး သတင်းသယ်လာတာ၊ ငါကတော့ အင်တာနက်ကြည့်ရင် ဗဟုသုတရမဲ့ အကြောင်းအရာပဲရှာဖတ်တယ်။ အဲဒီလို ကိုယ်ရေးကိုယ်တာတွေလျှောက်ရေး၊ ရင်ဖွင့်ကြတာတွေကို လုံးဝကြည့်ကိုကြည့်မရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဗိုရမ်ထဲမှာ ရေးထားတာမဟုတ်ဘူး၊ မင်းကို အရမ်းရည်းစားများပြီး ရုပ်တဲ့ကောင်ဆိုပြီးပြောနေကြပြီကွ။ တချို့အမေတွေဆို သူတို့သမီးကို မင်းဆီမှာ သွားမကုဖို့တောင် ရှောင်နေကြပြီ"

"ဟား ဟား ... အစတည်းကလည်း ငါက သိပ်လူကြိုက်များတဲ့ Dentist(ဒန်းတစ်(စ))တစ်ယောက်မဟုတ်ဖါဘူးကွာ။ ဒီဘွဲ့ရထားတော့ ဒီဘွဲ့နဲ့ပဲ သင့်တော်ရာအလုပ်လုပ်နေရတဲ့သဘောနဲ့ ဆေးခန်းထိုင်နေတာပါ။ ပြောရရင် ဆေးခန်းသာဖွင့်နေရတယ်၊ ခုထိ မိဘကို ပြန်လုပ်မကျွေးနိုင်သေးဘူး၊ အခန်းငှားခရယ် ဆေးပစ္စည်းဖိုးရယ်ကိုတောင် မနည်းအလျှင်မီအောင်ပေးနေရတာ ဒီတော့ နာမည်မရှိတဲ့ သွားဆရာဝန်ဆီမှာ လာမပြချင်တာနဲ့ပဲ ငါက ရည်းစားများလို့ ရုပ်လို့ ပွေလို့ဆိုပြီး ခေါင်းစဉ်ကောက်တပ်ရသေးလားကွာ ဖြစ်ရလေ။ ကံအတော်ဆိုးတာပဲ"

ညီနိုင်က ထိုက်တန်ကို အကဲခတ်ရင်း ...

"ငါ့အထင်တော့ မင်း ဒီလိုဖြစ်နေတာ နန္ဒီ့ကြောင့်လားလို့ သံသယဖြစ်မိတယ်"

ဟု အကြောင်းကြောင်းဆိုလာသည်။

"ဪပြန်ပြီ နန္ဒီ၊ မင်း ခုတလောမှ ဘာလို့ သူ့ကို သတိရနေရတာလဲ"





"မသိပါဘူးကွာ၊ မင်းအကြောင်းကိုတွေးလိုက်တိုင်း သူ့ကို သတိရရလာတာပါပဲ။ ဘာကြောင့်ရယ်တော့ မသိပါဘူး၊ အလိုလို သတိရနေရတာ"

"သူပြောခဲ့တာတွေကို အတည်ယူမနေပါနဲ့ကွာ၊ ငါ ချစ်လိုက်တဲ့မိန်းကလေးတိုင်း သူများနဲ့ပဲ ဖူးစာဆုံရပါစေ ဆိုတာကလေးပြောပြောတာ၊ ပြီးတော့ အခု ကောင်မလေးတွေ ငါ့ကိုထားခဲ့လည်း ငါမှမခံစားရတာ။ ငါမှသူတို့ကို တကယ်မချစ်တာ၊ 'ချစ်တယ်'ဆိုတဲ့ စကားကို အပျော်သဘောပဲပြောပြီး ရည်းစားထားပစ်လိုက်တာပဲ ရှိတယ်လေ၊ ဒီတော့ သူ့ရဲ့ကျိန်စာကြီးက ငါ့ကို မထိပါဘူး"

"မင်း တကယ်ချစ်တဲ့ကောင်မလေးတွေ့လာရင် ဘယ်လိုလုပ်မလဲ"

"တကယ်ချစ်တဲ့ကောင်မလေးလား၊ ဟား ဟား ... အဲဒီတော့လည်း သူများလက်ထဲ အသာတကြည် ဘယ်အပါခံမလဲကွာ၊ ပြန်လုယူလိုက်မှာပေါ့"

ထိုက်တန်ဟာ လွယ်လွယ်ပဲပြောပြီး ရယ်မောနေနိုင်ခဲ့ပြန်သည်။ ကောင်မလေးတွေနဲ့ ရည်းစားဖြစ်လိုက် ကွဲလိုက်၊ ထည်လဲတွဲနေလိုက် လုပ်နေရင်းမှာ တစ်ချက်တစ်ချက်တော့ တစ်ခါတုန်းက ဆုံခဲ့ဖူးသော နှင်းဆီကိုးပွင့်လို့ နာမည်ဆန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတဲ့ မိန်းကလေးကို သတိတော့ရမိသားပဲ။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ။ သွားလည်းမရှာချင်။ ဆုံဖို့လည်း စိတ်မဝင်စားပါပဲ သူ့အသိုင်းအဝိုင်းမှာ သူနေသားကျပျော်လို့ကောင်းနေခဲ့မိလေသည်။

* ❧ *








www.burmeseclassic.com

www.burmeseclassic.com



## ၆

"အား ... ကျွတ် ... ကျွတ် ... သေပါပြီ နာလိုက်တာ"

"ဖြစ်ရမယ် ကိုးပွင့်ရယ်။ အမြဲနမော်နမဲ့နဲ့ ဘာဖြစ်ရပြန်တာလဲ"

"ဝက်နံရိုးက နူးနေတယ် ကိုက်လို့ရတယ်ဆိုပြီး ကိုက်လိုက်တာ သွားနာသွားတယ် အမေ"

"နံရိုးကို ကိုက်စရာလားဟယ်၊ တော်ကြီးကျလို့"

ဆိုင်၏ကောင်တာတွေကွယ်ရာ ဆိုင်ခန်းအတွင်းဘက်မှာ သားအမိနှစ်ယောက် နေ့လယ်စာထမင်းစားစဉ်မှာ ကိုးပွင့်တစ်ယောက် ပြဿနာစတက်တော့လေသည်။

ဒီနေ့ချက်ယူလာသော ဝက်နံရိုးကို နူးအိနေအောင် ဆီပြန်ချက်ထားသောဟင်းထဲမှ နံရိုးကို ကိုက်ကြည့်ချင်တာနဲ့ အံသွားဖြင့် ကိုက်ချကြည့်လိုက်သောအခါ နံရိုးကတော့ နူးပါရဲ့။





ဘယ်လိုကဘယ်လိုဖြစ်သွားပြီး သွားကြားထဲ အရိုးစတစ်ခုက ညပ်သွားသည်မသိပါ။ အရိုးစမှာ ပဲ့ကျန်ပြီး တစစ်စစ်ဒုက္ခပေးနေသည်။

"အမေ အရိုးကပဲ့ပြီး အံသွားနှစ်ချောင်းကြားထဲ ညပ်နေတယ်"

"Dental floss(ဒန်တယ်လ်ဖလော့(စ))နဲ့ ထုတ်လိုက်လေ"

"မရဘူး သွားနှစ်ချောင်းက အရိုးပဲ့ကျဝင်ပြီး Dental floss ကြိုးပါးပါးလေးကျ မဝင်ဘူးဖြစ်နေတယ်"

"ဒါဖြင့် သွားကြားထိုးတံနဲ့ ထိုးကြည့်"

အမေကတော့ ကိုးပွင့်ဟာ အမြဲလည်း နမော်နမဲ့နိုင်လှသလို ဖြစ်လိုက်ရင် အရာနဲ့အကြောင်းကြောင်းသမားမို့ ရိုးနေပြီး ကိုးပွင့်ရဲ့ပြဿနာကို ဂရုမစိုက်နေပါ။ အကြံပေးသင့်သလောက်သာပေးလိုက်ပြီး ဖတ်လက်စ တရားစာအုပ်ကိုသာ ဆက်ဖတ်နေသည်။

ကိုးပွင့်တို့ဆိုင်က အရင်တည်းက ရောင်းနေလက်စမို့ အမေကလည်း အိမ်မှာထိုင်မနေချင်တာနဲ့ ဆက်ရောင်းနေတာဖြစ်သမဲ့ စီးပွားဖြစ်လောက်အောင်တော့ ရောင်းကောင်းလှသည်မဟုတ်ပါ။ ဒီလို ရွှေချည်ထိုးတွေ၊ ပန်းပုတွေဆိုတာက လက်ဆောင်ပေးစရာရှိမှ ဝယ်ကြတာ၊ နိုင်ငံခြားသားတစ်ယောက် ဈေးထဲလာရင် မျက်စိကျမှသာ ဝင်ဝယ်ကြတာမို့ အရောင်းကတော့ပါးပါးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးပွင့်တို့အဖေရဲ့စီးပွားရေးလုပ်ငန်းက ကောင်းနေလို့သာ ဒီဆိုင်ကို မြတ်မြတ် မမြတ်မြတ် ဆက်လုပ်နေနိုင်တာလည်းဖြစ်သည်။ ဆိုင်ကတော့ အပိုင်လည်းအပိုင်မို့ ဆိုင်ငှားခလည်းပေးစရာမလိုတာပါပါသည်။ ကိုးပွင့်ကတော့ မိန်းကလေးပီပီ အရောင်းပါးပြီး ပျင်းစရာကောင်းလှသောဆိုင်ကို ဖြုတ်ပစ်ပြီး ရောင်းလည်းရောင်းရပြီး စိတ်ဝင်စားစရာကောင်းလှသော အကျႌဆိုင်မျိုး ဖွင့်ချင်နေလေသည်။

"အား ... သေပါပြီ၊ နာလိုက်တာ ... နာလိုက်တာ အမေရဲ့၊ အီး ဟီး ဟီး"

ကိုးပွင့်ဆီမှ တစ်ချက်စူးစူးဝါးဝါးအသံကြောင့် အမေပင် လန့်ဖျပ်ပြီး ဆရာတော်ရေးသော တရားစာအုပ်ကို ယောင်၍ပစ်ချတော့လေသည်။ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျပြီး ပါးတစ်ခြမ်းကိုဖိကာ တအားအားအော်နေသော ကိုးပွင့်ကိုမြင်လျှင် ...

"ဘာဖြစ်ရပြန်တာလဲ"

"သွားကြားထိုးတံနဲ့ထိုးလိုက်တာ ဘာဖြစ်သွားပြီလဲမသိဘူး"

"ဘာဖြစ်သွားလို့လဲ၊ သေသေချာချာပြောစမ်းပါဟယ်၊ သမီးဟာကလည်း အထိတ်တလန့်ချည်းပဲ"

"အရိုးညပ်နေတာကို တအားထိုးလိုက်တာ သွားနှစ်ချောင်းကြားထဲ သွားကြားထိုးတံကြီးက စွတ်ခနဲ ဝင်သွားတယ်၊ သွားရော သွားဖုံးတွေရော ငန်ကျိ ငန်ကျိနဲ့ သွေးထွက်သွားပြီလား မသိဘူး"





ကိုးပွင့် ပြောပြောဆိုဆို တစ်ရှူးစဖြင့် အဲဒီသွားဖုံးနေရာကို တို့ကြည့်ပြီး ပြန်ကြည့်ကြည့်လျှင် သွေးတွေ တွေ့လိုက်ရပါသည်။

"ဟာ ... သွေးထွက်သွားပြီ အမေ"

"အဲဒါပြောတာပေါ့၊ အမြဲနမော်နမဲ့ဖြစ်နေတာ အခုလည်း သွားအရိုးညပ်ရာကနေ နောက်တစ်မျိုး ထပ်တိုးပြီး သွားကြားထိုးတံထုတ်ချင်းပေါက်ဝင်သွားတာ ထပ်ဖြစ်ပြန်ပြီမဟုတ်လား၊ သမီးရယ် နင့်ကို ငါလည်း စိတ်အတော်ညစ်ပါတယ်၊ အဲဒီလို ရုပ်ပျာပျာ နမော်နမဲ့မဖြစ်အောင် သတိထားပါပြောထားလည်း အမှတ်ကမရှိဘူး၊ အသက်ပဲ နှစ်ဆယ်ကျော်နေပြီ၊ ကလေးလည်း မဟုတ်တော့ဘူး၊ နေရာတကာ အမေက ဟိုလိုလုပ်၊ ဒီလိုလုပ်နဲ့ လိုက်ပြောနေဖို့လိုတော့မလား။ ကိုယ့်အသိဉာဏ်လေးနဲ့ကိုယ် ချင့်ချိန်လုပ်မှပေါ့။ မှန်း ပြစမ်း သွေးတော်တော်ထွက်နေလား"

အမေလည်း ဆူဆူပူပူ၊ ဗျစ်တောက်ဗျစ်တောက်နဲ့ပဲ ကိုးပွင့်၏သွားကိုကြည့်ပေးဖို့ အနားကပ်လာပါသည်။ ကိုးပွင့်မှာ အတော်ကြီးနာကျင်ပြီး တစစ်စစ်ဖြစ်နေသောဝေဒနာကြောင့် မျက်ရည်တွေ အလိုလိုကျလာကာ တအီးအီး တအားအား အော်နေရသည်။

"ငိုမနေစမ်းပါနဲ့ ကလေးလည်းမဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ငိုတာမဟုတ်ဘူး အမေရဲ့၊ နှာလို့မျက်ရည်က သူ့ဘာသာ ကျတာ"

"ရောဂါမရှိ ရောဂါရှာတာလေ။ ကိုယ့်သွားလေးတွေက အကောင်းလေးတွေကို အခုတော့ ဒဏ်ရာအနာတရဖြစ်ရပြီ၊ တော်တော်နာလှား၊ နာရင် ဆေးသောက်ပြီး ငြိမ်နေလိုက်"

"သွားဘာဖြစ်သွားပြီလဲ မသိဘူးနော်"

"ဘယ်သိမလဲ သူလည်း အရင်ကလို အကောင်းအတိုင်းဖြစ်မှာမဟုတ်တာတော့ သေချာတယ်။ ဒီလောက်သွားကြားထိုးဘ်ကြီး ထုတ်ချင်းပေါက်ဝင်တဲ့အထိ အထိုးခံထားရတာ"

ကိုးပွင့်သည် အမေ့အိတ်ထဲ အသင့်ဆောင်ထားလေ့ရှိသော အကိုက်အခဲပျောက်ဆေးထဲမှ နှစ်လုံးကိုယူသောက်ပြီး ငြိမ်နေလိုက်သည်။ တစ်ခါမှ သွားလည်းမနာဖူး၊ သွားမကိုက်ဖူးလေရာ အခုတစ်ခါ ပထမဦးဆုံးအကြိမ်ခံစားရလျှင် အတော်ကြီးကို ခံနိုင်ရည်မရှိသလိုဖြစ်နေသည်။ အံသွားနှစ်ချောင်းလုံးရော သွားဖုံးရော တစစ်စစ် နာနေသည်မှာ ပါးတစ်ခြမ်းလုံးပင် နာနေသလို ထင်ရသည်။ ခဏခဏမှန်ထုတ်ကြည့်မိလေရာ ပါးတစ်ခြမ်းယောင်လာသည်ဟုထင်မိသည်။

ဒီနေ့တစ်နေ့လုံး ဈေးဝယ်လာသူတွေကို အမေပဲ ဒိုင်ခံစကားပြော၊ ပစ္စည်းပြဝင်လပ်နေရပြီး ကိုးပွင့်မှာ ပါးစပ်ပင် မဟနိုင်အောင် တစ်နေကုန် ဝေဒနာခံစားနေရလေသည်။ ဆေးက





သောက်တုန်း ခဏပဲ သက်သာသွားပြီး၊ ဆေးအရှိန်ပြယ်တော့ ပြန်နာလာသည်မှာ တော်တော့်ကို ဆိုးရွားစွာ နာတာမျိုးဖြစ်ရှနေတော့သည်။

ညနေစောင်း ဆိုင်ပိတ်သည်အထိ ကိုးပွင့်တစ်ယောက် ခွေနေလေရာ အမေပင် မနေသာတော့ဘဲ ...

"သမီး မသက်သာဘူးလား"

ဟု မေးလာရတော့သည်။

အစကတော့ အမေ့ပုံက ကိုယ့်ဘာသာနမော်နမဲ့လုပ်လို့ဖြစ်တာ ခံပါစေဆိုတဲ့ပုံနဲ့ အမြင်ကတ်ပြီးပစ်ထားဟန်တူပါသည်။ ဒါပေမဲ့ ကိုးပွင့်မှာ ထင်သလို ဆေးသောက်ပြီး ပြန်သက်သာမလာသောအခါ အမေလည်း ကိုယ့်သမီးကိုယ် သနားပြီးမေးရပြုရတော့သည်။

"သိပ်မသက်သာဘူး အမေ"

"အိမ်ရောက်မှ ဆားရည်နွေးလေးနဲ့ ပလုတ်ကျင်းပြီး ဆေးထပ်သောက် အိပ်လိုက်ပေါ့။ တစ်ခါတလေလည်း တစ်ညအိပ်လိုက်ရင် သက်သာသွားတတ်ပါတယ်"

"အမေပြောသလိုပဲ ဖြစ်ပါစေဆုတောင်းပါတယ် တကယ်ပဲ။ ဒါတောင် သွားကိုက်တာမဟုတ်သေးဘူး။ သွားနာနေတာပဲရှိတာတောင် သေလောက်အောင် ခံရတယ်၊ အရင်က ကိုးပွင့်သူငယ်ချင်းတချို့ သွားရောဂါရှိတဲ့သူတွေ ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



သွားကိုက်ကြရင် ကိုးပွင့် ကိုယ်ချင်းမစာမိခဲ့ဘူး၊ သွားကိုက်တာ ဘယ်လိုနေလဲ ဘယ်လိုခံစားရလဲတောင် ပြန်မေးပြီး သွားဘယ်လိုကိုက်မှန်းတောင် မသိခဲ့ဘူး၊ အခု သူတို့လို သွားကိုက်ဖို့မပြောနဲ့ သွားနာတာလေးတောင် သေအောင် ခံရတော့မှ သွားကိုက်တာ တော်တော်ဆိုးမှာပဲလို့ ကိုယ်ချင်းစာမိလာတယ်"

ကိုးပွင့် ညည်းညည်းညူညူပြောရင်း အမေနဲ့အတူ …အပိတ်မှာ ဆိုင်သိမ်းပြီး အိမ်ပြန်လာခဲ့ပါသည်။ အမေက …တော့မောင်းတတ်ပေမဲ့ ဒီလိုညနေဘက် ကားရှုပ်သောအချိန် …သွားလူလာများသောအချိန်မျိုးဆိုရင်တော့ ကိုးပွင့်ပဲ မောင်းရ…ဖြင့် ...

"သမီး မောင်းနိုင်ရဲ့လား"

မေးတာတောင် ကိုးပွင့် အားတင်းပြီး ...

"မောင်းနိုင်ပါတယ် ရပါတယ် အမေ"

ဟု ပြောကာ မောင်းတော့မောင်းပေးလာနိုင်ပါသည်။ အိမ်ရောက်တော့ ရေချိုးပြီး ထမင်းစားလျှင် ပါးတစ်ခြမ်းလုံး နာနေသည့်အရှိန်ဖြင့် သိပ်တောင်မစားနိုင်။ ထမင်းတစ်လုတ်ပါးစပ်ထဲထည့်တာနဲ့ မျက်ရည်ပေါက်ပေါက်ကျအောင်နာနေတော့သည်။ မိသားစုအားလုံးမှာ တစ်ခါမှ သွားရောဂါမခံစားဖူးသူဖြစ်ရာ ကိုးပွင့်ကို အထူးအဆန်းလိုပဲ ဝိုင်းကြည့်နေကြတော့သည်။





ကိုးပွင့်၏မောင်ဖြစ်သူ သားမာန်ကတော့ ...

"မမရယ် ဒီလောက်ခံစားနေရတာလည်း ဆရာဝန်သွားပြလိုက်ပါလား၊ ကြည့်ရတာ စိတ်မချမ်းသာလိုက်တာ၊ ကျိန်စာသင့်နေတဲ့အတိုင်းပဲ၊ အစားတစ်လုတ်မျိုလိုက်တာနဲ့ မျက်ရည်ပေါက်ပေါက်ကျနေရတယ်"

ဟု စိတ်မကောင်းဖြစ်ပြီး အကြံပေးပါသည်။

"သမီး ဆရာဝန်ပြချင်လား အဖေ့မိတ်ဆွေတွေတော့ သွားဆရာဝန် ဘယ်သူကောင်းလဲသိတော့ သူတို့ကိုမေးပြီး အဲဒီဆရာဝန်ဆီ သွားပြပေးမယ်လေ"

"ဒီညဆေးသောက်ပြီးနေကြည့်ဦးမယ် အဖေ။ တစ်ခါတလေလည်း ဒဏ်ဖြစ်ပြီးနာနေတာဖြစ်မှာပါ၊ ပြီးတော့ တစ်ခါမှလည်း သွားဆရာဝန်မပြဖူးတော့ သွားပြရမှာကြောက်တယ်"

"အေးလေ ဒါဖြင့်လည်း ဆေးသောက်အိပ်လိုက်ပေါ့၊ ဝါးစားလို့မရရင်လည်း ထမင်းဆက်မစားပါနဲ့တော့၊ နွားနို့ဖြစ်ဖြစ်သောက်ပြီး အိပ်လိုက်"

"ပူတင်းပျော့ပျော့လေးစားမလား အမေလုပ်ပေးမယ်၊ ပူတင်းဆိုတော့ ဝါးစရာမလိုဘူးလေ"

"မစားချင်တော့ပါဘူး၊ ကိုးပွင့် အိပ်ပဲ့အိပ်တော့မယ် အမေ"

"မနက်ဖြန် သိပ်မသက်သာရင်တော့ သွားပြလိုက်ပါ၊ ကိုယ့်သွားက အကောင်းကြီးပဲ ဒဏ်ရာအနာတရဖြစ်သ…



www.burmeseclassic.com

www.burmeseclassic.com



တာပဲလေ။ ဆရာဝန်ကတော့ အလကားနေရင်း ဆွဲမနုတ်ပါဘူး။ ဆေးထည့်ပေးရင်ပေးမှာပေါ့"

ဒီလိုနဲ့ပဲ တစ်ညကုန်ပြီး လူလည်းသွားနာတာနဲ့ အိပ်မက်တွေ ကယောင်ချောက်ချားမက်ကာ အိပ်ပျော်သည်ဖြစ်ရာ ကောင်းကောင်းလည်း အိပ်မပျော်ခဲ့ပါ။ မနက်နိုးတော့ သွားက ဆက်နာနေသေးသဖြင့် အတော်စိတ်ညစ်သွားပါသည်။ သွားတိုက် မျက်နှာသစ်ရန် ရေချိုးခန်းဘေစင်ရှေ့ရပ်လိုက်ပြီး ဘေစင်ပေါ်ရှိ နံရံကပ်မှန်ကို ကြည့်လိုက်တော့ ...

"အံမယ်လေး ... ငါ့မျက်နှာကြီး ဘာဖြစ်နေတာလဲ မသိဘူး"

ဟူ၍ ယောင်၍ပင် အော်မိတော့သည်။

ယံးကြီးတစ်ခြမ်းလုံး ယောင်ကိုင်းနေကာ ပါးဖောင်းကြီးဖြစ်နေသဖြင့် မျက်နှာအချိုးအစားမညီသလိုပင် ဖြစ်နေတော့သည်။

ကိုးပွင့် ဘော်တော်လည်း ကြောက်သွားပါသည်။

သွားတိုက်၊ မျက်နှာသစ်ပြီးတာနဲ့ အခန်းပြင်ထွက်လာပြီး အဖေ့ကို ပြေးရှာမိသည်။

"ဟဲ့ ... သမီး ပျာယီးပျာယာနဲ့ ဘာဖြစ်နေတာလဲ"

"အဖေရော"

"ဂေါ့(ဖ)ရိုက်ဖို့ထွက်သွားပြီ"





"အဖေ့မိတ်ဆွေပြတဲ့ တော်တဲ့သွားဆရာဝန်ဆီသွားပြမလို့ အမေ။ ဒီမှာကြည့် ကိုးပွင့် မျက်နှာကြီး တစ်ခြမ်းလုံး ယောင်နေပြီ"

"ဟယ် ... ဟုတ်ပါရဲ့"

"ဆရာဝန်ဆီ အမြန်သွားမှ ဖြစ်တော့မယ်၊ အဖေ့ဆီ ဖုန်းဆက်ပြီး ဆရာဝန်မေးမှပဲ"

"အေး ... အေး ... မေးလိုက်"

အမေလည်း ကိုးပွင့် မျက်နှာအခြေအနေကိုကြည့်ပြီး တော်တော်စိတ်ပူသွားပုံရသည်။ ကိုးပွင့် အဖေ့ကို ဖုန်းခေါ်တော့ အနားမှာလာထိုင်နားထောင်နေသည်။ အဖေ့ မိုဘိုင်းဖုန်းကိုလှမ်းခေါ်ပြီး ...

"အဖေ ... အဖေ ကိုးပွင့် ပါးကြီးယောင်ကိုင်းနေပြီ၊ သွားလည်းနာသေးတယ်။ အဲဒါ အဖေပြောတဲ့ အဖေ့မိတ်ဆွေပြတဲ့ သွားဆရာဝန်စုံစမ်းပေးပါ၊ ကိုးပွင့် ချက်ချင်းပဲသွားပြတော့မယ်"

"အေး ... အေး ... အဖေ သူ့ကို ဖုန်းဆက်မေးပြီး အိမ်ကိုပြန်ဆက်လိုက်မယ် ဟုတ်ပြီလား"

အဖေနဲ့ ဖုန်းဆက်ပြီးသော်လည်း ကိုးပွင့်မှာ စိတ်ဖြောင့်ဖြောင့်ထားကာ အဝေးထွက်မသွားနိုင်။ ဖုန်းအနား တဝဲလည်လည်လုပ်နေကာ အဖေ့ဖုန်းကို စောင့်နေမိသည်။ သို့သော် အဖေက ဖုန်းပြန်ဆက်မလာဘဲ အိမ်သို့သာပြန်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ... အဖေ ဘာတဲ့လဲ၊ ဖုန်းနံပါတ်သိလာပြီလား"

ကိုးပွင့်မှာ ချက်ချင်း ဆရာဝန်ဆီပြေးပြချင်လွန်း၍ အဖေပင် အိမ်ထဲမဝင်ရသေး။ အပေါက်ဝ,ကပိတ်ပြီး ကြိုမေးနေတော့သည်။

"အေးကွာ၊ သိတော့သိပါတယ်၊ ဒါပေမဲ့ အဲဒီဒေါက်တာက မနေ့ကပဲ မိသားစုနဲ့ ဗန်ကောက်အလည်ခရီးထွက်သွားတယ်တဲ့၊ တစ်ပတ်ကြာမယ်တဲ့၊ ဆေးခန်းလည်းပိတ်သွားတယ်ပေါ့"

ကိုးပွင့်မှာ စိတ်ဓာတ်လုံးလုံးကျသွားသလိုဖြင့် ဆိုဖာပေါ် ခွေခွေခေါက်ခေါက်လှဲလိုက်မိတော့သည်။

"ဒါကြောင့် အဖေ ဖုန်းပြန်မဆက်တာလေ။ ဆရာဝန်မှ မရှိဘဲ၊ သမီး ဖုန်းနံပါတ်သိလည်း ဘယ်လိုလုပ် အပွိုင့်မင့်န် လုပ်ပြီးသွားပြလို့ရမလဲလေ"

"ကိုးပွင့်က အခုပဲသွားပြချင်နေတာ၊ ဒီမှာကြည့်ပါဦး ကိုးပွင့်မျက်နှာကြီး တစ်ဖက်ကယောင်နေပြီ"

"ကိုဝေရယ် ရှင့်မိတ်ဆွေတွေတချို့ကို ထပ်မေးကြည့်ပါလား၊ မိတ်ဆွေဒီလောက်ပေါတာ၊ သွားဆရာဝန်နဲ့ပြတဲ့လူလည်း ဒီထဲမှာရှိမှာပဲ မဟုတ်လား။ ကိုယ်တွေက သွားရောဂါမဖြစ်လို့သာ စကားစပ်ပြီးမမေးကြ၊ မပြောကြမိတာမဟုတ်လား။ ဘယ်သူတွေများ သွားဆရာဝန်ကောင်းကောင်းနဲ့ ပြဖူးတာရှိမလဲ၊ မေးကြည့်ပေးပါဦး"





အမေက ကိုးပွင့်တစ်ယောက် ကလေးလို တအိအိငိုယိုနေသည်မို့ စိတ်မချမ်းသာဟန်ဖြင့် အဖေ့ကို ထပ်တိုက်တွန်းပါသည်။

"တခြားမိတ်ဆွေတွေဆီ မေးပေးဆိုလည်း မေးပေးလို့ရပါတယ်၊ ဒါပေမဲ့ ငါ့မိတ်ဆွေ ဦးလှမောင် ပြနေကျ အခု ဗန်ကောက်သွားလည်တဲ့ သွားအထူးကုမှာ တော်တဲ့တပည့်တော့ရှိတယ်တဲ့။ အဲဒီဆရာဝန်လေးဆီကို သူ့ Case တွေ စိတ်ချလက်ချ လွှဲပေးခဲ့လို့ရလောက်တဲ့အထိ တပည့်ကောင်းရထားတယ်ပေါ့၊ တပည့်မို့ ဆရာလောက်မတော်ဘူးထင်ပြီး မပြချင်ရင်လည်းမပြနဲ့ပေါ့၊ ငါကတော့ လိုရမယ်ရ မေးလာတာကိုပြောပြမယ်"

"သမားခိုဆိုမှတဲ့ အဖေရဲ့။ လူငယ်နေရင် ဘယ်တော်မလဲ၊ ကိုးပွင့်မပြရဲဘူး"

"သမီးဖြစ်တာက ရောဂါကြီးမှမဟုတ်တာ၊ မတော်တဆ အရိုးညပ်ရာကနေ သွားကြားထိုးတံနဲ့ ထိုးလိုက်လို့ သွားဖုံးထိပြီး အနာဖြစ်သွားတာပဲလေ၊ ဆရာဝန်ခပ်ငယ်ငယ်လည်း ဒီလောက်တော့ သက်သာအောင်ကုပေးနိုင်မှာပါ"

ကိုးပွင့်မှာ ဂျိုဂျောင်နည်းနည်းကျချင်လျက် အဖေနဲ့အမေက ကိုယ့်အပေါ် ရောဂါသည်ကြီးလို ဝိုင်းသည်းပြနေတော့



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးအခွင့်အရေးကယူချင်ချင်။ မောင်လေးဖြစ်သူ သားမာန်က နားငြီးလာဟန်ဖြင့် ...

"ကဲပါ မမရာ သွားပြရင်လည်းပြလိုက်ပါ။ သူ့သွားလေး နည်းနည်းဖြစ်တာနဲ့ပဲ တစ်အိမ်လုံးလည်း ဘယ်သူမှ ကောင်းကောင်းမနေရဘူး၊ အဖေ ရှာလာတဲ့ဆရာဝန်ပဲ ပြလိုက်ပါလား"

ဟု ဝင်ဆရာလုပ်တော့ ကိုးပွင့်က အကြီးပီပီ အနိုင်ကျင့်မိုလ်ကျလျက် ...

"နင် လျှာမရှည်နဲ့ ငါသိတယ်"

တွေဘာတွေ ဟောက်လိုက်ပါသည်။

"ကိုဝေ သိလာတဲ့ ဆရာဝန်လေးက ဘယ်မှာတဲ့လဲ"

"ဒီမှာ ဦးလူမော် ကတ်ဒ်ပေးလိုက်ပါတယ်၊ ဒါက သူ ပြနေတဲ့အထူးကုနာမည်နဲ့ကတ်၊ ဒါက အထူးကုရဲ့တပည့် နာမည်နဲ့ကတ်ဒ်"

အမေ အရင်ယူကြည့်ပြီးမှ ကိုးပွင့်လက်ထဲ ထည့်လိုက်ပါသည်။ ကိုးပွင့်မှာ ဆရာဝန်၏ ဗစ်ဇစ်တင်းကတ်ဒ်လေးကို ဖတ်လိုက်လျှင် အံ့သြပြီး ဟင်ခနဲ ရေရွတ်မိလိုက်လေသည်။

"ဘာဖြစ်လို့လဲ သမီး"

"အဲဒီဆရာဝန်ကို ကိုးပွင့် သိတယ်"

"ဘယ်မှာသိတာလဲ"





"တစ်ခါတုန်းကပါ ကြာပါပြီ။ မင်္ဂလာဆောင်တစ်ခုမှာ စားပွဲအတူတူ ထိုင်မိတော့ စကားပြောမိတ်ဆက်ကြရင်း သိလာတာပါ။ အဲဒီတုန်းက သူ့ဗစ်ဇစ်တင်းကတ်ဒ်ပေးဖူးသား။ ကိုးပွင့်က အမှုမဲ့အမှတ်မဲ့ပဲ ဘယ်နားပစ်ထားမိမှန်း မသိဘူး"

"သိပြီးသားဆိုရင်လည်း ကောင်းသားပဲ။ ကဲ ကဲ ... ဖုန်းဆက်ပြီး အပွိုင့်မင်းန်လုပ်လိုက်၊ သွားပြလိုက်ပါ။ အထူးကုဆရာဝန်ကြီးတောင် စိတ်ချလက်ချလွှဲပေးခဲ့ရတယ်ဆိုတော့ တကယ်တော်လို့ဖြစ်မှာပါ"

ကိုးပွင့်သည် ခပ်ရေးရေးသာမှတ်မိနေသော ရုပ်သွင်တစ်ခုကို မြင်ယောင်ပြီးလျှင် ကြိတ်ကြိတ်ဖန့်ဖန့် ပြန်ဆုံစည်းစေရသော ကံကြမ္မာကို အံ့သြမိနေသည်။ လွန်ခဲ့သော ရှစ်လလောက်က ဆုံခဲ့ဖူးသော ကိုးပွင့်ကို သူ မှတ်မိချင်မှလည်းမှတ်မိပါမည်။

ကိုးပွင့်ကတော့ သိကျွမ်းခဲ့ဖူးသည့် လူတစ်ယောက်ထံမှာ ကိုယ့်ရဲ့ရုပ်အဆိုးရွားဆုံးပုံကြီးနဲ့ သွားပြရပြီး ပါးစပ်ဟပြ၊ သွားတွေဖွင့်ပြရမှာကို တော်တော်လေးရှက်နေမိသည်။

"မပြရရင်ကောင်းမယ်"

"ဟဲ့ ... ဘာဖြစ်ရပြန်တာလဲ"

"ရှက်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှက်ရအောင် သူကဆရာဝန်ပဲ၊ ဘာရှက်စရာရှိလဲ၊ ကိုယ့်အသိမိတ်ဆွေဆရာဝန်မို့လို့ လာပြတာပဲ၊ ကိုယ်ကို ပိုတောင်ဂရုစိုက်ဦးမယ်"

သို့သော် ဘာကြောင့်မှန်းမသိ အဖေအမေတို့ဟာ ဒေါက်တာထိုက်တန် (B.D.S) Ygn သွားဘက်ဆိုင်ရာဆရာဝန် ဆိုသောနာမည်ပိုင်ရှင်ကို စိတ်အချကြီးချလျက် အမေကိုယ်တိုင်ဖုန်းဆက်တိုကင်ကြိုယူပေးနေတော့လေသည်။ အဲဒီတော့ ကိုးပွင့်လည်း ငြင်းခွင့်မရတော့ဘဲ ရှက်ရှက်နဲ့ သွားရောဂါသွားပြဖို့ နာခံလိုက်ရတော့လေသည်။

* ❧ *





# ၇

ဆေးခန်းကတော့ လူစည်ကားလှသောရပ်ကွက်ကြီးတစ်ခုရဲ့လမ်းသွယ်တစ်ခုထဲမှာ ဖွင့်ထားတာဖြစ်ပါသည်။ ကန်ထရိုက်တိုက်၏ မြေညီထပ်မှာ ဖွင့်ထားသောဆေးခန်းမှာ သိပ်အကျယ်ကြီးတော့မဟုတ်။ ဆယ့်ငါးပေအကျယ်နဲ့ ပေခြောက်ဆယ်အရှည်ရှိသော တိုက်ခန်းကျယ်မှာ အရှေ့ဘက်ဧည့်ခန်းမှာတော့ ထိုင်ဆောင့်စရာ ခုံတန်းရှည်တွေ၊ ပလတ်စတစ်ခုံတွေချထားပြီး ကောင်လေးတစ်ယောက်က ဧည့်ခန်းထောင့်မှာ စားပွဲတစ်လုံး ကုလားထိုင်တစ်လုံးနဲ့ရှိနေသည်။ သူ့စားပွဲမှာ ဖုန်းတစ်လုံးလည်းရှိပြီး ဖုန်းလာသမျှ သူပဲ ဒိုင်ခံလက်ခံကာ လူနာတွေလာဖို့အချိန်ကို ညှိပေး၊ အချိန်တွေရက်ချိန်းပေး စီစဉ်နေသံ ကြားရသည်။ တစ်ဖန်ဆေးခန်းထဲက လူနာတစ်ယောက်ထွက်လာလျှင် ထိုကောင်လေးကပဲ သူ ရေးမှတ်ထားသော စာအုပ်ကိုကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဘယ်ဝါအလှည့်ဟု နာမည်ခေါ်ပေးတတ်လေသည်။ သူ့အလုပ်က ဒါပဲမို့ ကျန်တဲ့အချိန်တွေမှာ အားလပ်ပျင်းရိနေဟန်ဖြင့် ဂျာနယ်တစ်ထပ်ကြီးဖတ်လိုက်၊ သူ့ဘာသာတစ်ယောက်တည်း ဖျက်(ခ)ကွက်တွေရွှေ့လိုက်နဲ့ အချိန်ဖြုန်းနေတာတွေ့ရသည်။

လူနာများဝင်ပြရာအခန်းမှာတော့ ဒီဆေးခန်းရဲ့အလယ်လောက်မှ စပြီးအကန့်ကန့်၊ အခန်းဖွဲ့ထားပြီး အထဲမှာသွားတွေ ဆေးကုသောစက်ကြီးအသံ တဒီးဒီးကြားလိုက်၊ ရယ်သံစကားပြောသံကြားလိုက်နဲ့ ခပ်သဲ့သဲ့တော့ ကြားရသည်။ ဆေးခန်းထဲမှာတော့ သီချင်းသံတိုးတိုးတော့ ဖွင့်ထားပါသည်။

အင်္ဂလိပ်သီချင်းဖြစ်လိုက်၊ တော်ကြာ စီဒီချပ်လဲလိုက်ဟန်ဖြင့် မြန်မာသီချင်းဖြစ်လိုက်။ ကြည့်ရတာ ဒေါက်တာထိုက်တန်ကိုယ်တိုင်ပဲ စီဒီကိုလဲဖွင့်နေဟန်တူသည်။

အမေကတော့ ကိုးပွင့်နဲ့အတူ အဖော်လိုက်လာပေးပြီးလျှင် ဆယ့်ငါးမိနစ်လောက် ထိုင်စောင့်ပြီးသော် ...

"အမယ်လေး ,... စောင့်ရတာကြာလိုက်တာဟယ်၊ အချိန်ပေးတုန်းက နေ့လယ်တစ်နာရီခွဲဆိုလို့ တစ်နာရီခွဲခွဲချင်းဝင်ရမယ်ထင်ထားတာ၊ အခုတော့ မဟုတ်ပါလား။ နှစ်နာရီထိုးတော့မယ်"

"အထဲကလူ မပြီးသေးဘူး အမေရဲ့"





"သူ့ဆေးခန်းက ဘယ်လိုပါလိမ့်၊ အမေ သတိထားကြည့်မိနေတယ်၊ မိန်းကလေးငယ်ငယ်ချောချောတွေချည်း ထိုင်စောင့်နေတာပါလား။ မိန်းကလေးတွေ သွားရောဂါ တော်တော်ဖြစ်ကြသလား"

အမေ ပြောလိုက်မှ ကိုးပွင့်လည်း အဖော်ရသလိုဖြစ်ပြီး အမေ့စကားကို ထောက်ခံလိုက်သည်။

"ဘာဖြစ်လို့ မိန်းကလေးငယ်ငယ်တွေပဲ ဒီဆေးခန်းကိုလာလဲမသိဘူးလို့ ကိုးပွင့်လည်း သတိထားမိနေတယ်"

"သမီး ဆုံခဲ့တုန်းက အဲဒီဆရာဝန်လေးက ဘယ်လိုပုံစံလဲ"

"လူငယ်ပဲ"

"ဟဲ့ ... လူငယ်ဆိုတာတော့ သမီးပြောမှလား အမေ မေးတာက ဘယ်လိုရုပ်ရည်လဲလို့"

"ကြည့်ကောင်းပါတယ်၊ မဆိုးဘူး ပြောရမှာပေါ့"

"မိန်းကလေးတွေကို အရောဝင်ချင်တဲ့ရုပ်မျိုးလား"

"အဲဒီပုံစံတော့မဟုတ်ပါဘူး၊ တည်တည်ကြည်ကြည်ပါပဲ၊ အမေ ဘာလို့ အဲဒီလိုမေးတာလဲ"

"မိန်းကလေးတွေချည်းလာပြတာတွေ့လို့၊ ဆရာဝန်က မိန်းမကြိုက်ရုပ်မျိုးလား၊ မိန်းကလေးတွေနဲ့ အရောတဝင်နေတဲ့လူမျိုးလား သိချင်သွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုးပွင့် သတိထားမိတာတော့ ထိုင်စောင့်နေသော မိန်းကလေးသုံးယောက်တို့ဟာ ကိုးပွင့်လို အကြီးအကျယ်ကြီး ဘာမှခံစားနေရပုံလဲ မပေါ်ပါ။ လှပကြော့ရှင်းနေကြပြီး တစ်ယောက်ကဆို မကြာခဏ မိတ်ကပ်ဘူးထဲကမှန်လေး ထုတ်ထုတ်ကြည့်နေတာတောင် တွေ့ရသည်။

ကိုးပွင့်မှာသာ ပါးကြီးတစ်ခြမ်း ယောင်ကိုင်းပြီး ဝေဒနာသည်းပုံ ပေါက်နေသည်။

သွားဖုံးရောဂ သွားပါနာနေသဖြင့် လူလည်း ကိုယ့်ကိုယ်ကိုယ်ပင် ပြင်ဆင်ချင်စိတ်မရှိတော့သဖြင့် လာခါနီးမှာ ရေကောက်ချိုး၊ အဝတ်လဲပြီး မျက်နှာကို ကရင်(မ)တစ်ခု မြန်မြန်ကောက်ပွတ်၊ တို့ပတ်ရိုက် ခေါင်းဖြီးပြီး ထွက်လာခဲ့တာဖြစ်သည်။ ထိုမိန်းကလေးတွေနဲ့ယှဉ်ရင် ကိုးပွင့်မှာ တကယ်ပဲ သွားနာနေသဖြင့် လာပြသည့်ပုံတော့ပေါက်နေသည်။

"ဟော ... အထဲကလူနာတော့ ထွက်လာပြီ"

အမေ့အသံမှာ ဝမ်းသာသွားသည့်အသံဖြစ်နေသည်။

"သွားရောဂါမဖြစ်တာပဲကောင်း။ သွားဆရာဝန်လာပြရတာ တော်တော်စောင့်ရတာပဲ"

အမေ ခပ်တိုးတိုးကပ်ပြောနေစဉ် အခန်းထဲမှ တံခါးအနည်းငယ်ဟလာပြီး(လူတော့ထွက်မလာပါ)နောက် ...

"မင်းသားရေ Patient ရှိရင်လွှတ်လို့ရပြီ"





ဟူသော အသံကိုကြားရသည်။ ညှိကြိုစားပွဲမှာ ထိုင်အလုပ်လုပ်ရသော ကောင်လေးနာမည် မင်းသားတဲ့ဆိုသော အဓိပ္ပာယ်ပါသည့်အကြည့်ကို အမေနဲ့ ကိုးပွင့် ပြိုင်တူကြည့်လိုက်မိကြသည်။ မင်းသားက ပြုံးစိပြုံးစိမျက်နှာလေးဖြင့် စာရင်းစာအုပ်လေးထဲဖွင့်ကြည့်ကာ ...

"မနှင်းဆီကိုးပွင့် ဝင်လို့ရပါပြီခင်ဗျာ"

ဟု လှမ်းပြောလိုက်သည်။

"အစ်မက အခုမှလာပြတာဆိုတော့ အစ်မ သွားတွေကုထားတဲ့မှတ်တမ်းတော့ မရှိသေးလို့ ကျွန်တော်ပေးလိုက်စရာ မလိုဘူး၊ ဆရာက ဆေးမှတ်တမ်းအသစ် ထုတ်ပေးလိမ့်မယ် အစ်မ"

အခန်းတံခါးစေ့ထားရာဆီလျှောက်လာလျှင် ခြေသံကြားရ၍ထင်သည်။

အထဲမှာရှိသော ဆရာဝန်က ...

"ဝင်လာခဲ့ပါခင်ဗျာ"

ဟု အဆင်သင့်စောင့်နေကြောင်း အသိပေးဟန်ဖြင့် ပြောသံသဲ့သဲ့ကို ထပ်ကြားရသည်။

ကိုးပွင့် အရင်မဝင်သဖြင့် အမေပဲ ကိုးပွင့်ကို မျက်စောင်းကြီးထိုးပြီး တံခါးအရင်တွန်းဖွင့်ဝင်သွားသည်။

"ဝင်ပါ အန်တီ ... ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံမဆုံးခင် နောက်ကပါလာသော ကိုးပွင့်ကို သူ မြင်သွားပြီး ပထမတော့ စဉ်းစားသလိုလိုလုပ်ပြီး တစ်ချက်ငေးကြည့်နေသည်။ နောက်မှ စက္ကန့်ပိုင်းအတွင်းပဲ ချက်ချင်းပြုံးလာပြီးလျှင် ...

"ဪ ... ဘယ်သူများလဲလို့ သူက နှင်းဆီကိုးပွင့်မဟုတ်လား"

လို့ ဝမ်းသာအားရအသံနဲ့ နှုတ်ဆက်ပါသည်။

"ဟုတ်ပါတယ် ဒေါက်တာ"

"နာမည်ပဲခေါ်ပါ ရပါတယ်"

"သမီး ခုံမှာဝင်ထိုင်လိုက်လေ"

အမေက စမ်းသပ်လျှင် လှဲအိပ်ရသော ဒရင်း(မ)ဘက်(ခ)ပုံစံလေးပါသည့် စက်ကိရိယာကြီးဆီ ညွှန်ပြပြီးပြောလိုက်တော့မှ ...

"ဪ ... နှင်းဆီကိုးပွင့်ပြမှာလား၊ ကျွန်တော်က အန်တီအရင်ဝင်လာတော့ အန်တီ ပြမယ်ထင်လို့"

"သမီး ပြမှာပါကွယ်၊ ဒေါက်တာ့ဆရာကြီး ဦးမောင်မောင်နဲ့ပြနေကျ မိတ်ဆွေတစ်ယောက်ဆီမှာ စုံစမ်းတော့ ဦးမောင်မောင် ဗန်ကောက်အလည်သွားနေတယ်၊ သူ့ရဲ့တပည့်ဆီမှာ ပြရင်ပြလို့ရတယ် ညွှန်လိုက်လို့ လာခဲ့တာပါ။ သမီးက ခုချက်ချင်းပြမှဖြစ်မှာမို့ပါ ကြည့်ပါဦးလေ။ ပါးကြီးယောင်ကိုင်းနေပြီ"





အမေသည် ရုပ်သန့်သန့်နဲ့ ကြည့်ကောင်းလှကာ မွန်ရည်ပုံရသော ဆရာဝန်ကို အကဲတော့ခတ်နေပေမဲ့ မသိမသာလေးသာ အကဲခတ်နေခဲ့သည်။ ဒေါက်တာထိုက်တန်မှာ ရိုးရိုးသာမန်ရုပ်အစင်းကြားလက်တိုနှင့် စတိုင်ပန်ပွပွ ရှူး(စ်) ဝတ်ထားကာ အပေါ်ကနေ ဂျူတီကုတ်အဖြူကို ထပ်ဝတ်ထားပါသည်။ လူနာကြည့်မည်ဆိုလျှင် သူ့ရဲ့နှာခေါင်း၊ ပါးစပ်တို့ကို Mask (မာ့စ်) အုပ်လိုက်ပါသည်။ ဆရာဝန်သုံး မာ့(စ်)ဖြစ်ပြီး နားရွက်နဲ့လည်ပင်းနောက်မှာ ကြိုးဖြင့်ပြန်စည်းချည်နှောင်ထားရုံသာ။

ကိုးပွင့်သည် ယောကျ်ားတစ်ယောက်ရှေ့မှာ ပက်လက်ကြီးနေပြရသဖြင့် ရှက်လွန်းလို့ စကားပင်မပြောရဲသလိုဖြစ်နေသည်။ ဒေါက်တာထိုက်တန်ကတော့ ဆရာဝန်ပီပီ လုပ်ရိုးလုပ်စဉ်ပဲ အသစ်ပြုတ်ထားပြီးသော ကိရိယာတွေကို ပေါင်းအိုးထဲမှညှပ်ဖြင့်ဆွဲထုတ်ပြီး Tray(ထရေး)ထဲထည့်ပါသည်။ ပြီးတာနဲ့ သူ့ရဲ့ဆုံလည်ခုံလေးမှာထိုင်ပြီး ဘီးလိမ့်ထိုင်ရက်သား အနားကပ်လာသည်။ မီးခလုတ်တစ်ခုကို ထပ်ခနဲဖွင့်လိုက်လျှင် ကိုးပွင့်မှာ မျက်စိတွေ ကျိန်းစပ်သွားသည်။ ကိုးပွင့် ပက်လက်ပုံစံလေး ... လျှောလျှော လှဲအိပ်နေရာနှင့် မျက်နှာချင်းဆိုင်တည့်တည့်မှာ ဆလိုက်မီးမောင်းပုံစံအကြီးကြီးရှိနေကာ ထိုမီးကို ဖွင့်လိုက်... ဒေါက်တာထိုက်တန်က လက်ဖြင့် ဆွဲချိန်လိုက်လျှင် မီး... ...ပါသည် ကိုးပွင့်၏ မျက်နှာတည့်တည့်ကို ထိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပလုတ်ကျင်းလိုက်ပါဦး"

သူ ညွှန်ပြသော တစ်ခါသုံးပလတ်စတစ်ခွက်လေးထဲမှရေကို ပလုတ်ကျင်းပြီး ဘေးမှာအသင့်ပါသော ဘေစင်အသေးစားခွက်လေးထဲ ထွေးလိုက်ပါသည်။ အမေကတော့ ကိုးပွင့်ရဲ့ခြေရင်းတည့်တည့်လိုနေရာမှာ အသင့်ချထားသော ပလတ်စတစ်ခုံ ပေါ်မှာ ဝင်ထိုင်ကြည့်နေပါသည်။

"ဘာဖြစ်လဲ ပြောပါဦး"

"ကိုးပွင့် အရိုးကိုက်လိုက်တာ အရိုးကပဲ့ပြီး ဒီနောက်ဘက်က အပေါ်အံသွားနှစ်ချောင်းထဲညပ်နေတယ် ဒေါက်တာ။ အဲဒါနဲ့ သွားကြားထိုးတဲ့ဝါးတုတ်တံလေးနဲ့ ထိုးကြည့်လိုက်တာ ထိုးရင်းနဲ့ အရိုးလည်းထွက်၊ တုတ်တံကပါတဲ့အချွန်လေးက သွားနှစ်ချောင်းကြားထဲ ထုတ်ချင်းပေါက်ဝင်သွားတယ်။ သွေးတွေလည်း ထွက်လာတယ်။ အဲဒီလိုဖြစ်ပြီးတော့ သွားဖုံးရော အဲဒီအံသွားနှစ်ချောင်းရော နာနေတာ တအားပဲ။ တစ်နေ့ကုန်နာနေတာ အခု ဒီမနက်အိပ်ရာထတော့ အနာသက်သာသလိုလိုရှိပေမဲ့ ပါးကြီးတစ်ခြမ်းယောင်ပြီး နေရတာမကောင်းလို့လာပြတာပါ၊ ဘာများဖြစ်သွားလဲမသိဘူး"

"ပါးစပ်ဟလိုက်ပါဦး ကြည့်ရအောင်"



ကိုးပွင့်ပါးစပ်ထဲ အဝိုင်းပါသော စတီးတံလေးတွေ၊ အချွန်ပါသော စတီးတံလေးတွေဖြင့် လျှောက်ကြည့်၊ ဟိုခြစ်ဒီခြစ် လုပ်လိုက်သည်ကို ခံစားရသည်။ ဒေါက်တာထိုက်တန်၏ အမူအရာမှာ ကိုးပွင့်၏အာခံတွင်းထဲရှိ သွားတွေအပေါ်မှာသာ လုံးဝအာရုံနစ်ဝင်နေပါသည်။ ကိုးပွင့်၏ မျက်နှာကိုလည်းမကြည့်။ ဘာမှလဲ စိတ်မဝင်စားပါဘဲ သူ၏အာရုံဟာ သွားတွေဆီမှာသာ တကယ်အာရုံစူးစိုက်ထားမှန်း သိသာလှသည်။ အမူအရာမှာ သိပ်ကိုတည်ကြည်အေးချမ်းလှပြီး သူ့ရုပ်၊ သူ့အမူအရာ၊ သူ့ရဲ့ ဣန္ဒြေကို ကြည့်လိုက်တာနဲ့တင် ဆရာဝန်ပီသသူမှန်း သိသာလှပါသည်။

ကိုးပွင့်သည် အခုမှပဲ သူ့အပေါ်စိတ်ချလက်ချရှိလာ သလိုလိုလည်း ခံစားလိုက်ရပါသည်။

"ကိုးပွင့်သွားတွေက အကုန်ကောင်းပါတယ်၊ အခု ဒဏ်ဖြစ်သွားတဲ့သွားလေးနှစ်ချောင်းကတော့ အရင်ကလို သိပ်အကောင်းကြီးဖြစ်မယ် မဖြစ်ဘူးဆိုတာ မပြောနိုင်ဘူး။ ခုလောလောဆယ်တော့ သူတို့နာနေတာပဲရှိမယ်။ သွားဖုံးကတော့ ထိုးမိတဲ့ဒဏ်ကြောင့် Infection(အင်ဖက်ရှင်း)ဝင်သွားတယ်။ ဒါကြောင့် နာပြီးယောင်လာတာလေ"

"အဲဒါ ဘာလုပ်ရမလဲ ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သွားဖုံးအတွက်တော့ Antibiotic(အန်တီဘိုင်အောတစ်) သောက်ရမယ်။ ပိုးသတ်ဆေးသောက်လိုက်ရင် သက်သာသွားမှာပါ။ ပိုးမရှိတော့ရင် အယောင်ပါပြန်ကျသွားမှာပါ၊ ဆေးကိုသာ Course(ကို့(စ်))ပြည့်အောင်သောက်လိုက်ပါ။ သွားလေးတွေကတော့ ဒဏ်ဖြစ်သွားတဲ့အတွက် ကျွန်တော် ဆေးထည့်ပေးလိုက်ပါမယ်"

"သွားက နောက်ဆို ပိုးစားလာမှာလား"

"ပိုးတော့မစားပါဘူး၊ ပိုးမစားအောင် ဂရုစိုက်နေရင် ဘယ်သွားမှပိုးမစားပါဘူး။ သွားက နာထားပြီးပြီဆိုတော့ သူ့ကို သိပ်မာတာတွေပေါ့ ခုနကလို အရိုးကိုက်တာတွေ ဘာတွေ သိပ်မလုပ်နဲ့တော့ပေါ့"

"နောက်မကိုက်တော့ပါဘူး ဒေါက်တာရယ်။ တစ်ခါတည်းနဲ့ကို မှတ်သွားပါပြီ"

"သွားတွေ Clean up (ကလင်းအပ်(ပ)) လုပ်ချင်လား၊ အကုန်လုပ်ပေးလိုက်မယ်"

"လုပ်ရင်ကောင်းသွားလား"

"ဘာပဲဖြစ်ဖြစ် မလိုအပ်တဲ့အညစ်အကြေးတွေ မမြင်ရတဲ့ အစာဟောင်း ညပ်နေတာတွေ အကုန်ရှင်းသွားတာပေါ့"

"ဒါဆိုလည်း လုပ်ပေးပါ"





"Clean upလုပ်ပြီးမှ သွားကိုဆေးထည့်မယ်နော်၊ ဆေးထည့်ပြီးရင်တော့ နာရီဝက်လောက် ဘာမှမစားပါနဲ့ ရေလည်း မသောက်ပါနဲ့၊ နာရီဝက်ကျော်ရင်တော့ စားလို့သောက်လို့ ရပါပြီ"

"ဟုတ်ကဲ့ ဒေါက်တာ"

"နောက်ပြီး မှာထားရဦးမယ်၊ သွားကို သွားကြားထိုးတံနဲ့ သိပ်မထိုးပါနဲ့၊ သွားထဲအစာညပ်ရင် Dental floss လေးနဲ့ ပဲရှင်းပါ။ သွားကြားထိုးတံက မကောင်းဘူး"

ကိုးပွင့်သည် ပါးစပ်ကိုဟပေးလိုက်သည်။ ဒေါက်တာထိုက်တန်က သွားရောဂါကုစက်ကြီးမှ လက်တံကြီးကို ဆွဲယူလိုက်ကာ ဇန်းကလေးထဲမှာရှိသော အချွန်လေးတွေ အဝိုင်းလေးတွေထဲမှ တစ်ခုကိုရွေး၊ လက်တံ၏ထိပ်ဖူးမှ တပ်လိုက်ပြီးနောက် ကိုးပွင့်၏သွားတွေကို တဒီးဒီးမြည်အောင် ခြစ်ပါတော့သည်။

"ပါးစပ်ထဲ ရေတွေပြည့်လာပြီ၊ ထွေးလိုက်ပါဦး၊ ပလုတ်ကျင်းချင်ရင် ကျင်းပါ"

စက်ကလေးက တဒီးဒီးခြစ်တိုင်း ရေပါတစ်ခါတည်း ပန်းထွက်သဖြင့် ခဏလေးခြစ်လိုက်တာနဲ့ ပါးစပ်ထဲမှာ ရေတွေက ပြည့်ပြည့်လာသည်။ ဒေါက်တာထိုက်တန်က မခြစ်ခင်ကတည်းက ကိုးပွင့်၏ရင်ဘတ်ပေါ် မျက်နှာသုတ်ပဝါအသေးလေးတစ်ထည်ကို တော့ ပေးပြီးလွှမ်းခိုင်းထားသဖြင့် ရင်ဘတ်ကိုရေမစင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သွေးတွေ ထွက်လာတယ်နော်"

အမေက ကိုးပွင့် ပလုတ်ကျင်းတာကို ကြည့်ပြီး စိတ်ပူသလိုဖြင့် လှမ်းပြောလာသည်။

"စိတ်မပူပါနဲ့ အန်တီ၊ ဘယ်မှမထိပါဘူး၊ သွားဖုံးတွေနားကပ်ပြီး ကျန်နေတဲ့ အညစ်အကြေးတွေကို ခြစ်ရလို့ပါ။ ဒါဖြစ်နေကျပါ။ ကိုးပွင့်က သွားကောင်းပြီး သွားဖုံးလည်းကောင်းလို့ နည်းနည်းပဲထွက်တာ။ တချို့သွားရောဂါရှိတဲ့လူတွေဆို သွားဖုံးတွေက ထိလိုက်တာနဲ့ သွေးတွေအရမ်းထွက်တော့တာပဲ"

"အန်တီတို့က သွားရောဂါတော့မဖြစ်ကြဘူး၊ သမီးတို့အဖေလည်းမဖြစ်ဘူး။ သူတို့အဘိုးဆို အသက်တောင်ရှစ်ဆယ်ကျော်နေပြီ။ ခုထိသွားတစ်ချောင်းမကျိုးသေးဘူး"

"သွားကောင်းတာလည်း အင်မတန်ကုသိုလ်ကောင်းတာပါပဲ အန်တီ"

"ဒေါက်တာတို့က သွားဆရာဝန်တွေဆိုတော့ သွားကောင်းအောင် ဂရုစိုက်ထားမှာပေါ့"

"အခုမှသာ ဂရုစိုက်ရကောင်းမှန်းသိလာတာပါ၊ ငယ်ငယ်ကတော့ သွားတွေကိုက်လာတာ၊ ပိုးစားတာတွေ ဖြစ်ဖူးပါတယ်၊ ကျွန်တော်တို့ကျ သွားက သိပ်အကောင်းကြီးထဲလည်းမပါဘူး၊ အဆိုးကြီးထဲလည်းမပါဘူး။ အသင့်အတင့်ပေါ့။ သွားကိုက်ဖူးတယ်၊ ပိုးလည်း နှစ်ချောင်း သုံးချောင်းစားဖူးတော့ ဆေးကုဖူးတယ်ပေါ့။ အန်တီတို့ကျတော့ အရမ်းသွားကောင်းတဲ့ အုပ်စုထဲမှာ ပါနေတယ်"





"ဒေါက်တာက သွားဆရာဝန်အဖြစ် ဝါသနာပါလို့လုပ်ရတာလား"

ကိုးပွင့်သည် အမေ စပ်စုနေသဖြင့် အားနာလာပြီး...

"အမေ ဒေါက်တာ့ကို အားနာစရာ ဘာတွေမေးနေတာလဲ"

ဟု ဝင်သတိပေးလိုက်မိပါသည်။

ဒေါက်တာထိုက်တန်က ခွင့်လွှတ်သလိုရယ်မောလေသည်။ ရယ်မောလိုက်လျှင် မေးစေ့အဝိုက်နေရာတစ်ဖက်မှာ ချိုင့်ခွက်လေးဖြစ်သွားတာတွေ့ရသည်။ သူက တည်နေလည်း ကြည့်ကောင်းသလို၊ ရယ်လိုက်ရင်တော့ သဘောကျစရာကောင်းသောအသွင်သဏ္ဌာန်လည်းရှိကြောင်း ကိုးပွင့် ထပ်သတိထားမိပြန်သည်။

"ရပါတယ် မေးပါ၊ ကျွန်တော် ဖြေလို့ရပါတယ်၊ ဒီလိုပါ အန်တီ။ ဆယ်တန်းတုန်းကတော့ ဆေးတက္ကသိုလ်ပင်ချင်လို့ ကြိုးစားခဲ့တာပဲ။ ဒါပေမဲ့ အောင်တဲ့အခါ အမှတ်ကနည်းနည်းလိုသွားတယ်၊ အမှတ်ကပ်ပြုတ်သွားတယ်ပေါ့၊ ဒါနဲ့ပဲ ဒုတိယဦးစားပေး နေရာမှာ လျှောက်ထားတဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ကိုပဲ ဝင်သွားပြီး သွားကုဆရာဝန်ပဲ လုပ်လိုက်ရတာပေါ့"



www.burmeseclassic.com

"ဩော် ... ဒီလိုလား၊ မသိပါဘူးကွယ်၊ အန်တီ့အထင်တော့ သွားဆရာဝန်လုပ်ရတာ ပိုတောင်ခက်တယ် ထင်နေတာ"

ဒေါက်တာထိုက်တန်က ဘာမှမဖြေဘဲ ပြုံးနေသည်။

"ပါးစပ်ကျဉ်းကျဉ်းလေးထဲ သွားတွေကို လုပ်ပေးရတာနော်၊ လျှာတွေ အာခေါင်တွေ ပါးစောင်ပေ့ထိမှာလည်း ဂရုစိုက်ရ၊ သွားတွေကလည်း တစ်ချောင်းနဲ့တစ်ချောင်းကပ်နေတော့ ဒီဘက်သွားလုပ်တုန်း ဟိုဘက်သွားထိမှာလည်းကြောက်ရနဲ့ ပညာက အတော်ခက်မှာပဲ"

အမေ့မှာ ဆရာဝန်ငယ်ငယ်လေးရဲ့ သေသပ်တိကျပြီး မြန်ဆန်သော ကုသမှုကို တစ်ထိုင်တည်းနဲ့ အထင်တွေကြီးသွားပုံ ရပါသည်။

ဒေါက်တာထိုက်တန်သည် ကိုးပွင့်၏အနာတရဖြစ် သွားသော သွားနှစ်ချောင်းကို နည်းနည်းပူရှိန်းရှိန်းရှိပြီး ဆေးနံ့ တသင်းသင်းရှိလှသော ဆေးတစ်မျိုး ထည့်ပေးလိုက်သည်။ ဂွမ်း တစ်ခုပါ ရောကိုက်ထားခိုင်းလိုက်ပြီးလျှင် ...

"ကဲ ... ပြီးပါပြီ"

ဟု မျက်နှာကိုထိုးထားသော မီးကိုပါ ထပ်ခနဲ လက်ကပိတ်ပြီးသားဖြစ်နေပါသည်။

"သောက်ဆေးတော့ ရေးပေးလိုက်မယ်၊ ကုန်အောင်သောက် လိုက်ပါ၊ သိပ်နာရင်တော့ အကိုက်အခဲပျောက်ဆေး ပါရာ





ဖြစ်ဖြစ် ဖော်ထရင်သောက်ဆေးပြားဖြစ်ဖြစ် တွဲသောက် လိုက်ပါ၊ ဆေးကုန်သွားလို့မှ သိပ်မသက်သာသေးရင်တော့ ပြန်လာပြချင်ရင် ပြနိုင်ပါတယ် အန်တီ"

ကိုးပွင့် ခုံပေါ်မှဆင်း မတ်တတ်ရပ်လိုက်ချိန်မှာ ဒေါက်တာထိုက်တန်ကတော့ သူ့ဆေးစာရေးသောစားပွဲဆီ ဘီး လိမ့်ကုလားထိုင်ဖြင့် ထိုင်ရက်လျှောသွားလိုက်ပြီး ဆေးစာကောက် ရေးရင်း ပါးစပ်ကလည်း မှာကြားနေသည်။

ဆေးဖိုးကုသငွေရှင်းပြီးသောအခါမှသာ ဒေါက်တာ ထိုက်တန်သည် ကိုးပွင့်ကို သေသေချာချာကြည့်၍ ပြုံးကာနှုတ် ဆက်လေသည်။

"နာရီဝက် ဘာမှမစားနဲ့နော်"

ဟုလည်း ထပ်မှာသည်။

"စိတ်မပူပါနဲ့ သက်သာသွားမှာပါ"

ဟုလည်း နှစ်သိမ့်အားပေးသလိုပြောလေသည်။

ကိုးပွင့်လည်း ဘယ်လိုဖြစ်လာသည်မသိ။ သူ့အပြုံး တွေ၊ စကားသံတွေမှာ ယစ်မူးကြည်နူးလို့နေမိသည်။

"ဒီနေ့ ဆိုင်ပိတ်ပြီးလာပြရတာပေါ့ ဟုတ်လား"

ဟု သူကမေးတော့ ကိုးပွင့်မှာ ဖြေချင်ရက်နဲ့မဖြေနိုင်။ ပါးစပ်ထဲမှာ ဆေးထည့်ပြီး ဂွမ်းကိုက်ထားရ၍ အမေပဲ ဖြေလိုက် ပါသည်။

www.burmeseclassic.com



"ဆိုင်က အန်တီပဲ့ မနက်ကသွားဖွင့်ပြီးမှ သမီးကို ဆေးခန်းပြဖို့ တစ်ခေါက်အိမ်ပြန်လာရတာပေါ့၊ သားအငယ်ကောင်ရှိတယ်လေ၊ သူ့ကို တစ်ရက်တော့ ကူပေးပါပြောပြီး ချော့ဆွဲထားရတယ်"

"ကိုးပွင့် ပြောတော့ ပြောဖူးပါတယ်၊ ကျွန်တော်လည်း ဗိုလ်ချုပ်ဈေးဘက် သိပ်လည်းမရောက်တော့ ဆိုင်မရောက်ဖူးဘူးဖြစ်နေတယ်"

"လမ်းကြုံရင် ဝင်ခဲ့ပါ ဒေါက်တာ၊ ဒီမှာ ဆိုင်လိပ်စာနဲ့ နာမည်ပါတဲ့ကတ်ဒ်ပါ"

"ဩော် ... ဟုတ်ကဲ့"

"သွားလိုက်ပါဦးမယ် ဒေါက်တာ"

"ကောင်းပါပြီခင်ဗျာ"

ကိုးပွင့်သည် မပွင့်တပွင့်လေးပြုံး၍ နှုတ်ဆက်ကာ ထွက်ခဲ့ရလေသည်။ ရင်ထဲမှာတော့ သူ့ကို စကားတွေ ကိုးပွင့်ကိုယ်တိုင် ပြောချင်နေခဲ့တာ။

* * *





## ၈

ကိုးပွင့် ခံစားနေရသော သွားနာ၊ သွားဖုံးယောင်ဆဒနာကတော့ ဆေးတွေသောက်လိုက်တာနဲ့ နှစ်ရက်အတွင်း သိသိသာသာ အယောင်ကျပြီး ပျောက်သွားပါသည်။ တစ်ပတ်လောက်ကြာတော့ လုံးလုံးပျောက်သွားပါသည်။ သွားနာတာ သွားဖုံးနာတာ၊ ပါးယောင်တာတွေ ပျောက်သွားပေမဲ့ မပျောက်တာကတော့ ကိုးပွင့်ရင်ထဲက စိတ်ဆန္ဒတစ်ခုပါပဲ။ အဲဒါက ဘာလဲဆိုတော့ ကိုးပွင့်သည် ဒေါက်တာထိုက်တန်ကို ထပ်မံဆုံစည်းခွင့်ရချင်၊ စကားပြော ရင်းနှီးခွင့်ရချင်နေသော စိတ်ဆန္ဒပင်ဖြစ်လေသည်။

သူ့ကိုကျမှ ဘယ်လိုကြောင့်ရယ်မသိပါ။ ကိုးပွင့်ရင်ထဲမှာ မှတ်မှတ်ရရအဖြစ်ဆုံး ယောကျ်ားတစ်ဦးဖြစ်လျက် သတိတရရဖြစ်မိသည်။ အသက်နှစ်ဆယ်ကျော်လာတဲ့အထိ ဘယ်ယောကျ်ားလေးကိုမှ ထူးထူးခြားခြား သတိမထားမိခဲ့ဘဲ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာတစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေလိုက်၊ သူငယ် ချင်းတွေနဲ့ဆုံပြီး လျှောက်လည်လိုက် လုပ်ရတာကိုသာ သဘောကျ နေမိခဲ့သော ကိုးပွင့်ဟာ ဒေါက်တာထိုက်တန်တည်း ဟူသော ယောက်ျားပျိုတစ်ယောက်ထံမှာတော့ တစ်မျိုးထူးခြားစွာ စိတ်ဝင် စားမိတာလည်း ဖြစ်ပါသည်။

ဆိုင်ဘက်များ သူ ရောက်လာမလား၊ လာခဲ့လိမ့် မလားမျှော်နေမိခဲ့ပေမဲ့ သူကတော့ ပေါ်မလာပါ။ သူကသာ ပေါ် မလာပေမဲ့ တစ်ရက်မှာတော့ ကိုးပွင့် ကားမောင်းသွားရင်း သူ့ ကို ဖျတ်ခနဲလှမ်းတွေ့လိုက်ပါသည်။ သူက လမ်းဘေးကားပါကင် မှာ ကားရပ်ပြီး ကားပေါ်ကဆင်းခါစ၊ ကားသော့ပိတ်ခါစဖြစ်သည်။ သူ့ကားကတော့ နှစ်ဆန့်ပစ်ကပ်ကားတစ်စီးသာဖြစ်ပြီး တော်တော် လည်းဟောင်းနေပါပြီ။

ကိုးပွင့်က ဘယ်လိုကဘယ်လိုစိတ်ကူးရသွားမိသည် မသိ။ ဒီနေရာမှာ ရပ်စရာအကြောင်းမရှိပါဘဲ ကားကို ပါကင်ဝင် ရပ်ဖို့ မီးပြလိုက်မိတော့သည်တည်း။ ကိုယ့်ကို မမြင်သော ဒေါက်တာထိုက်တန်နောက် မသိမသာလိုက်ကြည့်ရင်ကောင်း မလား။ သိသိသာသာပဲ တမင်ဆုံအောင်လုပ်ပြီး တွေ့ဆုံလိုက်ရင် ကောင်းမလား။

ဝေခွဲမရတော့ဖြစ်နေသေးပေမဲ့ ကိုးပွင့် ကားကိုတော့ ရပ်ပြီးနေပြီ။ ကားတံခါးကိုပင် ပြန်၍ပိတ်ပြီးနေပြီ။





ကိုးပွင့်သည် ခပ်သွက်သွက်လျှောက်နေသော ခြေ လှမ်းပိုင်ရှင်၏ ကျောပြင်ပြန့်ပြန့်ကိုကြည့်ရင်း အိပ်မက်ထဲမှာ လမ်းလျှောက်သူလိုပဲ လျှောက်လိုက်လာခဲ့မိသည်။ သူ ဘာလာလုပ် တာလဲ။ ဒီနေ့ ဆေးခန်းမဖွင့်ရဘူးလား။ သူ့ဆေးခန်းဖွင့်ချိန်ဟာ မနက်ကိုးနာရီကနေ နေ့လယ်ဆယ့်နှစ်နာရီထိတစ်ခါ။ နေ့လယ် တစ်နာရီကနေ ခြောက်နာရီထိတစ်ခါဖြစ်ကြောင်းတော့ ကိုးပွင့် မှတ်မိပါသည်။

ဒါပေမဲ့ ဘယ်လိုရက်တွေ ပိတ်သလဲ ဆိုတာတော့ မမှတ်မိပါ။ သိလည်းမသိပါ။

ကိုးပွင့် နောက်ကပါလာမှန်းမသိသော ဒေါက်တာ ထိုက်တန်ကတော့ ရှုပါမားကပ်တစ်ခုထဲ ဝင်သွားတာတွေ့ရသည်။ ဈေးဝယ်ဖို့ထင်သည်။ ထရော်လီတစ်ခုကိုပါ တွန်းယူပြီးတင်သွား တာတွေ့လျှင် ကိုးပွင့်လည်း ဘာဝယ်ရမှန်းတော့ စဉ်းစားမရသေး ပေမဲ့ ခြင်းတောင်းတစ်ခုကောက်ဆွဲကာ ထိုဆိုင်ထဲလိုက်ဝင်သွားမိ တော့လေသည်။ အင်း ... ဒီပုံအတိုင်းဆို မဖြစ်ဘူး။ ကိုးပွင့်ဟာ ယောက်ျားနောက်ကို နောက်ယောင်ခံလိုက်ကြည့်နေသလိုဖြစ်နေပြီ။ ဘယ်သူမှတော့မသိပေမဲ့ ကိုယ့်လိပ်ပြာကိုယ်မလုံဘဲ ရှက်စရာ ကောင်းလှသည်ဟု ထင်မိလာသည်။

ဒါနဲ့ပဲ ကိုးပွင့်ဟာ သူနဲ့ တမင်မျက်နှာချင်းဆိုင်ဆုံရ အောင်ပဲ လုပ်တော့မည်လို့ ဆုံးဖြတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ကိုးပွင့်ပါလား"

ကိုးပွင့် လန့်ပြီးတော့တောင်တုန်သွားပါသည်။ ကိုယ်က ကိုယ့်အတွေးနဲ့ကိုယ်မို့ ရုတ်တရက် လာနှုတ်ဆက်သူကို ထိတ်လန့်သွားတာဖြစ်သည်။

"နင် ... နင် ... ပိုး မဟုတ်လား"

"ဟုတ်ပါ့ ဘာလဲ ငါ ဝလာလို့လား၊ နင် မမှတ်မိတော့ဘူး ထင်တယ်"

"မဝပါဘူးဟယ်၊ ပိုတောင်လှလာတာပါ"

"မသိမသာဝတော့ဝနေတယ်ဟဲ့။ ငါ အခု ခါးတောင် တစ်လက်မလောက်တိုးလာလို့ စိတ်ညစ်ပြီး အသည်းအသန် ပြန်ကစားနေတယ်၊ အခု Gym က အပြန်ဝင်တာလေ၊ နင်ကရော ဘယ်ကလှည့်ဝင်လာတာလဲ"

"ဘယ်ကမှမဟုတ်ဘူး၊ ကားမောင်းသွားရင်းနဲ့ မဝယ်ဖူးတဲ့ စူပါမားကပ်တစ်ခုတွေ့တာနဲ့ ခဏဝင်ဝယ်တာ"

ကိုးပွင့် မလုံမလဲ အမြန်ဖြေလိုက်ပေမဲ့ သူငယ်ချင်းဟောင်း ပိုးအိမ်ကတော့ သတိမထားမိပါ။ ပိုးအိမ် သတိထားကြည့်နေတာက တစ်နေရာမှာမို့ပါ။ ပိုးအိမ် ကြည့်နေသောတစ်နေရာကို ကိုးပွင့်ပါကြည့်မိလျှင် အံ့သြမှုတွေဖြစ်ရတော့သည်။

"ကိုးပွင့် နင် အဲဒီလူကိုကြည့်ထား"





ပိုးအိမ်သည် ကိုးပွင့်ကပါ လိုက်ကြည့်တာသိလျှင် ထိုသို့ တိုးတိုးကပ်ပြောလာသည်။ ကိုးပွင့်မှာ ငါ သိပြီးသားပါလို့ မပြောရဲဘဲ ငြိမ်နားထောင်နေခဲ့သည်။

"သူ့နာမည် ထိုက်တန်တဲ့။ သွားဆရာဝန်ပေါ့၊ သူက ငါ့ ရည်းစားဟောင်းတစ်ယောက်လေ"

ကိုးပွင့်ရင်ထဲ မခံချင်သလိုလိုဖြစ်သွားပါသည်။

"သူ့အကြောင်း ငါလည်း အစက မသိခဲ့ဘူး။ အင်တာနက်ကြည့်ရင်း အပျော်တမ်းတင်ထားတဲ့ဘလော့(ဂ်)ထဲမှာ ရေးထားတာတွေ့မှ အဲဒီလိုရေးတာ တယ်မှန်ပါလားဆိုပြီး ထောက်ခံသွားရတယ်၊ သူ့မှာ Lucky charm ရှိတယ်လေ၊ အဲဒီ Lucky charm က ဘယ်လိုလဲဆိုတော့ သူ့ရဲ့ချစ်သူ အဖြစ်ခံရတဲ့မိန်းကလေးဟာ ဘဝမှာ ကံကောင်းခြင်းတွေနဲ့ ကြုံရပြီး ပုံပြင်ထဲကလို Happily ever after ဆိုတဲ့ နိဂုံးနဲ့ ဆုံစည်းကြရတယ်တဲ့၊ သူ့နာမည်ပေါ်တင်ကြီးကို ထည့်ရေးထားတာ၊ ငါလည်း အဲဒီလိုရေးတာကိုဖတ်ပြီးမှ တကယ်မှန်တာပါလားပေါ့၊ လက်ဖျားခါအံ့သြသွားရတယ်လေ၊ ဘာကြောင့်လဲ ဆိုတော့ ငါကိုယ်တွေ့ပဲ၊ ငါလည်း ဘဝမှာ စိတ်ကျေနပ်စရာကောင်းလောက်အောင် ပြည့်စုံပြီး ပျော်စရာကောင်းတဲ့အဖြစ်တွေနဲ့ ဆုံရတယ်လေ။ ကိုယ့်ကို သိပ်ချစ်တဲ့ ယောကျ်ားနဲ့ မင်္ဂလာပွဲကြီးဆင်နွှဲပြီးလက်ထပ်ရတယ်၊ ငွေကို

www.burmeseclassic.com



ရေလိုသုံးနိုင်တယ်၊ ဘာမှ မပူမပင်ဘဝနဲ့နေရတယ်၊ အဲဒါတွေ ဘာကြောင့်လဲဆိုတော့ သူနဲ့ ချစ်သူဖြစ်ခွင့်ရလိုက်လို့ပဲပေါ့"

ကိုးပွင့်မှာ ဘာတွေမှန်းမသိ ပြောလာသော ပိုးအိမ်ကြောင့် နားရှုပ်သွားပါသည်။ ပိုးအိမ်သည် ကိုးပွင့်နဲ့ သိပ်အရင်းနှီးကြီးမဟုတ်လှ။ ကျောင်းတုန်းက အတန်းတူခဲ့တာသာရှိပြီး မေး... ...ခါပြောအဆင့်သာရှိပေမဲ့ ပိုးအိမ်မှာ သဘောကောင်းဖော်ရွေ...လေရာ ဘယ်နေရာပြန်တွေ့တွေ့ တရင်းတနှီးနှုတ်ဆက်...တ်သောအကျင့်ရှိပါသည်။ အထက်တန်းကျောင်းက ထွက်...အခါ လုပပြီး စတိုင်လ်ကျကျလည်းဝတ်တတ်လှသော ပိုး...မိက အလှမယ်တွေဝင်ရွေးခံ၊ Missပြိုင်ပွဲတွေဝင်ရွေးခံရင်းမှ...ပြဲဖြည်း မော်ဒယ်လ်လိုင်းထဲ ဝင်ပြီး မော်ဒယ်လ်လုပ်၊ ရုပ်ရှင်ဗီဒီယိုလေး နည်းနည်းဝင်ရိုက် စသည်ဖြင့်လှုပ်ရှားနေတာကို သတင်းကြားရပါသည်။ နောက်တော့ စောစောစီးစီးပဲ အိမ်ထောင်ပြုသွားကာ မော်ဒယ်လ်အလုပ်မှနားသွားပြီး ဗီဒီယိုထုတ်လုပ်ရေးအလုပ်လုပ်ကာ နာမည်ရသော ဇာတ်ကားတွေ ထုတ်လုပ်နေကြောင်း သိထားပါသည်။

"ဘာတွေပြောနေတာလဲဟယ်၊ ငါ နားမလည်တော့ဘူး"

"နင့်ကို ငယ်သူငယ်ချင်းတစ်ယောက်မို့ စေတနာနဲ့ အသိပေးတာသိလား။ နင်လည်း Happily ever afterကိုလိုချင်





ရင် ဒေါက်တာထိုက်တန်ရဲ့ချစ်သူဖြစ်အောင် ခဏလုပ်။ ချစ်သူအဖြစ် သူနဲ့တွဲနေရင်းမှာပဲ နင့်ဘဝအတွက် သိပ်ကိုအဖိုးတန်တဲ့ နင့်ကိုလည်းသိပ်ချစ်မဲ့ ဖူးစာရှင်ကို နင် တွေ့ကိုတွေ့ရလိမ့်မယ်၊ အဲဒီကျ သူ့ကိုအကြောင်းပြလမ်းခွဲပြီးထားခဲ့လိုက်။ ဒါပဲ ငါ အကြံပေးတာ တန်ဖိုးရှိတဲ့အကြံနော်မမေ့နဲ့"

"ဟဲ့ ... နေပါဦး၊ သူ့ကို ရည်းစားဖြစ်ချင်တိုင်းသွားဖြစ်ပြီးထားချင်တိုင်း ထားခဲ့လို့ရမှာမို့လား။ သူက အရုပ်မှမဟုတ်တာ"

"အံမယ်လေး ... ဒေါက်တာထိုက်တန်ကို ဘာထင်နေလို့လဲ၊ သူ့မှာလည်း သိပ်ချစ်တတ်တဲ့နှလုံးသား မရှိပါဘူး၊ သူကဒီလိုပဲ ရည်းစားတွေ အပျော်ထားထားနေတာ တစ်ယောက်ပြီးတစ်ယောက်ပဲ၊ သူလည်း သူ့အကြောင်း ဘလော့(ဂ်)မှာရေးထားတာ ဖတ်ပြီးပုံပဲ။ ဒါကြောင့် သူက သူ့ရဲ့ချစ်သူရည်းစားဖြစ်ချင်လို့လာပတ်သက်ကြတဲ့ မိန်းကလေးတွေကိုပြန်ပြီး လွယ်လွယ်ကူကူပဲ ရည်းစားတော်လိုက်တယ်။ မိန်းကလေးဘက်က ဖြတ်ချင်တယ်ပြောလာရင်လည်း ကျေကျေနပ်နပ်ပဲ ဖြတ်ပေးလိုက်တယ်၊ ဘာသဘောလဲတော့မသိဘူးပေါ့၊ သူ အဲဒီလို တစ်ယောက်ပြီးတစ်ယောက် တွဲပြနေတာကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ သူ့ရည်းစားဖြစ်ဖူးတဲ့ မိန်းကလေးတွေအကုန်လုံး ကရော ဘဝမှာ သာယာပျော်ရွှင်ပြီး ကံကောင်းကုန်ကြတာပဲ လား"

"ပြောရင်ယုံပါ့မလားမသိဘူး၊ အကုန်လုံးနီးပါး အဲ ... အမှန်အတိုင်းပြောရင် အကုန်လုံးပါပဲ၊ သူတို့ဘဝအတွက် စစ်မှန်သောဖူးစာရှင်တွေတွေ့သွားပြီး ပျော်ရွှင်ရသော အဆုံး သတ်နဲ့ပဲ ဆုံစည်းကြရတယ်"

ကိုးပွင့် ရင်ထဲမှာ တစ်မျိုးကြီးခံစားနေရလျက် နှမြောမှန်းမသိ နှမြောသလိုဖြစ်သွားနေမိသည်။ ထိုက်တန် သူကို ပြေးပြီးပဲ ရိုက်ပစ်ချင်သလိုလို ခံစားနေရသည်။

"ငါတော့ နားမလည်နိုင်ဘူး"

"နားလည်ချင်ရင် ကိုယ်တိုင်ကြိုးစားကြည့်၊ အရှုံးမရှိဘူး၊ အမြတ်ပဲရှိမယ်"

"ငါ နားမလည်တာကလေ သူ့မှာရော ဘာချွတ်ယွင်းနေလို့ သူနဲ့ချစ်သူဖြစ်တဲ့ မိန်းကလေးတွေက သူ့ကို မရွေးဘဲ တခြားသူကိုပဲ ရွေးရွေးသွားတာလဲ။ သူကရော တကယ် ချစ်တဲ့ မိန်းကလေးမရှိလာဘူးတဲ့လား၊ အဲဒီလိုကြီး အမြဲ တမ်း ရည်းစားထားလိုက်၊ ကွဲလိုက်ဆိုရင် သူ့မှာ နောက်ဆုံး တော့ အမြဲတစ်ယောက်တည်းပဲ ကျန်ရစ်ရမှာပေါ့"

"သူ့မှာတော့ ချွတ်ယွင်းချက်ရယ်လို့ရှိလို့မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့အဖြစ်က ဘယ်လိုလဲဆိုတော့ သူ့ချစ်သူအဖြစ်





လက်ခံမိပြီးရင် မိန်းကလေးတွေဟာ သူ့ကို ဘယ်လိုမှ ချစ်လို့မရမှန်း တဖြည်းဖြည်းသိလာကြတယ်တဲ့။ သူ့အပေါ် မုန်းတာလည်း မဟုတ်ဘဲ မချစ်နိုင်လာတဲ့အခါကျတော့ ကိုယ် တကယ်ချစ်နိုင်သူကိုပဲ ရှာလာကြတယ်တဲ့၊ အဲဒီလို ဖြစ်ဖြစ်လာပြီး မိန်းကလေးတွေက သူ့ကို ထားသွားကြ တာ"

"ဒါဆို သူ့အပေါ်မတရားသလိုဖြစ်နေပြီ"

"ဟယ် ... ကိုးပွင့်ရယ် ဘယ်လိုဖြစ်ပြီး ဒီလူ့အပေါ် ကရု ဏာတွေယိုဖိတ်နေရသလဲ၊ အေး ... ငါလည်း စကားပြော ကောင်းပြီး သူများအကြောင်းရပ်ပြောနေတာနဲ့ အချိန်တောင် မရှိတော့ဘူး။ ပြေးမှ ပြေးမှ ငွေရှင်းပြီးပြန်ဦးမှပါ၊ အိမ် မှာ ချက်ရပြုတ်ရဦးမယ်။ ကိုကြီးက ငါ့လက်ရာနဲ့မှ ထမင်းစားမြိန်လို့ ချက်ကျွေးရဦးမယ်လေ။ နင် စိတ်ဝင်စား ရင် အဲဒီဘလော့(ဂ်)ကို ရှာဖတ်လိုက်ပါ။ ငါ ပြောပြခဲ့မယ် မှတ်ထားလိုက်"

ပိုးအိမ်က ပြောပြောဆိုဆို ဘလော့(ဂ်)နာမည်တစ်ခု ကိုပြောပါသည်။ ကိုးပွင့်အမှုအရာက ရုတ်တရက် မှတ်လို့မရသလို ဖြစ်လျက် ဟင် ဘာရယ် ဘယ်လိုတွေလုပ်နေသေးသဖြင့် ပိုးအိမ် က စေတနာပါပါဟန်ပန်မျိုးနဲ့ ၁၂ူ့လက်ကိုင်အိတ်ထဲက Note Book အသေးလေးထုတ်ပြီး တဒေါက်ဒေါက်ရေးလိုက်သည်။ ပြီးမှ ဘာရွက်လေးကို ဆတ်ခနဲဖြုတ်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မသွားခင် ပြောသွားသေးသည်။

"နင်လည်း အသက်နှစ်ဆယ်လေးရှိနေပြီ ကိုးပွင့်၊ စိတ်ကူး မလွဲနဲ့၊ မိန်းကလေးတစ်ယောက်အတွက် ဒီအချိန်ဟာ ဘဝအဖော်ကောင်းရှာဖို့ အသင့်တော်ဆုံးအချိန်ပဲ၊ ဘဝ အတွက် စစ်မှန်တဲ့ လက်တွဲဖော်ကောင်းကောင်းနဲ့ဆုံစည်း ချင်ရင် ဒေါက်တာထိုက်တန်မှ ကူညီပါလိမ့်မည်ပေါ့ဟယ်"

ကိုးပွင့်သည် စူပါမားကပ်ကြီးထဲမှာ ငေးငေးငေါင် ငေါင်ရပ်နေမိခဲ့သည်။

ဒေါက်တာထိုက်တန်တစ်ယောက် ဝယ်လို့ပင်ပြီးပြီ ဖြစ်ရာ Cashier ကောင်တာမှာ သွားရပ်နေပြီဆိုတာ မြင်ပါရဲ့။ ဒါပေမဲ့ သွားပြီးနှုတ်ဆက်ဖို့ စကားပြောဖို့ပင် စိတ်မပါတော့သလို ဖြစ်လျက် ကိုးပွင့် ရပ်နေသောနေရာမှ မရွေ့မိတော့ပါ။

ရင်ထဲမှာ အလိုမကျခြင်းတွေ၊ မကျေနပ်ခြင်းတွေ၊ မယုံကြည်နိုင်ခြင်းတွေ၊ ဝမ်းနည်းခြင်းတွေ ရောပြွမ်းခံစားနေရပြီး ငွေရှင်းနေသော သူ့မျက်နှာတည်တည်ကို နှမြောတသစွာ ငေးကြည့် နေခဲ့မိပါသည်။

ဒီနေ့ သူ့နောက်လိုက်ကြည့်မိတာ မှားသွားသလား။ သူ့ကိုမှ အလိုလိုနေရင်း စိတ်ဝင်စားမိခဲ့တာ ကိုးပွင့် မှားသွားခဲ့ ပြီလား။

* ❧ *





## ၉

အဲဒီ ဘလော့(ဂ်)ကို ဘာပဲဖြစ်ဖြစ် ဝင်ပြီးဖတ်ကြည့် လိုက်ဖို့ဆုံးဖြတ်ပြီးသောအခါ ကိုးပွင့် အိမ်ရောက်တာနဲ့ မောင် လေးသာအပိုင်စီးထားသော ကွန်ပျူတာရှေ့ အရင်ရောက်အောင် သွားမိပါသည်။ ဒီနေ့ မောင်လေး အိမ်မှာမရှိ။ ကျောင်းသွားနေ၍ ကွန်ပျူတာကို သူနဲ့ လုစရာမလိုတော့။ အရင်ကတော့ e mail လေးဘာလေး တစ်ခါတလေပို့ချင်ရင်တောင် သူနဲ့ရန်ဖြစ်ပြီးလု ရတာ။ ကိုးပွင့်က သိပ်လည်းစိတ်အဝင်စားကြီးမဟုတ်၊ ဝါသနာ လည်းသိပ်မပါသည်ဖြစ်ရာ ကွန်ပျူတာကို သင်ရုံသာသင်ထားတတ် သားပြီး လိုအပ်မှသာ ကိုင်ဟာဖြစ်သဖြင့် ကွန်ပျူတာရှေ့ အချိန် ပြည့်ထိုင်သော မောင်လေးနဲ့ အမြဲတော့မလုရ။ တစ်ခါတလေမှ သာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုးပွင့် ဖတ်ကြည့်လိုက်သောအခါ အရင်ဆုံး စရေးပြီးတင်သူမှာ စင်ဒရဲလားဟု သူမကိုယ်သူမ နာမည်ပေးပြီးရေးထားသူ မိန်းကလေးတစ်ဦးဖြစ်သည်။

"ဒေါက်တာထိုက်တန်အတွက်တော့ ကျွန်မက အချစ်ဦးဖြစ်ခဲ့သူပါ။ ဒါပေမဲ့ ကျွန်မကတော့ သူ့ကို ကြာလေလေ ဘယ်လိုမှချစ်လို့မရဘဲ မိတ်ဆွေကောင်းတစ်ယောက်လိုလိုပဲခံစားရလေလေဖြစ်နေတုန်းမှာ ..."

ဆိုကာ သူမ၏ဖူးစာရှင်နဲ့ ဘယ်လိုဆုံစည်းခဲ့ရပါသည်။ ဘယ်လိုခမ်းနားကြီးကျယ်သော လက်ထပ်မင်္ဂလာပွဲကြီးကို ဆင်နွဲရပါသည်။ လက်ထပ်ပြီးသော် ဥရောပတစ်ခွင်ကို ဟန်းနီးမွန်းထွက်ခွင့်ရခဲ့ပါသည် စသဖြင့်တွေ မက်မောအားကျလောက်စရာ အဖြစ်အပျက်တွေကို ဖတ်ကောင်းအောင်ရေးပြထားတာတွေ့ရသည်။

စင်ဒရဲလား ထိုသို့ရေးပြီး သိပ်မကြာ ထိုဘလော့(ဂ်)ထဲကို စိတ်ဝင်တစားရေးသူ၊ တကယ်ပဲလားလို့ မေးသူတွေရဲ့ တစ်ပုံတစ်ပင်မေးခွန်းတွေကို ဆက်ပြီးဖတ်ရပါသည်။ မေးခွန်းတွေထဲမှာ တချို့တလေကလည်း မယုံလို့ စမ်းကြည့်မယ်ဆိုတာမျိုးလည်းပါသည်။ တချို့ကတော့ ယုံပြီး ကြိုးစားကြည့်မှာတွေလည်းပါသည်။ အဲဒီနောက်မှာတော့ ...





"ဒေါက်တာထိုက်တန်မှာ သူ့ချစ်သူဖြစ်ခွင့်ရတဲ့ မိန်းကလေးတွေကို ကံကောင်းခြင်းတွေဆောင်ကြဉ်းပေးတဲ့ အဆောင်လက်ဖွဲ့ရှိတာ တကယ်မှန်ပါတယ်၊ ကျွန်မ ကိုယ်တွေ့ပါ"

ဆိုသော ထောက်ခံရေးသားချက်တွေ။ ဖူးစာရှင်နဲ့ ဘယ်လိုတွေ့ပြီး ဘယ်လိုလက်ထပ်ပြီး ဘယ်လောက်ပျော်ရွှင်ရပါသည်။ ဘဝမှာ အစစအရာရာ ပြည့်စုံသွားရပါပြီဟူသည့် အကြောင်းအရာတွေ ပလူပျံနေတဲ့အရေးအသားတွေ ဖတ်ရပြန်သည်။

ဖတ်ရင်း ဖတ်ရင်းနဲ့ ကိုးပွင့် စိတ်ထဲမှာ ...

"ဒါ လုံးဝ အဓိပ္ပါယ်မရှိတာတွေပဲ မိန်းကလေးတွေ ဘာများရူးနေကြတာပါလိမ့်။ ဒေါက်တာထိုက်တန်ရဲ့ချစ်သူ ရည်းစားခဏဖြစ်ခွင့်ရတာနဲ့ပဲ သူတို့ဘဝမှာ ကံကောင်းခြင်းတွေ လက်ခံရရှိပြီး ဖူးစာရှင်အစစ်အမှန်ကို ဆုံကြရသတဲ့။ ပြီးတော့ အဲဒီဖူးစာရှင်ကလည်း ဒေါက်တာထိုက်တန် မဟုတ်ဘူးတဲ့။ လုံးဝမဖြစ်နိုင်တာတွေ အလကား ပ.မင် အပျော်လျှောက်ရေးထားတာပါ။ တမင် ကိုထိုက်တန်ရဲ့ သိက္ခာကိုချတာ ရယ်စရာလုပ်ပြီး ပြောနေကြတာပါ"

ဟူ၍ မကျေမနပ်ငြင်းရင်း ထိုဘလော့(ဂ်)ကို ဆက်မဖတ်တော့ဘဲ ပိတ်လိုက်တော့လေသည်။ စိတ်ထဲမှာ ဒါကို လက်မခံချင်သလို မယုံသလိုလိုဖြစ်လျက် ဒေါက်တာထိုက်တန်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုးပွင့်တို့ ဆုံစည်းရအောင် တကယ်ပဲ စိတ်ပါလက်ပါ ကြိုးစားကြည့်ချင်လာသည်။ သူတို့ ပြောနေ၊ ဆွေးနွေးကြတာတွေ ဟုတ်မဟုတ် သိလည်းသိချင်လာသည်။ သို့ပေမဲ့ ကိုးပွင့်မှာ ဖူးစာရှင် အစစ်အမှန်နဲ့ ဆုံစည်းရပါစေရယ်လို့တော့ စိတ်ကူးမရှိပါ။ မိန်းကလေးတွေဟာ ဘာကြောင့် ဒေါက်တာထိုက်တန်ကို ချစ်လို့မရသနည်းဆိုတာကိုသာ သိချင်လာတာဖြစ်ပါသည်။

ခက်တာက ဒေါက်တာထိုက်တန်နဲ့ ဆုံဖို့ဆိုတာကလည်း ကိုယ့်မှာ သွားနဲ့ပတ်သက်တဲ့ ဝေဒနာတစ်ခုခုဖြစ်မှသာ သူ့ဆေးခန်းသွားပြပြီး ဆုံစည်းရဖို့သာရှိလေရာ အဲဒီလိုလည်း မသွားချင်ပါ။

သူနဲ့ဆုံအောင် ဘယ်လိုလုပ်ရမလဲ စဉ်းစားနေတုန်း တစ်ရက်မှာ ကံတရားက ကိုးပွင့်ဘက်မှာ ပါလာသည်ဟုပင် ပြောရမလားမသိ။ သူနဲ့ ကိုးပွင့် ဆိုက်ဆိုက်မြိုက်မြိုက်ကို ဆုံလိုက်ရသောအဖြစ်ကို ရရှိခဲ့လေသည်။

ထိုနေ့က ဈေးဖွင့်ရက်မို့ ကိုးပွင့်နဲ့အတူ အမေလည်း ဆိုင်ဖွင့်၊ ဆိုင်ထိုင်ကြရပါသည်။ ပျင်းစရာကောင်းပြီး တစ်ခါတလေမှသာရောင်းရသော ဒီဆိုင်ကို စိတ်မဝင်စားလှသော ကိုးပွင့်သည် ဈေးရောက်ပြီး ဆိုင်ဖွင့်ပြီး မကြာခင်မှာ ပျင်းလာသဖြင့် ...

"အမေ ကိုးပွင့် ဈေးထဲက သူငယ်ချင်းဆိုင်ဘက် ခဏသွားလိုက်ဦးမယ်"





ဟု အမေ့ကို ခွင့်တောင်းလျှင် ...

"လဲ့လဲ့တို့ဆီလား"

"ဟုတ်တယ် အမေ၊ လဲ့လဲ့နဲ့ ဆိုင်ကိစ္စလေး တိုင်ပင်ချင်လို့"

ကိုးပွင့်က အဖေနဲ့အမေကို ပူဆာထားသည်မှာ သူငယ်ချင်း လဲ့လဲ့နဲ့အတူ ရှော့ပင်းစင်တာကြီးတစ်ခုမှာ ဆိုင်ဖွင့်ခွင့်ရရေးပင်။ မိန်းကလေးငယ်ငယ်တွေပီပီ မိန်းကလေးဝတ်အကျီ ဆိုင်ဖွင့်ဖို့ တော်တော်စိတ်ဝင်စားနေကြလေသည်။ လဲ့လဲ့တို့ကတော့ မျိုးရိုးစဉ်ဆက် ငွေထည်လုပ်ငန်းလုပ်ကာ ဒီဈေးထဲမှာ အရောင်းဆိုင်ဖွင့်ထားတာဖြစ်သည်။ လဲ့လဲ့လည်း ကိုးပွင့်လိုပင် ကျောင်းပြီးတော့ ဘာလုပ်ရမှန်းမသိသဖြင့် မိသားစုပိုင်ဆိုင်မှာ ဝင်ကူရင်းနဲ့ ပျင်းရိနေရသူဖြစ်သည်။ ကျောင်းတုန်းကတော့ လဲ့လဲ့နဲ့ သိပ်ပြီးတွဲခဲ့ကြသည်မဟုတ်ပေမဲ့ ကျောင်းပြီးတော့ သူနဲ့ ကိုယ်နဲ့ တစ်ဈေးတည်း ဆိုင်ဖွင့်နေကြမှန်းသိကြရာမှ ကိုယ်က သူ့ဆီသွား၊ သူက ကိုယ့်ဆီလာနဲ့ ပိုပိုခင်မင်ရင်းနှီးလာကြတာဖြစ်ပါသည်။

ကိုးပွင့်မှာ ငယ်သူငယ်ချင်းရယ်လို့ သိပ်မရှိတော့ချေ။ ငယ်သူငယ်ချင်းသုံးယောက်ရှိသည်မှာ နှစ်ယောက်က နိုင်ငံခြားမှာ အခြေချနေထိုင်နေကြပြီး တစ်ယောက်က ကျောင်းပြီးပြီးချင်းပဲ အိမ်က စီစဉ်ပေးထားသောသူနဲ့ လက်ထပ်ပြီး အိမ်ထောင်ရက်သားကျကာ ကလေးနှစ်ယောက်နဲ့မို့ မအားတော့။ ဒါကြောင့် ကိုးပွင့်လည်း သူ့ခမျာ ကလေးတွေနဲ့ လုံးလည်ချာလည်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာကို အားနာပြီး နောက်ပိုင်း သူ့ဆီ သိပ်သွားမလည်ဖြစ်တော့တာနဲ့ တဖြည်းဖြည်း အနေဝေးသလိုပင်ဖြစ်သွားပါသည်။ ဒါကြောင့် ကျောင်းမှာတုန်းက သိပ်မရင်းနှီးသော လဲ့လဲ့နဲ့ အခုတော့ အဖွဲ့ပြန်ကျကာ ဆိုင်အတူဖွင့်ဖို့ပင် စီစဉ်မိကြတာလည်းဖြစ်ပါသည်။

ကိုးပွင့်သည် အမေ့ဆိုင်မှ ထွက်လာပြီး ဈေးတစ်ဖက်ခြမ်းရှိ လဲ့လဲ့တို့ငွေထည်ဆိုင်ဆီ အေးအေးလူလူ လျှောက်လာခဲ့ပါသည်။ အကွေ့နေရာတစ်ခုအရောက်မှာ ကိုးပွင့်ကအထွက်၊ ထိုအကွေ့ကို လှည့်ဝင်လာသူတစ်ဦးကလည်း အဝင်မှာ မျက်နှာချင်းဆိုင်ဝင်တိုးမိသွားပါသည်။

"အို ..."

"ဟာ ... ဟာ ... ဆောရီး"

ကိုးပွင့် လန့်အော်လိုက်မိသလို ဝင်တိုးမိသူကလည်း အားနာသလိုဖြင့် နောက်ကို ခုန်ဆုတ်ရင်း တောင်းပန်သံကပါ တစ်ပါတည်းကြားရသည်။

လူချင်းရှောင်လိုက်ပြီးမှ တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်မိကြသည်။ ကိုးပွင့်မှာ မြင်လျှင်မြင်ချင်း ရင်ထဲတွင် ပူနွေးသလိုဖြစ်သွားပါသည်။ သူ ... သူပဲ။ ဒေါက်တာထိုက်တန်ပဲ။ ကိုးပွင့် နှလုံးသားထဲမှာ ပျော်သလိုလို မောသလိုလို အသံနှင့် ရေရွတ်မိလိုက်သည်လား။

"ဪ ... ကိုးပွင့်ပါလား"





"ဒေါက်တာ ဘယ်လာတာလဲ"

"ဟာဗျာ ... ဒေါက်တာလို့ တရိုတသေကြီးခေါ်မနေပါနဲ့၊ နာမည်ပဲခေါ်ပါ၊ ဆေးခန်းထဲမှာမဟုတ်ဘဲ အပြင်မှာဆိုရင် ကျွန်တော်က သာမန်လူပါပဲ ကိုးပွင့်ရယ်"

"ကိုးပွင့်က လေးစားတဲ့အနေနဲ့ပါ၊ ဒါပေမဲ့ နာမည်ခေါ်စေချင်ရင်လည်းခေါ်ပါမယ်"

"ကိုးပွင့်တို့ဆိုင် ဒီနားမှာလား"

"မဟုတ်ဘူး ဆိုင်က ဟိုးဘက်ခြမ်းပါ၊ ကိုးပွင့်က ဒီဘက်ခြမ်းက သူငယ်ချင်းဆီလာတာ၊ ဒါနဲ့ ဒေါက်တာ ... အဲ ... ဟို ကိုထိုက်တန်ကရော ဘယ်လာတာလဲဟင်"

"ကျွန်တော် ဒီဈေးက Man Top(မန်းတော့(ပ))အပ်ချုပ်ဆိုင်မှာ လာချုပ်နေကြလေ။ တောင်းဘီတို့၊ ရှပ်တို့၊ ဂျူတီကုတ်တို့ ချုပ်ချင်ရင် ဒီမှာပဲချုပ်နေကြပါ၊ အဲဒီလာတာ"

ထိုက်တန်က သူ ထွက်လာသောနေရာသို့ ပြန်ညွှန်ပြရင်းပြောပြလိုက်သည်။ အမှန်လည်း သူ ဒီအပ်ချုပ်ဆိုင်မှာချုပ်နေကျပါ။ ဒီတစ်ခါတော့ ဆိုင်မှာလာအပ်စရာရှိတာအပ်ရင်း ဒီဈေးမှာ ကိုးပွင့်ဆိုတဲ့မိန်းကလေးရှိတာပဲလို့ ဘယ်လိုကဘယ်လိုသတိရမိသွားသည်မသိ။ သွားရှာကြည့်ဦးမှဆိုပြီး ထွက်လာခဲ့တာ။ မထင်မှတ်မျှော်လင့်ထားပါပဲ သူကလေးနဲ့ မျက်နှာချင်းဆိုင်တောင် ဝင်တိုးမိသည့်တိုက်ဆိုင်မှုက အံ့ဩစရာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုးပွင့်သည် ရိုးရိုးတီရှပ်လည်ပင်းပိတ်ဖြောင်အဖြူလေးနဲ့ ဂျင်းနံ့အပြာရင့်လေးကိုသာ ဝတ်ထားပါသည်။ ဂျင်းနံ့မှာ အောက်ခြေဖျားမှာ အခေါက်တစ်ခေါက်ပြန်ခေါက်ထားသောပုံစံနဲ့ ခြေသလုံးအလယ်ထိသာရှည်ပါသည်။ ဖိနပ်ကတော့ ကြိုးသိုင်းဖိနပ်ပါးအဖြူလေးကိုပဲစီးထားကာ ကိုးပွင့်ပုံစံမှာ ရိုးရိုးရှင်းရှင်းနဲ့ ဘာမှလဲ ပြင်ဆင်မထား။ မျက်နှာလေးမှာ ဝင်းဖန့်ကြည်လင်နေပြီး Lip Gloss အပြောင်လေးဆိုးထားတာကလွဲရင် ဘာမှ ပြင်ဆင်ခြယ်သမထား။ သို့သော် ဘာကြောင့်မှန်းမသိ ဒီပုံလေးက ထိုက်တန်ရင်ထဲကိုထိနေကာ စိတ်ထဲမှာ သဘောကျစွာအမှတ်ပေးနေမိသည်။ မိန်းမချောမိန်းမလှလေးများစွာကို ချစ်သူတော်ကြည့်ခဲ့ဖူးသော်လည်း ဘယ်သူ့ကိုမှ ရင်ထဲမှာ မှတ်မှတ်ရရမဖြစ်ခဲ့ပါဘဲ ကိုးပွင့်ကိုကျ မကြာခဏသတိရကာ ထပ်တွေ့ချင်နေတာပါ။

“ကိုထိုက်တန် ဆေးခန်း မဖွင့်ဖူးလား၊ ဒီနေ့ ပိတ်တာလား”

“ဒီနေ့ မပိတ်ပါဘူး၊ ကျွန်တော့်ဆေးခန်းက ခြောက်ရက်ဖွင့်တာ၊ တနင်္လာတစ်ရက်ပဲ ပိတ်တယ်”

“ဒါဖြင့် အခု ဆေးခန်းကိုပစ်ထားပြီးလာတာပေါ့နော်”

“အခု ဆယ့်တစ်နာရီလေ၊ ဆယ့်နှစ်နာရီဆို ဆေးခန်းက တစ်ခါပြန်ပိတ်ပြီး တစ်နာရီမှဖွင့်ရတာ၊ တစ်ခါတလေ မနက်ပိုင်း လူနာနည်းရင် ကျွန်တော်လည်း ဆယ့်နှစ်နာ





ထိုးအောင်ပေတော့ဖွင့်မနေတော့ဘဲ သွားစရာရှိတာတွေသွားဖို့ ထွက်လာလိုက်တယ်။ ဟဲ ဟဲ ... အထင်မကြီးပါနဲ့ ကိုးပွင့်ရဲ့။ ကျွန်တော့်ဆေးခန်းက လူနာတွေဆက်တိုက်ဝင်နေတဲ့အထိတော့ မအောင်မြင်သေးပါဘူး။ ပစ်ထားခဲ့လည်း ရတယ်”

“ကိုထိုက်တန် ဈေးထဲရောက်တုန်း ကိုးပွင့်တို့ဆိုင် လိုက်ကြည့်ပါလား”

“ကိုးပွင့် အားရဲ့လား”

“အားပါတယ်”

“ခုန သူငယ်ချင်းဆီသွားမလို့ဆို”

“သြော် ... အဲဒါကရတယ်၊ သူနဲ့ တကူးတကကြီးချိန်းစောင့်ခိုင်းထားတာမဟုတ်ဘူး၊ တစ်ဈေးတည်းမို့ ပျင်းရင် သူ့ဆီလာစကားပြောတာပါ”

“ကိုးပွင့် အလုပ်ရှုပ်နေမယ်ဆိုရင်တော့ ကျွန်တော် လိုက်မကြည့်ပါဘူး”

“အလုပ်မရှုပ်ပါဘူး၊ အမေကလည်း ကိုထိုက်တန် ရောက်လာရင် ဝမ်းသာမှာပါ၊ ကိုထိုက်တန်က လူငယ်ငယ်လေးနဲ့ တော်လို့တဲ့။ အမေက သိပ်လေးစားနေတယ်”

“ဟောဗျာ ကျွန်တော့် ခြေထောက်တွေ မြေကြီးနဲ့မထိတော့ဘူး လုပ်ပါဦး”



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်သည် ရယ်ရယ်မောမောနောက်ပြောင်လိုက်လျှင် ကိုးပွင့်မှာ ယောင်ယောင်မှားမှားဖြင့် ထိုက်တန်၏ ခြေထောက်တွေကိုပင် ငုံ့ကြည့်မိရက်သား။ ပြီးမှ ထိုက်တန်နဲ့အတူ လိုက်ရယ်တော့လေသည်။

သူတို့ အတူတွဲလျှောက်လာခဲ့ကြပါသည်။ ထိုက်တန်ရင်ထဲမှာတော့ ကိုးပွင့် သူ့ဘေးမှာပါလာသည်ကို ကြည်နူးချမ်းမြေ့နေလေသည်။ တခြားမိန်းကလေးတွေ ဘေးမှာပါတာထက် ကိုးပွင့်ပါလာတာက ပိုပြီးထူးခြားသလိုလို ခံစားနေရသည်။ ရင်ထဲမှာ အလိုလိုနေရင်း ဒီမိန်းကလေးကို ထာဝရ တွဲထားချင်စိတ်တွေ ဖြစ်လာမိသည်။ နှလုံးသားထဲမှာ လိုက်ခါပြီး တောင့်တမက်မောလာသောအရာမှာ ကိုးပွင့်ကို ထာဝရလက်တွဲထားလိုမှုဖြစ်နေသည်။

ငါ ဘယ်လိုဖြစ်တာပါလိမ့်။ ပထမတစ်ကြိမ်တွေ့စဉ်ကတော့ သိပ်မသိသာခဲ့ဘူး။ တွေ့တုန်းက တွေ့ပြီး မတွေ့ရပါများတော့ ပြန်မေ့သလိုလိုတောင်ဖြစ်ခဲ့သေးတယ်။ ဒုတိယအကြိမ်ပြန်ဆုံရတဲ့အခါမှာ (သူကလေး ကိုယ့်ဆီရောက်လာပြီး သွားနာတာလာပြတဲ့အခါမှာ)တော့ စပြန်တွေ့တွေ့ချင်းမှာ ပြီးပြည့်စုံသွားသလို ခံစားလိုက်ရတာပါ။ အကြာကြီးမေ့တော့မလိုလို ဖြစ်နေခဲ့ပေမဲ့ တကယ့်တကယ်မှာတော့ သူ့ရဲ့နှလုံးသားဟာ လုံးဝမေ့မထားမိခဲ့ကြောင်း ပြန်ဆုံတွေ့ချိန်မှာ သေချာသွားခဲ့တာပါ။ အဲဒီနေ့ကစပြီး ကိုးပွင့်ကိုပဲ သတိတရရဖြစ်နေခဲ့လို့ ဒီနေ့ဝင်အကြည့်





မှာမှ တိုက်တိုက်ဆိုင်ဆိုင် မျက်နှာချင်းဆိုင်ဝင်တိုက်မိကြတာတဲ့။ ဒီလိုပြန်ဆုံ အတူတူတွဲလျှောက်လာဖြစ်ကြသောအခါမှာ ထိုက်တန်သည် သူ့ရင်ထဲမှာ ဘာကိုလိုအပ်နေသလဲဆိုတာကို အသေအချာသိသွားရလေပြီတည်း။

"သွား,ဘယ်လိုနေသေးလဲ"

"လုံးဝကောင်းသွားပါပြီ"

"အမာတွေတော့ မဝါးနဲ့တော့ပေါ့"

"မဝါးတော့ပါဘူး၊ တစ်ခါတည်းနဲ့ ကြောက်သွားပြီလေ"

"Dental floss လေးနဲ့ မှန်မှန်သန့်ရှင်းပေါ့၊ သွားကြားထိုးတံနဲ့မထိုးနဲ့၊ အိမ်က မိသားစုဝင်တွေလည်း သတိပေးထားပေါ့"

"ဟုတ်ကဲ့ပါ ကိုထိုက်တန်"

"ကဲ ကဲ... ဆရာဝန်နဲ့လူနာ စကားပြောတဲ့ပုံဖြစ်နေပြီဗျာ၊ ဆောရီး စကားအကြောင်းအရာခေါင်းစဉ်ပြောင်းမှပါ၊ ကျွန်တော်က ကိုယ့်လူနာဖြစ်ဖူးတဲ့လူနဲ့တွေ့ရင် မေ့ပြီး ဒီလိုပဲပြောမိတယ်"

"ရပါတယ် ကိုထိုက်တန်ရဲ့"

"ကိုးပွင့်က ဘာနဲ့ ကျောင်းပြီးလဲ"

"ကိုးပွင့်က နိုင်ငံခြားဘာသာဒီပလိုမာပဲယူလိုက်တာပါ၊ အင်္ဂလိပ်(ရှ်)ပါ။ အခုတော့ MBA ထပ်တက်ကြည့်ရင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလားစဉ်းစားလိုက်၊ ခုန ကိုးပွင့် သွားတွေ့မဲ့သူငယ်ချင်း လဲ့လဲ့နဲ့ စပ်တူ ရှောပင်းစင်တာမှာ အကျီဆိုင်ဖွင့်ပြီး စီးပွားရေးလုပ်မလားစဉ်းစားလိုက်နဲ့ ဘာမှ မရေရာသေးဘူး"

"ဆိုင်ရှိပြီးသားမဟုတ်လား"

"အဲဒီဆိုင်က ရွှေချည်ထိုးတွေ ပန်းပုတွေရောင်းတာ၊ ပျင်းဖို့ကောင်းတယ်လေ။ ကိုးပွင့်က အကျီဆိုင်ဖွင့်ချင်တာ အမေက သူ့ဆိုင်ကိုမပေးလို့"

ထိုက်တန်က သဘောတကျပြုံးရင်း ...

"မိန်းကလေးဆိုတော့ အကျီဆိုင်ပဲဖွင့်ချင်မှာပေါ့၊ ကျွန်တော် နားလည်ပါတယ်"

"ဟော့ ... ရောက်လာပြီ၊ အဲဒါ ကိုးပွင့်အမေ ဆိုင်လေ

ဆိုင်မှာ တော်တော်ကြီးပါသည်။ ရွှေချည်ထိုးများ ဆိုင်လုံးပြည့်ချိတ်ထားပြီး ဆိုင်ရှိ ရှိုးကေ့(စ)မှန်လုံးတွေထဲမှာလည်း ကျောက်စိမ်းရုပ်တု အသေးအကြီးတွေ ပြထားသလို၊ ဆိုင်ထဲမှာလည်း သစ်သားပန်းပုရုပ်တွေချထားပါသည်။

ပန်းပုရုပ်တွေမှာ သိပ်ကြီးကြီးမားမားတွေတော့ မဟုတ်ဘဲ စားပွဲပေါ်အလှတင်တဲ့အရွယ်လောက်တွေသာရှိပါသည်။ အဓိက,ကတော့ မြန်မာ့ရိုးရာယဉ်ကျေးမှုပုံစံလေးတွေသာဖြစ်သည်။ ကိန္နရီကိန္နရာရုပ်တို့၊ လောကနတ်ရုပ်တို့၊ ဆင်ရုပ်တို့၊ နွားလှည်းရုပ်တို့ စသဖြင့်သော တွေ့နေကျ အရုပ်တွေသာ်။





ထိုက်တန်နဲ့ ကိုးပွင့် ဆိုင်ရှေ့ရပ်သည်အထိ ကိုးပွင့်အမေ ဒေါ်စမ်းရည်မှာ မတွေ့သေး။ ဆိုင်ရှေ့မှာ ချိတ်ထားသော ရွှေချည်ထိုးပန်းချီကားတွေက ဆိုင်ထဲကို ကွယ်နေတာကြောင့်လည်း ပါသည်။ ကိုးပွင့်က ...

"အမေ ... အမေ ဒီမှာ ဧည့်သည်ပါလာတယ်"

ဟု အသံပြုလိုက်မှ ဆိုင်အတွင်းဘက်တွင်ထိုင်နေပုံရသော ကိုးပွင့်အမေမှာ ရွှေချည်ထိုးတွေဖယ်ပြီး ထွက်ကြည့်သည်။

"ဟယ် ... ဒါ ဒေါက်တာလေးပါလား၊ လာပါ ... လာပါ၊ ဧည့်သည်ဆိုလို့ ဘယ်သူများလဲလို့"

အမေသည် ဝမ်းသာသလိုအသံဖြင့် ဖိတ်မန္တကပြုရင်း ထိုထိုက်တန် ဝင်လာလို့ရအောင် ရွှေချည်ထိုးတွေ ပြောင်း၍ ချိတ်လိုက်သည်။ ကိုးပွင့်က ...

"ဝင်ထိုင်ပါ ကိုထိုက်တန်"

"ဟာ ... ရပါတယ်၊ ကျွန်တော် ဒီဆိုင်အစွန်းမှာပဲ ဝင်ထိုင်ပါ့မယ်၊ လာရတာ အားတောင်နာတယ်၊ အန်တီတို့ တကူးတကကြီးနေရာလုပ်ပေးနေရပြီ"

"အားမနာပါနဲ့ ဒေါက်တာရဲ့၊ တစ်ခါတလေဝင်လာတာပဲ ဧည့်ခံရမှာပေါ့"

"ကျွန်တော် ဒီမှာပဲထိုင်လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်တန်သည် ရှူးဖိနပ်ဝတ်ထားသည်မို့ ဖိနပ်ကြီး ချွတ်နေရဦးမှာစိုးတာကြောင့် ဆိုင်အဝွန်းမှာပဲ တင်ပါးလွှဲဝင်ထိုင် ရင်း ခြေထောက်ကိုတော့ အောက်ချထားလိုက်သည်။ ကိုးပွင့်က လည်း သူ့လိုပင် လိုက်ထိုင်ပါသည်။ ကိုးပွင့်အမေကတော့ ဆိုင် အထဲမှာ ထိုင်ရက်သားပြုံးကြည့်နေသည်။

- "လဲ့လဲ့ဆီအသွား လမ်းမှာကိုထိုက်တန်နဲ့ ဝင်တိုက်မိပြီး ဆုံလာကြတာ"

ကိုးပွင့်ကအမေ့ကို ပြောပြလိုက်သည်။

"ကျွန်တော်က အင်္ဂျီချုပ်ဆိုင် လာတာ အန်တီ"

"ဒေါက်တာ ဒီနေ့ ဆေးခန်းပိတ်တယ်လား"

"မပိတ်ပါဘူး အန်တီ၊ များသောအားဖြင့် မနက်ပိုင်း ကိုး နာရီဖွင့် ဆယ့်နှစ်နာရီနားပါတယ်၊ တစ်ခါတလေ လူနာပါး ရင်တော့ ကျွန်တော်လည်း သွားစရာရှိတာလေးတွေသွား လိုက်တဲ့သဘောပါ၊ မနက်ပိုင်းလည်း လူနာကပါးတတ် တယ်၊ ညနေပိုင်းတော့ လူနာများတယ်၊ ပုံမှန်ခြောက်နာရီ ပိတ်ပေမဲ့ လူနာကျန်နေသေးရင်တော့ ဆက်ကြည့်ရတာနဲ့ ရှစ်နာရီလောက်ထိတော့ဖွင့်ထားရတတ်တယ်"

"ဘွဲ့လွန်တွေဘာတွေရော ဆက်တက်ဦးမှာလား"

"ဟုတ်ကဲ့ ကျွန်တော် စာဆက်ကျက်နေပါတယ်၊ ဒီတစ်ခါ ဝင်ခွင့်စာမေးပွဲဖြေရင် ဝင်ဖြေကြည့်ဖို့ စဉ်းစားထားတယ်"





"ဒေါက်တာက တစ်ဦးတည်းသောသားလား"

"မဟုတ်ဘူး အန်တီ၊ ကျွန်တော်တို့ မောင်နှမသုံးယောက် ရှိတယ်၊ အစ်ကိုနဲ့အစ်မက အိမ်ထောင်ကျကုန်ကြပြီမို့ ကျွန်တော်တစ်ယောက်ပဲ လူလွတ်ကျန်တယ်၊ အဖေအမေနဲ့ အတူနေပါတယ်"

"ဩော် ... မောင်နှမနည်းသားပဲ၊ ကိုးပွင့်တို့လည်း မောင် နှမက နှစ်ယောက်တည်းလေ။ သူ့ထက် သုံးနှစ်ငယ်တဲ့ မောင်နဲ့ ဘယ်တော့မှ တည့်တယ်ရယ်မရှိဘူး၊ အမြဲတကျက် ကျက် ရန်ဖြစ်နေတာပေါ့"

"ဟာ ... အမေကလည်း"

ကိုးပွင့်မှာ သူမအကြောင်းကို အမေက သူစိမ်းရှေ့ မှာ ဖောက်သည်ချသဖြင့် ရှက်ပြီး အမေ့ကိုဟန့်မိသည်။ ကိုယ်က ဒီအရွယ်ကြီးကျမှ မကြီးမငယ် မောင်လေးနဲ့ ရန်ဖြစ်နေသည်ဆိုတာ ကို အခုမှ ရှက်ရကောင်းမှန်းသိလာသည်။ ကိုထိုက်တန်ကတော့ ကိုးပွင့်ကို ချစ်စနိုးအမူအရာဖြင့် ပြုံးကာကြည့်လိုက်လျှင် ကိုးပွင့် ရင်ထဲမှာ ဖြောင်းဆန်သွားတော့မလိုဖြစ်သွားပါသည်။ "သူ့ရဲ့အပြုံး မှာ ရင်ခုန်သည်"ဟူသော သီချင်းစာသားတစ်ပိုင်းတစ်စလေးကို ကြားယောင်မိသလိုလို ဖြစ်သွားပါသည်။ သေချာပါပြီ ရှင်ရယ်။ ကိုးပွင့် ရှင့်ကို တွယ်တာမိလာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဟိုမှာ ကောင်လေး လှမ်းခေါ်လိုက်ဦး။ ဒေါက်တာ့ကို အအေးတိုက်ရအောင်"

ဈေးထဲမှာ အပူအအေးမုန့်မှာတာတွေ လိုက်ပို့ပေးသော မုန့်ဆိုင်တန်းမှ စားပွဲထိုးကောင်လေးကို တွေ့လိုက်လျှင် အမေက ကိုးပွင့်ကို သတိပေးလိုက်သဖြင့် ကိုးပွင့် ခေါ်မလို့ပြင်တုန်း ...

"ဟာ ... နေ ... နေ ကိုးပွင့် မမှာနဲ့။ ကျွန်တော် မသောက်နိုင်တော့ဘူး။ ပြန်ရဦးမှာမို့ပါ"

"အရည်ပါပဲ ကိုထိုက်တန်ရဲ့"

"ကျွန်တော် ဒီကအပြန် ဆေးဝယ်စရာလည်းရှိသေးတယ်၊ အိမ်ပြန်ထမင်းစားပြီးတာနဲ့ တစ်နာရီကစပြီး တောက်လျှောက် လူနာကြည့်စရာတွေ တန်းစီနေတော့ အချိန်သိပ်ဖြုန်းလို့မဖြစ်လို့ပါ၊ နောက်မှ သောက်ပါ့မယ်"

"တကယ်လား"

"တကယ်ပါ နောက်တစ်ခါကျ အကြာကြီးနေပါ့မယ်"

ကိုးပွင့်မှာ သူ ချက်ချင်းပြန်တော့မည်ဟု သိရသဖြင့် နှုတ်ခမ်းကလေးပင် စူချင်သွားမိသည်။ ကိုးပွင့်ကို ဘာလို့ အချိန်အများကြီး မပေးနိုင်ရသလဲ။ သူ့မှာ တခြားကောင်မလေးတွေအတွက် အချိန်ပေးဖို့လိုနေလို့လား။ အချစ်ဆိုတာကို အလေးအနက်





မထားဘဲ မိန်းကလေးတွေကို အပျော်ရည်းစားလျှောက်ထားပစ်နေတဲ့ ရှင့်ကို ကိုးပွင့် အချစ်အကြောင်းသိအောင်ပြောပြချင်တယ်။ အချစ်ဆိုတာ ဒီလိုမျိုးလားလို့ ရှင် တအံ့တဩနဲ့ သိသွားစေချင်လိုက်တာ။

ပြီးတော့ ... ပြီးတော့ ... အင်း ... ပြီးတော့ကျတော့လေ ရှင်၊ ကိုးပွင့်ကိုပဲ ရူးရူးမူးမူး ချစ်သွားစေချင်လိုက်တာ ဒေါက်တာထိုက်တန်ရယ်။

ကိုးပွင့် ဘာကိုမှ မျှော်လင့်လို့ ရှင့်အချစ်ကို ရချင်တာမဟုတ်ပါဘူး။ ကိုးပွင့်ကိုပဲ ရှင် တစ်သက်လုံးချစ်ပြီး ရှင့်အနားမှာ ထားစေချင်တာပါ။

ကိုးပွင့်သည် အခုမှပင် အချစ်ကို ပထမဦးဆုံးခံစားတတ်လာသည်ဖြစ်ရာ ဆယ်ကျော်သက် မနုးမနပ်အရွယ်၊ ရင်ခုန်တတ်ခါစ ကလေးမလေးတစ်ယောက်လိုပဲ သူမှသူဖြစ်ကာ စွဲလမ်းမိနေလေပြီ။

"ပြန်လိုက်ပါဦးမယ် အန်တီ"

"ကောင်းပါပြီ ဒေါက်တာရယ်၊ လမ်းကြုံရင်လည်း ဝင်ခဲ့ပါဦး၊ ဝယ်စရာရှိရင်လည်း မမေ့နဲ့ပေါ့၊ အန်တီတို့ဆိုင်ကို သတိရပြီးလာခဲ့ပါ"

"စိတ်ချပါ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်သည် တင်ပါးလွှဲထိုင်နေရာမှ ထရပ်လိုက်ပါသည်။ ထိုင်နေဆဲဖြစ်သော ကိုးပွင့်ကတော့ ခုနကလောက် မျက်နှာလေး မကြည်သာတော့ပေမဲ့ လူမှုရေးအရ ပြုံးပြုံးလေးတော့ နှုတ်ဆက်ပါသည်။

"နောက်မှ ဆုံမယ်နော် ကိုးပွင့်"

"ဟုတ်ကဲ့ပါ ကိုထိုက်တန်"

* ❧ *





## ၁၀

ထိုက်တန်သည် ညီနိုင် အပြင်ထွက်ကြဖို့လာခေါ်တော့ ဝမ်းသာသွားပါသည်။ ဆေးခန်းပိတ်ရက်မှာ ဆက်ဖြေစရာရှိသည့် ဘွဲ့လွန်စာမေးပွဲဝင်ခွင့်အတွက် စာကို ပျင်းပျင်းနဲ့ဖတ်နေခဲ့ရပြီး တစ်ယောက်တည်းလည်း ဘယ်မှ မသွားချင်တာမို့ ညီနိုင် ရောက်လာခဲ့ရင် ကောင်းမှာပဲလို့တွေးနေစဉ် ရောက်ချလာတော့ အတော်ပဲဖြစ်သွားသည်။

ညီနိုင့်ကားဖြင့် နှစ်ယောက်အတူထွက်လာကြသည်။ ညီနိုင်တို့က ထိုက်တန်တို့ထက်စာလျှင် ပိုပြီး ပိုက်ဆံတတ်နိုင်တဲ့သူများမို့ ညီနိုင့်ကားကတော့ ထိုက်တန်၏ကားလို နှစ်ဆန်းပစ်ကပ်အဟောင်းမဟုတ်ပါ။ 88မော်ဒယ်လ်စူပါဆလွန်းသန့်သန့်လေးကို ညီနိုင် တစ်ဦးတည်းအပိုင်စားရသလို မောင်းခွင့်ပေးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီနိုင့်မှာ အစ်မကချည်းသုံးယောက်ရှိပြီး ညီနိုင်ကတော့ ထိုက်တန်လိုပဲ အငယ်ဆုံးသား၊ တစ်ဖန် ဘာပဲဖြစ်ဖြစ် ဒေါက်တာဆိုသော ဂုဏ်ကလေးကပါရှိပြန်တော့ တစ်အိမ်လုံးက ဝိုင်းမြှောက်စားခံရသူ တစ်ဦးလည်းဖြစ်နေသည်။ တစ်စီးတည်းသော ဆလွန်းကားကို သူတို့သုံးတာနည်းနည်း ညီနိုင့်ကို ပေးသုံးတာများများ။ ညီနိုင့် အစ်မ အပျိုကြီးသုံးယောက်တို့က ညီနိုင့်လို ဖက်တီးပုံစံကိုပဲ မောင်ဂုဏ်တွေမောက်ကာ သဝန်တိုတတ်ပြန်သေးသည်။

"မင်း ရောက်လာတာအတော်ပဲ၊ ငါလည်း စာဖတ်ရင်းပျင်းပြီး ဘယ်သွားရမှန်းမသိဖြစ်နေတာ။ တစ်ယောက်တည်းလည်း အပြင်မသွားချင်ဘူး"

"ငါလည်း လာသာလာခဲ့ရတယ်။ မင်း ဘယ်ကောင်မလေးနဲ့ချိန်းထားတာရှိဦးမလဲဆိုပြီး တွေးလာတာကွ"

"ဘယ်ကောင်မလေးမှ မထားတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

"အံမာ ... အပြောကြီးပြန်ပြီ၊ မင်းပဲ ကောင်မလေးတွေရဲ့ ယင်မြင်ယှူဆချက်ကို အရွဲ့တိုက်တဲ့အနေနဲ့ သူတို့ကို ရည်းစားအဖြစ် တစ်ယောက်ပြီးတစ်ယောက် တွဲပစ်မယ်၊ တွဲပြမယ်ဆို။ ငါနဲ့တွဲတိုင်း ငါချစ်သူဖြစ်ရတိုင်း ဘဝအတွက် အကောင်းဆုံးသောဖူးစာရှင်ကို တွေ့ချင်မှတွေ့ရမှာဆိုပြီး ပညာပေးချင်တယ်ဆို"





"အခု အဲဒီစိတ်ဓာတ်တွေ လုံးဝမရှိတော့ဘူး၊ ရေဆေးချလိုက်သလိုပဲ ရှင်းသွားပြီ။ ဆပ်ပြာမှုန့်ပါထည့်ပြီး ဆေးချပစ်လိုက်တာကွ"

"ဘာထူးခြားလို့လဲ ပြောပါဦး၊ ထူးခြားတာ ဘာတွေ့လို့ မင်းစိတ်ဓာတ်တွေ ပြောင်းပစ်လိုက်တာလဲ"

"ညီနိုင် ဆိုင်တစ်ခုမှာ ဝင်ထိုင်ရအောင်ကွာ၊ စကားအေးအေးဆေးဆေးပြောကြတာပေါ့"

"ဘီယာသောက်မလား"

"ဟာ ... မသောက်ချင်ပါဘူး"

"ဒါဖြင့် ကော်ဖီသောက်မလား"

"ငါ ကော်ဖီမကြိုက်ဘူး၊ မင်းသောက်ရင်တော့သောက်၊ ကော်ဖီဆိုင်မှာ တီးတော့ရမှာပါ၊ ငါ လစ်(ပ)တန်ပဲသောက်တော့မယ်"

ဒီလိုနဲ့ သူတို့နှစ်ယောက် အေးအေးဆေးဆေးထိုင်လို့ရသော ဆိုင်တစ်ဆိုင်ထဲဝင်လိုက်ကြပါသည်။ ညီနိုင်က ကက်(ပ)ချီနိုကော်ဖီတစ်ခွက်နှင့် ဆင်းဒဝစ်(ချ်)တစ်ပွဲမှာသည်။ ထိုက်တန်ကတော့ လစ်(ပ)တန်တံဆိပ် လက်ဖက်ရည်တစ်ခွက်သာမှာလိုက်သည်။

"ဒီအတိုင်း အရည်တစ်ယောက်တစ်ခွက်စီပဲဆိုရင် မကောင်းလို့ မုန့်ပါတွဲမှာရတာကွ၊ မင်းပါ ကူစားပေးဦး၊ ငါ သိပ်



www.burmeseclassic.com

www.burmeseclassic.com



မဆာဘူး၊ ဒီနေ့ အစ်မကြီးချက်တဲ့ အုန်းနို့ခေါက်ဆွဲကို စားလာလို့"

"အစ်မကြီးလက်ရာ ကြားတာနဲ့တင် စားချင်လာပြီ"

"ပြန်ရင် ငါ့အိမ်လိုက်စားလေ"

"အဖေတို့ အမေတို့က သွေးတိုးကြတယ်ဆိုပြီး အုန်းနို့ကို လုံးဝမစားတော့ဘူးကွ။ အိမ်မှာလည်း ချက်မစားဘူး။ ငါ့မှာ စားချင်ရင် ဝယ်စားရတယ်၊ ဆိုင်ချက်က အိမ်မှာ လိုတော့ ဘယ်ကောင်းမလဲ၊ ပြီးတော့ မင်းအစ်မတွေက အပျိုကြီးတွေပီပီ အိမ်မှာ တစ်မျိုးပြီးတစ်မျိုးချက်စားနေလို့ ထင်တယ် သူတို့ချက်ရင် လက်ရာကောင်းတယ်ကွ။ အစပ် အဟပ်လည်း တည့်တယ်"

ညီနိုင် တဟားဟားရယ်ပြီး ...

"မောင်ရင် တကယ်ယူမယ်ဆိုရင် သုံးယောက်ထဲက ဘယ်သူ့ယူယူ ပေးပါတယ်ကွာ။ သုံးယောက်စလုံး ချက်တတ် ပြုတ်တတ်ပါတယ် ... ဟား ဟား"

ဟု အစ်မတွေကို မတိုဘဲ ထိုက်တန်နှင့် ပေးစားပြီး အမြိစ,နောက်တတ်သူပီပီ စ,နေနောက်နေပြန်သည်။

"ကိုယ့်ကို ချက်ပြုတ်ကျွေးဖို့အတွက်ပဲဆိုရင်တော့ မိန်းမ ယူနေစရာမလိုပါဘူးကွာ၊ အချက်အပြုတ်ကောင်းတဲ့ House Keeper တစ်ယောက် အလိုရှိသည်ဆိုပြီး ကြော်ငြာထည့်ပြီး





ငှားလို့ရပါတယ်၊ ငါ တကယ် လက်ထပ်ယူမှာကတော့ ငါ တကယ်ချစ်တဲ့မိန်းကလေးပဲဖြစ်ရမှာပေါ့"

"အံမာ ... အံမာ ... တကယ်ချစ်တာတွေဘာတွေပြောလာ ပါလား"

"ဟုတ်တယ်လေ၊ တကယ်ချစ်တဲ့သူကို တွေ့ပြီပဲ ပြောရံ တော့မှာပေါ့"

"ဘယ်သူလဲကွ"

"ငါ သူ့ကို တကယ်ချစ်မိတာကွ။ ဒုတိယအကြိမ် ပြန်ဆုံ တဲ့အခါမှာ ကိုယ့်ဘာသာသိသွားတယ်၊ ငါ သူ့ကို ဘယ် လိုမှမေ့မရဘဲ ရင်ထဲမှာ သိမ်းထားခဲ့မိတာပေါ့"

"အေးလေ ... ရင်ဖွင့်တာတွေကြားပါတော့ ဘယ်သူများ လဲလို့မေးနေတာ၊ ပြောပြစမ်းပါဦးကွာ"

"ပြောမှာပါ၊ ငါလည်း အဲဒီအကြောင်းပြောပြဖို့ မင်းကို စောင့်နေတာပါပဲ"

ထိုက်တန်သည် ကိုးပွင့်နှင့် စတင်ဆုံစည်းပုံ၊ အကြာ ကြီး မတွေ့ဖြစ်ကြဘဲ ခုတလောမှာမှ ပြန်ဆုံစည်းရပုံ၊ သူ့ဘက်က တကယ်ပဲ စွဲစွဲလမ်းလမ်း ချစ်မိသွားပုံတို့ကို အကျဉ်းချုံး ပြောပြ လိုက်ပါသည်။ ညီနိုင်က တကယ့်ကို နားထောင်သမားပီသစွာပင် အနှောင့်အယှက်မပေးဘဲ နားထောင်ပေးပါသည်။

ထိုက်တန် ပြောလို့ပြီးသွားမှပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ ခက်တာမှတ်လို့၊ ချစ်နေတာသေချာပြီဆိုလည်း ဖွင့်ပြောလိုက်ပေါ့ကွ"

ဟူ၍ အကြံပေးလေသည်။

"မင်းပြောတာကလွယ်လိုက်တာ၊ ငါ့ဘက်က ဖွင့်မှမပြော ရဲတာ"

"သူ့ဘက်က ငြင်းတာမငြင်းတာထက် ငါ့ဘက်မှာက Curse လုပ်ခံထားရသလို ပြဿနာကြီးရှိနေတယ်လေ ငါ သူ့ကို ချစ်တယ်ပြောလိုက်တာနဲ့ သူဟာ ငါ့ တဖြည်းဖြည်းနဲ့ ဘယ်လိုမှ ချစ်လို့မရဘဲ သူ့ဘဝအတွက် တကယ်လက်တွဲရမဲ့ ဖူးစာရှင်ကို ရှာတွေ့သွားလိမ့်မယ်လေ ငါ ဘယ်လိုမှ ချစ်တယ် မပြောရဲဘူး"

"ဟာ … မင်းကလည်း အယူသီးနေပြန်ပြီ"

"အယူသီးတာ ငါ မဟုတ်ဘူး၊ မင်းပဲ ဒီသတင်းကို သယ် လာတာ။ အဲဒီ Blog(ဘလော့(ဂ်))မှာ ငါ့ကိုရေးထားတယ် သိပ်မှန်တယ်ဆိုတဲ့သတင်းကို သယ်လာပေးလို့ ငါ ဖတ် ကြည့်မိပြီးသွားတာလေ။ တဖြည်းဖြည်းနဲ့ ငါကိုယ်တိုင် တောင် လက်ခံလာမိတာလေ၊ အယူသီးတာ မဟုတ်ဘူး တကယ်လက်တွေ့ကြုံနေရတာကွ"

ထိုက်တန်၏ပြဿနာကို ဘယ်လိုဖြေရှင်းပေးရမှန်း မသိပုံဖြင့် ညီနိုင် ခေါင်းကိုကုတ်လိုက်၏။ သူပဲစပြီး ဒီဘလော့(ဂ်





အကြောင်းသယ်လာလို့ ထိုက်တန် သိရတာဖြစ်သလို ထိုက်တန့် ကိုယ်တိုင်လည်း ဒီလိုရေးရကောင်းလား၊ ထင်ကြရကောင်းလား လို့ အရွဲ့တွေတိုက်ပြီး လုပ်ချင်ရာတွေ လျှောက်လုပ်နေတာမို့ ထိုက်တန်ရဲ့သတင်းက သိပ်တောင်မကောင်းတော့။

"ရည်းစားများတယ်၊ ရှုပ်တယ်၊ ပွေတယ်၊ သူ့ဆွေးခန်း လာသမျှ မိန်းကလေးတိုင်း သူ့ရည်းစားဖြစ်သွားကြတာ ချည်းပဲ"

ဟူသော သတင်းဆိုးပင်ပျံ့ချင်ချင်။ ညီနိုင်မှာ ထိုက် တန်အတွက် စိတ်မကောင်းတောင်ဖြစ်မိသည်။ အရင်က ဒီကောင် ဒီလိုမဟုတ်ပါဘူး။ လူငယ်သဘာဝပီပီ ရည်းစားထားတာ ကွဲတာ လောက်သာရှိခဲ့ပေမဲ့ အခုနောက်ပိုင်းကျမှ တမင်သက်သက်ကြီးကို ရည်းစားအများခံပြီး တွဲလိုက်၊ ကွဲလိုက် တမင်ပဲ လုပ်ပစ်နေတာ မျိုးဖြစ်နေသည်။

"ငါ ဘယ်လိုလုပ်ရမှန်းမသိဘူးကွာ၊ ဒါကြီးက မယုံသင့်မှန်း သိပါတယ်၊ အယူမသီးသင့်မှန်းလည်းသိပါတယ်၊ ဒါပေမဲ့ မဖြစ်နိုင်ဘူး၊ မယုံဘူးဆိုပြီး ဇွတ်ဆန့်ကျင်လိုက်ဖို့လည်း သတ္တိမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ ကိုးပွင့်ကိုချစ်တယ်။ သူ့ကိုတော့ ဆုံးရှုံးလိုက်ရမှာကြောက်တယ်၊ ဖြစ်ချင်ရာဖြစ် ဆိုပြီး မစွန့်စားရဲဘူး၊ ကိုးပွင့်ကိုမှရရင် ငါ တကယ်အသည်း ကွဲပြီး ဘဝပျက်ကိန်းတောင်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အသည်းအသန်ပါလားကွာ၊ ဒီလောက်အသည်းအသန်ဖြ ရအောင် မင်းကောင်မလေးက တော်တော်လှလို့လား"

"လှတာ ချောတာနဲ့ သိပ်တော့မဆိုင်ပါဘူးကွာ၊ ကိုးပွင့်ဖေ မြင်နေတွေ့နေကျ ချောချောလှလှမိန်းကလေးတစ်ယောက် တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘာဖြစ်သလဲဆိုတော့ သူ ဆုံရရင် ငါ့ရင်ထဲမှာ တစ်ခါမှမရဖူးတဲ့ စိတ်ချမ်းသာခြင်း ရတယ်၊ သူ့မျက်နှာလေးကြည့်နေရရင် ဘဝမှာ ဘာ မလိုတော့ဘူးလို့ထင်မိနေတယ်၊ သူသာ ငါ့အနားမှာ တ သက်လုံးရှိရင် ငါလိုချင်တာမှန်သမျှ ပြည့်စုံသွားပြီလို့လည် ခံစားရတယ်၊ အဲဒီလိုမျိုးပေါ့ကွာ တစ်ခါမှမခံစားဖူးခဲ့တဲ ခံစားချက်နဲ့ချစ်တာကွ၊ အဲဒါဟာ အချစ်စစ်ပဲ"

"အေးကွာ မင်းဟာ ငါ့ရဲ့အခင်ဆုံးသူငယ်ချင်းဆိုတော့ ငါ မင်းကို ကူညီချင်ပါတယ်ကွာ၊ ဒါဖြင့် ဒီလိုလုပ်ကွာ မင်းအပေါ်မှာ ကျရောက်နေတဲ့ ကျိန်စာဟာ မှန်မမှန် နောက်ဆုံးအကြိမ်အဖြစ် စမ်းသပ်ကြည့်ဖို့ပဲလိုတယ်"

"လုပ်လာပြန်ပြီ မင်းပဲ၊ အယူမသီးစမ်းပါနဲ့ဆို"

"အယူသီးတာရယ်တော့မဟုတ်ဘူး၊ မင်းကို ဒီလိုဖြစ်ေ အောင် ကျိန်သွားတာက နန္ဒီလေ။ ဒီဒီလေ။ လွန်ခဲ့တဲ ဆယ့်လေးနှစ် ဆယ့်ငါးနှစ်ကပေမဲ့ ဒါဟာ တကယ်အကျိုး ခံခဲ့ရတာကွ။ ပြီးတော့ ဘယ်သူ့အာမခံနိုင်လဲ၊ ဒီဒီဟာ





စုန်းကဝေပညာကို တတ်ရင်တတ်နေမှာကွ။ ဝမ်းတွင်းစုန်း ဆိုတာ မင်း မကြားဖူးဘူးလား။ မွေးရာပါ ပါလာတာ လေ"

ညီနိုင် ရူးသလိုကြောင်သလိုနဲ့ ထည့်ပြောလာသော အကြောင်းအရာကိုတော့ ထိုက်တန် လုံး၀ အယုံအကြည်မရှိပါ။ အမုန်ဆယ်ကျော်သက်မိန်းကလေးတစ်ယောက်ရဲ့ စိတ်ဆိုးတုန်း နိုင်ရလိုမှုဖြင့် ပြောလိုက်သောစကားကို အတည်ကြီးတော့မယူ ချင်ပါ။ ခက်တာက သူ့အဖြစ်ကလည်း ဘာမှန်းမသိဘဲ သူနဲ့ ချစ်သူရည်းစား ဖြစ်လိုက်တိုင်း ထိုမိန်းကလေးတွေဟာ သူ့ကိုပဲ သူတို့ကစပြီး လမ်းခွဲစကားပြောကာ ထားထားသွားတတ်ကြတာ ဘာ ခဏဖြစ်နေတာပင်။ ဒါ ဘာကြောင့်များလဲလို့ အတွေးရခက် ရာ။

ကိုးပွင့်လို ကိုယ်တကယ်ချစ်မြတ်နိုးမိတဲ့ မိန်းကလေး ဆုံရတဲ့အခါမှာတော့ ကိုယ့်ချစ်သူက ကိုယ့်ကိုသာ ပြန်ချစ်စေလို သော စိတ်ဆန္ဒရှိနေသဖြင့် ဝေခွဲရပိုခက်နေပါသည်။

"မင်း ဒီလောက် Serious ဖြစ်နေရင် မှန်မမှန်နောက်ဆုံး တစ်ခေါက်အနေနဲ့ စမ်းသပ်ကြည့်လိုက်စမ်းပါကွာ၊ ငါလည်း အယူသီးတာ မဟုတ်ဘူး၊ ဒါပေမဲ့ အထင်အမြင်တွေ မှန် သလား၊ မှားသလားကို စမ်းသပ်ဖို့ နောက်ဆုံးတစ်ကြိမ် ဘာလို့ မစွန့်စားရဲရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်လည်း ကြံရာမရသည့်အဆုံးမှာ ညီနိုင့်ကိုပဲ ဆရာတင်ဖို့ ဆုံးဖြတ်လိုက်ရပါသည်။

"ကဲ ... ပြောပါဦး၊ မင်းရဲ့စမ်းသပ်ချက်က ဘာလဲ"

"ငါ မိန်းကလေးတစ်ယောက်ကို တွေ့ထားတယ်"

"ဘယ်သူလဲ"

"မင်းတော့ မသိဘူး၊ ငါ သိထားတာပါ၊ ဘာကြောင့်သိရသလဲဆိုတော့ ငါ့ဆီ သူ့အဒေါ် သွားလာကုတုန်း သူပါ ပါလာတော့ ဒီလိုပဲ နည်းနည်းပါးပါး စကားပြောဆိုရာက သိသွားတာပဲ။ သူ့အဒေါ်က အမိကပေါ့။ သူ့တူမကို အစွဲထုတ်ချင်နေတာနဲ့ပဲ သူ့တူမအကြောင်း ရွှန်းရွှန်းဝေအောင် ငါ့ကိုပြောပြထားလို့ ငါ သိနေတာ၊ မင်း မြင်ဖူးချင်ရင် လိုက်ကြည့်၊ ငါ ပြမယ်"

ဒီလိုနဲ့ ညီနိုင်ခေါ်သွားရာ သင်တန်းကျောင်းတစ်ခုရှေ့သို့ လိုက်ပါသွားခဲ့ရပါသည်။ သင်တန်းကတော့ ကိုရီးယားစကားပြောသင်တန်းတစ်ခုသာဖြစ်သည်။

"မင်းပြောတဲ့ မိန်းကလေးက ဒီမှာ တက်တာလား"

"ဟုတ်တယ်"

"သူ့သင်တန်းချိန်ကို မင်းသိတယ်ပေါ့"

"ဟေ့ကောင် ငါ့ကို စ,သလိုလို နောက်သလိုလိုမေးမနေနဲ့၊ သူ့အတန်းဆင်းလာတုန်း ငါ မတော်တဆဆုံဖူးပြီးသိနေ





တာကွ။ Hopefully သူ အခုလည်း ဒီမှာတက်နေသေးရင်တော့ မင်း တွေ့မှာပဲ။ မတက်တော့ရင်တော့ သူ့အဒေါ် ရက်ချိန်းရှိလို့လာရင် သူ့ပါကိုပါလာမှာ၊ အဲဒီကျမှပဲ မင်း တွေ့ဖူးရလိမ့်မယ်။ အခုတော့ ခဏစောင့်ကြည့်လိုက်ပါဦး"

ညီနိုင်နဲ့ ထိုက်တန်တို့ သင်တန်းဖွင့်ရာတိုက်ခန်းတွဲကြီး၏ ဆားချင်းယှဉ်ရက်မှာ ဖွင့်ထားသော လမ်းဘေးလက်ဖက်ရည်ဆိုင်လေးမှာ ဝင်ထိုင်စောင့်နေလိုက်သည်။ သင်တန်းကတော့ ဒုတိယထပ်မှာဟု သိထားပါသည်။ သိပ်တောင် မစောင့်လိုက်ရ။ နာရီဝက်တောင် မကြာပါ။ အပေါ်မှ သင်တန်းချိန်ပြီး၍ အလျှိုလျှိုဆင်းလာသူများစွာကို စပြီးတွေ့ရပါသည်။

"ဘယ်မှာလဲ မင်းပြောတဲ့ မိန်းကလေး"

"လာမှာပေါ့ စောင့်နေ"

ထိုအချိန်မှာစင် မြင်ကွင်းထဲသို့ မိန်းကလေးတစ်ယောက်ဝင်လာသည်။ ထိုမိန်းကလေးကား ...

"ငါပြောတာ သူပဲ"

"ဟာ ... ဒီပုံကြီးလား"

ညီနိုင် ညွှန်ပြလိုက်လျှင် ထိုက်တန် စိတ်ညစ်သလို အသံကြီးဖြင့် ညည်းညည်းညူညူ ရေရွတ်လိုက်မိပါသည်။ ဘာကြောင့်လဲဆိုတော့ ...။

"ဝလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ပေါင်နှစ်ရာငါးဆယ် ရှိတယ်လို့ သိထားတယ်"

"သူ့အဒေါ်က ပြောတာပဲလား"

"တကူးတကကြီး ပြောတာမဟုတ်ဘူး၊ သူ့တူမက အခု ပိန်အောင်လုပ်နေပြီတဲ့။ Gym မှာ သွားသွားကစားနေလို့ ငါးပေါင်ကျသွားပြီး ပေါင်နှစ်ရာငါးဆယ်ပဲ ရှိတော့တယ်တဲ့"

"ပေါင်နှစ်ရာငါးဆယ်ပဲတဲ့လား ... ဟား ဟား၊ အရပ်က ငါးပေလေးလက်မလောက်မှာ ပေါင်နှစ်ရာငါးဆယ်တဲ့"

"သူ့မှာရည်းစားရှိမယ်ထင်လား"

"ယောကောင် ညီနိုင်၊ ပုံကိုလည်းကြည့်ဦး၊ သူ့ကို ဘယ်ယောကျ်ားလေးက ကြိုက်မှာမို့လဲ၊ တွတ် ... ငါ သူတစ်ပါးကို နှိမ်ပြီးပြောချင်တာတော့မဟုတ်ပါဘူးကွာ၊ မင်းပဲ ရုပ်ကိုကြည့်ဦးလေ"

"ဝက်ခြံတွေ မျက်နှာမှာ ဗရပွစ်နဲ့လေ"

ထိုဝတုတ်ဖက်တီးမသည် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ အိပုံ့အိပုံ့နှင့် ဂေါ်ဇီလာကြီးတစ်ကောင်လိုပဲ လျှောက်နေပါသည်။ ...ါသည်ဆိုမှ တစ်ဆက်တည်းဂါဝန်ရှည်ပွပွဖားဖားကြီးကို ခါးစည်း ...ချည်ပြီး ဝတ်ထားလေရာ ကောက်ညှင်းထုပ်ကို ကြိုးချည်ထား ...လိုဖြစ်နေသည်။ အသားတွေ ကျွံထွက်သည့်နေရာက ထွက်၊ လမ်းလျှောက်တိုင်း တအိအိတလှုပ်လှုပ် ဖြစ်သည့်နေရာကဖြစ်။





မျက်နှာတစ်ပြင်လုံးလည်း ဝက်ခြံတွေ ပြည့်လို့နေသည်။ အသားကမည်းပေမဲ့ ခပ်ညိုညိုညစ်ညစ် ရှိလှသည်။

"အသားကလည်း ညိုပြီးညစ်နေတာ"

"ညစ်မှာပေါ့ ရေချိုးအင်မတန်ပျင်းတာတဲ့၊ ဘယ်လောက်ပူအိုက်တဲ့ရာသီပဲဖြစ်ဖြစ် သုံးရက်နေမှ တစ်ခါချိုးသတဲ့"

"ဟင် ... မင်းဟာကလည်းကွာ ဒီလောက်တောင် သိရလား ညီနိုင်ရာ"

"သူ့အဒေါ်က တူမကို အစွံထုတ်ချင်တာနဲ့ပဲ စကားတွေပြောရင်းပြောရင်း အရှိန်လွန်ပြီး အကုန်ပြောမိသွားတာကွ၊ စကားစကားပြောပါများ အမှားပါတတ်သည် ဆိုသလိုပေါ့ကွာ၊ သူကတော့ သူ့တူမဖက်တီးပုံမလာကို ဈေးကွက်တင်ပြီး အရည်အချင်းတွေထုတ်ပြောလိုက်တာပါပဲ၊ ဒါပေမဲ့ကြားရတဲ့ငါကတော့ ဒီမိန်းကလေး အပျင်းကြီးပြီး တစ်ကိုယ်ရည်သန့်ရှင်းမှုလည်း နည်းမှန်း သိသွားတာပေါ့"

ဘယ်လိုများ ပြောလို့ပါလိမ့်ဟု ထိုက်တန် သိချင်သွားပါသည်။

"သူ့အဒေါ်က ဘယ်လိုပြောပြလို့ သုံးရက်နေမှ တစ်ခါရေချိုးကြောင်းသိရသလဲ"

"တူမလေးက ငယ်ငယ်ကတည်းက ရေကြောက်တတ်တာတဲ့။ ရေချိုးဖို့ဆို လူသတ်ပွဲကျင်းပရသလိုပဲ လူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းချုပ်ပြီး အတင်းချုပ်ပေးရတာတဲ့။ အဲဒီအကျင့်က ခုထိပါ နေပြီး ကလေးကြီးလုပ်တန်း ကလေးဆန်တုန်းတဲ့။ နှစ်ရက် သုံးရက်လောက် ရေမချိုးဘဲ နေလွန်းလို့ အဒေါ်တွေက ကဲ ... ဒီကလေးကို ဝိုင်းချုပ်ပြီးရေချိုးပေးကြရအောင်ပါ ဟော့လို့ ခြိမ်းခြောက်မှ အချုပ်ခံရမှာကြောက်ပြီး ပြေးချိုး သတဲ့၊ ပြီးတော့ သူ့မှာ ဆပ်ပြာနဲ့မတည့်တဲ့ Allergy လည်းရှိတော့ ဆပ်ပြာမတိုက်ဘဲရေချိုးရသတဲ့ဗျာ၊ ကဲ ... မောင်ရင်။ ဒီတော့ သူ့အသားညိုညိုက စိုစိုမဖြစ်ဘဲ ညစ် ညစ်ဖြစ်နေတော့တာပေါ့"

"စိတ်ပျက်စရာကြီးကွာ"

"အစားလည်း ကြီးတယ်ကွ"

"အဲဒါကတော့ အဝေးကမြင်ရုံနဲ့ သိနိုင်ပါသည်ပါပဲကွာ။ ဒီခန္ဓာကိုယ်ဖြစ်လာအောင် ဘယ်လောက်စားခဲ့သလဲဆိုတာ သိသာထင်ရှားနေပြီ"

"သွားတွေကလည်း ပိုးအကုန်စားနေတာ"

"မင်း သူ့သွားကို ကုပေးရတယ်ပေါ့"

ညီနိုင် ရှုံ့မဲ့ပြီး ခေါင်းညိတ်ပြသည်။

"ငါတို့ သွားဆရာဝန်တွေဆိုတာ ဝဋ်ပါလို့လုပ်နေရတယ် လို့တောင် သူ့သွားကိုလုပ်တိုင်း ငါ တွေးမိတယ်။ သွားက ပိုးစား သွားဖုံးတွေကလည်း အနာတွေနဲ့ဆိုတော့ ပါးစပ်





ဖွင့်လိုက်ရင် ပုပ်ဟောင်နေတာပဲကွာ၊ Mask တပ်ထားတာ တောင် အနံ့ရတယ်"

"ကဲပါ အဲဒါတွေ သိရပါပြီတဲ့၊ ငါက ဘာဆိုင်လို့ သူ့ကို ကြည့်ပေးရတာလဲ"

"ဟာ ... ထိုက်တန်ရ၊ သူ့လိုကောင်မလေးကို မင်းတောင် ပြောတယ်လေ၊ ဘယ်ယောကျ်ားလေးကမှ ကြိုက်ချင်မှာ မဟုတ်ဘူးဆိုတဲ့အတိုင်း သူ့ကို ဘယ်သူမှလဲ မကြိုက်ကြ ပါဘူးကွာ။ ရည်းစားလည်း လုံးဝ မရှိပါဘူး။ သူ့ပုံနဲ့ဆို ဒီတစ်သက် စုံဖို့ရာ လမ်းစမမြင်ထဲကပဲလေ၊ ဒီတော့ မင်း ဟာ မင်းရဲ့ Lucky charm ဆိုတဲ့ ကျိန်စာသင့်သလိုလို ဘာလိုလိုဖြစ်နေတဲ့ အဆောင်လက်ဖွဲ့ကြီး မှန်၏မမှန်၏ သူနဲ့စမ်းသပ်ကြည့်ရင် အကောင်းဆုံးပဲ၊ အသေချာဆုံးပဲလေ။ အရင် မင်း တွဲခဲ့တဲ့ မိန်းကလေးတွေအကုန်လုံးက ချောပြီး လှပြီးသား၊ မလှတဲ့သူတောင် ကြည့်ကောင်းပြီးသားဆိုတော့ ဖူးစာရှင် ရှာတွေ့ဘာတွေဟာ တိုက်ဆိုင်မှုလို့ထင်ရင် ထင် လို့ရမယ်။ အခုဟာကြီးကတော့ ဘယ်လိုမှ ဖူးစာရှင် ရှာ တွေ့စရာအကြောင်းမရှိတဲ့ပုံလေ။ မင်း စမ်းသပ်ကြည့်ရင် အမှန်ဆုံးအဖြေထွက်မဲ့ စက်ရုပ်ကြီးပဲ"

ထိုက်တန်သည် ညီနိုင့်ကို မိုးမွှန်အောင်ဆဲပစ်လိုက် ချင်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မဆဲနဲ့ ... မဆဲနဲ့။ ငါက မင်းရဲ့ပြဿနာကို ကူညီဖြေရှင်းပေးတာပဲ။ မင်း သူ့ကို သုံးရက်လောက် ဒါမှမဟုတ် သည်းခံနိုင်ရင် တစ်ပတ်လောက် ရည်းစားခဏ ဖြစ်ကြည့်လိုက်စမ်းပါ။ သူ့ဘက်မှ ဘာထူးခြားလာမလဲ စောင့်ကြည့်စမ်းပါ၊ သူသာ ဖူးစာရှင် ရှာမတွေ့ရင် မင်း ဘာမှ တွေးပူနေစရာ မလိုတော့ဘူး၊ မင်းရဲ့ Lucky charm ကြီးက မမှန်ဘူးပေါ့။ အကယ်၍ သူ မင်းနဲ့ ခဏ တွဲတုန်းမှာ တခြားမိန်းကလေးတွေလို တကယ် ချစ်ရမဲ့ ဖူးစာရှင်ကလည်းတွေ့၊ သူ့ကိုလည်း ဟိုလူကချစ် ဆိုရင်တော့ မင်းဘာမှ ဆက်တွေဝေစရာ မရှိတော့ဘူး။ မင်းရဲ့ Lucky charm ဟာမှန်ပြီပဲ။ မင်းရဲ့ကိုးပွင့်ကို မင်း သွားချစ်ရင် မင်းတို့ ကွဲရပြီပဲမှတ်"

ထိုက်တန်သည် ညီနိုင်ကို ဆဲရင်းဆိုရင်း ဒေါသတွေဖြစ်ရင်းကပဲ ဒီစမ်းသပ်ချက်ကို လက်ခံလိုက်မိတော့မလို အတွေးဝင်လာခဲ့ပါသည်။

* ၁၈ *





## ⊰ ၁၁ ⊱

ထိုမိန်းကလေး၏ နာမည်မှာ တိုးတိုးဟု သိထားပြီးဖြစ်ရာ ပန်းစည်းကလေးကိုင်ပြီး သွားရပ်စောင့်နေလိုက်မိသည်။ ထိုက်တန်လို လူရည်သန့်ယောကျ်ားတစ်ယောက်က လာစောင့်နေသည်ဖြစ်စေ သင်တန်းအပေါ်ထပ်ဆီမှ ဆင်းလာသောမိန်းကလေးတွေဟာ ဘယ်သူများလာစောင့်သလဲလို့ တီးတိုးတီးတိုးလေးတော့ပြောပြီး ကြည့်သွားတာကြုံရသည်။

မိန်းကလေးတွေ ထိုသို့ကြည့်သွားရလေလေ အပေါ်ထပ်ကဆင်းလာတဲ့ မယ်ဖက်တီး တိုးတိုးကို သွားစကားပြောမိတဲ့ရမှာ ပိုခက်လေလေဖြစ်နေပါသည်။ ဒီလိုပုံကြီးဆီ ရာကူးတကတောင် ပန်းစည်းနဲ့လာစောင့်ပိုးပန်းရအောင် ကြောင်နေသလားဆိုဘဲ့ ပြောသံတွေကြားရမှာသေချာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်မှာ ဝသောခန္ဓာကိုယ်ဖြင့် နောက်ဆုံးကျမှသာဆင်းလာမည်ဖြစ်သည့် တိုးတိုးကိုစောင့်ရင်း ချွေးတောင်ပြန်သည်။ တချို့မိန်းကလေးတွေကဆို ဘယ်သူ့များလာစောင့်သလဲလို့ စပ်စုချင်တာနဲ့ ဒီနားက ချက်ချင်းမပြန်သေးဘဲ ယောင်လည်လည်လုပ်ပြီး စကားရပ်ပြောကာ စောင့်ကြည့်နေတာ။

ထိုက်တန်သည် အားလုံးရှေ့မှာ ရယ်စရာကြီးဖြစ်မှာစိုးရိမ်တာနဲ့ပဲ တိုးတိုးကို မစောင့်တော့ဖို့ ဆုံးဖြတ်ကာ လှည့်ထွက်လာမိပါသည်။ မလှမ်းမကမ်းကားရပ်ထားရာဆီ လျှောက်လာခဲ့ပြီး ကားထဲပြန်ဝင်ထိုင်ကာ ဘာဆက်လုပ်ရင် ကောင်းမလဲလို့ ဦးနှောက်ခြောက်လုနီးပါး တွေးနေမိသည်။ ညီနိုင်ပြောသလို ...

"မစမ်းသပ်ကြည့်ဘဲနဲ့ မင်း ဒီအတိုင်းနေရင်လည်းနေ။ ဒီဟာမှန်မမှန် မစမ်းသပ်ဘဲနဲ့တော့ ကိုးပွင့်ကို 'ချစ်တယ်' သွားပြောရဲရင်လည်းပြောပေါ့၊ မင်း အဖြစ်အပျက်က မှန်တာနဲ့မမှန်တာမှာ မှန်တာက 75%ဖြစ်နေပြီး မမှန်ဖို့က 25%ပဲရှိနေတာလေ။ ကိုးပွင့် မင်းကိုမချစ်ဘဲ တခြားတစ်ယောက်နောက် ပါသွားဖို့ကလည်း ပိုများနေတယ်"

ဒီမိန်းကလေးနဲ့ မစမ်းသပ်ကြည့်ခဲ့ရင် ဘာတွေဖြစ်လာနိုင်မလဲ။ တခြားမိန်းကလေးတွေဟာ တိုက်ဆိုင်ပြီး ဖူးစာရှင်တွေ့သွားကြသလား။ ဒါမှမဟုတ် ထိုက်တန့်ရဲ့ Lucky charm





ကပဲ ဖူးစာရှင်အစစ်အမှန်ရှာပေးလိုက်သလား။ ထိုသို့ တွေဝေနေချိန်တွင် ထိုက်တန်ရဲ့မြင်ကွင်းထဲကို တိုးတိုး ဝင်လာသည်။ ဒီနေ့တော့ ပွပွဖားဖားဘလောက်(စ)အင်္ကျီနဲ့ စကတ်ကို တွဲဝတ်ထားပါသည်။ စကတ်က အကားမဟုတ်ဘဲ မော်ဒယ်လ်မိန်းကလေးတွေဝတ်သလို ဒူးအထိအရှည်အကျပ်လေ။

အပေါ်အောက်ဝတ်စုံကလည်း အနက်ရောင်တွေပါပဲ။ ဘလောက်(စ)က အနက်အောက်ခံမှာ အနီအရုပ်သေးလေးတွေပါသောအဆင်နဲ့ ဘလောက်(စ)စကတ်ကတော့ အနက်ပြောင်နဲ့။ အနက်ဝတ်ရင် လူကိုကျုံ့စေတယ်။ ဝသူကို ပိန်တယ်ထင်ရစေတယ်လို့ ပြောတဲ့အတိုင်းမို့ ကြိုးစားပြီး အနက်တော့ဝတ်ထားပါရဲ့။ ဒါပေမဲ့ သူကတော့ လုံးဝချုံ့လို့မရအောင် ဝလွန်းနေတာမို့ ဘယ်လိုမှ ပိန်မသွားပါ။

စကတ်ဒူးအထိသာ အတိုဝတ်ထားလေရာ ခြေသလုံးကြီးတွေမှာ တုတ်ခိုင်ကြီးမားလှတာကို သတိထားမိသည်။ ၎င်းခြေသလုံးတွေမှာ အမာရွတ်ပေါ့ဗရပွနှင့် အရုပ်ဆိုးလှသည်။ ထိုက်တန်ကားရပ်ထားရာနား တဖြည်းဖြည်းလျှောက်လာသည်ကိုကြည့်ရင်း ချီတုံချတုံဖြစ်နေမိသည်။

ဒီပန်းစည်းက သူ့အတွက်။ သူ့ကို ပိုးဖို့ပန်းဖို့ ရည်ရွယ်ပြီးဝယ်လာခဲ့တဲ့ပန်းစည်း။ ငါ ဘာလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန် ‌တွေဝေငေးငေါင်နေစဉ် တိုးတိုး အနားက ဖြတ်သွားလေပြီ။ ထိုက်တန် ဆက်၍ ငေးမောစဉ်းစားနေဆဲဖြစ်နေသည်။ တိုးတိုးကတော့ ဘယ်သူ့ကိုမှသတိမထားမိ။ ပတ်ဝန်းကျင်ကိုလည်း မကြည့်မိဘဲ သူမ၏ ပခုံးလွယ်သားရေအိတ်ထဲက တစ်စုံတစ်ရာကို အကြီးအကျယ်နှိုက်ထုတ်ရှာဖွေနေတော့လေသည်။

ထိုက်တန်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး လျှင် ပန်းစည်းကိုကောက်ကိုင်ကာ တိုးတိုးနောက်သို့ ပြေးလိုက်သွားမိသည်။ သိပ်တော့ မြန်မြန်မပြေးရ အိပ့်အိပ့်နဲ့ အေးဆေးစွာ လျှောက်နေသော တိုးတိုးကို ချက်ချင်းမီပါသည်။ တိုးတိုးသည် အိတ်ထဲကအရာကို အငြိုးတကြီးပုံစံလား၊ ကမူးရှူးထိုးပုံစံလားမသိနိုင်သော အမူအရာဖြင့် ရှာနေဆဲ။ သူမနံဘေးမှာ ထိုက်တန်ဖျတ်ခနဲ ဝင်ရပ်လိုက်တာတောင် မော့မကြည့်။

ထိုက်တန်မှာ တိုးတိုးကိုယ်မှာ ဘာနဲ့မှန်းမသိသော ခပ်အောက်အောက်အနံ့၊ စိုထိုင်းထိုင်းအနံ့ကို သတိထားမိလိုက်ပေမဲ့ မသိချင်ယောင်ဆောင်ကာ ...

"တိုး ... တိုးတိုး ... ဟော့ ... တိုးတိုး"

ဟု အသက်အောင့်ပြီး ခေါ်လိုက်ပါသည်။

တိုးတိုးကား မော့ပင်မကြည့်။ ငုံ့၍ရှာဖွေနေဆဲ။

"တိုးတိုး"

"ဘာလဲ"





မော့မကြည့်ဘဲ တုံ့ပြန်လိုက်သံသဲ့သဲ့ ကြားရတော့ နည်းနည်းအားတက်သွားသည်။ ထိုက်တန်၏ဘဝတွင် ဒီအချိန်လောက် သူ့ကိုယ်သူ မှန်းမိတာလည်း မရှိတော့။

ငါ လုပ်သင့်ရဲ့လား။ ငါ့အကျိုးအတွက် အစမ်းသပ်ခံဖို့ ဒီမိန်းကလေးကို ဒုက္ခပေးသင့်ရဲ့လား။ သူ့ဘာသာ အေးအေးဆေးဆေး ဘာအပူအပင်မှမရှိ ဝနေတဲ့ အရုပ်ဆိုးနေတဲ့ မိန်းကလေးကို ငါ ဒီလိုအသုံးချသင့်ရဲ့လား။ ငါ လုံးဝ မတရားတော့ဘူးလား။

ထိုက်တန် စိတ်ထဲမှာ မိန်းကလေးအပေါ် သနားစိတ်နဲ့ တွေဝေပေမဲ့ ညီနိုင့် စကားတွေထဲက ...

"မပြောကောင်း မဆိုကောင်းကွာ မင်းမှာရှိတဲ့ ကံကောင်းစေတဲ့အဆောင်လက်ဖွဲ့ဟာ မှန်နေခဲ့ရင် တိုးတိုးလို လုံးဝမစွံနိုင်တဲ့မိန်းကလေးမှာတောင် သူ့အပေါ်တကယ်ချစ်တဲ့ ဖူးစာရှင်ကိုတွေ့ပြီး သူ့ဘဝအတွက် ကံကောင်းသွားခဲ့မယ်ဆိုလည်း မင်း ကုသိုလ်ရပါတယ်၊ ဘဝမှာ အစစအရာရာ Loser ဖြစ်နေတဲ့ မိန်းကလေးကို တစ်စုံတစ်ရာတော့ အောင်မြင်မှုရအောင် လုပ်ပေးနိုင်တယ်လို့ ကြံဖန်တွေးရင်ရတယ်"

ဟူသော စကားတချို့ကို ပြန်ကြားတော့လည်း ဆက်တိုးရင် မမှားပါဘူးလို့ လှည့်ပတ်တွေးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုး ကျွန်တော် တိုးတိုးကို ခင်ချင်လို့ပါ"

"ဘာပြောတယ်"

တိုးတိုး အော်ချပြီး မော့ကြည့်လိုက်သဖြင့် ထိုက်တန် လန့်သွားပါသည်။ မော့ကြည့်လာတော့ အနီးကပ်တွေ့ရတဲ့ တိုးတိုးမျက်နှာတွင် ဝက်ခြံဖုတွေက ပြည့်နှက်နေတာမြင်ရသည်။ အသည်းယားစရာ ကောင်းလှအောင် ပြွတ်ခဲနေတာ။ ဒီတစ်ခါပဲ မြင်ဖူးပါသည်။

"လာနှောက်နေတာလား၊ လူကို ဘာမှတ်သလဲ၊ တီးထည့်လိုက်ရ"

တိုးတိုးက လက်သီးဆုပ်ကြီးကိုပါ တစ်ခါတည်းရွယ်ထားလျှင် ထိုက်တန် နောက်ကို မသိမသာ ဆုတ်လိုက်မိသည်။ သူ့လက်သီးကြီးနဲ့ အထုခံလိုက်ရရင် တော်တော်ကိုအီစိမ့်သွားမှာပဲ။

"မနှောက်ပါဘူး၊ ကျွန်တော် မနှောက်ပါဘူး။ တကယ်ခင်ချင်လို့ပါ။ ဟို... အယ် ... အမှန်အတိုင်းပြောရရင် ကျွန်တော် တိုးတိုးကို ... ဟို ... အဟဲ ဟဲ ... စိတ်ဝင်စားလို့ပါ။ ချစ်မိလို့ပါ။ ဒီမှာ ပန်းစည်း၊ တိုးတိုးဖို့"

"ဟမ် ... ဟမ် ... ဘာရယ် ဘာလာပြောတယ်၊ မကြားလိုက်ဘူး၊ ကျွန်မ နားနည်းနည်းလေးတယ်"

"ကျွန်တော် တိုးတိုးကို ချစ်လို့ပါ"





တိုးတိုး နားကို စောင်းပြီး အသေအချာနားထောင်...င် ထိုက်တန် ပြောတာကို ကြားသွားပုံရသည်။ တအံ့တဩဖြစ်...က် အစုမှ အိတ်ထဲက ရာဖွေတွေ့ရှိသော ချောကလက်တောင့်...တောင့်ကို ဂျပ်ခနဲ တစ်ချက်ကိုက်စားလိုက်ပါသည်။ အင်း ... ...ကလက်တွေစားနေလို့ပဲ ဒီလောက်ဝလာတာဖြစ်မယ်။

"လာနှောက်နေတာလား"

"မနှောက်ပါဘူး တကယ်ပြောတာ၊ ဒီမှာ ... ဒီမှာလေ တိုးတိုးအတွက် ပန်းစည်း"

"ပန်းစည်း ဘာလုပ်ရမှာလဲ"

"ခင်ဗျာ"

"ပန်းစည်းလေ ... ပန်းစည်း ကျွန်မ ပန်းစည်း မကြိုက်ဘူး၊ ပန်းစည်းက စားလို့မှမရတာ၊ နောက်ဆို ပေးချင်ရင် မုန့်တို့၊ ချောကလက်တို့ ဝယ်လာခဲ့ပေါ့။ ကျွန်မက Pizza (ပီဇာ)ဆိုလည်း အရမ်းကြိုက်တာ၊ Fried Chicken(ဖရိုင်းချစ်ကင်း)လည်းကြိုက်တယ်၊ ဒိုးနတ်လည်း ကြိုက်တယ်၊ နောက်ပြီး ..."

"သိပါပြီ သိပြီ ... သိပြီ။ နောက်တစ်ခါ အဲဒါတွေ ဝယ်လာမယ်လေ၊ အခုတော့ ပန်းစည်းယူလိုက်ပါ"

"မယူဘူး၊ ယူလို့မဖြစ်ဘူး၊ ကျွန်မက အမွှေးနံ့တွေနဲ့မတည့်ဘူး၊ Allergy ရှိတယ်၊ သနပ်ခါးတောင် မတည့်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တိုးတိုးကို ချစ်တယ်လို့ ပြောထားပြီးပြီနော်"

တိုးတိုးက မယုံမကြည်ထပ်ကြည့်ပါသည်။ ထို... တန်လည်း မလုံမလဲဖြင့် ...

"တကယ်ပြောတာ"

ဟု ထပ်ပြောလိုက်ပါသည်။

"ဘာလဲဟင် ခပ်ဝဝ ရုပ်ဆိုးဆိုး မိန်းကလေးတစ်ယောက်... ရည်းစားထားကြည့်ရင် ဘယ်လိုနေမလဲလို့ စမ်းသပ်ကြ... တာလား"

"ဟာ ..."

နည်းနည်းမှန်နေသဖြင့် ထိုက်တန် အဖြေရခက်သွား... ပါသည်။ တိုးတိုး ပုံစံကတော့ လုံးဝ တုန်လှုပ်ခြင်း၊ အံ့သြ... တွေမရှိဘဲ မယုံသင်္ကာဖြစ်ခြင်းသာရှိပြီး ထိုက်တန်ကို အလွ... မပေးသလို စိုက်ကြည့်နေလေသည်။

"လောင်းကြေးစားကြေးနဲ့ လာပြောကြည့်တာလား"

"ခင်ဗျာ"

"သူငယ်ချင်းချင်း လောင်းကြေးစားကြေးနဲ့လေ။ တိုး... ကို ငါလိုက်ကြည့်မယ်၊ ရရင် တစ်ပွဲကျွေးကြေးတို့ ဘာ... လောင်းပြီး လာပြောတာလားလို့"

"အဲဒီလို မဟုတ်ပါဘူးဗျာ"





"ဒါဆိုရင် ရှင် မျက်စိမှားပြီး ကျွန်မကို လာစိတ်ဝင်စား တာ ဖြစ်မယ်။ ကျွန်မ တစ်သက်မှာ အခုလိုလာပြောတဲ့ ယောကျ်ားလေး တစ်ယောက်မှ မရှိခဲ့ဖူးဘူး။ အချစ်လည်း မခံရဖူးဘူး။ အဲဒါကြောင့် ကျွန်မ တစ်ခါမှလည်း ရည်း စားမထားဖူးဘူးပေါ့။ ရှင်ကသာ ချစ်တယ်လာပြောတာပါ၊ ရှင့်ကိုလည်း ကျွန်မ မသိဘူး၊ ရှင့်ကြည့်ရတာ မိုးကျရွှေ ကိုယ်လိုပဲ၊ ချက်ချင်း ဘွားခနဲ ကျွန်မရှေ့ ရောက်လာတာ နော်"

"ကျွန်တော်ကတော့ တိုးတိုးကို သိနေတာကြာပြီ၊ တိုးတိုး က ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆီမှာ သွား,ဆေး လာကုတယ်"

"ဩော် ... ဒေါက်တာညီနိုင်လား၊ ဟီ ဟီ ... သူက ခပ် ဝဝ မျက်မှန်နဲ့၊ ပါးဖောင်းဖောင်းနဲ့ ရယ်ဖို့ကောင်းတယ် နော်"

အံမာ ... သူကပဲ တစ်ပြန်ကြီး ဝေဖန်ရသေး။ ...ညီနိုင်က ဝတယ်,ဆိုပေမဲ့ တိုးတိုးလောက်ကြီး over weight ဖြစ် ...တာမှ မဟုတ်တာ။ အရိုးအဆစ် နည်းနည်းကြီးပြီး အရပ်က ...ည်း နည်းနည်း ပုပြတ်ပြတ်၊ ခန္ဓာကိုယ်လည်း ပြည့်ပြည့်မို့ ဝ, ...ယ်ထင်ရတာပါဟု ထိုက်တန်က ညီနိုင့်ဘက်က တွေးပြီးထင် ...သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဘာသာ ဘာသဘောနဲ့ လာပြောပြော ကျွန်မ လက်ခံ ပါတယ်"

"ခင်ဗျာ"

ဆိုက်တန်မှာ တိုးတိုးနဲ့တွေ့မှပဲ ပြောစရာစကားမရှိ တော့သလိုဖြစ်ပြီး တစ်ချိန်လုံး "ခင်ဗျာ" "ခင်ဗျာ"နှင့် ဖြစ်နေရ သည်။ ချက်ချင်းကြီး လက်ခံပစ်လိုက်တယ်တဲ့။ ဟုတ်ရောဟုတ် ရဲ့လား။ ဒီကောင်မလေး တမင် လျှောက်ပြောတာလား။

"ဘာဖြစ်ရပြန်တာလဲ၊ ရှင်ပဲ ချစ်တယ် လာပြောတယ်လေ ဒီတော့ ကျွန်မလည်း လက်ခံတယ်၊ ရှင်နဲ့ရည်းစားဖြစ် ကြည့်ချင်တယ်၊ တကယ်ပြောတာ၊ ကျွန်မ တစ်ခါမှရည်း စားမထားဖူးတော့ ရည်းစားထားရင် ဘယ်လိုနေမလဲလို့ သိပ်သိချင်နေတာ၊ အတော်ပဲ ဖြစ်သွားတယ်၊ ရှင့်လိုရုပ် ချောချောလူနဲ့ ရည်းစားဖြစ်ရရင် တစ်ရက်ပဲ ဖြစ်ရဖြစ်ရ တစ်နာရီပဲဖြစ်ရဖြစ်ရ ဖြစ်ရတာ ကန်ပါတယ် ဟီဟီ"

ဆိုက်တန်မှာ တိုးတိုးကိုကြည့်ရင်း သနားတော့ သနားမိနေသည်။ အပျိုအရွယ် မိန်းကလေးတစ်ယောက်အနေနဲ့ ရည်းစားထားဖူးချင်နေရှာသော တိုးတိုးသည် လူကောင်းမှန်း လူဆိုးမှန်းပင် မလေ့လာတော့ပဲ ချက်ချင်း လက်ခံလိုက်လေပြီ။ နာမည်ပင် မမေး၊ ဘယ်ကလဲ၊ ဘယ်သူလဲလို့လဲ မမေး။ ရည်း စားထားရရင် ပြီးရော ပုံစံဖြစ်နေသည်မှာ ပုံမှန်စိတ်တော်





ဟုတ်ရဲ့လားမသိ။ နည်းနည်းများ ချောင်နေသလား။ သူ့ကိုထား ခဲ့ရင်ရော အလွယ်တကူ လက်ခံပါ့မလား။

"ကျွန်တော့်နာမည် မမေးတော့ဘူးလား"

"မမေးပါဘူး၊ စိတ်ထဲမှာ 'ကိုကို'လို့ ခေါ်ထားပြီးသား။ ရှင့်ဘာသာ ဘာနာမည်ကြီးပဲဖြစ်ဖြစ် ကျွန်မကတော့ ကိုကို ပဲ ခေါ်မယ်။ အရင်တည်းက စိတ်ကူးယဉ်ပြီးသား။ ရည်း စားထားရင် ရည်းစားကို 'ကိုကို'လို့ပဲ ခေါ်မယ်လို့"

"ကျွန်တော့်နာမည် မသိချင်လည်းနေပါ၊ ရပါတယ်"

"ရှင် စိတ်ရောပါရဲ့လား"

"ခင်ဗျာ"

"ကျွန်မနဲ့ တွဲသွားဖို့ကို"

"စိတ်ပါပါတယ်"

"ရည်းစားဖြစ်တဲ့ အထိမ်းအမှတ်နဲ့ မုန့်သွားစားရအောင် လို့ ခေါ်လေ"

"ဩော် ... အင်း ... အင်း ... သွားစားတာပေါ့၊ ဟုတ် တာပေါ့၊ တိုးတိုးနဲ့ ကျွန်တော်က ချစ်သူဖြစ်ပြီပဲ။ ရည်း စားဖြစ်ပြီပဲ။ ကျွန်တော်လည်း တိုးတိုးကို ချစ်တယ်၊ တိုးတိုးကလည်း ကျွန်တော့်ကိုချစ်တယ် မဟုတ်လား"

"ဟီ ဟီ ... ပျော်လိုက်တာ။ ရည်းစားရှိသွားပြီ၊ ဒါကြောင့် ဒေါ်လေးတို့က ပြောတာ၊ ငါးပေါင်ကျသွားတော့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးက သွယ်ပြီးလှလာတယ်တဲ့ ... ဟီ ဟီ။ ဒါကြောင့် အခု ရည်းစားတောင်ရပြီ၊ ခေါ်လေးတို့ကို ပြန်ကြွားရမယ်"

တိုးတိုးသည် အသက်ကတော့ နှစ်ဆယ်လောက်ရှိမှာပါ။ ဒါပေမဲ့ အပြောအဆို၊ အမူအရာတွေက ဆယ်နှစ်ကျော်ကလေးတစ်ယောက်ရဲ့ ပုံစံနဲ့ပင် ပိုတူနေသည်။ ကြည့်ရင်း ... ကြည့်ရင်း ဒီရုပ်ရည် ဒီပုံကြီးနဲ့ ခဏတွဲရမှာ စိတ်လည်းပျက်သလို။ ကောင်မလေးကို သနားလည်းသနား။ သူ့ကိုယ်သူလည်း အလိုလိုမုန်းနှင့်။ ထိုက်တန်မှာ လူနဲ့စိတ်နဲ့ မကပ်သလို ဖြစ်နေသည်။

"တိုးတိုး ဘယ်မှာစားချင်လို့လဲ"

"ဒီဆိုင်ဝင်မယ်"

တိုးတိုးက ထိုက်တန် မေးတာကို မဖြေဘဲ လမ်းပေါ်မှာတွေ့သော Snacks ဆိုင်တစ်ဆိုင်ကို လက်ညှိုးထိုးပြပြီး ဝင်သွားပါသည်။ ထိုက်တန် သက်ပြင်းချရင်း နောက်က ဝင်လိုက်လာခဲ့သည်။

တိုးတိုးက တွေ့တွေ့ချင်း စားပွဲမှာ ဝင်ထိုင်လိုက်ပြီး မီနူးကိုပင် ကြည့်နေပြီ။

"ကိုကို ကံကောင်းသွားတယ် သိလား"

"ဘာဖြစ်လို့လဲ"





"ကျွန်မ သိပ်မဆာဘူး၊ ဒီတော့ နည်းနည်းပဲ မှာမယ်လေ။ အဲဒီတော့ ပိုက်ဆံကုန် သက်သာတာပေါ့"

"ဟာ ... ကုန်တာကိစ္စမရှိပါဘူး၊ စားပါ ... စားပါ၊ တိုးတိုးကြိုက်တာ မှာစားပါ၊ ကျွန်တော် ကျွေးနိုင်ပါတယ်"

"ကိုကိုက သူဌေးလားဟင်"

"မဟုတ်ပါဘူး၊ သူဌေးမဟုတ်ပါဘူး"

"ကျွေးနိုင်တယ် ဆိုလို့"

"ဪ ... စားဖို့ သောက်ဖို့လောက်တော့ ပိုက်ဆံရှိပါတယ်၊ သူဌေးဖြစ်မှ ကျွေးနိုင်တာ မဟုတ်ပါဘူး၊ အလုပ်အကိုင်ရှိရင် ပိုက်ဆံရှိတာပဲ"

"ကိုကိုက ဘာလုပ်လဲ"

"သွား ... အဲ ... ဟို ... သွားတုလုပ်တဲ့ပစ္စည်းတွေ တင်သွင်းရောင်းချတယ်"

ထိုက်တန်သည် သူ့ကိုယ်သူ သွားဆရာဝန်ဟု အမှန်အတိုင်း မပြောချင်သဖြင့် တခြားလွှဲပြောလိုက်ပါသည်။ ညာတာမကောင်းဘူး၊ မညာသင့်ဘူး၊ အပြစ်မဲ့တဲ့ ဒီမိန်းကလေးကို လိမ်ညာပြီးတော့လည်း ခဏတွဲသေးတယ်၊ ညာလည်းညာသေးတယ်ဆိုရင် မကောင်းဘူး ဆိုတာတွေ ခေါင်းထဲမှာ တောက်လျှောက်အော်နေပေမယ့် သူ့ပါးစပ်ကတော့ ညာမိပြီးနေပြီ။

"ဪ ... ဒါကြောင့် ခေါက်တာညီနိုင်နဲ့ သိတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒေါက်တာညီနိုင်သာ ကိုကို့လိုချောရင် ကျွန်မကို ဒေါ်လေး တို့ သူနဲ့ပိုင်းစ,နေတာကို လက်ခံလိုက်မိမှာ သိလား။ အခုတော့ သူက မချောဘူး၊ အရပ်ကလည်း ကျွန်မနဲ့ အတူတူလောက် ဖြစ်နေတယ်၊ မင်္ဂလာဆောင်ရင် ဆံထုံး ကြီးလည်း ထုံးလို့မရ။ ယုံတော်ခုံထူဖိနပ်လည်း မစီးရနဲ့မို့ ဒေါက်တာညီနိုင်ကိုတော့ လက်မခံချင်ဘူး"

ထိုက်တန် အတော်ရယ်ချင်ပြီး ကျိတ်၍သာ ပြုံးနေရသည်။ ဟား ဟား ... ညီနိုင်သာ ကြားရင် စိတ်ဆိုးမှာပဲ။ သူ့ကို ဝေဖန်ရသလားဆိုပြီး။ ဩော် ... တိုးတိုး ... တိုးတိုး ... ဒီမိန်းကလေးနှယ် ထိုင်မသိမ်းဝတ်၊ ဆံထုံးထုံး၊ ပုံတော်ဖိနပ်စီးပြီး မင်္ဂလာဆောင်ဖို့ စိတ်ကူးလေးတော့ ရှိသေးသားပဲ။

"ကိုကို ဘာမှ မမှာရသေးဘူး"

"ဩော် ... ဟုတ်သားပဲ၊ waiter ပြန်လာမှပဲ စတော်ဗယ်ရီ မေ့ခ်ရှိတ် မှာလိုက်တော့မယ်"

"ဘာမှမစားဘူးလား"

"ကျွန်တော် ဗိုက်မဆာလို့ပါ"

"ကျွန်မလည်း မဆာပါဘူး၊ ကိုကိုနဲ့ ဆိုင်ထိုင်ကြည့်ချင်လို့ ဝင်တာ"





မဆာဘူး ပြောပေမယ့် တိုးတိုး မှာထားတာကို စားပွဲထိုး waiter ကောင်လေး လာချသောအခါမှာ မြင်လိုက်ရလျှင် သူ သိပ်မဆာတာက ဒါမျိုးစားနိုင်ပါလားလို့ သိသွားပါသည်။ မှာတာက ကြည့်ဦး။ ဘာဘီကျူ့ကြက်ကင်တစ်ခြမ်းနှင့် ဖရန့်ရှ်ဖရိုင်းဟုခေါ်သော အားလူးချောင်းကြော်ရယ်၊ ပေါင်မုန့်ဝိုင်းလေးတစ်လုံးရယ်ပါသော တစ်ပန်းကန်ကြီးနှင့် ရိုးရိုးမေ့ခ်ရှိတ်တစ်ခွက်ဖြစ်သည်။ ဒီလို အစားအစာမျိုး ဆိုတာက တကယ့်ကို ဆာလောင်သော အချိန်ကျမှ နေ့လယ်စာဖြစ်ဖြစ်၊ ညစာဖြစ်ဖြစ် မှာစားရသည်ဖြစ်ရာ ဘယ်လိုမှ ပေါ့ပေါ့ပါးပါး အစာတော့မဟုတ်ပါချေ။

"တိုးတိုး ဒီကိုရီးယားစကားပြောသင်တန်းတက်တာ ကြာပြီလား"

"မကြာသေးပါဘူး၊ နှစ်လပဲ ရှိသေးတယ်၊ အဲဒီမတိုင်ခင်က Gym မှာ member ဝင်ပြီး သွားကစားတာပါပဲ၊ သုံးလတောင် ကစားရတာ၊ ငါးပေါင်ပဲကျလို့ ဆရာမက ဆူတယ်၊ အဲဒါကို မခံချင်တာနဲ့ ကျွန်မ ဆက်မကစားတော့ပဲ စကားပြောသင်တန်းပဲ လာတက်တာလေ"

"ကောင်းတာပေါ့၊ ဘာသာစကားတစ်ခု တတ်ထားတော့လည်း အလုပ်လျှောက်ရင် လွယ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်ကလာ အလုပ်လျှောက်ရမှာလဲ။ မလျှောက်ပါဘူး၊ အလုပ်လုပ်ဖို့ စိတ်မပါဘူး။ အလုပ်တွေကလည်း ရေးထားရင် ရုပ်ရည်ချောမောပြေပြစ်သူကို ဦးစားပေးမည်ပဲ ရေးထားတာလေ၊ ကျွန်မ ဘယ်လိုလုပ် ရနိုင်မလဲ၊ ဒါကြောင့် ကိုယ့်ကို အပဟားခံပြီးတော့ မလျှောက်ပါဘူး၊ ကိုရီးယားစကားကတော့ ကြိုက်လို့ တတ်ချင်လို့ပါ၊ ညတိုင်း ကြည့်နေရတော့ တတ်ထားသင့်တယ်ထင်လို့။ စာပါ ကောင်းကောင်း ရေးတတ်လာရင် ဂျွန်ဒေါင်ဂန်တို့၊ လီဗြောင်ဟွမ်းတို့၊ ရိမ်းတို့ဆီ မိတ်ဆက်စာရေးမလို့လေ"

ထိုက်တန်သည် တိုးတိုး စားတာ သောက်တာကြည့်ပြီး အံ့သြနေသည်။ ကြက်သားကင်တစ်ခြမ်းကို စားလိုက်တာများ ခဏလေး၊ အာလူးချောင်းကြော်တွေ ပါးစပ်ထဲ တစ်ခုပြီး တစ်ခု ပစ်ထည့်လိုက် မျိုချလိုက် လုပ်နေသည်မှာ ဝါးတောင်ဝါးရဲ့လားမသိ။ တကယ်ပဲ အစားအသောက်ကို နှစ်နှစ်ခြိုက်ခြိုက်ဖြစ်၍စားမှန်း သိသာလှပါသည်။ ပြီးတော့ ယောက်ျားတစ်ယောက်ရှေ့မှာ စားနေပါလားရယ်လို့ ရှက်ခြင်း၊ ရွံ့ခြင်း၊ ဣန္ဒြေဆောင်ခြင်းလည်းမရှိ။ အေးလေ ... ဒါကြောင့်လည်း ဒီလောက် over weight ကြီး ဖြစ်နေပြီး ရည်းစားလည်းမရှိတာပေါ့။ ငါ့လို ဝဋ်ကြွေးရှိတဲ့သူကသာ ခဏသည်းခံပြီး ရည်းစားအဖြစ်ခံတာ။ ဘယ်သူက ရည်းစားဖြစ်ချင်မှာလဲ။ ဝ,ကလည်းဝသေး။ ဝက်ခြံကလည်းထူသေး။ တစ်ကိုယ်ရည်သန့်ရှင်းမှုကလည်း နည်းသေး။ မိန်းကလေးဆိုတာ ဘာပဲဖြစ်ဖြစ် အမွှေးနံ့လေးတစ်မျိုးမျိုးတော့ သုံးမှပေါ့။ ထားပါတော့ တန်ဖိုးကြီးရေမွှေးတွေ မသုံးနိုင်ဘူး၊ အပေါစားလည်း မသုံးချင်ဘူးဆိုရင် ရေလေးမှန်မှန်ချိုးပြီး မြန်မာ့သနပ်ခါးကိုပဲ သေသေချာချာပဲ လိမ်းပါဦး။ သနပ်ခါးနံ့သင်းသင်းလေးက ဘယ်လောက် လိုက်ဖက်လိုက်သလဲ။

အခုတော့ တိုးတိုးဟာ ညီနိုင် ပြောပုံအရဆို ရေချိုးပျင်းသတဲ့။ အဲဒါတော့ သေချာတယ်။ အသားညိုညိုဟာ စိုမနေ၊ သန့်မနေပဲ ဖုန်တက်နေသလိုလို တစ်ခုခု ညစ်ပေနေသလိုလို၊ ညစ်ထိုင်းထိုင်း ရှိလှ၏။ ခုန သူပြောတာကြားလိုက်ပါရဲ့။

သူက အမွှေးနံ့တွေနဲ့ မတည့်တဲ့ allergy ရှိလို့ သနပ်ခါးတောင် မလိမ်းဘူး ဆိုလား။ အဲဒါကြောင့် မိန်းကလေးတန်မဲ့နဲ့ ကိုယ်နံ့က ပြင်းလှပြီး အနီးကပ်လျှင် အသက်ပါအောင့်ထားရမဲ့ ကိန်းပင်။ အဝေးမှာနေတာတောင် အနံ့ကို တစ်ချက်တစ်ချက် ရနေသည်။

ထိုက်တန်မှာ ကြည့်ရင်း ကြည့်ရင်း စိတ်အတော်ပျက်လာကာ ဒီတစ်ညနေနဲ့တင် ဇာတ်လမ်းကို အဆုံးသတ်လိုက်တော့မည်ဟုပင် ဆုံးဖြတ်မိပါသည်။

"ကိုကို ... ကျွန်မကို ပိန်စေချင်လားဟင်"







www.burmeseclassic.com

www.burmeseclassic.com



"အင် ... ဟင် ... ဟင် ... ဘာလဲ တိုးတိုး၊ ဘာပြောလိုက်တာလဲ"

"ပိန်စေချင်လားလို့"

တိုးတိုးသည် မှန်ရှိတ်ခွက်ထဲက အကျန်ဖင်ကပ်ကို မရမက မော့သောက်နေရင်း ထပ်မေးပါသည်။

"တိုးတိုး သဘောပါ၊ ပိန်အောင်လုပ်ချင်ရင်လည်းလုပ်၊ မလုပ်ချင်ရင်လည်း နေပါ၊ ရပါတယ်"

"ကျွန်မ ပိန်ချင်ပါတယ်"

ဪ ... ဪ ... အဲဒီစိတ်ကူးတော့ ရှိသေးသကိုး။

"ဒါပေမဲ့ ... ကျွန်မ လျှော့မစားနိုင်ဘူး၊ ဒါကြောင့် သွားကစားလည်း ထင်သလောက် မပိန်ဘူးပေါ့။ ကစားရင် အစားပါလျှော့မှ ပိန်တာလေ"

"ဒါဖြင့်လည်း အလှလေး၊ ဘာလေးပြင်ပေါ့၊ တချို့လည်း ဝ,ပေမဲ့ မျက်နှာလေးလှပြီး ချစ်စရာကောင်းတာတွေ ရှိပါတယ်၊ မျက်နှာက ဝက်ခြံတွေပျောက်အောင် လုပ်ပြီးရင် မျက်နှာမပေါင်းတင်ပေါ့။ ရေလည်းမှန်မှန်ချိုး၊ ကြေးပါသေသေချာချာမွှန်း။ သနပ်ခါးကို ခြေဆုံးခေါင်းဆုံး အမြဲလိမ်း။ လိမ်းပါများရင် သနပ်ခါးကြောင့် အသားအရေဝင်းလာပြီး အသားလည်း ညိုပေမဲ့ လှလာတယ်လို့ ကြားဖူးတယ်"



"ဘာလဲ ... ကိုကိုက ဒီရုပ်ကြီးကို လာကြိုက်ပြီးမှ ဟိုဟာပြင် ဒီဟာပြင်နဲ့ ချုပ်ချယ်ချင်တာလားဟင်"

တိုးတိုးမှာ စိတ်ဆိုးသွားသလိုဖြင့် ဖန်ခွက်ကို ဆောင့်ချပြီး ပြောလိုက်သည်။ ထိုက်တန်ကတော့ ဖန်ခွက်မကွဲတာ ကံကောင်းဆိုပြီး ဘုရားတ,သွားပါသည်။ ကွဲရင်လျော်ရတာ ဘာမှ မဖြစ်ပေမယ့် ရှက်စရာ ကောင်းလို့တာမို့ မကွဲစေချင်တာပါ။

"တိုးတိုး စားပြီးရင် သွားရအောင်နော်"

ထိုက်တန်သည် ဆိုင်ထဲကလူတွေ ကွက်ကြည့် ကွက်ကြည့် လုပ်ကြ၊ ပြုံးစိစိလုပ်ကြတာတွေကို ရှက်လာသဖြင့် ပြန်ကြဖို့ တိုက်တွန်းလိုက်သည်။ ဖက်တီးဝတုတ် ရုပ်ဆိုးဆိုး မိန်းကလေးနဲ့တွဲသော သူ့ကို ဘယ်လိုများ ထင်ကြမည်မသိ။

"ကိုကို ကျွန်မကို ပြန်လိုက်ပို့နော်"

"ရပါတယ်၊ ပို့မှာပေါ့"

"ဪ ... နေဦး ... နေဦး၊ မပြန်ခင် ရုပ်ရှင်ကပ် ကော ဝင်ရအောင်"

"ဝင်လေ"

"ကိုကိုပေးတဲ့ ပန်းစည်းကို မကြိုက်ဘူး။ ကျွန်မကြိုက်တာ ကိုကို လက်ဆောင်လိုက်ဝယ်ပေး"

"ရတယ် ... ဝယ်ပါ၊ ဘာလိုချင်လို့လဲ"

"ဟီး ဟီး ... ဝယ်မှသိမယ်"

www.burmeseclassic.com

www.burmeseclassic.com



စူပါမားကပ်ထဲ ဝင်သွားသဖြင့် ထိုက်တန်လိုက်ဝင်ခဲ့ရပါသည်။ သေချာတယ်၊ ဒီနေ့နောက်ဆုံးပါပဲ။ နောက်နေ့ဆိုတာ ဘယ်တော့မှ မရှိတော့ဘူး တိုးတိုးရေ။ ဆက်ပြီးသည်းမခံနိုင်တော့ဘူး။ လူလည်းအကြည့်ခံရသေး။ ပြုံးစိစိလည်း အလုပ်ခံရသေး။ အဲဒီလို အဖြစ်ကို တစ်ညနေထက် ပိုသည်းမခံနိုင်ပါဘူး။ တိုးတိုးရယ်၊ တကယ်မချစ်ဘဲ အောင့်ကာနမ်းရမယ်ဆိုရင်တောင် မင်းလို ပုံဆိုးဆိုးနဲ့ တစ်ကိုယ်ရည်သန့်ရှင်းမှုနည်းတဲ့ မိန်းကလေးကိုတော့ မနမ်းနိုင်ပါဘူး။

"ချောကလက် ... ချောကလက် ... ချောကလက်ဝယ်မှဖြစ်မယ်"

"အင်း ... ဝယ် ... ဝယ် ... ဝယ်ပါ"

"ချောကလက်က ချစ်သူတွေချင်း လက်ဆောင်ပေးဖို့ အကောင်းဆုံးပဲလို့ ကျွန်မ သိလိုက်ကတည်းက ဝမ်းသာနေတာ။ ကျွန်မက ချောကလက် သိပ်ကြိုက်တယ်လေ၊ ဒေါက်တာညီနိုင်ကတော့ အချိုတွေသိပ်စားလွန်းလို့ ကျွန်မ သွားတွေ ပျက်စီးတာတဲ့ ... ဟီ ဟီ။ ပျက်စီးရင်လည်း ပျက်စီးပစေတော့ အစားတော့ မရှောင်နိုင်ပါဘူး"

တိုးတိုးသည် ချောကလက်တွေရောင်းသော အတန်းထဲ ဝင်သွားပြီး ချောကလက်ဘူး အကြီးကြီးကို ယူလိုက်ပါသည်။

"ကိုကိုက ဘယ်နှဘူးပေးမလဲ"





"တိုးတိုး စားချင်သလောက် ဝယ်ပါ"

"ဒါဖြင့် သုံးဘူးယူမယ်"

ချောကလက်ပုံမျိုးစုံ ပြထားသော ကတ်ထူစက္ကူဘူးလှလှများဖြင့် သေသေချာချာ ထည့်ထားသည့် နိုင်ငံခြားဖြစ်ချောကလက်ဘူးပြား (အမျိုးအစား တံဆိပ်မတူ)သုံးခုကို တိုးတိုးယူပါသည်။

"Cadbury Milk Tray တစ်ဘူးရယ်၊ Lindt ချောကလက်တစ်ဘူးရယ်၊ Nestle ချောကလက်တစ်ဘူးရယ်၊ ယူလိုက်ပြီနော်၊ ကဲ ... ကိုကို ဘာဝယ်ချင်သေးလဲ"

"မဝယ်တော့ပါဘူး။ ပြန်ရအောင်လေ၊ တိုးတိုးအိမ်ကကြာရင် စိတ်မပူဘူးလား"

"မပူပါဘူး"

"ဟာ ... မပူလို့ ဘယ်ဖြစ်မလဲ၊ မိန်းကလေးတစ်ယောက်တည်း သင်တန်းသွားတက်လို့ ပြန်ရောက်ချိန် မရောက်ရင်တော့ စိတ်ပူသင့်တာပေါ့"

"ဟင့်အင်း ... သူတို့သိတယ်၊ ကျွန်မ ကြာနေရင် ဒါ ... တစ်ခုခု ဝင်စားနေလို့ပဲဆိုတာ သိတယ်၊ မပူပါဘူး၊ ကျွန်မက ဘယ်မှလျှောက်သွားမဲ့လူမှ မဟုတ်တာ။ စားစရာတစ်ခုခု ဝင်စားနေလို့ ကြာတာပဲဆိုတာ သိကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်သည် သူ့မှာကားပါပေမဲ့ တိုးတိုးကိုယေ မသိစေချင်သဖြင့် တက္ကစီဖြင့်သာ လိုက်ပို့လိုက်ဖို့ ဆုံးဖြတ်ပါသည်။ တက္ကစီငှားပြီး အိမ်လိုက်ပို့သောအခါမှာ ထိုက်တန်သည် တိုးတိုး နား ကပ်မထိုင်ချင်သဖြင့် ရှေ့ခန်းမှာသာ ဝင်ထိုင်လိုက်သည်။ တိုးတိုးကတော့ ...

"ကိုကို ... ကျွန်မနဲ့ မထိုင်ဘူးလား"

လှမ်းမေးလျှင် တက္ကစီမောင်းသူပင် ပြုံးစိစိဖြစ်ပြီ တစ်ဖက်လှည့်နေသဖြင့် ထိုက်တန် တော်တော်ရှက်မိပါသည်။ ဒီပုံကြီးများ ရည်းစားတော်ရသလား ကိုယ့်လူရာ ဆိုသော တက္ကစီ မောင်းသူ ရွယ်တူယောကျ်ား၏အကြည့်ကို ရှက်ပြီး လဲတောင်သေ ချင်သည်။

ထိုနေ့ညနေက ကိုယ့်အိမ်ကိုယ် ပြန်လာသောအခါ ထိုက်တန် တစ်ယောက် အရင်ဆုံးဖုန်းဆက်မိသူမှာ ညီနိုင် ဖြစ် ပါသည်။

ကြုံကြုံဖန်ဖန် ရှာတွေ့ပြီး ဇာတ်လမ်းဆင်ပေးသော ညီနိုင့်ကိုလည်း ဒေါသဖြစ်သည်။ ညီနိုင် အကြံပေးတဲ့အတိုင်း ငပေါကြီးလိုပဲ လိုက်လုပ်မိသော သူ့ကိုယ်သူလည်း ဒေါသဖြစ် သည်။ အားလုံးကို ဒေါသဖြစ်ပြီး အလိုလိုနေရင်း မည်းမည်းမြင် ရာ ရမ်းချင်နေသည်။ ညီနိုင် ဖုန်းကိုင်သောအခါ အရင်ဆုံးပါးစ ထဲရှိသမျှ၊ တတ်သမျှ၊ မှတ်သမျှတွေဖြင့် ဆဲပစ်လိုက်ပြီး အား သလောက်ရှိမှ ...





"ဒီနေ့ တိုးတိုးနဲ့ ငါ ရည်းစားဖြစ်တယ်။ သေချာတယ်၊ မနက်ဖြန်ဆိုတာ မရှိဘူး၊ မနက်ဖြန်မှာ သူဟာ ငါ့ရည်း စားမဟုတ်တော့ဘူး၊ တစ်ရက်ပဲ၊ အဲ ... တစ်ညနေပဲ သည်းခံနိုင်မယ်ကွ။ ငါ့ဘက်က ပြီးပြီ၊ မင်းဘက်က ငါ့ကို ကူညီဖို့ တိုးတိုး အကြောင်း မျက်ခြည်ပြတ်မခံဘဲ စုံစမ်းပေးပေတော့၊ ဒါပဲ"

ဟု ဆက်တိုက် အသက်မရှူစတမ်း ပြောလိုက်ပါ သည်။

ညီနိုင်ကတော့ တဟားဟား ရယ်လို့ကောင်းနေခဲ့ သည်။


✻ ✻



www.burmeseclassic.com

www.burmeseclassic.com








## ၁၂

ဆိုင်ရှေ့ရပ်လာသော လှရိပ်ကြောင့် စာအုပ်တစ်အုပ် ... ငုံ့ဖတ်နေရာမှ ကိုးပွင့် ဖျတ်ခနဲ မော့ကြည့်လိုက်ပါသည်။ ...၍ ကြည့်နေသော မျက်နှာပြင်တစ်ခုက ကိုးပွင့်ကိုများစွာ ရင် ...သွားစေလေသည်။

“ဟင် ... ကိုထိုက်တန်”

“ကိုးပွင့် တစ်ယောက်တည်းပါလား၊ အမေရော”

“အမေ ဒီနေ့မနက်ပိုင်း မင်္ဂလာဆောင်ပွဲတစ်ခု သွားစရာရှိလို့ ကိုးပွင့်ပဲ မနက်ပိုင်း ဆိုင်ထိုင်လိုက်ရတယ်။ အမေက နေ့ခင်းမှ လာလိမ့်မယ်။ ကိုထိုက်တန် ... လာပါ၊ ဝင်ထိုင်လိုက်ပါ၊ နေရာရှိပါတယ်”

ကိုးပွင့်သည် ဆိုင်အစွန်းမှာ တင်ပါးလွှဲဝင်ထိုင် ...သော ထိုက်တန်နှင့် အနီးဆုံးနေရာမှာ ရွှေ့ပြီးလာထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



"အကျီချုပ်ဆိုင် လာတာပဲလား ကိုထိုက်တန်"

ဟု မေးလိုက်ပါသည်။

"ဒီတစ်ခါတော့ အကျီချုပ်ဆိုင်လာတာ မဟုတ်ပါဘူး။ ဒီဈေးရှေ့က ဖြတ်မောင်းသွားရင်း ကိုးပွင့်ကို သတိရသွားလို့ ဝင်လာတာပါ"

သူက ထိုသို့ တိုက်ရိုက်ပြောလိုက်လျှင် ကိုးပွင့်ရင်ထဲမှာ ကြည်နူးခြင်းနဲ့အတူ နွေးထွေးခြင်းကိုပါ ခံစားလိုက်ရလေသည်။

"ကိုထိုက်တန် ဆေးခန်းကို ပိတ်ထားခဲ့တာလား"

"ဒီမနက်စောစောမှာပဲ patient တစ်ယောက် သွားပုံလာယူတာကို ကြည့်ပေးခဲ့ပြီးပြီ။ နောက်တစ်ယောက် သွား,ဆေးထည့်ဖို့ လာမယ်ပြောထားပြီး မလာဘူး။ မနက်ပိုင်း အဲဒီနှစ်ယောက်ပဲ အပွိုင့်မင့်န်ရှိတာမှာ တစ်ယောက်က မလာတော့ ကျွန်တော် အားသွားတာပေါ့၊ ဒါနဲ့ မြို့ထဲဘက် စာအုပ်ဝယ်ဖို့ ထွက်လာခဲ့တာ၊ ညနေပိုင်း တစ်နာရီမှာတော့ အပွိုင့်မင့်န်တွေ ရှိပါတယ်"

"ဟိုရက်ကတောင် ကိုးပွင့်မောင်လေး အံဆုံး,စ,ထွက်တာနာလို့ အော်နေရတယ်၊ ကိုးပွင့်က ကိုထိုက်တန်ဆီ သွားပြခိုင်းတာ မသွားဘူး၊ သူ့ဘာသာ ကျိတ်ခံနေတယ်"





"အံဆုံးထွက်တာက ခံနိုင်ရည်ရှိရင်လည်း ဆရာဝန်ဆီလာပြစရာတော့ သိပ်မရှိပါဘူး။ သူ့ဘာသာ သက်သာသွားတတ်ပါတယ်၊ များသောအားဖြင့် ယောကျ်ားလေးတွေကတော့ နာတာကို ခံနိုင်ရည်ရှိတော့ ဆရာဝန်ဆီ မလာကြဘူး"

"ကိုထိုက်တန်ဆီကို အံဆုံးထွက်တာလောက်နဲ့ လာပြတာရှိကြလား"

"ရှိတာပေါ့၊ တချို့ဆို သွားဟာ ဖောက်မထွက်နိုင်ဘဲ သွားဖုံးတွေနာပြီး ယောင်တာတွေ ဘာတွေ ဖြစ်လာရင်တော့ လာပြရတာပေါ့။ အဲဒီကျ သွားဖုံးကို ခွဲပေးပြီး သွားကို ထွက်လာနိုင်အောင် လုပ်ပေးရတယ်"

တကယ်တော့ ကိုးပွင့် မေးချင်တာက ဒါမျိုးတွေ မဟုတ်။ ကိုထိုက်တန် အကြောင်း ဒီသတင်းတွေ ဒီလိုတော့ကြားထားတယ်။ Blog (ဘလော့(ဂ်))မှာ ရေးသားတာတွေ တွေ့တယ်။ အဲဒါ ဘာတွေလဲ။ တကယ်ပြောနေကြတာလား။ သူတို့ပြောရလောက်အောင် ကိုထိုက်တန်က တော်တော်ရည်းစားများထားသလား။ ဘာကြောင့် အဲဒီလို ရည်းစားတွေ အများကြီးလျှောက်ပြီး ထားရလဲ စသဖြင့် ရင်ထဲမှာ မကျေမလည် ဖြစ်နေတာတွေ မေးပစ်လိုက်ချင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကိုထိုက်တန်ကို ပြောရဦးမယ်၊ ကိုးပွင့်နဲ့ သူငယ်ချင်းတစ်ယောက် စုပြီး အင်္ကျီဆိုင် ဖွင့်မှာလေ၊ အဲဒါ ဖွင့်ဖြစ်တယ် သိလား။ အခု အသစ်ဖွင့်တဲ့ (......) ဈေးပင်းမောလ်မှာ ဆိုင်ခန်းတစ်ခန်းငှားပြီး ပြင်ဆင်နေပြီ။ နောက်လထဲမှာ ဖွင့်တော့မယ်၊ ဒါကြောင့် နောက်ဆို ဒီဆိုင်ကို အမေနဲ့ သူ့တူမဝမ်းကွဲပဲ လာဖွင့်ကြလိမ့်မယ်၊ ကိုးပွင့်ကတော့ အင်္ကျီဆိုင်ကို နေ့တိုင်း ဦးစီးဖို့သွားရမယ်"

"ဟုတ်လား ... ဒါဆို ကိုးပွင့် ပျော်သွားပြီပေါ့၊ လိုအင်ဆန္ဒပြည့်သွားပြီပေါ့၊ ဟုတ်လား"

"ကိုထိုက်တန် လာခဲ့ပေါ့၊ အင်္ကျီဝယ်ပေးစရာ ကောင်မလေးတွေရှိရင်လေ၊ ခေါ်လာခဲ့လို့ရအောင် မှာထားတာ"

"ဟာ ... မရှိပါဘူး"

ရှင် ညာတာပါ ကိုထိုက်တန်ရယ်။ ဘာကြောင့် ညာရသလဲ၊ ကောင်မလေးတွေ အများကြးနဲ့ ရှုပ်ခဲ့လို့ ဒီလိုမဟုတ်မမှန်တာတွေ အပြောခံရတာပါ။ ရည်းစားများခဲ့လို့ ကိုထိုက်တန်နဲ့ ကွဲခဲ့ရတဲ့ထဲက တစ်ယောက်က မကျေမနပ်ဖြစ်ပြီး မဖြစ်နိုင်တဲ့အကြောင်းအရာကြီးကို ဘလော့(ဂ်)ပေါ်တင်ပြီးရေးတာ ခံရတာပါ။ ကိုးပွင့် ရှင့်ကို မုန်းလည်းမုန်းချင်တယ်၊ ဒါပေမဲ့ မုန်းလို့လည်း မရဘူး။ တကယ်ပါ မုန်းပစ်လိုက်ချင်နေတာပါ။





"ကိုးပွင့် ဆိုင်က နောက်လမှာ ဖွင့်မှာပေမဲ့ ဆိုင်ရဲ့ကတ်ကတော့ ရပြီးနေပြီ။ ဒီမှာပါ။ ကိုထိုက်တန်ကို ပေးထားမယ်နော်"

ထိုက်တန် ကတ်ဒ်ကိုယူပြီးလျှင် ဆိုင်အစွန်းမှ အနည်းငယ် ထလိုက်ပြီး ...

"ကျွန်တော်လည်း အလုပ်တွေရှိလို့ ပြန်လိုက်ဦးမယ် ကိုးပွင့်။ အန်တီ့ကို နှုတ်ဆက်ပါတယ်လို့ ပြောလိုက်ပါနော်"

ဟု နှုတ်ဆက်စကား ဆိုပါသည်။

"ဟယ် ... ပြန်တော့မှာလား ခဏလေးပဲ"

"နောက်မှအကြာကြီး တွေ့ကြတာပေါ့၊ ကိုးပွင့် ဆိုင်ဖွင့်မှလာခဲ့မယ်၊ အဲဒီကျမှ အတူတူ မုန့်သွားစားကြတာပေါ့"

သူ့ရဲ့မျက်လုံးတွေထဲက အဓိပ္ပာယ်ကို ကိုးပွင့် သိပြီးနေပေမယ့် အပြည့်အဝ မပျော်ပါ။ သူ ကိုးပွင့်ကို တကယ်ချစ်တာမို့လို့လား။ ရည်းစားများတတ်သူပီပီ ရည်းစားတစ်ယောက်ကောက်ထားလိုက်ချင်လို့ပဲလား။

"သြော် ... မသွားခင် ဝန်ခံစရာရှိတာ ဝန်ခံခဲ့ဦးမယ်၊ ကိုးပွင့်ကိုတော့ မညာချင်ဘူး"

ကိုးပွင့် ရင်ထဲမှာ အသံတွေ ဆူညံသွားပါသည်။

"ကျွန်တော် ခုနက ကိုးပွင့်ပြောတော့ ကောင်မလေးမရှိပါဘူးလို့ ညာပြီးငြင်းခဲ့မိသလို ဖြစ်သွားလို့ပါ။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီစကားက လိမ်ညာစကားပါ။ ကျွန်တော် ကောင်မလေးတွေ အများကြီးနဲ့ ရည်းစားဖြစ်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ ဘယ်ကောင်မလေးမှ ကျွန်တော့်နားမှာ မရှိတော့ဘူး။ တမင်ပဲ အားလုံးကို အဆက်ဖြတ်ပစ်လိုက်တာပါ၊ ဘာကြောင့်လဲဆိုတော့၊ အင်း ... အဲဒါ နောက်မှပဲ ပြောပြတော့မယ်နော်။ ခုတော့ ကျွန်တော် သွားလိုက်ပါဦးမယ်"

ထိုက်တန် ပြောပြောဆိုဆိုပဲ ချက်ချင်း နှုတ်ဆက်ပြီး ထွက်သွားလျှင် ကိုးပွင့်မှာ ရင်ထဲမှာ ကြည်နူးရတာတွေရော ကြေကွဲနေမိတာတွေရော ရောပြွမ်းရှုပ်ထွေးလျက် ကျန်ခဲ့ရပါသည်။

ဒီဘက်မှာလည်း ထိုက်တန်မှာ ကိုးပွင့်ကိုတွေ့ချင်လွန်းလို့သာ လာရသည်။ တိုးတိုးကို စောင့်ကြည့်နေရဆဲ ဖြစ်တာမို့ ကိုးပွင့်ကိုချစ်ကြောင်း အတိအလင်း မပြောသရဲသေးသလို ဖြစ်နေသည်။

"တိုးတိုးကို ငါ စောင့်ကြည့်ပေးနေတယ်၊ ခုထိတော့ ဘယ်ကောင်မှ သူ့နားကပ်လာတာ မတွေ့သေးဘူး"

ဟူသော ညီနိုင့် စကားကြောင့် အနည်းငယ်တော့ အားတက်သွားရသည်။

"သူ့ပုံစံက ဘယ်လိုဖြစ်နေလဲ"

ထိုက်တန် သိချင်ပြီးမေးတော့ ...





"ဘာ ... ဘယ်လိုဖြစ်နေလဲလို့ မေးတာလဲ"

"ငါ သူ့အနား တစ်ညနေပဲ ရောက်လာပြီး ပျောက်သွားတော့ နောက်နေ့ကျ ရုက်ကြည့်တာတွေ ဘာတွေ ဖြစ်နေလားလို့ပါ"

"မရှာပါဘူးကွာ။ သူ့ပုံစံက မေ့တောင် မေ့နေသလိုမဲ့၊ ဘာလဲ ... မင်းက ဘာပူပေးနေရတာလဲ"

"ဩော် ... သနားလို့ပါကွာ၊ သူ့ဘာသာ အေးအေးဆေးဆေး နေနေတဲ့ ကောင်မလေးကို သွားဒုက္ခပေးမိသလို ဖြစ်နေလားလို့ပါ"

"သနားစရာတောင် မလိုပါဘူးကွာ။ သဘောပြောရရင် သူ့ဘဝမှာ ရည်းစားတစ်ခါမှ မထားဖူးဘူးတော့ မင်းက ကူညီတဲ့အနေနဲ့ ရည်းစားအဖြစ် ခဏ ဟန်ဆောင်ပေးတဲ့ သဘောပဲလေ၊ သူလည်း မင်းနဲ့ တစ်ညနေ ဆိုင်ထိုင်လိုက်ရတော့ သူစားချင်တာလည်း စားလိုက်ရတယ်၊ မင်းဝယ်ပေးလိုက်ရတဲ့ ချောကလက်တွေလည်း တန်ဖိုးမနည်းဘူးဆို"

"ဟား ... ဟား။ ဟုတ်တယ် ချောကလက်ဖိုးတင် နှစ်သောင်းကျော်လောက် ထိသွားတယ်ကွ"

"ခဏပေါ့ စောင့်ကြည့်လိုက်ဦးကွာ၊ တစ်လလောက်ဖြစ်ဖြစ်ပေါ့၊ သူ့လိုပုံအနေနဲ့ကတော့ မင်းနဲ့ပြတ်ပြီး တစ်တော်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပတ်အတွင်း ရည်းစားရဖို့ဆိုတာ သိပ်မလွယ်တော့ ကိုယ့်ဘက်က လိုရမယ်ရ တစ်လလောက် စောင့်ကြည့်လိုက်ပါ။ အဲဒီ တစ်လကျော်လို့မှ သူ ရည်းစားမရရင် မင်း ကိုးပွင့်ကို ဖွင့်ပြောလို့ရပါပြီ"

ထိုသို့ ညီနိုင်နဲ့ ဆွေးနွေးတိုင်ပင်ထားမိသည်ဖြစ်ရာ ကိုးပွင့်ကို ချစ်ပေမဲ့ ချစ်ကြောင်းလည်း အတိအလင်း မပြောရဲ။ အမူအရာလည်း မပြရဲသေး ဖြစ်နေပါသည်။

တိုးတိုးကိုတော့ ညီနိုင် အားရင် ညီနိုင်လည်း စောင့်ကြည့်သလို ထိုက်တန်လည်း တချို့ရက်တွေကျ ရှုပ်ပျက်ပြီး (ဥပမာ ... နှုတ်ခမ်းမွေးတုတပ်ပြီး မျက်မှန်တပ်တာမျိုး၊ ကက်(ပ်)ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းတာမျိုး) စောင့်ကြည့်ရပါသည်။

တိုးတိုးကတော့ အံ့သြစရာ ကောင်းလှစွာပင် ထိုက်တန်သည် သူမအနား ဖျတ်ခနဲ ရောက်လာပြီး ပျောက်သွားတာကိုလည်း သတိမရ။ ဘာကိုမှ ဂရုမစိုက်။ သင်တန်းကဆင်းလာလိုက် စားစရာတစ်ခုခုကို ဝင်စားလိုက်။ အိပုံအိပုံဖြင့် ဘတ်စ်ကားတိုးတက်ပြီး အိမ်ပြန်သွားလိုက်။ ဒီလောက်ဝတဲ့ ခန္ဓာကိုယ်ကြီးနဲ့ ဘတ်စ်ကားကို ဘယ်လိုများ တိုးတက်သည်မသိ။ ပြီးတော့ ဝ,သာဝ,တယ်။ ဘတ်စ်ကားတိုးပြီး တက်တဲ့အခါမှာတော့ အင်မတန်မှ မြန်ဆန်လှကာ ရအောင်တက်သွားနိုင်တာ တွေ့ရသည်။





ယောက်ျားလေးတွေကတော့ တိုးတိုးကို စိတ်ဝင်စားကြဖို့ နေနေသာသာ မြင်လိုက်တဲ့သူတိုင်း ရယ်စရာကြီးလိုလို၊ freak (ဖရိ(ခ်))ကြီးလိုလို၊ လှောင်စရာကြီးလိုလို စနောက်တတ်ကြတာကလွဲရင် ဘယ်သူမှ သဘောတကျ ချဉ်းကပ်တာမရှိကြ။

"ဟား ဟား ... သူ့အဒေါ်ကတော့ သူ့တူမပြောတာ အဟုတ်ကြီး ထင်ပြီးတော့ကွာ ငါ့ကို ကြွားလုံးလာထုတ်နေတယ်၊ သူ့တူမ ရည်းစားတစ်ယောက် ရသွားပြီတဲ့၊ ငါက ဘယ်ကလဲ မေးတော့ ဖြေတာတစ်လွဲချည်းပဲ၊ သဘော်သားတဲ့၊ တစ်လ ဒေါ်လာဘယ်နှထောင်ရတယ်တဲ့၊ လျှောက်ပြောတယ်၊ အဲဒီကောင်လေးက ရည်းစားစဖြစ်ဖြစ်ချင်းနေ့ပဲ ချောကလက်တွေ နှစ်သောင်းကျော်ဖိုး ဝယ်ပြီး ပိုးကြေးပန်းကြေး ပေးတယ်တဲ့၊ လျှောက်ကြွားတယ်ကွာ။ မင်း အဲဒီလိုများ ကိုယ့်ကိုယ်ကိုယ် သဘော်သား ပြောခဲ့လား"

တစ်ရက်မှာ ညီနိုင် ဒီသတင်းကို သယ်လာပြီး ရယ်မောနေတော့ ...

"ငါ ကိုယ့်ကိုယ်ကိုယ် သဘော်သားလို့ မပြောမိပါဘူး၊ သွားအတုတွေလုပ်တဲ့လုပ်ငန်း ထောင်ထားတယ်ပဲ ပြောတာပါကွာ၊ မင်းဟာက ဟုတ်ရောဟုတ်ရဲ့လား၊ တခြားတစ်ကောင်များ ရှာတွေ့သွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ချောကလက် နှစ်သောင်းကျော်ဖိုး ဝယ်ပေးတာ မင်းပဲလေ"

"ဒါဖြင့် ဘာလို့သဘော်သား ပြောလဲ၊ ငါမှသဘော်သားမဟုတ်တာ၊ သူ ဘာတွေအကြားမှားလို့လဲ"

"ငါကတော့ တိုးတိုး သူ့ဘာသာ စိတ်ကူးယဉ်ပြီး လျှောက်ပြောတာလို့ ထင်တယ်။ မင်းက သွားအတုလုပ်ငန်းလုပ်တယ်ဆိုတော့ သူ့အဒေါ်တွေကို ပြန်ကြွားရတာ မျက်နှာပန်းမလှလို့ သဘော်သားလို့ ပြောတာထင်တယ်"

"ငါ့ကိုယ်ငါ သွားဆရာဝန်လို့ မပြောချင်ဘူးကွာ၊ အလုပ်အကိုင်နဲ့ တွဲသိရင် မကောင်းပါဘူး။ ငါ သူ့ကိုအတည်တွဲရင်တော့ တစ်မျိုးပေါ့။ အခုတော့ ကလေးကလားနဲ့ သွားစ,သလိုလို လုပ်ရတော့ အမှန်ပြောရင် မကောင်းဘူးထင်လို့ပါ"

"သူ့အဒေါ်တွေကတော့ သူ့တူမ စွံလှပြီထင်နေတာ မောင်ရင် ... ဟား ဟား။ သနားလည်း သနားပါတယ်ကွာ။ တစ်မျိုးလုံး တစ်ခွေလုံးက အဝတွေချည်းပဲ။ မျိုးရိုးလိုက်ပြီး ဝတာလည်း ပါသလို အစားအသောက် မဆင်ခြင်တာလည်းပါတယ်"

တစ်နေ့ ... တစ်နေ့ ညီနိုင်နဲ့ ထိုက်တန်တို့အလုပ်မှာ တစ်ယောက်နဲ့ တစ်ယောက် ဖုန်းဖြင့်ဆက်သွယ်ပြီး တိုးတိုး





သတင်းကို ပေးကြ၊ ဆွေးနွေးကြ။ အလုပ်အားသောရက်မှာတော့ နှစ်ယောက်ဆုံပြီး စကားပြော။ ဒီလိုနဲ့ပဲ ထိုက်တန် တစ်ယောက် ကိုးပွင့်ကို ခဏ အဆက်အသွယ် ကြိုးစားဖြတ်ပြီး မေ့ထားရပါသည်။

တစ်လလုံးလုံး တိုးတိုးကို စောင့်ကြည့်ပြီးသောအခါ တိုးတိုး အခြေအနေမှာ ဒီပုံကလွဲပြီး ပိုလည်းမပြောင်းလဲသွား။ ဒီအတိုင်းပဲ သင်တန်းလာတက်လိုက် တစ်ယောက်တည်း စားချင်တာတွေ ဝင်စားပြီး ပြန်သွားလိုက်သာ ကုန်ဆုံးရသောအခါ ...

"သေချာတယ် ထိုက်တန်။ မင်းအပေါ် ထင်ယောင်ထင်မှား ဖြစ်နေတဲ့ ကျိန်စာလိုလို ဘာလိုလိုဟာ တကယ်တော့ မမှန်ပါဘူး။ လူတိုင်းအတွက် မမှန်ပါဘူးဆိုတာ သေချာသွားပြီ သူငယ်ချင်း။ စိတ်ချလက်ချသာ ကိုးပွင့်ကိုဖွင့်ပြောတော့၊ မင်း သူ့ကို အလွတ်မပေးဘဲ တစ်ခါတည်းသာ လက်ထပ်ဖို့ပါ ပြောတော့"

ဟု ညီနိုင်ကပဲ ဆရာကြီးလုပ်ပြီး ထိုက်တန်ကို အခါတော်ပေးတော့လေသည်။

ထိုက်တန်လည်း တစ်သက်လုံး သူပဲ ညီနိုင့်ကို ဆရာလုပ်ကာ အနိုင်ယူလာခဲ့သမျှ အခုကျမှ သူကချည်း တပည့်ပြန်ဖြစ်ပြီး ညီနိုင် ညွှန်ကြားတဲ့အတိုင်း လိုက်နာနေရသဖြင့် မကျေမချမ်း ဖြစ်ရင်းကပဲ ညီနိုင့်ကို ကျေးဇူးတော့ တင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ပဲ ဒီလိုပေါက်ပေါက်ရှာရှာ အကြံကိုရပြီး စမ်းသပ်နိုင်တာလေ။

ထိုက်တန် ဘာသာဆို တွေတွေဝေဝေ၊ ချီတုံချတုံနဲ့ပဲ ကိုးပွင့်ကို ဒီတိုင်း အလှထိုင်ကြည့် မျိုသိပ်နေဖို့သာ စဉ်းစားနေတော့မှာ။

* * *



## ၁၃

Divine (ဒီဗိုင်း)အမည် ဆိုင်းဘုတ်တပ်ထားသော အင်္ကျီဆိုင်ရှေ့ရောက်လျှင် ထိုက်တန်၏ရင်တွေ အဆမတန်ခုန်သွားသည်။ ကောင်မလေးများစွာကို ရည်းစားစကားလည်း ပြောခဲ့ဖူးတယ်။ ချစ်တယ်ဆိုတဲ့ စကားကို အကြိမ်ကြိမ်လည်း ပြောခဲ့ဖူးတယ်။ ကောင်မလေးတစ်ယောက်ကို ဘယ်လိုပိုးပန်းရသလဲဆိုတာကိုလဲ သေသေချာချာ တတ်ကျွမ်းထားတယ်။ သို့သော်ဒီတစ်ကြိမ်မှာတော့ အရင့်အရင်တွေကနဲ့ မတူစွာ ရင်ခုန်ပြီး ဘာကြောင့်စိုးရိမ်မှန်းမသိ စိုးရိမ်နေမိသည်။

မျက်နှာအမူအရာကိုလည်း ဘယ်လိုထားရမှန်းမသိဖြစ်နေသည်။ တမင် တကူးတကကြီး ဒီဆိုင်ကို ရောက်လာတယ်ဆိုတာကကျတော့ ထိုက်တန် ရင်ထဲက တစ်စုံတစ်ရာကို သိသာနေပြီမို့ ကိုးပွင့်ကို ဘယ်လိုရင်ဆိုင်ရင် ကောင်းမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ မိန်းကလေးဝတ် အင်္ကျီဆိုင်မို့ ဆိုင်ထဲရှိသူ အများစုမှာ မိန်းကလေးတွေချည်း ဖြစ်နေသည်။ စဖွင့်ခါစမို့ထင် သည်။ ဝင်လေ့လာသူတွေရော၊ တကယ်ဝင်ဝယ်သူတွေရော များ ပြားနေကာ ထိုက်တန်မှာ မိန်းကလေးတွေကြားထဲ မျက်နှာပြောင် ပြောင်ဖြင့် ကျော်ဖြတ်ပြီး ဆိုင်အတွင်းဘက်ရောက်အောင် တိုးဝင် လာရပါသည်။

"ဟဲလို ... Divine ဖက်ရှင်ကပါရှင်"

ကိုးပွင့်ကို ထိုက်တန် မြင်လိုက်ချိန်မှာ ကိုးပွင့်က ထိုက်တန်ကို မမြင်သေး။ ဆိုင်ဖုန်း မြည်လာသဖြင့် ဖုန်းလက်ခံ ပြောနေသံ ကြားရသည်။ ဒါနဲ့ ထိုက်တန်လည်း အသံမပေးသေး ပဲ ခဏရပ်စောင့်နေလိုက်ပါသည်။

"အစ်ကိုကြီး ဘာရှာပါသလဲရှင်"

အရောင်းဝန်ထမ်း မိန်းကလေးတစ်ဦးက ထိုက်တန် ရပ်နေတာ မြင်သဖြင့် လာမေးပါသည်။

"ဩော် ... ဘာမှမရှာပါဘူး၊ နှင်းဆီကိုးပွင့်ရဲ့ မိတ်ဆွေပါ။ သူ ဟိုထောင့်မှာ ဖုန်းပြောနေတာတွေ့လို့ ခဏရပ်စောင့် နေတာပါ"

"ဩော် ... ဟုတ်ကဲ့ပါ၊ စိတ်မရှိပါနဲ့နော်။ သမီးတို့က အရောင်းဝန်ထမ်းဝတ္တရားအရ မေးတာပါ"





ထိုမိန်းကလေး အနားက ပြန်ထွက်သွားချိန်မှာပဲ ကိုးပွင့်လည်း ဖုန်းပြောပြီး၍ ဒီဘက်ပြန်အလှည့်မို့ သူမဆီ ငေး ကြည့်နေသော ထိုက်တန်၏ မျက်ဝန်းအစုံဖြင့် တည့်တည့်ဆုံသွား ပါသည်။ ကိုးပွင့်မျက်နှာမှာ ဝမ်းသာကြည်နူးခြင်းရိပ်တွေ ပြည့်လျှံ ခင်းလက်သွားပါသည်။

"ကိုထိုက်တန် တကယ်ရောက်လာတယ်"

ဟု ထိုက်တန်နား ရောက်ရောက်ချင်း ပြောလိုက်သံမှာ ထိုက်တန်ကို ခွန်အားတွေ အများကြီးဖြစ်စေလေသည်။

"တကယ်ရောက်လာတာပေါ့။ လာမယ် ကတိပေးထား တာပဲ"

"ဆိုင်ဖွင့်တာ သုံးပတ်တောင် ရှိပြီလေ"

"မလာတော့ဘူး ထင်ထားလို့လား"

"အဲဒီလို မထင်ပါဘူး။ ဟို .. ဘယ်လိုပြောမလဲ၊ ကိုထိုက် တန် ကောင်မလေးအတွက် ဝယ်ပေးစရာမရှိဘဲနဲ့တော့ လာချင်မယ် မထင်ဘူးလို့"

"ဟိုတစ်ခေါက်တည်းက ပြောထားပြီးသားလေ၊ ကောင်မ လေးတွေကို အနားမှာတွဲဖို့ မထားတော့ဘူး၊ ရည်းစားတွေ အပျော်လျှောက်မထားတော့ဘူး။ တစ်ယောက်တည်းကိုပဲ သတ်သတ်မှတ်မှတ်ချစ်ပြီး လက်ထပ်တော့မယ်လို့ ပြောခဲ့ တယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုးပွင့် ဇဝေဇဝါဖြင့် ...

"အင်း ... ပြောတော့ ပြောတယ်၊ ဒါပေမဲ့ အဲဒီလိုမျိုး လက်ထပ်တော့မယ်ဆိုတာ မပါဘူး"

"တကယ်ပြောတာ၊ သိပ်ချစ်ရတဲ့ မိန်းကလေးတစ်ယောက် တွေ့ထားပြီလေ၊ သူ့ကို လက်ထပ်တော့မဲ့အကြောင်းပြော ပြချင်လို့ပါ"

ကိုးပွင့်သည် ရင်ထဲမှာ ငိုပဲငိုရမလို ဖြစ်သွားပါသည်။ သူ ကောင်မလေးတစ်ယောက်နဲ့ လက်ထပ်တော့မှာမို့ ငါ့များလာ ဖိတ်သလား။

"ကိုးပွင့်နဲ့ မုန့်အတူတူ သွားစားမယ်လို့ ပြောထားတယ် နော်၊ အခု အားလား၊ ဒီထဲမှာရှိတဲ့ food court (ဖုဒ်ကုတ်(ထ်))မှာပဲ သွားထိုင်ရအောင်လား"

"ခဏလေးနော်၊ ကိုးပွင့် သူငယ်ချင်းကို သွားပြောလိုက် ဦးမယ်"

ကိုးပွင့်တို့ကို လဲ့လဲ့က လှမ်းကြည့်နေပြီးသားမို့ ကိုးပွင့်လည်း လဲ့လဲ့ကို ...

"လဲ့လဲ့ရေ ... ကိုးပွင့် ခဏသွားမယ်နော်"

ဟု လှမ်းအသိပေးလိုက်သည်။ လဲ့လဲ့ ပြုံးစိစိလေ လုပ်ရင်း ခေါင်းညိတ်ပြလျက် ...





"စိတ်ချသွား၊ အန်တီ့ဖုန်းဆက်လာရင်တော့ အမှန်အတိုင်း ပြောလိုက်မယ်နော်။ ကိုးပွင့် လူတစ်ယောက်နဲ့ ပါသွားတယ် လို့"

ကိုးပွင့် မျက်နှာနီနီဖြင့် ရှက်ပြုံး ပြုံးရင်း လဲ့လဲ့ကို ခေါင်းညိတ်ပြလိုက်ကာ ဆိုင်ထဲမှ အရင်ထွက်သွားနှင့်သော ထိုက်တန် နောက် လိုက်သွားခဲ့ပါသည်။

"ဒီနေ့ရော patient သိပ်မရှိလို့ ထွက်လာတာပဲလား ကိုထိုက်တန်"

"မဟုတ်ဘူး၊ ကျွန်တော် ဒီတစ်ပတ်လုံး ခဏပိတ်ထား တယ်"

"ဩော် ..."

"ဘွဲ့လွန်ဝင်ခွင့်စာမေးပွဲကလည်း ဒီအပတ်ထဲမှာ ဖြေရမှာ လေးရက်လောက်ပဲ လိုတော့တယ်၊ ဒါကြောင့် စာပိုကျက် ချင်တာနဲ့ ခဏ ပိတ်ထားလိုက်တာပါ။ သွားဆေးကုနေကျ patient တွေလည်း နောက်တစ်ပတ်မှလာဖို့ ချိန်းထားလိုက် တယ်လေ"

"ကိုထိုက်တန် ဆေးခန်းက လူနာစာရင်းမှတ်ပေးတဲ့ ကောင် လေးနာမည်က မင်းသားလား"

ကိုးပွင့် မှတ်မိနေသဖြင့် ထိုက်တန် ပြုံးချင်သွားသည်။ ကောင့်နာမည်ဟာ ဘယ်လောက်ဆန်းနေသလဲဆို ကိုးပွင့်တင်



www.burmeseclassic.com

www.burmeseclassic.com



မကဘူး။ အရင်ကောင်မလေးတွေတုန်းကလည်း မင်းသာ
အကြောင်း တစ်ခါတော့ အမေးခံရတတ်ပါသည်။

"ဟုတ်တယ် ... သူ့နာမည်ရင်းပဲ။ ဟား ဟား ဟား
ဒီကောင့်နာမည်က တော်တော်ပေါ်ပြူလာဖြစ်တာပဲ၊ ဆေး
ခန်းလာတဲ့သူတိုင်း အမေးခံရတယ်"

အစားအသောက် အရောင်းခန်းမသည် ရှော့ပင်
မောလ်၏ အောက်ဆုံးထပ်မှာဖြစ်ရာ ထိုက်တန်နဲ့ ကိုးပွင့်တို့
စက်လှေကားမှ အတူဆင်းလာခဲ့ကြသည်။ ကိုးပွင့်က ဒီနေ့တော့
ပခုံးပေါ်မှာ တင်ရုံလေးပါသော လက်ဖောင်းဖောင်း ဂါဝန်ရှည်
လေးကို ဝတ်ထားပါသည်။ အင်္ကျီအသားမှာ ပိတ်ဖောက်စာအသား
မျိုးဖြစ်ကာ မွမွကြေကြေလေးဖြစ်ပြီး အေးပြီးပေါ့ပါးပါသည်။
ခါးစည်းကြိုးလေးကို နောက်မှာ ဖဲပြားပွင့်ပြန်စည်းဝတ်ထားသော
ကိုးပွင့်ပုံလေးက ဆယ်ကျော်သက်ကလေးမလေး တစ်ယောက်လို
ဖြစ်နေပါသည်။

ထိုက်တန်သည် ကိုးပွင့်ရဲ့ ချစ်စရာကောင်းသော
အသွင်လေးကို ချစ်မြတ်နိုးစွာပင် တကြည့်ကြည့် ဖြစ်လာပါသည်။
ကိုးပွင့်ကလည်း ထိုက်တန် သူမကို ကြည့်ကြည့်နေမှန်း ရိပ်မိလာ
လျှင် သူပြောပြမဲ့ တကယ်ချစ်ပြီး လက်ထပ်မဲ့သူဆိုတာ
ကိုးပွင့်ကိုများလားလို့ နည်းနည်းတွေးမိစ, ပြုလာသလိုဖြစ်ရှက်
ပြုံးလေး ပြုံးလို့သာ မသိချင်ယောင် ဆောင်နေရပါသည်။





"ကိုးပွင့် ဘာစားမလဲ"

"ကိုးပွင့် မဆာပါဘူး ကိုထိုက်တန်။ တကယ်ပြောတာ၊
ခုနလေးတင် လဲ့လဲ့နဲ့ လက်ဖက်တွေ ထိုင်စားထားတော့
ရင်ပြည့်နေပြီ၊ အအေးပဲ သောက်တော့မယ်၊ သခွားသီး
မှည့်ဖျော်ရည် မှာလိုက်ပါနော်"

"ကိုးပွင့်က သစ်သီးဖျော်ရည်ဆိုတော့ ကျွန်တော်လည်း
သစ်သီးဖျော်ရည်ပဲ သောက်တော့မယ်"

ထိုက်တန်သည် ကိုးပွင့်နဲ့အတူတူ သခွားသီးမှည့်
ဖျော်ရည်ကိုသာ မှာလိုက်ပါသည်။ အစားအသောက် အရောင်း
ခန်းမကြီးကတော့ ကြော်သံလှော်သံ စကားပြောသံ ရယ်မောသံ
တွေနဲ့ ဆူညံနေသည်။

"ကျွန်တော် ကိုးပွင့်ကို ဝန်ခံစရာတွေလည်း ရှိတယ်၊
ပြောပြချင်တာတွေလည်း ရှိတယ်၊ အများကြီးပါပဲ၊ ဘယ်
ကစ,ပြောရမှန်းတောင် မသိတော့ဘူး"

ကိုးပွင့် အသာအယာလေးပြုံးကာ သခွားသီး
ဖျော်ရည်တို့ကို ပိုက်တံမှတစ်ဆင့် ထစ်ငုံသောက်လိုက်ပါသည်။
ရေခဲတွေ များများထည့်ထားပြီး တော်တော့်ကို အေးလှသဖြင့်
ခေတ်တရက် မျိုချလိုက်သောအခါ ခေါင်းတွေပင် အုံခဲထိုးကိုက်
သွားသလို ခံစားရပါသည်။ ကိုးပွင့် မျက်နှာရှုံ့မဲ့သွားသဖြင့်
ထိုက်တန် သတိပြုမိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုးပွင့် ဘာဖြစ်သွားလို့လဲ"

"အအေးကို တစ်ချက်တည်း သောက်ချလိုက်တာလေ ခေါင်းထဲ တိုက်ရိုက်ထိသလို ဖြစ်သွားပြီး ခေါင်းကိုက်သွားတယ်"

"ဟာ ... အဲဒီလို မသောက်နဲ့လေ၊ ဦးနှောက်သွေးကြော ပြတ်တတ်တယ်တဲ့"

"ဘယ်သူတွေ ပြောတာလဲ"

"ဒီလိုပဲ ကြားဖူးတာပါ"

"ကိုထိုက်တန်က ဒေါက်တာပဲ မသိဘူးလား"

"ဒေါက်တာ မဟုတ်ဘူး၊ dentist (ဒန်းတစ်(စ))ပါ။ သွားကုတဲ့ ဆရာဝန်ပါ။ လူကုတာလောက်တော့ ဘယ်စုံစုံ စေ့စေ့ သိမလဲ ကိုးပွင့်ရဲ့"

"ဒါဖြင့် သွားနဲ့ပတ်သက်တာပဲ မေးမယ်၊ သိပ်ပူတာတွေ သိပ်အေးတာတွေစားရင် သွားပျက်စီးတတ်လားဟင်"

"ဘယ်အရာမဆို သင့်တင့်မျှတတဲ့ အနေအထားမှာ ရှိတာပဲ ကောင်းတာပေါ့။ သိပ်ပူလွန်း အေးလွန်းတာတွေ စားရင်တော့ သွားပျက်စီးမှာပဲပေါ့"

"ကိုးပွင့်က အအေးသိပ်ကြိုက်တယ်၊ ရေခဲတုံးဆို ဝါးစားတတ်တယ်"





"ဟင်း ... အဲဒီလို ကြပ်ကြပ်လုပ်၊ တော်ကြာမှ သွားနာလာပါပြီဆိုပြီး ကျွန်တော့်ဆီ ငိုပြီးရောက်လာမှာ မြင်ယောင်တယ်"

ထိုက်တန်မှာ စကားသာ ဆက်ပြောနေရသော်လည်း ကိုးပွင့်ကို ဘယ်က ဘယ်လိုစပြီး ဖွင့်ပြောရမှန်းမသိ ဖြစ်နေပါသည်။ အရင်ကောင်မလေးတွေတုန်းက လွယ်လွယ်ကူကူ ပြောထွက်သွားတဲ့ စကားဟာ အခုကျတော့ နှုတ်ဆွံ့အပြီး အပြောရခက်သလိုလည်း ဖြစ်နေသည်။

နောက်ဆုံးတော့ အစပျိုးထားသော စကားအကြောင်းအရာကို ပြန်ကောက်ကာ စကားစဖို့ အားတင်းရပါသည်။ ဘာကြောင့်မှန်းမသိ ကိုးပွင့်ကိုတော့ ဒီစကား ပြောထွက်ဖို့ အကြိမ်ကြိမ် အားမွေးနေရလေသည်။

"ကျွန်တော် ဝန်ခံမှာ ဘာလဲ၊ ကိုးပွင့်သိချင်ရဲ့လား"

"ကိုထိုက်တန် ပြောရင်တော့ သိချင်တာပေါ့"

"ကျွန်တော် ရည်းစားတွေ အများကြီး ထားဖူးခဲ့တယ်ဆိုတာလေ"

"ကိုးပွင့်ကို ပြောပြပြီးသားပဲ၊ သိပြီးပြီလေ၊ လက်ဆယ်ချောင်းတော့ မပြည့်ဘူး မဟုတ်လား"

"ပြည့်လား၊ မပြည့်လား ပြန်ရေတွက်ကြည့်မနေချင်တော့ပါဘူး ကိုးပွင့်ရယ်၊ အဲဒီလို နာမည်ဆိုးဖြစ်အောင် လုပ်ခဲ့မိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ်ကိုယ်ပဲ မုန်းမိလို့ပါ။ ဖြစ်နိုင်ရင် အဲဒီအဖြစ်အပျက်တွေကို Correction pen (ကော်ရက်ရှင်းပင်န်)နဲ့ ဖျက်လို့ရရင် ကောင်းမယ်လို့တောင် တွေးမိတယ်"

ကိုးပွင့် အသာငြိမ်နားထောင်လျက် ထိုက်တန်ကို စိုက်ကြည့်နေခဲ့သည်။

"အား ... စိတ်ပျက်တယ်၊ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ပြောပြလည်း ပြောပြချင်တယ်၊ ဒါပေမဲ့ ပြောလည်းမပြောချင်ဘူး။ ပြောရင် ကိုးပွင့် ယုံပါ့မလားမသိဘူး"

"ဘာများလဲဟင်"

"ကျွန်တော်က ... အင်း ... ကျွန်တော့်မှာ"

ထိုက်တန်သည် သူ့ကိုယ်သူလည်း အားမရတော့။ ဘယ်က ဘယ်လို ဒီ Lucky Charm အကြောင်းကြီး ခေါင်းထဲ ဝင်လာပြီး ကိုးပွင့်ကို ပြောပြချင်လာသည် မသိသောစိတ်ကို ဒေါသဖြစ်မိသည်။ တကယ်ဆို ဒီလိုအပိုတွေ ဘာပြောနေစရာလိုလဲ။ ကိုးပွင့်ရေ ... မင်းကို ကိုယ် ချစ်နေတယ်၊ ကိုယ် မင်းကို လက်ထပ်မယ်လို့ ချက်ချင်းကို ပြောချပစ်ရမှာ။ ဘာကြောင့် ကိုးပွင့် သိမထားတဲ့ အကြောင်းအရာကို ထည့်ပြောစရာရှိလဲ။

"ကျွန်တော့်မှာ သိပ်ချစ်ရတဲ့ မိန်းကလေးတစ်ယောက် ရှိလာပြီ ကိုးပွင့်"





ထိုက်တန်သည် သူ့ရဲ့"ကံကောင်းစေတဲ့အဆောင်" ဆိုတာကြီးကို ကိုးပွင့်ကို မပြောတော့ဘူးလို့ ဆုံးဖြတ်လိုက်နိုင်ကာ သူ အပြောချင်နေဆုံး စကားကိုသာ မြန်မြန်ပြောလိုက်သည်။ နောက်မို့ ဘာဖြစ်မှန်းမသိ။ စိတ်က အမျိုးမျိုးပြောင်းပြီး ကိုးပွင့် မသိသေးတဲ့ အကြောင်းအရာကို ထည့်ပြောချင်နေသတဲ့။ တော်တော်ခက်တာပဲ။ ငါ ဘာများဖြစ်နေသလဲ။

"သူ့ကိုပဲ လက်ထပ်တော့မယ်၊ သူနဲ့ပဲ တစ်ဘဝလုံး အတူတူနေသွားချင်တယ်၊ ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် ကျွန်တော့်ဘေးမှာရှိနေတဲ့ ကျွန်တော့်ရဲ့ အရိပ်ကလေးပဲ သူ့ကိုဖြစ်စေချင်တယ်၊ အဲဒီလို ဆုံးဖြတ်လိုက်ပြီးတဲ့အခါမှာ အရင်က အပျော်ထားခဲ့တဲ့ ရည်းစားကောင်မကလေးတွေ အားလုံးကိုလည်း မေ့လို့ရသွားတယ်။ အချိန်တိုင်း သူမှသူ ဖြစ်နေတဲ့အထိ ချစ်မိလာတယ် ကိုးပွင့်။ အဲဒီမိန်းကလေးဟာ ကိုးပွင့် ပါပဲ။ ကျွန်တော့်ဘဝမှာ ကိုးပွင့်ကိုပဲ အချစ်ရဆုံး တစ်ဦးတည်းသော ချစ်သူအဖြစ် ဆုံးဖြတ်ပြီးနေပါပြီ"

ဒီစကားစုကို ပြောလိုက်နိုင်ပြီးတဲ့ အခါကျမှသာ ထိုက်တန် ရင်ထဲမှာ ရှိနေသော ပူပင်ရခြင်းတွေ [illegible] ပျောက်ကွယ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးပွင့်ကလည်း သူ ဒီလိုပြောတော့မယ်ရယ်လို့ မျှော်လင့်ထားပြီးသည်ဖြစ်ရာ သူ ဖွင့်ပြောလာသောအခါ တုန်လှုပ်အံ့ဩနေတာမျိုး မရှိပေမဲ့ မိန်းကလေးပီပီ ရှက်စနိုးနဲ့တော့ ခေါင်းငုံ့မိလေသည်တည်း။

"ကိုးပွင့် စိတ်ဆိုးသွားပြီလားဟင်"

ထိုက်တန်မှာ အသံတိတ်နေခဲ့သော ကိုးပွင့်ကို စိုးရိမ်စွာ မေးမိသည်။ ကိုယ့်ဘက်မှာက အပြစ်တွေ အများကြီးနဲ့လေ၊ ဒီတော့ ကိုးပွင့်များ စိတ်ဆိုးမလားလို့ တွေးပူရတာပေါ့။ ကိုးပွင့်ကတော့ တကယ့်ကို ဖြူစင်တဲ့ ယုန်ကလေးလို အပြစ်ကင်းသူလေးနဲ့တူသည်။

"ကိုးပွင့်မှာ အဖြေတော့ မရှိသေးပါဘူး ကိုထိုက်တန်"

"ဪ ... ရပါတယ်၊ ကျွန်တော် နားလည်ပါတယ်၊ ကိုးပွင့် စဉ်းစားဦးမယ် မဟုတ်လား"

"စဉ်းလည်းစဉ်းစားရဦးမယ်၊ ပြီးတော့ ကိုထိုက်တန်ကိုလည်း လေ့လာရဦးမယ်လေ။ ကိုးပွင့်တို့က သိကြတာမှ သိပ်မကြာသေးတာ၊ ကိုးပွင့် လေ့လာပါရစေဦး"

"ရပါတယ် လေ့လာပါ။ ကျွန်တော့် အကြောင်းတွေ ကိုးပွင့် သိချင်ရင်လည်း ပြောပါ။ ပြောပြပါမယ် ကိုးပွင့်ကို ဘယ်တော့မှ ညာမပြောပါဘူး"





ဒါဖြင့် ဘာလော့(ဂ)တစ်ခုမှာတွေ့တဲ့ စာတွေက ဘာတွေလဲ၊ ကိုးပွင့် ရင်ထဲမှာ အော်မေးနေမိသည်။ ဒါပေမဲ့ နှုတ်ဖျားကတော့ ထုတ်မမေးချင်ပြန်။ သူ မသိခင်ကတည်းက ကိုးပွင့်ဟာ သူ့အကြောင်းတွေ စုံစမ်းနေသည်ရယ်လို့ ထင်သွားမှာကြောက်ပါသည်။

"ကိုးပွင့်မှာရော ရည်းစားရှိခဲ့ဖူးလား"

"ရှိဖူးတာပေါ့"

ကိုးပွင့်က သူ့ကို နောက်ချင်တာနဲ့ တမင်ပြောလိုက်ပါသည်။ သူ့မျက်နှာအမူအရာကတော့ သိပ်မပြောင်းလဲပါ။ ခပ်ပြုံးပြုံးသာ နားထောင်နေပြီး ကိုးပွင့်ကို နှင်းလွတ်သလို ကြည့်နေခဲ့ပါသည်။

"သူက ချောလား"

"ချောတယ်"

"Brad Pitt (ဘရက်ထ်ပစ်ထ်)လိုပဲလား"

"ကိုးပွင့် Brad Pitt မကြိုက်ဘူး"

"ဒါဖြင့် ဘယ်သူ့ကြိုက်လဲ"

"Orlando Bloom (အော်လန်ဒိုဘလွန်း)"

"ဪ ... ဒါဖြင့် ကိုးပွင့် ရည်းစားက သူနဲ့တူသလား"

"တူတယ်"

"ဒါဆို ကိုးပွင့် ကံကောင်းတာပေါ့၊ ပြောပါဦး ဘာလို့ သူနဲ့ကွဲသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန် ပုံစံက ကလေးတစ်ယောက်ကို စိတ်ကျေနပ်အောင် အလိုက်အထိုက် လိုက်ပြောနေပုံပေါက်သဖြင့် ကိုးပွင့် လျှော့ကျပြောရတာ ရှက်လာသည်။ သူက ကိုးပွင့် အကြောင်းတွေ အကုန်သိနေပြီးသားလားလို့ ကိုးပွင့် တွေးလိုက်မိသောအခါ ပါးစပ်ထဲ တွေ့ရာ လျှော့ကျပြောရမှာကို မရဲတော့။ ကိုးပွင့် ငြိမ်နေလျှင် ထိုက်တန်လည်း ဆက်မေးမလာတော့ဘဲ တခြား အရပ်ကြည့် အရာကိုသာ ကောက်လွှဲလိုက်ပါသည်။

"ကိုးပွင့် ဆိုင်က ဘယ်လိုလဲ၊ ရောင်းကောင်းလာပြီလား"

"မဆိုးပါဘူး၊ မဖွင့်ခင်ကတည်းက မိတ်ဆွေတွေ၊ သူငယ်ချင်းတွေကို ကြော်ငြာထားတော့ သူတို့က ခေါ်လာတဲ့ တခြားဖောက်သည်တွေပါ ပါလာတော့ ရောင်းရတဲ့သဘော ပါပဲ။ ဒါပေမဲ့ ..."

ကိုးပွင့်က ဒါပေမဲ့ ပြောပြီး ရပ်နေသဖြင့် ထိုက်တန်က ဆက်မေးပါသည်။

"ပြောပါဦး၊ ဒါပေမဲ့ ဘာဖြစ်လဲ"

"ဒီလောက် ရောင်းရရုံနဲ့တော့ သိပ်ကိုက်မှာ မဟုတ်ဘူး။ ကိုထိုက်တန် မြင်သားပဲ၊ အပြိုင်အဆိုင် ဖွင့်ထားရတာဆိုတော့ ကိုယ့်ဆိုင်ကပစ္စည်းကလည်း အမြဲ up to date ဖြစ်ဖို့လိုတယ်လေ၊ အဲဒီ up to date တွေကို လိုက်နိုင်ဖို့ လာသွင်းတဲ့ ကုန်သည်ကို ကိုယ်ကိုယ်တိုင်က ဘာလေးသွင်းလာပါ၊ ဘယ်ဟာသွင်းလာပါ ပြောပြီး မှာရတာပေါ့။





အရင်းအနှီးကလည်း မထင်ပဲနဲ့ များနေတော့ ကိုးပွင့် မရှုံးချင်ဘူး။ ကိုးပွင့်နဲ့ လဲ့လဲ့က သူများဆိုင်ကလူတွေလို ဗန်ကောက်တို့၊ စင်ကာပူတို့ ခဏခဏသွားပြီး ကိုယ်တိုင်လည်း မဝယ်နိုင်တော့ နည်းနည်းတစ်ပန်းရှုံးတာပေါ့၊ ကုန်သည်က သယ်လာပြီး ပြန်ဈေးတင်သမျှ သိသိကြီးနဲ့ ပြန်ယူထားရတာတွေရှိတယ်၊ ဒီတော့ လုပ်ပြီးမှ နှမြောနေတယ်၊ ပိုက်ဆံတွေ ရင်းထားရလို့လေ။ အဖေနဲ့အမေ ရှာထားသမျှ ကိုးပွင့် ဆိုင်လုပ်မှပဲ ပြုတ်ရင်မကောင်းဘူးလို့ တွေးပူနေတာ"

ကိုးပွင့်က စကားပြောရင်း လက်ဟန်ခြေဟန်အနည်းငယ်ပါ ပါသွားလေရာ ကိုးပွင့်လက်က စားပွဲပေါ် တင်ထားသော သင်္ဘောသီးဖျော်ရည်ခွက်ကို တိုက်ချမိလိုက်ပါသည်။ ခွက်က ကတော့ပုံ အောက်ရှည်လမျောလေးနဲ့ အပေါ်ကို ကားကားလေး။ ကိုးပွင့် လက်နဲ့တိုက်ချလိုက်တော့ ခွပ်ခနဲ စားပွဲပေါ် မှောက်သွားပါသည်။ ဖျော်ရည်တွေမှာ သိပ်လည်း မသောက်ရသေးသဖြင့် အကုန်လုံး စီးကျကုန်တော့သည်။ စီးသည့်ဘက်က ဒီတစ်ခါတော့ ကိုးပွင့်ဘက်မို့ ကိုးပွင့် ကုလားထိုင်ကိုရွှေ့ပြီး မြန်မြန်ထရပ် ရှောင်လိုက်ရသည်။

"အင်း ... ဖြစ်ပြီ၊ ကိုးပွင့်က အမြဲ အဲဒီလိုပဲ တစ်နေရာရာ ရောက်ရင် တစ်ခုခုတော့ ဖြစ်ရမှ၊ အရမ်း နမော်နမဲ့နိုင်တယ်လေ၊ အမေဆို အမြဲဆူတာပဲ၊ မမှတ်ဘူး ဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တချို့က အဲဒီလိုပါပဲ၊ ဂရုစိုက်လေ ပိုဖြစ်လေပါပဲ။ ကိုးပွင့် ဖန်ခွက်မှောက်သွားရင် နောက်တစ်ခွက် ထပ်မှာလိုက်လေ"

"နေပါစေ ... ရတယ်၊ ကိုးပွင့် မသောက်တော့ပါဘူး"

"ဒါဆို ဆိုင်ပြန်တော့မလား"

"ပြန်ကြမယ်လေ"

"နောက်တစ်ခါကျမှ သေသေချာချာ သွားစားကြတာပေါ့။ အဲဒီအခါကျ ကိုးပွင့်ဆီကို ဖုန်းဆက်ထားမယ်နော်၊ ရမလား"

"ရပါတယ်"

"ကိုးပွင့်ဆီ မကြာခဏ လာလာတွေ့ချင်တယ်၊ အဲဒါကိုရော ခွင့်ပြုမလား"

"ခွင့်မပြုရင် မလာဘဲ နေမှာလား"

"ဟာ ... ဒါတော့ ..."

ကိုးပွင့်က မသိမသာလေး မျက်စောင်းရွယ်မိသည်။ ဒီလိုနဲ့ အ,တာ။ သူ့အပေါ် မလိုလားတဲ့ မိန်းကလေး ဆိုရင် ... ထိတောင် ဆုံတွေ့နေစရာ မရှိဘူးဆိုတာ သိမှာပါ။

"နောက် လေးရက်ကြာရင် ဘွဲ့လွန်ဝင်ခွင့်စာမေးပွဲ ဝင်ဖြေမှာမို့ အခုရက်ပိုင်းတော့ မလာဖြစ်သေးဘူး။ စာမေးပွဲပြီးတဲ့နေ့ လာမယ်နော်၊ ဒီကြားထဲ ကိုးပွင့်ဆီကို ညဘက်ဖုန်း





ခဏဆက်ချင်တယ်၊ စကားပြောချင်တယ်၊ ဘယ်အချိန်ဆက်ရမလဲဟင်"

"ကိုးပွင့် ညဆို ဆယ့်တစ်နာရီလောက်မှ အိပ်တယ်"

"ဒါဆို မအိပ်ခင် ဆယ်နာရီလောက် ဆက်မယ် ရလား။ ကိုးပွင့် မိဘတွေနဲ့ အဆင်ပြေရဲ့လား"

"အဲဒါတော့ မသိဘူး။ ဘာကြောင့်လဲဆိုတော့ ကိုးပွင့်ဆီ ဘယ်ယောကျ်ားလေးမှ ညဘက်ကြီး ဖုန်းမဆက်ဖူးဘူးလေ"

ဪ ... လိမ္မာလိုက်တဲ့ မိန်းကလေးရယ်။ ကိုယ်သိပါတယ်၊ မင်းဟာ တကယ့်ကို ပကတိဖြူစင် အပြစ်ကင်းလှသူလေးပါ။ မင်းမှာ ရည်းစားလည်း မရှိခဲ့ဖူးပါဘူး။ တမင် ကိုယ့်ကို မခံချင်တာနဲ့ ရွဲ့ပြောတာ။ ညာပြောတာမှန်း ကိုယ်ရိပ်မိပါတယ်။ ကိုးပွင့်ဟာ မိဘအရိပ်အောက်မှာ မပူမပင်၊ မတောင့်မတနေရပြီး မိဘကို ကလေးလုပ်ပြီး ဆိုးလို့ကောင်းတုန်းဆိုတဲ့ ပုံစံလေးမှန်း ကိုယ် ရိပ်မိပါတယ် ကိုးပွင့်ရယ်။ မင်းဟာ ကိုယ့်ထက် သုံးနှစ်လား လေးနှစ်လား ငယ်တဲ့သူကလေးမို့ ညီမလေးတစ်ယောက်လိုလည်း ချစ်တယ်၊ ချစ်သူနနွေးထွေးလို့လည်း ချစ်တယ်၊ တစ်ဘဝစာလုံးအတွက်လည်း ချစ်မိပါတယ် ကိုးပွင့်ရယ်။

* ❧ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ဟော့ကောင် ... ထိုက်တန်၊ ဘယ်ရောက်နေတာလဲကွာ။ ငါ မင်းအိမ်ကို ဖုန်းဆက်တော့လည်း ဘယ်သူမှ ကိုင်မဲ့သူ မရှိတာနဲ့ တစ်ချိန်လုံး answering machine (အန်စရင်း မက်ရှင်း)နဲ့ပဲ တွေ့နေတာနဲ့ စိတ်တောင်တိုတယ်"

"ဟ ... ဘယ်သူမှ မရှိတာ၊ answering machine နဲ့ တွေ့မှာပေါ့။ အဖေအမေနဲ့ ဈေးထဲမှာ တစ်နေကုန် ဆိုင် ထိုင်တာကွာ၊ ငါကလည်း ဒီနေ့ entrance (အန်ထရန့်(စ်) ဝင်ဖြေနေတယ်လေ၊ စာမေးပွဲပြီးတော့ ခေါင်းရှင်းတဲ့အနေ နဲ့ ကိုးပွင့်နဲ့လည်း ကြိုချိန်းထားပြီးလို့ ဆိုင်မှာသွားစားနေ တယ်ကွာ၊ ဒါပဲ။ အခုမှ ငါ အိမ်ပြန်ရောက်ရောက်ချင်း တံခါးလည်းဖွင့် မင်းရဲ့အသံကြီး machine ထဲမှာကြားမိလို့ ပြန်ဆက်လိုက်တာ။ ဘာတွေ အရေးတကြီးပြောစရာရှိလို့ လဲ"





အိမ်ရောက်ရောက်ချင်း တံခါးဖွင့်ဖွင့်ချင်း ထိုက်တန် ဖုန်းဆီ အကြည့်ရောက်လျှင် ဖုန်းနဲ့တွဲဆက်ထားသော အလို အလျောက် ဖြေကြားစက်ဟုခေါ်သော answering machine ဆီ မှ မီးလေးမှိတ်တုတ် မှိတ်တုတ် အချက်ပြနေသည်ကို တွေ့ရသည်။ ဒါဟာ လူမရှိတုန်း အိမ်ကိုဖုန်းခေါ်ထားလျှင် ဘယ်သူမှ ဖုန်းမ ကိုင်သဖြင့် စက်မှာ အသံသွင်းထည့်ထားသော ခလုတ်က ဖုန်း ခြောက်ချက်လောက်မြည်ပြီးလျှင် အလိုအလျောက် ပွင့်သွားပြီး တစ်ဖက်မှ ဖုန်းဆက်သူ ပြောလိုသော အကြောင်းအရာတွေကို အသံသွင်းထားနိုင်ဖို့ record လုပ်ပေးထားသည် ဖြစ်ကြောင်း အချက်ပြမှန်း သိလိုက်ပါသည်။

စက်ကိုပြန်၍ နားထောင်လို့ရသော ခလုတ်ကို play လုပ်ကြည့်လျှင် ...

"ဟော့ကောင် ... ထိုက်တန်၊ ငါပါ ညီနိုင်ပါ၊ မင်းကိုအရေး ကြီးတာ ပြောစရာရှိလို့ ဖုန်းပြန်ဆက်ကွာ၊ ငါ မင်းကို စကားအရမ်းပြောချင်နေတယ်"

ဟု ပထမတစ်ခါ သွင်းထားတာကို အရင်နားထောင် ပေါသည်။ ဒုတိယတစ်ခါ ဖုန်းခေါ်ပြီး သွင်းထားခဲ့သည်မှာ ...

"ထိုက်တန် ... ဘယ်ရောက်နေလဲ၊ ဖုန်းပြန်ဆက်ကွာ၊ မင်းကို ပြောချင်တာနဲ့ ငါ အိမ်မှာ ဘယ်မှမသွားဘဲ စောင့်နေရတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံဖြစ်ပြီး စက်က ဖော်ပြချက်အရ ဒါ
ဟာ ဒုတိယတစ်ခါအသံသွင်းတာဖြစ်ကြောင်း သိရတာဖြစ်သည်။
နောက် ဆုံးတစ်ခါမှာ ...

"ထိုက်တန် ... ထိုက်တန် ... ဒီနေ့မှ မင်းပြန်မဆက်ရင် မင်းတော့ အကြီးအကျယ် ပြဿနာနဲ့ ရင်ဆိုင်ရဖို့ရှိတယ်။ ပြန်ဆက်ပါကွာ၊ ငါ စောင့်နေမယ်၊ ဒီတစ်ခါ အသံသွင်းခဲ့တာ နောက်ဆုံးပဲ။ နောက်တစ်ခါ ငါ မဆက်တော့ဘူး မင်း ပြန်ဆက်မှာကိုပဲ စောင့်တော့မယ်"

ဆိုသော အသံကို သွင်းထားကြောင်း သိရသည်။

ဒါနဲ့ပဲ အဝတ်အစားလဲ၊ ရေချိုးတာပင် မလုပ်တော့ဘဲ ညီနိုင် ဘာများအရေးကြီးနေသလဲ သိချင်သဖြင့် ဖုန်းပြန်ဆက်လိုက်တာ ဖြစ်ပါသည်။

"ထိုက်တန် ... တိုးတိုးလေ ... တိုးတိုး အကြောင်းပြောမလို့"

"အေး ... ပြောပါဦး၊ ဘာဖြစ်လဲ"

"တိုးတိုး ရည်းစားရသွားပြီ

"ဘာ ... ဘာရယ် ... ဘယ်လို"

"ရည်းစားရသွားတာလေကွာ၊ အဲဒါအပြင် ပိုသေချာတာက အဲဒီလူနဲ့ လူကြီးချင်းတောင် စကားပြောပြီးပြီတဲ့။ လူကြီးချင်း စေ့စပ်ပြီးပြီပေါ့ကွာ၊ မကြာခင် လက်ထပ်တော့မယ်တဲ့"





"ဟော့ကောင် ... မင်း လာနောက်နေတာလား၊ ရယ်စရာပြောနေတာလား"

"မနောက်ဘူး၊ မနောက်ပါဘူး ထိုက်တန်ရာ။ မင်းကို ငါ မနောက်ပါဘူး၊ မင်းအတွက် ငါ စိတ်ပူနေလို့ တစ်နေကုန်ဖုန်းခေါ်တာပေါ့"

"ပြောကွာ ... ပြောပါဦး။ ဘာတွေ ဘယ်လိုဖြစ်ပြီး ယူမဲ့သူတောင် တွေ့သွားတဲ့အထိ ဖြစ်ပျက်သွားရတာလဲ"

"အေးကွာ ... ငါ့အပြစ်ပါပဲ။ သူ့အဒေါ် ဟိုတစ်ခါလာကြွားတုန်းက ချောကလက် နှစ်သောင်းကျော်ဖိုး ဝယ်ပေးတဲ့ကောင် သဘော်သားဆိုတာ မင်းကို ပြောတာပဲလို့ ငါထင်ပြီး ဂရုမစိုက်မိခဲ့ဘူး၊ တကယ်တော့ ဟုတ်နေတယ်ကွ၊ မင်းလည်း သူ့ကို ချောကလက် နှစ်သောင်းကျော်ဖိုး ဝယ်ပေးခဲ့သလို အဲဒီကောင်အလှည့်မှာလည်း သူက သူ့အကြိုက် ချောကလက်တွေဝယ်တော့ နှစ်သောင်းကျော်ဖိုးလောက် ဝယ်လိုက်တာဖြစ်မယ်"

"မင်းကို ငါ အဲဒီတုန်းက ပြောသားပဲ၊ ငါက သွားတုလုပ်ငန်းလုပ်တဲ့ လုပ်ငန်းရှင်ပါလို့ တိုးတိုးကို ပြောခဲ့ပါတယ်လို့။ မင်း ပြန်သိတော့ သဘော်သားဖြစ်နေတယ်ဆိုတော့ ဟုတ်ရဲ့လား၊ တခြားကောင်များလားလို့ ငါမေးတယ်လေ၊ မင်းပဲ တိုးတိုးက အဒေါ်တွေကို ကြွားပြောတာပါဆို၊ ပြီးတော့ မင်းနဲ့ ငါ တောက်လျှောက် စောင့်ကြည့်နေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ သူ တစ်ယောက်တည်းပဲ တွေ့တွေ့နေတော့ သူ့မှာ ဘယ်ဖူးစာရှင်မှ ထပ်တွေ့တာ မရှိတော့ဘူးဆိုပြီး စိတ်ချလက်ချနဲ့ ကိုးပွင့်ကို ငါ သွားဖွင့်ပြောလိုက်တာကွာ”

ထိုက်တန်၏ရင်ထဲမှာ ပူလောင်နေတော့သည်။ အခုလေးတင် ကိုးပွင့်နဲ့အတူ ကြည်ကြည်နူးနူး စကားတွေအကြာကြီး ပြောဆိုကာ တွေ့ဆုံခဲ့ရသည်ကို ပြန်ပြီး ပီတိဖြစ်မလို့ ရှိသေးတာ။ ညီနိုင့်စကားကြောင့် ကိုးပွင့်ကိုပြေးပြီး လက်ဆွဲခေါ်ကာ အမြန်ပဲ လက်ထပ်ထားလိုက်ချင်လောက်အောင်ပင် ရူးသွပ်သွားပါသည်။

“ငါလည်း ဆောရီးပါကွာ၊ မင်းအတွက် သေသေချာချာ မစုံစမ်းပေးခဲ့မိသလို ဖြစ်သွားတယ်၊ အဲဒီသဘော်သားဆိုတဲ့ ကောင်က သူ့ကို သင်တန်းမှာ လာစောင့်တာ ကြိုတာ မလုပ်ဘူးတဲ့၊ တိုးတိုးကို မြင်မြင်ချင်း သဘောကျပြီး အိမ်ကိုစုံစမ်း၊ ဖုန်းနံပါတ် စုံစမ်းပြီး မိတ်ဆက်တာတဲ့၊ တိုးတိုးကလည်း ပြန်လက်ခံစကားပြောပြီးတာနဲ့ လူမြင်ဖူးချင်တယ်ဆိုပြီး အိမ်လည်ခေါ်တော့ အဲဒီကောင် တစ်ရက်လာလည်တယ်ဆိုပဲ။ သူတို့မြင်မြင်ချင်း တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် သဘောကျသွားကြတယ်။ အဲဒီကောင် သဘော်သားကပဲ အိမ်ကလူကြီးမိဘတွေကို ခွင့်တောင်းပြီး တိုးတိုးနဲ့ အပြင်ထွက်လည်တယ်၊ အဲဒီလို အိမ်မှာပဲ လာလာတွေ့ပြီး ခေါ်ထုတ်ပြီး လျှောက်လည်ကြတာ၊ သိပ်မကြာခင်ပဲ သူ့မိဘတွေ ခေါ်လာပြီး စေ့စပ်ပါ





ရစေ၊ မကြာခင် လက်ထပ်ပါရစေတွေ ချက်ချင်းကိုအဆင့်တက်လာတာတဲ့၊ ငါလည်း သူ့အဒေါ်ကို အားတောင်မနာနိုင်ဘူး အကုန်သိရအောင် မေးပစ်လိုက်တော့တာပဲကွာ”

ထိုက်တန်မှာ စိတ်ဓာတ်တွေ အစွမ်းကုန် ကျသွားတာ “ဘာကြောင့်လဲ၊ ဘာကြောင့်လဲ”ဆိုသော မေးခွန်းတွေ၊ “ငါ့မှာ ဘာကြောင့် ဒီလိုကံကောင်းစေတဲ့ အခဆောင်ကြီး ရှိနေတာလဲ”ဆိုသော မေးခွန်းတွေ ပြည့်နှက်နေပါတော့သည်။

“သူ့တူမနဲ့ အဲဒီကောင်တို့ စေ့စပ်တဲ့နေ့က ဓာတ်ပုံတောင် ယူလာပြတယ်ကွ။ တိုးတိုး ယူမဲ့ကောင်က သူ့လိုပဲ ဝ,တယ်၊ ဒါပေမဲ့ သိပ်ပြီး ဆိုးဆိုးရွားရွား over weight ကြီး ဖြစ်နေတာတော့ မဟုတ်ဘူး၊ ဒီလူ ဝ,တယ်လို့ပြောလို့ရတဲ့ ပုံစံပေါ့ကွာ၊ ဗိုက်ပူပူ၊ မေးနှစ်ထပ်၊ ပါးဖောင်းဖောင်းနဲ့ပေါ့။ တိုးတိုးကတော့ သူ့ထက်ပိုဝတာပေါ့၊ ဒါပေမဲ့ တော်တော်ချစ်ပုံရတယ်၊ ဓာတ်ပုံတိုင်းမှာ တိုးတိုး ပခုံးလေးကိုဖက်မွေ့ထားတာ သိလား။ သူတို့နှစ်ယောက်က အကျင့်စရိုက်လည်း အကုန်တူတယ်။ အစားအသောက်ကြိုက်တာလည်း တူတယ်တဲ့၊ သူ့အဒေါ်က သိပ်ဝမ်းသာပြီး ပြောပြနေတယ်”

“သူတို့က ဝမ်းသာရပေမဲ့ ငါ့မှာ တကယ့်ကို အကြီးအကျယ် ပြဿနာဖြစ်ပြီလေ ညီနိုင်။ ငါ ဘယ်လိုလုပ်ရမလဲ၊ ငါ ကိုးပွင့်ကို ဆုံးရှုံးရဖို့က သေချာနေပြီ၊ သူ မကြာခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဖူးစာရှင် အစစ်ကို တွေ့ရတော့မှာကွ၊ ငါ ဘာလုပ် ရမလဲ၊ သူ့ကို ကားတင်ပြေးပြီး ခိုးရမလား။ အကြံပေးပါဦး"

ညီနိုင်ဟာ ထိုက်တန် ကြားအောင် တမင်ပဲ သက်ပြင်းရှည်ကြီး ချပြပါသည်။

"အဲဒီလိုလည်း စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ကွာ"

"ဟ ... ဒါဖြင့် ငါက ငါချစ်တဲ့သူကို သူများနဲ့ ပျော်ရွှင်စွာ လက်ထပ်လေသတည်းဆိုတဲ့ ဇာတ်လမ်းမှာ ပါဝင်သွားတာပဲ၊ ဒီတိုင်း ထိုင်ကြည့်နေရမယ်ပေါ့၊ ဟုတ်လား"

"အဲဒီလို မဆိုလိုပါဘူး၊ ငါ ပြောချင်တာက မင်းတကယ် အချစ်စစ်ရင် သူ ဘာကြောင့် မင်းကို ပြန်မချစ်နိုင်စရာရှိလဲလို့ ပြောချင်တာပါ။ မင်းကို သူ အမြဲသတိရနေအောင်၊ မင်းအကြောင်းပဲ သူအမြဲတွေးနေအောင်၊ မင်း သူ့ကိုတကယ်ပဲ မြတ်နိုးတာ ချစ်တာ ဖြစ်မှန်း သူ အမြဲသိနေအောင် ကြိုးစားပေါ့၊ သူ့ရဲ့ဦးနှောက်ထဲမှာ နှလုံးသားထဲမှာ ဘယ်ကောင်မှ လမ်းမှားပြီး ဝင်မလာအောင်လုပ်ဖို့ မင်း ဘာကြောင့် မလုပ်နိုင်ရမှာလဲ၊ အဲဒီနည်းကလွဲလို့ ဘာမှမရှိဘူး"

"မင်း ပြောတော့ နန္ဒီက ငါ့ကို ကျိန်ထားခဲ့တာဆို"

"ငါကတော့ အဲဒီလို ထင်တယ်"

"ဒါဖြင့် နန္ဒီ့ကို သွားတောင်းပန်ပြီး ကျိန်ထားတာပြယ်အောင်လုပ်ဖို့ အကူအညီ တောင်းရမှာပေါ့"





"ထိုက်တန် ... အဲဒါ လုံးဝမဖြစ်နိုင်ဘူး၊ မင်းပဲ စဉ်းစားကြည့်လေ၊ လွန်ခဲ့တဲ့ ဆယ့်လေးနှစ်လား ဆယ့်ငါးနှစ်လား အဲဒီတုန်းက ကွဲသွားတဲ့ ကျောင်းနေဖက်တစ်ယောက်၊ လုံးဝလည်း ပြန်မဆုံတော့တဲ့ လူတစ်ယောက်ကို မင်း ဘယ်လိုလုပ် လိုက်ရှာမလဲ၊ ဘယ်မှာသွားရှာမလဲ"

ညီနိုင် ပြောတာ ဟုတ်နေသဖြင့် ထိုက်တန် လက်ခံပါသည်။

"ပြီးတော့ ရှာတွေ့ပါပြီတဲ့၊ နင် ငါ့ကို အဲဒီတုန်းက ဒီလို ပြောပြီး ဒီလိုကျိန်ခဲ့တယ်လို့ သွားအစဖော်တော့ရော၊ သူက မှတ်မိရင်ကောင်း။ ကလေးမကျ လူကြီးမကျ အရွယ်မှာ ပါးစပ်ထဲတွေ့ရာ လျှောက်ပြောတာကို အဟုတ်ကြီး၊ အတည်ကြီး ယူတယ်ဆိုတာလည်း တော်တော်ရယ်စရာ ကောင်းတယ်ကွ"

"ဟုတ်ပါပြီကွာ၊ မင်း ပြောတာတွေ ငါတကယ်လက်ခံပါတယ်၊ ငါ ကိုးပွင့်ကို အမြန်ဆုံး ပိုင်ဆိုင်ခွင့်ရအောင် လုပ်မှဖြစ်တော့မယ်လို့ပဲ ဆုံးဖြတ်လိုက်တယ်ကွာ၊ ဒီနေ့ကစပြီး ကိုးပွင့်ဆီက တဂျီဂျီ အဖြေတောင်းမှ ဖြစ်တော့မယ်"

"လုပ်သာလုပ်၊ သူ့ကို ကိုယ်ချစ်ကြောင်း ပြလို့ရနိုင်တာမှန်သမျှပြ၊ **Romantic** (ရိုမန်တစ်)ဖြစ်မယ် ထင်တာတွေ အကုန်သာလုပ်။ သူများအမြင်မှာ ငပေါကြီးပေမဲ့ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေကျ အဲဒီလို ပေါချာချာ လုပ်ပြတာကိုက Heart (ဟတ်)ထိ တတ်တာမျိုး ဖြစ်သွားတယ်ကွ"

ထိုက်တန်သည် ညီနိုင်နဲ့ ဖုန်းပြောပြီးသောအခါ စိတ်ထဲမှာ နေလို့ထိုင်လို့မရအောင် စိုးရိမ်ပူပန်လျက် ကိုးပွင့်ကို ဖုန်းဆက်ပြီး အဖြေတောင်းတော့မည်ဟု ဆုံးဖြတ်မိသည်။

ဒါနဲ့ပဲ ဖုန်းဆက်လိုက်သောအခါ ကိုးပွင့်နဲ့မတွေ့ပါ။

"မမ မရှိဘူး၊ အမေ့သူငယ်ချင်း နေမကောင်းလို့ S.S.C မှာ ဆေးရုံတင်ထားရလို့ သတင်းသွားမေးတာကို အဖော်လိုက်သွားပေးရတယ်"

"ဘယ်အချိန်လောက် ပြန်ရောက်မလဲ"

"ဒါတော့ မသိဘူး၊ အမေနဲ့ မမက ထွက်သွားရင် တစ်ခါ တလေကျ ဈေးဝင်တာတွေ ဘာတွေ စိတ်ကူးရရင် လုပ်တော့၊ ဘယ်အချိန်ပြန်ရောက်မလဲဆိုတာ အတိအကျ ပြောလို့မရဘူးဗျ"

"ဒါဆိုလည်း သူ ပြန်လာရင်သာ ပြောလိုက်ပါ၊ ထိုက်တန် ဖုန်းဆက်တယ်လို့"

ထိုသို့ နာမည်ပြောလိုက်သောအခါ ကိုးပွင့်၏မောင်လေးထံမှ ...

"ထိုက်တန် ... ဟုတ်လား၊ ဒါဆို ခင်ဗျားက သွားဆရာဝန် ဒေါက်တာထိုက်တန်လား"





ဟု ပြန်မေးသည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ပါပဲ"

"မမ သွားဆေးကုဖို့ လာပြထားတာ ရှိလို့လား"

"မပြပါဘူး၊ သူနဲ့ ကျွန်တော် မိတ်ဆွေအဖြစ် သိကျွမ်းလို့ ဖုန်းဆက်တာပါ"

တစ်ဖက်မှ ခဏအသံတိတ်သွားသော်လည်း ထိုက်တန်လည်း ကိုးပွင့်၏မောင်လေးကို ဆက်စကားမပြောလိုတော့သဖြင့် ဖုန်းချဖို့ စဉ်းစားနေစဉ် ...

"ကျွန်တော်ဗျာ အံဆုံးထွက်နေတာ၊ သွားဖုံးတွေနာလို့ကို မပြီးတော့ဘူး၊ မမ,က ခင်ဗျားဆီ သွားပြဖို့တော့ပြောတယ်၊ အဲဒါ ခုထိမပြရသေးဘူးဗျာ။ လာပြရင် ဘယ်လိုနေမလဲ ကောင်းမလား။ မပြဘဲနေရင် သူ့ဘာသာ သက်သာသွားမလား"

ဟူ၍ သူ၏အံဆုံးအကြောင်း ဆက်မေးနေသော ကိုးပွင့်၏ မောင်လေးစကားကြောင့် စကားမဆက်ချင်ပဲ ဆက်လိုက်ရပါသည်။

"နာနေတာ ကြာပြီလား"

"ကြာပြီဗျာ၊ နှစ်ပတ်တောင် ကြာပြီလား မသိဘူး"

"ဆေးသောက်ကြည့်သေးလား"

"သောက်တယ်၊ အကိုက်အခဲပျောက်ဆေးပေါ့"

"အဲဒါလည်း မသက်သာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခဏပဲ၊ သက်သာတယ်"

"ညီလေးသဘောက ဘယ်လိုလဲ၊ ဒီတိုင်းပဲ ပျောက်တာကို စောင့်ချင်လား၊ ဒါမှမဟုတ် ဆရာဝန်နဲ့ ပြကြည့်ချင်သလား"

"ကျွန်တော်လည်း မသိဘူး၊ တစ်ခါမှမဖြစ်ဖူးဘူးဆိုတော့ ဆရာဝန်ပြရမှာ ကြောက်နေတယ်၊ ဟဲ ဟဲ ... ဆောရီးဗျာ၊ ကျွန်တော် မယုံလို့ မဟုတ်ပါဘူး၊ ရုပ်ရှင်ထဲမှာ မြင်ဖူးတယ်လေ၊ သွားဆေးကုရင်သုံးတဲ့ စက်ပစ္စည်းကိရိယာတွေကို ကြည့်ဖူးပြီးကြောက်လို့"

"မကြောက်ပါနဲ့၊ မလိုအပ်ရင် ဘယ်သူမှ သွားတွေကို စက်နဲ့ခြစ်တာ မလုပ်ပါဘူး"

"အေးဗျာ ... ဒါဆိုလည်း တစ်ရက်ကျမှ ခင်ဗျားဆီလာခဲ့မယ်၊ အပွိုင့်မင့်ယူရင် မမကတစ်ဆင့် ပြောလိုက်ရင်ရမလား"

ကိုးပွင့်၏မောင်လေးနာမည် ဘယ်သူပါလိမ့်။ ကိုးပွင့်က မောင်လေးက မောင်လေးကနဲ့သာ တစ်ခါတစ်ရံ စကားထဲထည့်ပြောဖူးသည်ဖြစ်ရာ နာမည်ထည့်မပြောသဖြင့် နာမည်မသိပါ။ ဒီကောင့်ကြည့်ရတာ သူ့အစ်မကို ပိုးပန်းချင်လို့ ဒီ လူ ဖုန်းဆက်လာတယ်ဆိုတာ ရိပ်မိပုံနဲ့ ရစ်ချင်တာလား။ ဒါမှမဟုတ် ဖော်ရွေတတ်တာလား။





"ကြိုက်သလိုလုပ်ပါ၊ ရပါတယ်။ အပွိုင့်မင့်လုပ်ထားရင်တော့ ရောက်တာနဲ့ သိပ်မကြာဘူး၊ ဝင်လို့ရတာပေါ့"

"ဒါဆို ကျွန်တော် ဒီရက်ပိုင်းတော့ ခဏစောင့်ကြည့်လိုက်ဦးမယ်၊ မရရင် ခင်ဗျားဆီလာခဲ့မယ်၊ အဲ ... အဲ ... နေဦးဗျ၊ ခင်ဗျားလို့ မခေါ်သင့်ဘူးထင်တယ်။ ဒေါက်တာလို့ခေါ်မှ ဖြစ်မှာပေါ့"

"ကြိုက်သလိုခေါ်ပါ။ ရပါတယ်"

"မမ ပြန်လာရင် ဆက်ဆက်ပြောလိုက်ပါမယ်၊ အိုခေ ... ကျွန်တော် ဖုန်းအရင်ချမယ်၊ ရလား"

"ရပါတယ် ချပါ"

ထိုက်တန်ကို သူက အရင်ဦးအောင် ဖုန်းချချင်ပုံဖြင့် သူပဲ ပြောသွားသဖြင့် ထိုက်တန်လည်း တစ်ဖက်မှ ဖုန်းချသံကိုစောင့်ပြီးမှ ဖုန်းချလိုက်ပါသည်။

ရင်ထဲမှာတော့ ဆောက်တည်ရာမရသလို ပူလောင်နေသည်။ ဒီနေ့ပဲ မနက်ဖြန်ပဲ ကိုးပွင့်ကို လက်လွှတ်ဆုံးရှုံးလိုက်ရတော့မည်ဟု ထင်ကာ အိပ်မက်ဆိုးတွေပင် မက်ရပါသည်။

✻ ❧ ✻



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ကိုးပွင့် ဆိုင်ကိုရောက်ရောက်ချင်း ကောင်မလေး ကကြော ဆီးကြိုပြီး ပြောလိုက်သော သတင်းကြောင့် အံ့သြသွားမိသည်။

“နှင်းဆီပန်းကိုးပွင့်ပါတဲ့ ပန်းစည်းရယ်၊ ပန်းခြင်းရယ် ရောက်လာတယ် အစ်မ။ အစ်မ နာမည်အတိုင်းပဲ ရည်ရွယ်ပြီး လုပ်ထားတဲ့ပုံပဲ”

ကိုးပွင့်သည် အလုပ်စားပွဲမှာ ချထားသော ပန်းရောင်ဖျော့ဖျော့ နှင်းဆီကိုးပွင့်ကို လှပစွာ ပန်းစည်းဖွဲ့ထားသော ပန်းတစ်စည်းရယ်။ အဖြူရောင်ပလတ်စတစ်ပန်းခြင်းလေးမှာ အဖြူရောင်နှင်းဆီကိုးပွင့်ဖြင့် လှပစွာ ပြုလုပ်ထားသော ပန်းခြင်းလေးရယ်ကိုမြင်လျှင် ဘယ်သူများ ပို့တာလဲလို့ သိချင်သွားသည်။





“ကိုးပွင့်အတွက်

ချစ်ခြင်း အမှတ်တရလက်ဆောင်

ထိုက်တန်”

ဟူသော ကတ်ပြားလေးကို ဖတ်ရလျှင် ကိုးပွင့်ရင်ထဲမှာ ကြည်နူးမိပေမဲ့ သူ ဒါမျိုးတွေ ဘာကြောင့် အခုမှ ထလုပ်ရသလဲလို့ စဉ်းစားကြည့်နေမိသည်။

သူနဲ့ကိုးပွင့်က မကြာခဏလည်း ဆုံဖြစ်သလို သူလည်း ယောကျ်ားတစ်ယောက်ပီပီ ကိုးပွင့် သူ့ကို ဘယ်လိုသဘောထားမျိုးနဲ့ ဆက်ဆံတာ ဖြစ်မလဲ ဆိုတာကို ရိပ်မိပြီးနေလောက်ပြီ။ ဘာကြောင့် အခုမှ စတင်ပိုးပန်းတဲ့သူတွေလို ပန်းစည်းတွေပို့၊ ပန်းခြင်းတွေပို့ လုပ်ပြရသလဲ။ အေးလေ ... သူ့ဘာသာအခုမှ စိတ်ကူးရလို့ ဖြစ်မှာပေါ့။

ကိုးပွင့် ရောက်ပြီး သိပ်မကြာခင်မှာ ဆိုင်ဖုန်းကို ထိုက်တန် ခေါ်ပါသည်။

“ကိုးပွင့်လား”

“ဟုတ်ပါတယ်ရှင်”

“ပန်းတွေ ကြိုက်ရဲ့လား”

“ကိုထိုက်တန် ဘာလို့ပို့တာလဲ”

“ကိုးပွင့် မကြိုက်လို့လားဟင်”

“ကြိုက်တယ်၊ မကြိုက်ဘူးတော့ မရှိပါဘူး။ သိချင်လို့မေးကြည့်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"စာထဲမှာ ရေးထားတယ်လေ၊ ချစ်ခြင်းအမှတ်တရလက်ဆောင်လို့"

"ပန်းခြင်းတွေ ပန်းစည်းတွေပို့ပြမှ Romantic ဖြစ်တယ်ရယ်လို့တော့ ကိုးပွင့် မထင်ပါဘူး။ ဒါက ရုပ်ရှင်ထဲမှာ လုပ်ပြနေလို့ လူတွေက အတုခိုးပြီး လိုက်လုပ်တဲ့သဘောပါပဲ။ ကိုးပွင့်ကတော့ ဒီလိုနည်းနဲ့သက်သေပြတာကို သိပ်တော့ surprise မဖြစ်ပါဘူး"

"ဒါဖြင့် ဘယ်လိုနည်းနဲ့ သက်သေပြရမလဲ"

"ကိုးပွင့် ပြောပြီးပြီလေ၊ ကိုးပွင့်တို့က အခုမှတွေ့ကြတာဆိုတော့ ကိုထိုက်တန်ကို လေ့လာပါရစေဦးလို့ ပြောထားပါတယ်နော်။ ကိုထိုက်တန်ကို မယုံလို့မှ မဟုတ်တာ"

"ကျွန်တော့်အဖို့ကတော့ ကိုးပွင့်ဆီက အဖြေမြန်မြန်ရမှဖြစ်မယ်။ ကိုးပွင့်ကို မြန်မြန်ပိုင်ဆိုင်မှဖြစ်မယ်။ ကျွန်တော်ရူးနေပြီ။ ကိုးပွင့်ကို ဆုံးရှုံးလိုက်ရမှာကြောက်ပြီး ရူးနေပြီ"

"ကိုထိုက်တန် ကိုးပွင့် ဆိုင်ထဲမှာမို့ ဖုန်းလည်းကောင်းကောင်းပြောလို့ မရပါဘူး၊ လူသံတွေ သီချင်းသံတွေနဲ့မို့ သိပ်လည်းမကြားရဘူး။ ပြီးတော့ ကိုးပွင့် စာရင်းလေးတွေ စစ်စရာလည်းရှိတယ်၊ နောက်မှတွေ့ပြီး စကားပြောကြတာပေါ့နော်"





"ဒါဖြင့် ညနေကျ လာစောင့်မယ်၊ လာရမလား"

"ရှော့ပင်းမောလ်က ရှစ်နာရီ ပိတ်တာလေ၊ ကိုထိုက်တန်လာတွေ့ရင် ညရောက်နေပြီ"

"ဒါဖြင့် နေ့ခင်းဘက် လာခဲ့မယ်"

"ကိုထိုက်တန် ဆေးခန်းပိတ်ခဲ့ရမှာ"

"ရတယ် ပိတ်ခဲ့မယ်၊ ကိစ္စမရှိဘူး၊ ကိုးပွင့်နဲ့ အမြဲတွေ့ရဖို့က အရေးကြီးနေတယ်"

ကိုးပွင့်သည် သူ့ ဘာတွေအစီအစဉ်ရှိမ်ကြီးပြီး ပူပန်နေပါလိမ့်ဟု စဉ်းစားနေမိပါသည်။ ဘာတွေများ အရေးကြီးနေတာလဲ။ သူ့ပုံစံက ကိုးပွင့် ခုပဲ သူ့အနားက ပျောက်သွားတော့မဲ့အတိုင်းပဲ။ မနေ့ညနေကလည်း ဖုန်းဆက်တယ်လို့ မောင်လေးသားမာန် ပြန်ပြောတယ်၊ ကိုးပွင့်တောင် အဖေနဲ့ အမေ့ရှေ့မှာ မျက်နှာပူရသေးတယ်လေ။ ဒီနေ့ပဲ တွေ့ခဲ့ပြီးပြီ။ စကားတွေလည်း အကြာကြီး ပြောခဲ့ကြပြီးပြီ။ လမ်းခွဲလာကြပြီး ကိုယ့်အိမ်ကိုယ်ပြန်လာတာ သိပ်တောင်မကြာသေးဘူး။ သူ့မှာ အရေးတကြီးဖုန်းဆက်စရာ ဘာများရှိလို့ ဆက်မှန်းလဲ မသိဘူး။ ကိုးပွင့်ကတော့ အမေနဲ့ အဖော်လိုက်ပေးဖို့ အိမ်ကပြန်ထွက်သွားတော့ သူနဲ့ဘယ်ဆိုလပ် ဆုံမလဲ။ မောင်လေး သိသွားတော့ ကိုးပွင့် ဘယ်လိုလုပ်ရှင်းမလဲ။ အဖေနဲ့အမေကတောင် ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယော ်နဲ့တစ်ယောက် ရည်းစားဖြစ်နေရင်လည်း မိဘကို အသိပေးပါဦး၊ သူက လူကောင်းတစ်ယောက်ပဲ ဘာသဘောမတူစရာရှိလဲ"

တွေ ဘာတွေ အရိပ်အမြွက်ပြောပြီး အိမ်ခေါ်လာဖို့ မိဘအသိပေးဖို့တောင် ပြောတော့တာ။

ကိုးပွင့်မှာ ရှက်ရှက်နဲ့ပဲ ...

"ကိုးပွင့် သူ့ကို ဝတုန်းမို့ပါ၊ ဘာမှမဆုံးဖြတ်ရသေးလို့ပါ"

ဟု အမှန်အတိုင်း ပြောပြရပါသည်။

"ဒီလူ မဆိုးပါဘူး၊ ကောင်းပါတယ်၊ ကျွန်တော်နဲ့အဆင်ပြေမယ်လို့ စိတ်ထဲမှာ သိနေတယ် မမ။ ကြိုက်သာကြိုက်လိုက်။ ကျွန်တော် သဘောတူတယ်"

"အံမာ ... နင် ပြောစရာလား၊ လူတောင် မမြင်ဖူးဘဲနဲ့ အသံကြားပြီး မဲပေးနေတယ်"

"သူ့ဆီမှာ အံဆုံးသွားပြဖို့တောင် ဆုံးဖြတ်လိုက်ပြီ။ ဟား ဟား ... သွားဆရာဝန်ကို ယောက်ဖတော်ရတော့မယ်ဆိုပြီး သူငယ်ချင်းထဲက သွားဓာဓာကိုက်တဲ့ကောင်တို့ ပြောရမယ်၊ ဒီကောင့်ကိုပါ ခေါ်သွားပြီး လျှော့ဈေးနဲ့သွားကို ဆေးကုပေးရမယ်"





"ဟယ် ... သားမာန်ဟာလေ ဘယ်လိုဖြစ်နေတာလဲ၊ ဘယ်လိုမောင်မှန်း မသိဘူး။ ကိုယ့်အစ်မကို နမြောတွန့်တိုရမှန်းလဲ မသိဘူး"

အမေက စိတ်တိုပြီး ခေါင်းကို ခေါက်ခနဲခေါက်မှပဲ သားမာန် လေကြောရှည်ပြီး ပြောချင်ရာ ပြောနေတာတွေ ရပ်တော့သည်။

အဲဒါပဲကြည့်လေ။ ကိုးပွင့်တို့မိသားစုဘက်မှာက သူ့ကို ကန့်ကွက်မဲ့သူ၊ သဘောမကျမဲ့သူတောင်မှ ရှိမနေတော့တာပဲ။ သူ့ကို ကိုးပွင့် လက်ခံလိုက်ရင် အားလုံးပြီးနေပြီ။ သူကသာ ကိုးပွင့်ကို အလကားနေရင်း ဆုံးရှုံးရမှာ တွေးကြောက်နေတာပါ။

နေ့ခင်းဘက် လာခဲ့မယ် ပြောထားသဖြင့် ကိုးပွင့်မျှော်တော့ မျှော်နေမိသည်။ လဲ့လဲ့ကတောင် ရိပ်မိပြီး ...

"ဘာလဲ ... ကိုကိုဒေါက်တာက လာမယ်ပြောထားလို့ တစောင့်စောင့် လုပ်နေတာလား"

ဟုပင် မေးနေသည်။

"အဖြေပေးရင်လည်း ပေးလိုက်ပါတော့ဟာ၊ သိပ်စဉ်းစားမနေပါနဲ့။ အစုမှ ကြိုးစားဆဲ၊ သွားဆရာဝန်လေး တစ်ယောက်ပေမဲ့ တစ်ချိန်ချိန်ကျရင် သွားအထူးကုဆရာဝန်ကြီး ဖြစ်နေရင် နင်လည်း ဆရာဝန်ကြီးကတော် ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ငါက အဲဒါတွေ စဉ်းစားနေတာ မဟုတ်ပါဘူး။ သူ့ကို လေ့လာနေမိတာပါ။ သူက အခုမှ စတွေ့သိကျွမ်းရတဲ့ လူတစ်ယောက်ဆိုတော့ ချက်ချင်းကြီး လက်မခံရဲသေးဘူး"

"ဒါပေမဲ့ နင် ချစ်တော့ ချစ်နေမိပြီ မဟုတ်လား"

ကိုးပွင့် မဖြေမိသေးဘဲ ဘယ်လို ပြောထားရင် အကောင်းဆုံးဖြစ်မလဲလို့ စဉ်းစားနေရသည်။ တော်ကြာ ကိုယ့်ဘက်က ချစ်မိပါပြီလို့ လဲ့လဲ့ကို အသိပေးထားပြီးမှ မတော်တဆ သူဟာ တခြားကောင်မလေးတွေနဲ့ ဆက်ရှုပ်နေဦးမယ် ဆိုရင်တော့ ကိုယ်ပဲ အသည်းကွဲကျန်ရမှာကို ရှက်မိလေသည်။ ဒါကြောင့် လဲ့လဲ့ကိုတော့ အကုန်မပြောဘူးဟု တွေးနေမိစဉ် ...

"ဟာ ... ဘယ်သူများလဲလို့ နှင်းဆီကိုးပွင့် မဟုတ်လား"

ဟူသော အနားလာနှုတ်ဆက်လိုက်သံကြောင့် ကိုးပွင့် ပြန်ကြည့်လိုက်မိသည်။

"ဟယ် ... နင် ... နင် ... ရဲသွေးအောင် မဟုတ်လား"

"အေးလေဟာ၊ အဲမှာ ... မေ့နေပြီလား"

"မမေ့ပါဘူး၊ နင်က ရုပ်ပြောင်းသွားတာကိုး"

"ပိုချောလာတာလေ"

"ဘယ်ကလာ၊ ပိုရုပ်ဆိုးလာတာ၊ ပိုပြီး အိုလာတာ"

"တယ် ... ဒီကောင်မလေး၊ လက်သီး;စာမိတော့မှာပဲ"





လဲ့လဲ့က တရင်းတနှီး ပြောဆိုစကား ပြောနေသော ကိုးပွင့်တို့ကို အနှောင့်အယှက် မပေးဘဲ ပြုံးပြီးနားထောင်နေသည်။ ကိုးပွင့်က သတိရသွားပြီး ...

"လဲ့လဲ့ ... ဒါ ... ငါနဲ့ အရင်က အိမ်ချင်းဘေးချင်းကပ်နေခဲ့ကြတဲ့ ငယ်သူငယ်ချင်းလေ၊ ငါ ဆယ်တန်းအောင်တော့ သူက နိုင်ငံခြားထွက် ကျောင်းသွားနေလိုက်တယ်။ ငါတို့လည်း အဲဒီအိမ်ကိုရောင်းပြီး နောက်တစ်နေရာ ပြောင်းသွားတယ် ဆိုတော့ အဆက်အသွယ် ပြတ်သွားတာ ကြာပြီ။ အခုမှ ပြန်ဆုံတာ။ သူ့နာမည်က ရဲသွေးအောင်တဲ့၊ ဟဲ့ ... ရဲသွေး၊ သူက လဲ့လဲ့ဝင်းတဲ့။ ငါနဲ့ နိုင်ငံခြားဘာသာတက်တော့ သူငယ်ချင်းဖြစ်သွားပြီး အခု ကျောင်းပြီးတော့ ဆိုင်ပါ အတူတူ ဖွင့်ကြတာလေ"

သူတို့ချင်း တွေ့ရတာ ဝမ်းသာပါတယ်တွေ ဘာတွေ ပြောဆိုနှုတ်ဆက်လိုက်ကြပါသည်။

"နင်က မိန်းကလေးအကျီဆိုင်ထဲ ဘာဝင်လုပ်တာလဲ၊ ပြောပါဦး"

"တမင်ဝင်လာတာ မဟုတ်ဘူး။ ဆိုင်ရှေ့ကအဖြတ်မှာ နင့်ကို ဖျတ်ခနဲ လှမ်းတွေ့လိုက်တော့ ငါက ဒီကောင်မလေး နှင်းဆီကိုးပွင့်နဲ့ တူလိုက်တာ။ သူများလားလို့ တွေးပြီး ဝင်လာကြည့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ ငါလည်း အဆက်အသွယ် ပြတ်သွားလိုက်တာ နော်၊ ငါတို့ အိမ်အသစ်လိပ်စာ နင့်အိမ်ကို ပေးခဲ့ပါတယ်။ နင် ဘာလို့ မဆက်သွယ်လဲ"

"ဟာ ... ငါ ပြန်ရောက်တာ သိပ်မကြာသေးဘူးလေ၊ အခု ခဏပြန်လာတာ"

"အခုမှ ပြန်ရောက်တာ ဟုတ်လား။ ဒါဆို နင် အမေရိကားမှာ အကြာကြီး စာသွားသင်နေတာပေါ့"

"အေးဟာ ... ကျောင်းတွေဆက်တက်ရင်း တက်ရင်း Part time အလုပ်နဲ့ အဆင်ပြေနေတော့ တစ်ခုပြီးတစ်ခု ဘွဲ့တွေထပ်ယူလိုက်တယ်။ နောက်တော့ အလုပ်လျှောက်တော့လည်း လခကောင်းတဲ့ full time အလုပ် ရတယ်။ ဒါနဲ့ပဲ နေရတာပျော်ပြီး ပြန်မလာဖြစ်တာပါ၊ အခုတော့ ကိစ္စလေးရှိလို့ ပြန်လာတာ၊ နင် အားရင် ခဏဆိုင်ထိုင်ပြီး စကားပြောရအောင်လား၊ ဘယ်လိုလဲ"

"အေး ... သွားလေ။ ငါလည်း ပြောချင်ပါတယ်၊ နင့်အကြောင်းတွေ သိချင်သေးတယ်"

ကိုးပွင့်သည် ရဲသွေးအောင်နဲ့ အတူတွဲပြီး ထွက်လာခဲ့ပါသည်။ ဒီရှော့ပင်းမော့လ်ထဲက food court မှာပဲ သွားထိုင်ဖို့ ဆုံးဖြတ်ပြီး ခေါ်လာခဲ့သည်။





ထိုအချိန်တွင် ထိုက်တန် တစ်ယောက် သူ ပြောထားတဲ့အတိုင်းပဲ ကိုးပွင့်ရဲ့ Divine ဖက်ရှင်ဆိုင်ကို ရောက်လာခဲ့လေသည်။ ဆိုင်ထဲဝင်လာလျှင် သူ့ကို သိနေကြပြီဖြစ်သော အရောင်းဝန်ထမ်းမိန်းကလေးတွေက ဒီနေ့မှ ထူးထူးခြားခြား လိုက်ကြည့်နေကြသည်ဟု ထင်မိပါသည်။ တစ်ယောက်နဲ့တစ်ယောက် တီးတိုးပြောလိုက်ကြတာကိုလည်း တွေ့ရသည်။ ဘာများဖြစ်လို့ပါလိမ့်လို့ တွေးမိစဉ်မှာ လှဲ့လှဲ့ထံမှ ...

"ကိုးပွင့် မရှိဘူးရှင့်၊ သူ့ငယ်သူငယ်ချင်းတစ်ယောက်လာလို့ မုန့်လိုက်ကျွေးတယ်"

ဆိုသော အဖြေကို ကြားရမှပဲ သဘောပေါက်တော့သည်။ ကိုးပွင့် ဘယ်သူနဲ့များ ထွက်သွားလို့ ငါရောက်လာတော့ သူတို့ မျက်နှာတစ်မျိုးလေးတွေနဲ့ ကြည့်သလဲ။ ထိုက်တန် နည်းနည်းစိတ်ပူသွားသည်။ ကိုးပွင့်ရဲ့ ငယ်သူငယ်ချင်းက ယောကျ်ားလား မိန်းကလေးလား။

"ကျွန်တော် လာခဲ့မယ် ပြောထားပါတယ်။ သူ ဘာကြောင့် မစောင့်လဲ မသိဘူး"

"သူလည်း မတွေ့တာကြာပြီဖြစ်တဲ့ သူငယ်ချင်းကို တွေ့လိုက်ရတော့ ဝမ်းသာပြီး မေ့သွားတယ်ထင်တယ်။ ရှင်လိုက်သွားချင်ရင်တော့ လိုက်သွားလေ။ ကိုးပွင့်က ဒီ food court ပဲ သွားမယ်လို့တော့ ပြောသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ငယ်သူငယ်ချင်းက ဘယ်သူလဲ"

ထိုက်တန် ရင်တထိတ်ထိတ်နဲ့ မေးလိုက်တော့ လဲ့လဲ့ထံမှ ...

"ရဲသွေးအောင် တဲ့"

ဟူသော ယောက်ျားတစ်ယောက် အမည်ကို ကြား လိုက်ရသောအခါ ထိုက်တန်၏ ကမ္ဘာကြီးတစ်ခုလုံး ပြိုကျသွား သလိုပဲ ခံစားလိုက်ရပါသည်။

ကြည့်စမ်း ... ရဲသွေးအောင်တဲ့။ ဒါ ယောက်ျားလေး ပဲပေါ့။ ယောက်ျားလေး ငယ်သူငယ်ချင်း တစ်ယောက်ပဲပေါ့။ ငယ်သူငယ်ချင်းလည်းဖြစ်ပြီး သံယောဇဉ်လည်း နည်းနည်းနော နော ဟုတ်ပုံမရဘူး။ ပြန်တွေ့တာနဲ့ ဝမ်းသာပြီး ငါလာမှာကို တောင်မှ မေ့သွားတာတဲ့။ ဒါကြောင့် ဝန်ထမ်းမိန်းကလေးတွေက ငါကို ဒီလူကျန်ရစ်ကြီး ဖြစ်ရတော့မယ်နဲ့ပြီး ကွက်ကြည့် ကွက် ကြည့် လုပ်ကြတာ ထင်တယ်။ ပြီးတော့ လဲ့လဲ့ မျက်နှာကလည်း တစ်မျိုးပါလား။ အလာကောင်းပေမဲ့ အခါနှောင်းနေပြီဆိုတဲ့ မျက်နှာပေးလိုလိုနဲ့။

ထိုက်တန်သည် ရင်ထဲမှာ ပူလောင်ပြီး ထင်ချင်ရာ တွေထင်ကာ အားလုံးကို ဒေါသဖြစ်နေမိသည်။

"ကျွန်တော် လိုက်သွားမယ်"





ထိုက်တန် ကမ္ဘားရှုးထိုးပုံစံနဲ့ ဆိုင်ထဲက ခပ်သုတ် သုတ် ထွက်သွားလျှင် ကျန်ရစ်ခဲ့ကြသော မိန်းမအုပ်စုကြီး အတင်းတွေ ပြောလိုက်သံမှာ ကျွက်စီ ကျွက်စီပင် ဖြစ်သွားပါ သည်။

"မကိုးပွင့်က ငယ်သူငယ်ချင်း ငယ်ကျွမ်းဆွေကိုလည်း ပြန်တွေ့ရော ဒီလူကြီးကို လုံးဝမေ့သွားတော့တာပဲဟော့၊ သနားပါတယ်"

"သူ့ခမျာ အရူးကြီးလိုပဲ၊ ချက်ချင်းကို မျက်လုံးတွေ ဂနာ မငြိမ်တော့တာနော်"

"မကိုးပွင့်တော့ ခုတလော စန်းပွင့်နေတယ်ထင်တယ်၊ သုံးပွင့်ဆိုင် ချစ်ဇာတ်လမ်းတွေ ဘာတွေ ကြုံနေရပြီ"

လဲ့လဲ့ကတော့ ကိုထိုက်တန်ကြီး သနားပါတယ်ဆို သော အတွေးနဲ့ ငေးကြည့်နေခဲ့သည်။

ထိုက်တန်သည် စက်လှေကားကြီး တရွေ့ရွေ့ဆင်း နေသည်ကိုပင် ကြာလှသည်၊ မရောက်နိုင်တော့ဘူး ထင်ကာ စိတ်ရှည်လက်ရှည် ရပ်မလိုက်လာတော့ပဲ လှေကားတွေကို အပြေး ဆင်းလာမိသည်။ အရှေ့မှာပိတ်နေသော လူတွေကိုလည်း ...

"နည်းနည်းလောက် ဖယ်ပေးပါ ခင်ဗျာ၊ အရေးကြီးလို့ မြန်မြန်ဆင်းချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး နေရာဘေး ကပ်ဖယ်နိုင်းပြီး ပြေးဆင်းလာခဲ့သည်။ ဘာများအရေးကြီးသလဲလို့ မတော်တဆများမေးရင် ထိုက်တန့်တွင် ဖြေစရာ အဖြေမရှိ။

ဘာဖြေရမလဲ။

"ကျွန်တော့်ကောင်မလေး သူများနောက် ပါတော့မယ်။ ဒါကြောင့် အချိန်မီလိုက်မှဖြစ်မယ်"

အဲဒီလိုဖြေလို့တော့ မဖြစ်ဘူးထင်တယ်။ ဒါဟာ သေရေးရှင်ရေးလောက်မှ အရေးမကြီးတာလို့ လူတွေကထင်ပေမဲ့ ထိုက်တန့် အတွက်တော့ ဘဝကြီးတစ်ခုလုံး ပြိုကွဲသွားတော့မလို၊ ကမ္ဘာကြီးတစ်ခုလုံး ပျက်သုဉ်းရတော့မလို ဖြစ်စေတဲ့အထိ အရေးကြီးလှကြောင်း ဘယ်သူမှနားလည်အောင် ရှင်းပြနိုင်မည် မထင်ပါ။

ထိုက်တန့်သည် food court စားသောက်ခန်းမထဲ ရောက်လျှင် ကျီးကန်းတောင်းမှောက် မျက်လုံးတွေနဲ့ ခေါင်းကို လည်နေအောင် ရှာမိသည်။ ဟော ... တွေ့ပါပြီ။ ရင်ထဲမှာ ဒိန်းခနဲပင် မြည်သွားသည်။ ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ မြည်ဟည်းသွားသည်။ နှလုံးသားမှာလည်း စိုးရိမ်ကြောင့်ကြပူပန်ရခြင်းတွေဖြင့် ပူလောင်ကျွမ်းမြိုက်နေတော့သည်။

ဘာကြောင့်လဲ။ ဘာကြောင့်များလဲ။ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ။ ငါဟာ ဘာကြောင့် အချစ်မှာ ကံခေနေရတာလဲ။ ငါက ချစ်တယ်လို့ အပြောခံလိုက်ရတဲ့ မိန်းကလေး





တိုင်းဟာ (ရင်ထဲကပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ "ချစ်တယ်" လို့ အပြောခံခဲ့ရရင်) ဒီလိုပဲ တကယ်ကြုံရသလား။ သူတို့ဘဝမှာ တကယ်လက်တွဲနိုင်တဲ့ သူတို့နဲ့သင့်တော်တဲ့ ဖူးစာရှင်ကို အလိုလို နေရင်း ဆုံစည်းသွားကြကုန်တယ် ဆိုတာဟာ ဘာကြောင့်များ လဲ။

ထိုက်တန့်သည် ကြည်လင်လန်းဆန်းစွာ ချစ်စဖွယ် ရယ်မောနေသော ကိုးပွင့်ကိုလည်းကောင်း၊ ကိုးပွင့် မျက်နှာကို တမေ့တမော ငေးကြည့်ပြီး ရယ်မောနေသော ရဲသွေးအောင်ကို လည်းကောင်း၊ မနှာလိုခြင်းကြီးစွာ ကြည့်ရင်း သူတို့နားကို ဝုန်းခနဲ သွားရပ်လိုက်မိ၏။

ကိုးပွင့်မှာ ရုတ်တရက်မို့ မော့ကြည့်ပြီး ငေးကြောင်သွားလေသည်။ သုန်မှုန်ပြီး ချက်ချင်းပဲ လူသတ်တော့မလို မျက်နှာကြီးနဲ့ ရောက်လာသော ထိုက်တန့်ကို နားမလည်နိုင်ပဲ ဖြစ်နေသည်။

"ကိုးပွင့်"

"သြော် ... ကိုထိုက်တန့် လာပါ။ ဝင်ထိုင်ပါ၊ ရုတ်တရက် ဆိုတော့ ကိုးပွင့် အံ့သြသွားလို့ပါ"

"ကျွန်တော် လာခဲ့မယ် ပြောထားတော့ စောင့်နေမယ် ထင်တာ"

"ဆောရီး ... ဆောရီး၊ ကိုးပွင့် မေ့သွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန် မှုန်တည်တည် မျက်နှာကြီးနဲ့ ဝင်ထိုင်သဖြင့် ကိုးပွင့်မှာ စဉ်းစားမရဖြစ်နေသည်။ ဘာဖြစ်လို့ ဒီလောက်တောင် မှုန်ကုပ်ထားရသလဲ။ သူ လာမယ်ပြောထားရက်နဲ့ မေ့ရသလားဆိုပြီး စိတ်ဆိုးတာ ဆိုရင်တော့ ဒါ ယောက်ျား[illegible]

"ကိုထိုက်တန် ... သူက ရဲသွေးအောင်တဲ့ ကိုးပွင့်နဲ့ ငယ်ငယ်လေးတည်းက ခင်ခဲ့တဲ့ သူငယ်ချင်းလေ။ အိမ်ချင်းကပ်ရပ် နေခဲ့တာ။ ကိုးပွင့်တို့က အခုမှ အိမ်ပြောင်းလာကြတာမို့ သူနဲ့မဆုံဖြစ်တော့တာပေါ့။ သူကလည်း ဆယ်တန်းအောင်ပြီးကတည်းက အမေရိကားမှာ ကျောင်းသွားနေတာ၊ အခုမှ တစ်ခေါက်ပြန်လာတာ အခုမှပဲ ပြန်ဆုံကြတာပါ။ ဟဲ့ ... ရဲသွေး၊ သူကတော့ ဒေါက်တာထိုက်တန်တဲ့၊ သွားဆရာဝန်လေ"

"ဟား ... ဟုတ်ကဲ့ခင်ဗျာ၊ တွေ့ရ သိရတာ ဝမ်းသာပါတယ်"

ရဲသွေးအောင်သည် ဖော်ရွေယဉ်ကျေးစွာဖြင့် လက်ကမ်းပြီး လိုက်လိုက်လှဲလှဲပြုံးကာ နှုတ်ဆက်ပါသည်။ ထိုက်တန်ဘက်ကတော့ ဟန်ဆောင်ပြုံးမှန်း သိသာသော အပြုံးကြီးနဲ့ လက်ပြန်ကမ်းပြီး လက်ဆွဲနှုတ်ဆက်လိုက်ရသည်။ စိတ်ထဲမှာ ဒီကောင့်ကို တီးပစ်ချင်နေသည်။ မေးရိုးကို လက်သီးဖြင့် အကြိမ်များစွာ စိတ်ကူးထဲမှာ ထိုးပစ်နေမိသည်။





ရဲသွေးအောင်မှာလည်း ကိုယ်က ဖော်ရွေသလောက် တစ်ဖက်လူက အလိုလိုနေရင်း ကိုယ့်ကို ရန်သူကြီးလိုလို ကြည့်မှန်း သိလိုက်လျှင် အံ့သြပြီး စဉ်းစားမရ ဖြစ်နေပါသည်။

"ကိုထိုက်တန် ဘာသောက်မလဲ"

ကိုးပွင့်က မေးလိုက်လျှင် ...

"ကျွန်တော် ကိုးပွင့်နဲ့ နေ့လယ်စာ အတူစားမယ်ဆိုပြီး ထွက်လာတာ"

"ဒါဖြင့် စားစရာ မှာလိုက်လေ"

"ကိုးပွင့် မစားဘူးလား"

"ကိုးပွင့် မစားတော့ပါဘူး ကိုထိုက်တန်၊ ခုပဲ ထောပတ်သီးဖျော်ရည် မှာသောက်လိုက်မိတော့ ဗိုက်မဆာတော့ဘူးလေ"

"ကိုးပွင့် မစားရင် ကျွန်တော်လည်း မစားချင်ဘူး၊ ကျွန်တော်ကတော့ ကိုးပွင့်နဲ့ နေ့လယ်စာ စားကြမယ်ဆိုပြီး ရောက်လာတာလေ။ ကိုးပွင့်မှ မစားတာ၊ ကျွန်တော် ဘယ်လိုလုပ် စားချင်တော့မလဲ"

အရင်က သဘောကောင်းပြီး ယောကျာ်းပီပီသသ ပုံစံနဲ့ စကားကိုလည်း တည်တည်တံ့တံ့ ပြောတတ်သော ထိုက်တန် တစ်ယောက် အခု ဘာဖြစ်လို့ ကလေးဆန်ပြီး ကိုးပွင့်ကိုပဲ စိတ်ကောက်နေသလိုလို၊ မကြည်သလိုလို ဂျစ်တိုက်ပြီး ရစ်နေသလိုလို ပုံစံကြီးနဲ့ မကြည်မလင် ပြောနေသဖြင့် ကိုးပွင့်မှာ ငယ်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲသွေးအောင် ရှေ့မှာမို့ ရှက်နေသည်။ ရဲသွေးအောင် ပုံစံကလည်း "ဟယ် ... နင့်လူကြီးကလည်း ဘယ်လိုလဲ၊ ဒီလောက်တောင် စိတ်ကောက်တတ်သလား"ဆိုသော ပုံစံနဲ့ ကိုးပွင့်ကို အကဲခတ်ပြီး ကြည့်နေသဖြင့် ကိုးပွင့် ပိုရှက်လာသည်။

"ဆောရီးပါ ကိုထိုက်တန်၊ ကိုးပွင့် မေ့သွားလို့ပါ။ နောက်တစ်ခါပေါ့နော်"

နောက်တစ်ခါဆိုတာ ရှိချင်မှရှိတော့မှာလို့ ထိုက်တန် ရင်ထဲမှာ အော်ပြောနေမိသည်။ ရင်ထဲမှာ ကြိုရာမရ ဖြစ်နေသည်။ ကိုးပွင့် လက်ကိုဆွဲပြီး ထွက်ပြေးချင်သလို ဖြစ်နေသည်။ ဒီကောင် နားမှာ ကိုးပွင့် တစ်စက္ကန့်ရဲ့ တစ်ဝက်လောက်တောင် ပိုနေသွားမှာ စိုးရိမ်မိပါသည်။ ထိုက်တန် အတွက် စက္ကန့်တိုင်းက အရေးကြီးသလိုပင် ခံစားနေရသည်။

ထိုက်တန်သည် ဘာစကားမှမပြောပဲ ခပ်တည်တည်ကြီး ထိုင်နေလျှင် ကိုးပွင့် အနေခက်လာပြီး ရဲသွေးအောင်ကိုပင် ဆက်စကားပြောဖို့ အာရုံပြောင်းလိုက်ပါသည်။

"ဒါနဲ့ ပြောပါဦး ရဲသွေးရဲ့၊ နင့်အကြောင်းတွေ"

ရဲသွေးအောင်လည်း ဘာကောင်မှန်းမသိ လူကိုမခေါ်ချင်သလိုလို မပြောချင်သလိုလို လုပ်ပြနေသော ထိုက်တန်ကို ဂရုစိုက်မနေတော့ဘဲ ကိုးပွင့် မေးလာသည့် အကြောင်းအရာကိုသာပြောဖို့ စကားစလိုက်သည်။





"အေးဟာ ... ငါလည်း လခကကောင်းတော့ တအားသုံးပစ်နေမိတာပေါ့။ ရသမျှကို အိမ်လခတွေပေး Bills တွေ ပေးပြီးရင် သုံးပစ်တာ၊ ဟား ဟား ... တစ်ခါတလေကျ လခတောင် မရသေးဘူး၊ လက်ထဲမှာ ပိုက်ဆံပြတ်တဲ့အထိပဲ၊ အဲဒါတွေ ဖေဖေနဲ့မေမေ ပြန်သိတော့ ငါ့ကို ဒီလိုထားလို့ မဖြစ်တော့ဘူး။ ပိုက်ဆံစုတတ်လာအောင်။ စုမိဆောင်းမိရှိအောင် အိမ်ဝယ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က လိမ်လိမ်မာမာမှ မနေပဲ။ အန်ကယ်လ်တို့ အန်တီတို့ စိတ်ပူချင်လည်း ပူချင်စရာပေါ့၊ ဒါနဲ့ နေပါဦး၊ နင်က ဘာလို့ ဒီမှာပြန်လာမနေချင်ရတာလဲ။ ဒီမှာ မိဘတွေ မောင်နှမတွေ အကုန်ရှိသားနဲ့ ဟိုမှာ နင်တစ်ယောက်တည်း ဘာလို့သွားနေချင်တာလဲ"

"မဟုတ်ဘူးဟာ၊ ငါ့သဘောက အလုပ်ကို စိတ်ပါတုန်း အရွယ်လည်း ကောင်းတုန်း လုပ်ချင်တာပါ။ စိတ်ပျော်သလောက် အဲဒီမှာနေပြီး အလုပ်လုပ်မယ်။ စိတ်မပျော်တော့ရင် ပြန်လာမယ်ပေါ့၊ အဲဒီစိတ်ကူးနဲ့ပါပဲ။ အသက်သုံးဆယ်ရောက်မှ ပြန်လာရင်လည်း လာမယ်။ အသက်လေးဆယ်မှ ပြန်လာရင်လည်း လာမယ်ပေါ့"

"အခုကျတော့ရော ..."

"အေးဟ ... ဒီပြန်ရောက်လာတော့လည်း ဟိုကိုလုံးဝမပြန်ချင်တော့ပြန်ဘူး"

"ဘာဖြစ်လို့လဲ"

"သံယောဇဉ်လေ ... သံယောဇဉ်။ မွေးကတည်းကနေခဲ့တဲ့ လူလားမြောက် ကြီးပြင်းခဲ့တဲ့ အရပ်ဒေသကို ပြန်ရောက်ရတော့ ငါ ပြန်သွားခဲ့ရင် ဟိုမှာ ငါတစ်ယောက်တည်းပါလား၊ ဒီမှာလောက် နေချင်စရာမကောင်းပါလား ဆိုတဲ့ ဒေသကို ခင်တွယ်တဲ့ သံယောဇဉ်ရယ် ... ဟား ဟား ...





ပြောပြလို့ မရသေးတဲ့ နောက်ထပ်သံယောဇဉ်တစ်ခုရယ်ပေါ့၊ တွယ်သွားပြီး မပြန်ချင်တော့ဘူး"

ထိုက်တန် ရင်ထဲမှာ မီးက ဟုန်းခနဲ ထတောက်သလို ဖြစ်သွားပါသည်။ ဒါ စကားအစပျိုးတာပဲ။ ငါ ... ငါ ... ဘာလုပ်ရတော့မလဲ။ ငါ အကယ်ပဲ ကိုးပွင့်ကို ဆုံးရှုံးရပြီထင်တယ်။

ကိုးပွင့်ကလည်း သူငယ်ချင်းဟောင်းနဲ့ စကားသာ ရေပက်မဝင်အောင် ပြောနေရသည်။ စကားဝိုင်းထဲလည်း ဝင်မပါ။ ဖော်ဖော်ရွေရွေလည်း မရှိပဲ မှုန်တေတေ ရုပ်သေကြီးနဲ့ လက်ပိုက်ပြီး ထိုင်ကြည့်နေသော ထိုက်တန့်ကြောင့် စိတ်အနှောင့်အယှက်လည်း ဖြစ်နေသည်။ ရဲသွေးကိုလည်း အားနာနေမိသည်။ ပြီးတော့ ရဲသွေးရှေ့မှာမို့ ရှက်လည်း ရှက်နေသည်။ တဖြည်းဖြည်းနဲ့ ရုပ်ကြီးက ပိုပိုမှုန်လာသဖြင့် သူ့အနားမှာပင် ကြာကြာမနေချင်တော့သလို ခံစားလာရသည်။

"စကားပြောရတာလည်း ကောင်းတယ်ဟာ။ ဒါပေမဲ့ ငါက ချိန်းထားခဲ့တာလေးတစ်ခု ရှိနေတော့ သွားမှဖြစ်တော့မယ်။ နင့်ကို ငါ အေးအေးဆေးဆေး အိမ်မှာလာတွေ့မယ်လေ၊ ဘယ်လိုလဲ၊ နင် ဘယ်နေ့အားလဲ"

ရဲသွေးအောင်ကလည်း ရိပ်မိသဖြင့် စကားဖြတ်လိုက်ပြီး ပြန်ရန်ထ,တော့မလို ဟန်ပြင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်လာမှနေ့ ဖုန်းကြိုဆက်ထားလေ၊ အိမ်မှာ ထမင်းစားပေါ့။ အဖေတို့ အမေတို့ရော သားမာန်ရော နှင့်ကိုတွေ့ရင် အရမ်းဝမ်းသာကြမှာ။ နှင်သာ ဆက်ဆက်လာဖြစ်အောင် လာခဲ့"

"နှင့်ဖုန်းနံပါတ်ကို ငါ မှတ်ထားလိုက်ပြီလေ၊ ညကျမှ ဖုန်းဆက်ချိန်းမယ်"

"အေး ... ငါစောင့်နေမယ်"

"နှင်ရော ဟန်းဖုန်းမကိုင်ဘူးလား"

"အံမယ်လေး ... ငါက အဲဒီလောက် အလုပ်မများဘူး။ ဖုန်းအမြဲပြောနေရလောက်အောင် အလုပ်မများတော့ မဆောင်ထားတော့ဘူး။ ဆိုင်မှာရှိရင်ရှိ၊ မရှိရင် အိမ်မှာရှိတော့ ဖုန်းကလည်း နှစ်နေရာလုံးမှာရှိတော့ မလိုသလောက်ပါပဲ၊ အဲဒီနေရာတွေကိုဆက်ရင် ရနေတာပဲ"

ရဲသွေးအောင်သည် ထိုက်တန်ကိုတော့ ယဉ်ကျေးမှုအရ တစ်ချက်ပြုံးပြကာ ...

"ကျွန်တော် သွားလိုက်ပါဦးမယ်"

ဟု နှုတ်ဆက်ပြီး ကိုးပွင့်နဲ့ ထိုက်တန်တို့ကို ထားရစ်ခဲ့လေသည်။

❋ ❋ ❋





## ၁၆

"ကိုထိုက်တန် ဘာဖြစ်လာတာလဲ"

ရဲသွေးအောင် ထွက်သွားပြီး မကြာမီမှာပင် ကိုးပွင့်သည် ခုထိ ငူငူကြီး လက်ပိုက်ထိုင်နေဆဲဖြစ်သော ထိုက်တန်ကို ရင်ဆိုင်ဖို့ စပြောလိုက်သည်။

"ကျွန်တော် လာခဲ့မယ်၊ နေ့လယ်စာ အတူတူသွားစားကြမယ် ပြောထားရက်နဲ့ ကိုးပွင့် စောင့်လည်းမစောင့်နေဘူး၊ ငယ်သူငယ်ချင်းဟောင်းတစ်ယောက်ကို ပြန်ဆုံရတာနဲ့ အဲဒီလောက်ထိ မေ့သွားလိမ့်မယ်လို့ ထင်ကိုမထင်ဘူး"

"ဒါက ကိုးပွင့်ရဲ့ ကိုယ်ရေးကိုယ်တာပါ၊ ကိုထိုက်တန် ဒီလောက်ထိ ဝင်ပါနေစရာ မလိုပါဘူး"

"လိုတာပေါ့ ကိုးပွင့်ရယ်။ ကျွန်တော် ကိုးပွင့်ကို သိပ်ချစ်တယ်လေ။ ပိုင်ဆိုင်ချင်တာလေ။ သူများလက်ထဲ ပါသွား



www.burmeseclassic.com

www.burmeseclassic.com



မှာကို သိပ်ကြောက်နေတယ်လေ၊ ဒီတော့ ကိုးပွင့်နားကပ် လာသမျှကောင်တွေကို ဘယ်လိုမှ ရယ်မပြနိုင်ဘူး”

“ကိုးပွင့်နဲ့ ကိုထိုက်တန် ဘာမှမဆိုင်ဘဲနဲ့ ကိုးပွင့်ရဲ့သူငယ်ချင်းကိုလည်း ပြေပြေလည်လည် မဆက်ဆံဘူး။ ကိုးပွင့်တို့နှစ်ယောက် စကားအေးအေးဆေးဆေး ပြောမလို့ဟာကို အနားကနေ မျက်နှာကြီးပုပ်သိုးပြီး ရန်သူကိုကြည့်သလို လာကြည့်ပြနေတာဟာ ဘယ်လောက် ပိုင်စိုးပိုင်နင်းနိုင်လဲ၊ ရှင့်မှာ အဲဒီလို စိတ်ဓာတ်ရှိမယ်တောင် မထင်ခဲ့ဘူး”

“ကိုးပွင့် ဘယ်လိုဖြစ်သွားတာလဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် ပြောင်းလဲသွားတာလဲ။ ငယ်ကျွမ်းဆွေကို ပြန်ဆုံလိုက်ရတာနဲ့ ကျွန်တော့်ကို ဒီလို စိမ်းစိမ်းကားကား ဖြစ်လာတဲ့ သဘောလား”

ကိုးပွင့်မှာ ဘာတွေရှုးကြောင်ကြောင် ဖြစ်နေမှန်းမသိသော ထိုက်တန်ကို နားလည်းမလည်နိုင်သလို ဖြစ်နေမိသည်။ ကိုထိုက်တန်ဟာ ဒီလိုမဟုတ်ပါဘူး။ ဒီလိုဂျစ်တိုက်ပြီး တစ်ယူသန်ပြောတတ်တဲ့ စိတ်ဓာတ်ရှိသူလည်း မဟုတ်ပါဘူး။ ဘာကြောင့် ဒီလိုဖြစ်သွားရတာလဲ။ ဘာတွေ ဖြစ်နေတာလဲ။ သူ့ကြည့်ရတာ အရူးကြီးလိုလို၊ စိတ်နဲ့လူနဲ့ မကပ်သလိုလို လုပ်ချင်ရာလုပ်နေတဲ့ သူနဲ့ တူနေတယ်။





ဒါပေမဲ့ ကိုးပွင့် သူ့ကို စိတ်လည်းဆိုးသည်။ စိတ်ထဲမှာ ဒေါသဖြစ်ပြီး ထုချင်ရိုက်ချင်နေသည်။ ကိုးပွင့်ကို ချစ်သူဖြစ်ခွင့်တောင် မရသေးဘဲနဲ့ ဒီလောက်တောင် ခြယ်လှယ်ချင်ရသလားလို့ တွေးကာ မုန်းချင်နေသည်။

“ကိုးပွင့် ... ကျွန်တော့်ကို ချစ်ရင် ချစ်တယ်လို့ အဖြေမြန်မြန်ပေးလိုက်ပါတော့၊ ကျွန်တော့်အတွက် အချိန်မရှိတော့ဘူး။ ကိုးပွင့်ကို မြန်မြန်လက်ထပ်ထားမှ ဖြစ်တော့မယ်”

“ရှင် ဘာတွေပြောနေတာလဲ၊ ဘာဖြစ်နေတာလဲ၊ ရှင့်ကိုလုံးဝနားမလည်နိုင်တော့ဘူး”

ကိုးပွင့် စိတ်ရှုပ်ရှုပ်ဖြင့် သူ့အနားက မြန်မြန်ထွက်လာခဲ့သည်။

ဒါပေမဲ့ သူကတော့ ကျွန်မနေခဲ့။ နောက်ကနေပြေးလိုက်လာပြီး ဘေးကနေ တတွတ်တွတ် ပြောနေတော့ပြန်သည်။

“ကိုးပွင့် ကျွန်တော့်ကို ဒီနေ့ပဲ ချစ်တယ် ပြောလိုက်ပါ၊ နောက်နေ့ဆိုရင် ကျွန်တော် ကိုးပွင့်ကို လက်ထပ်ဖို့စပြီး စီစဉ်တော့မယ်”

“ကိုးပွင့် ရှင့်အကြောင်း မသိရသေးဘဲနဲ့ ဘာအဖြေမှမပေးနိုင်ဘူးလို့ ပြောပြီးပြီလေ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုးပွင့် ဘာလဲဟင်။ ဟိုကောင့်ကို ရွေးဖို့ပါ၊ ခေါင်းထဲ ထည့်စဉ်းစားလိုက်ပြီလား၊ ဟုတ်လား။ အဲဒီ ငယ်ကျွမ်းဆွေ ဟာ ကိုးပွင့်ရဲ့ ရည်းစားဟောင်း ဆိုတာလား"

"ရှင်နဲ့ဘာဆိုင်လဲ၊ ဘာလို့ပြောရမှာလဲ"

"ဆိုင်တယ်လေ၊ ကျွန်တော်က ကိုးပွင့်ကို ချစ်ထားတဲ့သူ လေ။ ကိုးပွင့် အဲဒီလို စိမ်းကားပြမနေပါနဲ့။ အရင်က ကျွန်တော့်အပေါ် ဒီလိုမဟုတ်ပါဘူး"

"ကဲ ... ကိုထိုက်တန်၊ ကိုးပွင့် အနားကနေ သွားပါတော့ ရှင်။ ကိုးပွင့် အရမ်းစိတ်ရှုပ်လာပြီ၊ ကိုးပွင့် တစ်ယောက် တည်း နေပါရစေ။ ကိုထိုက်တန် အခုလို အားကနေ ပါနေတာဟာ ကိုးပွင့် အတွက် အနှောင့်အယှက် ဖြစ်ပါ တယ်။ ကိုးပွင့်ကို ဆက်မနှောင့်ယှက်ပါနဲ့၊ တစ်ယောက် တည်း နေပါစေ"

"ဘယ် ... ဘယ်လို ကိုးပွင့်"

ထိုက်တန်မှာ မယုံကြည်နိုင်သလိုဖြစ်လျက် ကိုးပွင့် ကို ငေးကြောင်ကြည့်လေသည်။ ကိုးပွင့်သည် မျက်ရည် ခပ်ဝဲဝဲ (သို့သော်)အံကလေးတော့ကြိတ်လျက် ထိုက်တန်ကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေကာ ...

"သွားပါ၊ ကိုးပွင့်အနားကနေ ထွက်သွားပါ ကိုထိုက်တန်၊ ဆက်နှောင့်ယှက်နေမယ်ဆိုရင် ကိုးပွင့် ရှင့်ကို မုန်းတယ် လို့ ခုပဲ ပြောလိုက်မိလိမ့်မယ်"





ဟူ၍ အေးစက်စွာ ပြောလိုက်လျှင် ထိုက်တန်သည် လှမ်းလက်စ ခြေလှမ်းတွေကိုပင် ရပ်တန့်ပစ်လိုက်မိသည်။ ကိုးပွင့် က မုန်းတယ်လို့ ပြောတော့မယ်တဲ့။ ကိုးပွင့် ငါ့ကို မုန်းတော့မယ် တဲ့။ ကြည့်စမ်း ... အရင်တွဲခဲ့တဲ့ ကောင်မလေးတွေလိုပဲ ကိုးပွင့် လည်း တကယ်ချစ်တဲ့သူ တွေ့သွားလို့ ငါ့ကို မုန်းတော့မှာထင် တယ်။

"ရဲသွေးအောင်ကို ကိုးပွင့် လက်ခံလိုက်တော့မလို့လားဟင်၊ ဒါကြောင့် ကျွန်တော့်အပေါ် လုံးဝစိမ်းပြတာလား"

ကိုးပွင့်သည် အလကားနေရင်း တစ်ဖက်သားကို သံသယကြီးလျှက် စွပ်စွဲချင်နေသော ထိုက်တန်ကို စိတ်ဆိုးဆိုး ဖြင့် ပြောလိုက်မိသည်မှာ ...

"ရဲသွေးဟာ ကိုးပွင့် ဘဝမှာ သံယောဇဉ်အရှိခဲ့ဆုံး တစ်ဦး တည်းသော ယောကျ်ားလေး သူငယ်ချင်းပါ။ အားလုံးနဲ့ ယှဉ်ပြီး စဉ်းစားရရင်တောင် ကိုးပွင့် သူ့ကိုပဲ ဦးစားပေး မယ်"

ထိုက်တန်သည် ထိုစကားကို အကြားမှာ မျက်နှာ အပျက်ကြီး ပျက်သွားခဲ့ပါသည်။ အလိုလိုနေရင်း ခေါင်းက ငိုက် စိုက်ကျသွားကာ လောကကြီးတစ်ခုလုံးကို စိတ်နာသွားပါသည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်၊ အံကို တင်းတင်း ကြိတ်လိုက်ပြီး ယောကျ်ားတန်မဲ့ မျက်ရည်မဝဲမိအောင် ကြိုးစား ထိန်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေက ကိုးပွင့်ကို ဘယ်လောက်ချစ်ချစ် ကျွန်တော် ကိုးပွင့်အပေါ်ချစ်တဲ့ အချစ်ကိုတော့ မမီပါဘူးလို့ နောက်ဆုံး ပြောခဲ့ချင်တယ်။ ကျွန်တော် သွားတော့မယ်နော်"

ကိုးပွင့် ခေါင်းညိတ်မိသည်လား၊ မညိတ်မိဘူးလား မသိလိုက်ခင်မှာ ထိုက်တန် ဖျတ်ခနဲ ကိုးပွင့်ရှေ့က ပျောက်သွားပါသည်။ စည်ကားပြီး မီးရောင်များ ထိန်လင်းနေအောင် ထွန်းညှိထားသော ရှော့ပင်းမောလ်ကြီးထဲတွင် ကိုးပွင့် တစ်ယောက်တည်း တိတ်ဆိတ်ချောက်ချားသလို ခံစားချက်တွေနဲ့ ကျန်ရစ်ခဲ့သည်။

သူ ဘာဖြစ်နေမှန်းတော့ ကိုးပွင့်မသိ။ ဒါပေမဲ့ သူ့ကို နလောလောဆယ်မှာ စိတ်ဆိုးနေတာကလွဲရင် အမုန်းကြီးမုန်းတာလည်း မဖြစ်မိပါဘဲ ကိုးပွင့် စကားတွေလွန်အောင် ပြောမိသွားပြီတည်း။

ကိုးပွင့်သည် Divine ဆိုင်ထဲ လေးကန်သောခြေလှမ်းတွေဖြင့် ပြန်ဝင်လာခဲ့သောအခါ ပုလဲက စောင့်ကြည့်အကဲခတ်လေသည်။ ကိုးပွင့်လည်း ကိုယ့်မျက်နှာ တော်တော်ပျက်နေတာကို လဲ့လဲ့ မြင်နေသည်ဖြစ်ရာ မဖုံးကွယ်လိုတော့ပဲ ...

"ကိုထိုက်တန် ဘာဖြစ်လာမှန်းမသိဘူး လဲ့လဲ့ရယ်၊ ငါနဲ့ ရဲသွေး စကားအေးအေးဆေးဆေး ပြောနေတဲ့ဆီ လိုက်လာပြီး ရဲသွေးကိုပဲ ရန်လုပ်ချင်သလိုလိုနဲ့ ငါ့ကိုလာအရှက်ခွဲတယ်"





ဟု ပြောပြမိသည်။

"အေး ... ငါလည်း ရိပ်မိလိုက်ပါတယ်၊ သူ့ပုံစံကဟယ် နင် ရဲသွေးအောင် ဆိုတဲ့ ငယ်သူငယ်ချင်းနဲ့ ပါသွားတယ်လည်းဆိုရော မျက်နှာက လုံးဝပျက်သွားတာ"

"အဲဒီလောက်ထိ သဝန်တိုတတ်မယ်တောင် မထင်ခဲ့ဘူး၊ သူ အစက ဒီလိုမဟုတ်ပါဘူး၊ ဘယ်တော့မဆို နှစ်ဦးနှစ်ဖက် မျှမျှတတ တွေးတတ်တဲ့သူပါ၊ အခု ဘာတွေပြောင်းလဲသွားမှန်းကို မသိဘူး"

"ဒီဆိုင်ထဲက ပြေးထွက်ပြီး လိုက်သွားတာများဟယ်၊ အခုပဲ နင့်ကို ဆုံးရှုံးရပါပြီဆိုတဲ့ ပုံစံမျိုးနဲ့ သိလား။ တွေ့သမျှလူတွေကိုတောင် ဒေါသတကြီးနဲ့ ဝင်တိုက်ပြီး ပြေးထွက်သွားတာလေ၊ အဲဒီအချိန်မှာ သူ့အတွေးထဲမှာ ဘယ်သူမှမရှိဘူး။ နင်ပဲ ရှိတဲ့ပုံပဲ"

"အရင်ကတော့ အဲဒီလိုပြောရင် ကြည်နူးမိမယ်၊ အခုတော့ ကြည်နူးလို့ မရဘူး။ လူကိုချုပ်ချယ်သလိုလိုနဲ့ ယောကျ်ားလေးသူငယ်ချင်းနဲ့ စကားထိုင်ပြောတာကိုပဲ တရားခံကြီးတစ်ယောက်လို မျက်ခြည်မပြတ် ထိုင်ကြည့်နေတော့ စိတ်ထဲမှာ သူ့ကို နားမလည်နိုင်တော့ဘူး။ ပညာတတ်ယောကျ်ားတစ်ယောက်ဆီမှာ ဒီလိုသေးသိမ်တဲ့စိတ် ရှိနေတာ အံ့သြမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုလဲ၊ ဘယ်သူ့ကို ဦးစားပေး ရွေးမှာလဲ၊ ငယ်ကျွမ်းဆွေကလည်း ရှပ်မဆိုးဘူးပဲ။ နင့်ကိုလည်း တော်တော်ခင်ပုံရတယ်။ နင့်ကို ပြန်ဆုံလိုက်ရတော့ ဝမ်းသာသွားတဲ့ပုံစံဟာ တကယ့်ကို ရင်ထဲက လှိုက်လှိုက်လှဲလှဲဖြစ်တဲ့ ပုံစံနော်။ နင်တို့ သိပ်ခင်ခဲ့ကြတာပဲလား"

"ငယ်ငယ်ကဆို ရဲသွေးရှိတဲ့နေရာ ကိုးပွင့်ရှိမယ်၊ ကိုးပွင့်ရှိတဲ့နေရာ ရဲသွေး ရှိမယ် ပြောရတဲ့အထိ တတွဲတွဲပဲ"

"ဒါဆို သေချာပြီ၊ နင် အရွေးရခက်နေပြီထင်တယ်"

"အခုတော့ ဘယ်သူ့ကိုမှ ခေါင်းထဲမထည့်ချင်လောက်အောင် စိတ်ရှုပ်မနေပြီဟာယ်"

တကယ်တော့ ကိုးပွင့်သည် ဒီနေ့ ကိုထိုက်တန်ကို ခပ်စိမ်းစိမ်း ဆက်ဆံပြလိုက်ရသည့်အတွက် အခုမှ ပြန်သနားပြီး စိတ်မကောင်း ဖြစ်နေမိတာတော့ ဘယ်သူမှ ရိပ်မိမည်မထင်ပါ။

* * *





## -၁၇-

မနက်အိပ်ရာထတော့ မျက်လုံးတွေ မဖွင့်ချင်။ ခေါင်းမှာမထူနိုင်လောက်အောင် အုံ့ခဲပြီး တစစ်စစ် ကိုက်နေသည်။ ခေါင်းတစ်ခုလုံး ကြီးမားလေးလံသော ကျောက်ခဲကြီးနဲ့ အဖိခံထားရသလို ဖြစ်နေပါသည်။ မျက်လုံးတွေကို ကြိုးစားဖွင့်ကြည့်လိုက်သောအခါ ကျိန်းစပ်သော ခံစားချက်ကို ရုတ်ခြည်း ခံစားလိုက်ရသဖြင့် မျက်စိကို ပြန်မှိတ်ချလိုက်မိသည်။

အား ... ညက ဘယ်လောက်တောင်များသွားလဲ မသိဘူး။ ညီနိုင့်ကို ရင်ဖွင့်ရင်း ဘီယာတွေ တစ်ခွက်ပြီးတစ်ခွက် သောက်မိသလို တော်တော်မူးလာသောအခါ သူ ငိုမိသေးသည်ထင်သည်။ သွားပါပြီကွာ၊ ငါ့အပေါ်ကျရောက်နေတဲ့ အဲဒီကျိန်စာကြီး ရှိနေသမျှ ငါချစ်တဲ့သူကို ဒီတိုင်း လက်လွှတ်ဆုံးရှုံးလိုက်ရမယ် ထင်တယ်လို့ သူ ပြောခဲ့မိတယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးပွင့်ဆီက ထွက်လာခဲ့ပြီး ဆေးခန်းကို စိတ်မပါစွာ ပြန်သွားဖွင့်တာမို့ တစ်ခုမှအဆင်မပြေ။ စိတ်နဲ့လူ မကပ်သဖြင့် အလုပ်လုပ်ရတာ မကောင်းပဲ အမှားများနေသည်။ တော်သေးတာပေါ့၊ လူနာကို ထိခိုက်စေလောက်သော အမှားမျိုးမဟုတ်ဘဲ ကိုယ့်ဘာသာ အမှားတွေလျှောက်လုပ်နေမိတာမျိုးမို့။ ဒါနဲ့ပဲ လူနာနှစ်ယောက်လောက် ကြည့်အပြီးမှာ ...

"မင်းသား ... ငါ ဒီနေ့ စောစောဆေးခန်းပိတ်တော့မယ်၊ နောက်လာမဲ့ လူနာတွေကို ဖုန်းပြန်ဆက်ပြီး cancel (ကန်ဆယ်လ်)လုပ်လိုက်တော့ကွာ၊ နောက်နေ့မှ အားလုံးပေါင်းကြည့်ပေးမယ် ပြောလိုက်"

ဟု ဆေးခန်းအကူကောင်လေး မင်းသားကို ပြောလည်းပြော၊ သူလည်း ဆေးခန်းကအထွက် ဖြစ်နေသည်။ မင်းသားကတော့ ဟာ ... ဆရာ၊ ဟိုဟာ ...၊ ဟိုဒင်းတွေ ... ပြောဖို့ ကြိုးစားရင်း ကျန်ခဲ့သည်။ နောက် ဘာတွေဆက်ဖြစ်သည်ပင် မသိ။ ထိုက်တန်လည်း စိတ်မပါတာနဲ့ မင်းသားကိုတောင် ပြန်ဖုန်းဆက်မမေးတော့ပါ။

ဆေးခန်းက ထွက်လာပြီး ညီနိုင့်ကို အတင်းဝင့်ခေါ်ကာ စားသောက်ဆိုင်တစ်ခုကို သွားဖြစ်ကြသည်။ စားသောက်ဆိုင်မှာ စားဖြစ်တာနည်းနည်း၊ ဘီယာသောက်တာများများ ဖြစ်သွား





သည်။ ညီနိုင်ကတော့ တကယ့် သူငယ်ချင်းကောင်းပါပဲ။ ထိုက်တန်ဆိုးသမျှ ကြိုက်သမျှ၊ ရစ်သမျှ လိုက်နားထောင်ပေးခဲ့တာ ဖြစ်သည်။

ထိုက်တန်သည် အိပ်ရာမှ မထချင်ပေမဲ့ အသိစိတ်ကတော့ စေခိုင်းနေသည်မို့ ကြိုးစားပြီး ထလိုက်ရပါသည်။ လည်ချောင်းတွေ ခြောက်ကပ်ပြီး ရေကလည်း အရမ်းဆာနေသည်မို့ ရေသောက်ဖို့သာ ခေါင်းထဲတွေးနေမိသည်။ အခန်းထဲမှာ သူ့အိပ်ရာဘေးတွင် အသင့်ထားသော Bar Fridge (ဘားဖရစ်ချ်)ဟုခေါ်သည့် ရေခဲသေတ္တာအပုလေးထဲမှ ရေသန့်ဘူးကို ယူထုတ်လိုက်ပြီး တစ်ဟုန်ထိုး မော့ချသောက်လိုက်ပါသည်။ ရင်ထဲမှာအေးသွားပေမယ့် လည်ချောင်းထဲမှာ ပူနေတာကတော့ ပျောက်မသွား။ ခေါင်းကလည်း ကိုက်လှသဖြင့် သူ့အခန်းထဲမှာပဲထားသော နံရံကပ်ဆေးဗီရိုထဲမှ အကိုက်အခဲပျောက်ဆေးနှစ်ပြားကို ယူသောက်လိုက်ရပါသည်။

ဒီလိုပုံနဲ့ ဒီနေ့မနက် ဘယ်လိုများ ဆေးခန်းသွားဖွင့်နိုင်တော့မလဲ။ လူမိုက် ... လူမိုက်။ ငါဟာ ဘဝပျက်အောင်မိုက်တဲ့ လူမိုက်အမျိုးအစားထဲက တစ်ယောက်ပဲ။

ထိုအချိန်တွင် ဖုန်းလာပါသည်။ ထိုက်တန် အခန်းထဲမှာ လိုင်းခွဲသွယ်ထားသော ဖုန်းမြည်သဖြင့် မကိုင်သေးဘဲ ထိုင်ကြည့်နေလိုက်စဉ် အခန်းအပြင်က တံခါးခေါက်သံ ကြားရ



www.burmeseclassic.com

www.burmeseclassic.com



"သားရေ ... နိုးပြီလား၊ နိုးရင် ဖုန်းကိုင်လိုက်ပါဦး။ မောင်ညီနိုင် ဆက်တာ"

အပြင်မှ အမေ့အသံ ကြားရသဖြင့် ...

"ဟုတ်ကဲ့ အမေ"

ဟု ပြန်ဖြေလိုက်ပေမယ့် တံခါးသွားဖွင့်ပြီး ရင်မဆိုင်ရဲသေးပါ။

ဒီအသက်အရွယ် သားတစ်ယောက်ဟာ အရက်အမူး သောက်လာပြီး မူးမူးနဲ့ အရက်နာကျနေတာကို အဖေတို့အမေတို့က ဆူပူအပြစ်ပြောဆုံးမမှာတော့ မဟုတ်ပေမဲ့ အပြစ်လုပ်ထားသူတို့ရဲ့ ထုံးစံအတိုင်း မိဘကို ရှိန်နေသဖြင့် ထွက်မတွေ့သေးရဲတာပါ။

"ဟော့ကောင် ... ညီနိုင်၊ ဘာလဲ စောစောစီးစီး"

"စောစောစီးစီး မဟုတ်ပါဘူးကွာ၊ မနက်ရှစ်နာရီပဲ ရှိနေပြီ။ မင်း ကိုးနာရီ ဆေးခန်းသွားတော့မှာမို့ ငါက အမိဆက်တာ"

"ရှစ်ထ ... ငါ ဆေးခန်း ဘယ်လိုသွားနိုင်မလဲ၊ ဒီမှာ Hang over (ဟန်းအိုဗာ)ဖြစ်နေပြီကွ"

အရက်နာကျနေပြီဟု အဓိပ္ပာယ်ရသည့် အင်္ဂလိပ်စကားလုံးဖြင့် ပြောလိုက်သောအခါ ညီနိုင် ခပ်သဲ့သဲ့ရယ်သည်။





"ထင်သားပဲ၊ မင်း ညက ဒီလောက်သောက်နေတာ ဖြစ်တော့မယ် ထင်သားပဲ"

"မင်း မြင်ရင်လည်း နည်းနည်းပါးပါး တားပါလားကွာ"

"တားတာပဲ၊ မင်းက အသည်းကွဲပြီး လုပ်ချင်ရာလုပ်မယ်ဆိုတော့ ငါ တားသင့်သလောက်ပဲ တားနိုင်တယ်လေ၊ အသည်းကွဲပြီး အရက်မူးအောင်သောက်တာ သိပ်တော့ အဓိပ္ပာယ်မရှိပေမဲ့ ငါတို့ယောကျ်ားလေးတိုင်းကတော့ ဒီလိုပဲ လုပ်နေကျလေ"

"ကိုးပွင့် ... ငါ့ကို မချစ်နိုင်တော့ဘူးဆိုတာ သေချာနေပြီပဲ၊ ငါက ဘာကြောင့် အသည်းမကွဲချင်ယောင် ဆောင်ရမှာလဲ။ ဒီတစ်ခါလောက် အထိနာတာ မရှိဘူး"

"မင်း အခု ဘာဆက်လုပ်မယ် စဉ်းစားထားလဲ"

ထိုက်တန်သည် အုံခဲနေသော နားထင်ကို လက်ဖြင့် အသာဖိနှိပ်နယ်ရင်း ...

"ဘာမှလုပ်လို့ မရတော့ဘူး၊ ငါ့ကို နန္ဒီမုန်းပြီး ကျိန်ခဲ့တဲ့ ကျိန်စာစကားကြောင့် ငါ ကျိန်စာသင့်နေပြီ၊ ငါ့အချစ်ကို သိခွင့်ရတဲ့ မိန်းကလေးတိုင်းဟာ ငါ့ကိုပြန်မချစ်ပဲ တခြားတစ်ယောက်ကိုပဲ ချစ်သွားကြပြီး၊ ငါကတော့ အမြဲတမ်း ကျန်ရစ်ရလိမ့်မယ် ဆိုတာဟာ မှန်နေပြီ၊ ငါ ဘာသ...

www.burmeseclassic.com

www.burmeseclassic.com



ရတော့မှာလဲ။ ကိုးပွင့် စိတ်ချမ်းသာစွာနဲ့ သူချစ်တဲ့သူကို ရွေးချယ်သွားတာကို ငါ အနှောင့်အယှက် မပေးချင်တော့ပါဘူးကွာ၊ ငါ သူ့ကို တကယ်ချစ်တယ်လေ။ ဒီတော့ သူ စိတ်ချမ်းသာတာကို ငါ ဘာကြောင့် မကြည့်နိုင်ရမှာလဲ"

ထိုက်တန်သည် ထိုစကားကို ပြောလိုက်ရချိန်တွင် သူ့ရင်ထဲမှာ ကျေနေသလိုပဲ ခံစားရလေသည်။

"မင်း ဒီလိုခံလိုက်ရတာကို ငါလည်း မကျေနပ်ပါဘူးကွာ။ ဒါကြောင့် ငါ မင်းကို အကြံပေးချင်လို့"

"တော်ပါပြီကွာ၊ မင်းအကြံတွေ"

"ဟေ့ကောင် ... စကားကို ဆုံးအောင်နားထောင်ပါဦး၊ စေတနာကို မစော်ကားနဲ့ကွ"

"ဟား ဟား ဟား ... ဒါနဲ့ တိုးတိုး ဖိတ်စာပေးနေပြီလား"

"အရေးထဲ ရည်းစားဟောင်းကို သတိရနေသေးတယ်၊ ဘာလို့ သိချင်ရတာလဲ"

"လက်ဖွဲ့ပို့ချင်လို့ပါကွာ၊ ဟား ဟား ဟား ... တိုးတိုး မသိရှာဘူး၊ တကယ်တော့ သူ့ဘဝရဲ့ အကောင်းဆုံးတွေကို ကြုံရအောင် ငါပဲ ကူညီပေးလိုက်တာကို မသိရှာဘူးနော်။ တိုးတိုးလိုပဲ ကိုးပွင့်လည်း ဘဝရဲ့အကောင်းဆုံးတွေနဲ့ ပျော်ရတော့မယ်"





ညီနိုင်မှာ ထိုက်တန် ရင်ထဲက ခံစားချက်တွေကို းလည်သူပီပီ သူငယ်ချင်းအပေါ် ကရုဏာသက်ပြီး သက်ပြင်း ချမိသည်။ နောက်ဆုံးကျန်နေတဲ့ အကြံဟာ ကောက်ရိုးမျှင်တစ် ှင်လောက်ပဲ ဖြစ်နိုင်ချေရှိပေမဲ့ မင်းကို ကူညီဖို့ ငါ ဒီအကြံတော့ းပါရစေဟု ညီနိုင် စိတ်ထဲတွေးလျက် ...

"ထိုက်တန် ငါပေးတဲ့ နောက်ဆုံးအကြံကို မင်း ဘာကြောင့် နားမထောင်ကြည့်ချင်ရတာလဲ"

"အေး ... ပြောကွာ၊ မင်းအကြံ"

"မင်း ... ဒီဒို ... အဲ .. နန္ဒီ့ကို ရှာပြီး ဒီအကြောင်းမေး မြန်းကြည့်ပါလား"

"ဟား ဟား ဟား ဟား ... ငါကြားဖူးသမျှထဲမှာ ဒါဟာ ရယ်စရာအကောင်းဆုံး ဟာသပဲ"

ထိုက်တန် တကယ်လည်း တဟားဟား ရယ်မိသည်။ ရင်ထဲမှာတော့ ငိုနေသည်ဖြစ်ရာ အပြင်ကျတော့ ရယ်သံနဲ့ပဲ ဟန် ဆောင်ထားရသလိုပို ဖြစ်နေသည်။ တကယ်တော့ သူ့ဘဝဟာ ကိုးပွင့်ကို ဆုံးရှုံးရတော့မယ် ဆိုကတည်းက အပျော်တွေ ဆိတ် သုဉ်းသွားသလို ဖြစ်နေလေပြီတည်း။ ရယ်တော့ ခေါင်းထဲက ိုက်လာပြီး နားထင်တွေကို ပြန်နှိပ်ထားလိုက်ရသည်။

"ဘာမှ ရယ်စရာမပါဘူး ဟေ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြောတာပဲ ပြန်စဉ်းစားကြည့်ဦး၊ မြစ်ထဲမှာကျနေတဲ့ အပ်တစ်ချောင်းကို လိုက်ရှာသလို ဖြစ်နေပြီ"

"ဟာ ... ဘာကြောင့် ရှာမတွေ့နိုင်ရမှာလဲ၊ ငါတို့နဲ့အထက် တန်းကျောင်း အတူတူတက်တဲ့ ကျောင်းနေဖက်တွေဆီက တစ်ဆင့်စုံစမ်းရင် ရနိုင်တာပဲ"

"ငါတော့ တစ်ယောက်နဲ့မှ ပြန်မဆုံဘူး၊ ဘယ်သူနဲ့မှလဲ အဆက်အသွယ် မရှိဘူး။ ဒီတော့ နန္ဒီ့ကို ဘယ်လိုလုပ် ရှာမလဲ"

"မင်း မပူနဲ့၊ မင်း ငါပေးတဲ့ နောက်ဆုံးအကြံကို လက်ခံ တယ်သာပြောလိုက်၊ ငါ မင်းအစား လိုက်စုံစမ်းပေးနိုင် တယ်၊ မင်းသာ ငါ နန္ဒီ့ကို ရှာတွေ့ခဲ့ရင် အဲဒီ ကိုးတန်း တုန်းက အဖြစ်အပျက်ကို အစဖော်သွားပြောပြီး သူ့ကိုနှိပ် ဆဲခဲ့တာတွေ ပြန်ရုပ်သိမ်းပါတယ်လို့ ပြောပေးဖို့ သွား တောင်းပန်ရဲမလား"

ထိုက်တန်လည်း ကြံရာလည်းမရ။ ညီနိုင်ကလည်း သိပ်ပြီး စိတ်အားထက်သန်။ ဒါနဲ့ပဲ အလွယ်တကူ သဘောတူ လိုက်ဖို့ ခေါင်းညိတ်လိုက်မိလေသည်။

"အေး ... မင်း စောင့်ကြည့်နေ၊ ငါ နန္ဒီ့သတင်း အတိ အကျ စုံစမ်းလာမယ်"





ညီနိုင် ဖုန်းချသွားပြီးသောအခါ ထိုက်တန်လည်း အိပ်ရာထဲ ပြန်လှဲပြီး ခေါင်းကိုက်ရောဂါကို ဆက်ခံစားနေရလေ သည်။ ထိုနေ့ကတော့ မနက်ပိုင်း ဆေးခန်းမသွားနိုင်ခဲ့ဘဲ ညနေမှ သာ သွားဖြစ်တော့ လူနာတွေလည်း တစ်ပုံတစ်ပင်ဖြစ်နေကာ မနားတမ်း တောက်လျှောက်ကြည့်လိုက်ရပါသည်။ ညဆယ်နာရီ လောက်မှ ဆေးခန်းပိတ်ပြီး ပြန်လာ။ မောမောနဲ့ ထိုးအိပ်လိုက် ရာ မနက်ကျ အမေ တံခါးလာခေါက်ပြီးလျှင် ...

"သားရေ ... ညီနိုင့်ဆီက ဖုန်းလာပြန်ပြီကွယ်၊ သား မနိုး သေးဘူး ပြောတာကို မရဘူး။ အတင်းသွားနှိုးခိုင်းနေလို့၊ သား အထဲက ဖုန်းကိုင်လိုက်ပါဦး"

ဟု နှိုးမှ နိုးတော့သည်။ ခုတင်ဘေး စားပွဲပေါ်မှ နာရီကို လှမ်းကြည့်လိုက်တော့ မနက်ခုနစ်နာရီ။ တောက် ... ဒီကောင် ညီနိုင် လူကသာ၀,တယ်။ အအိပ်အနေကတော့ တော် တော်နည်းတာပဲ။ အမြဲအစောကြီးထ,နေတယ်။ ထိုက်တန် အိပ် ချင်မူးတူးနဲ့ပင် cordless ဖုန်းကိုယူ၍ ခလုတ်နှိပ်ကာ နားထောင် လိုက်ပါသည်။

"ဟဲလို"

"ဟေ့ကောင် ... ထိုက်တန်"

"အေး ... ဘာလဲ ပြော"

"အိပ်တုန်းလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မနေ့က hang over ဖြစ်နေတာနဲ့ မနက်ပိုင်း ဆေးခန်းမသွားနိုင်ဘူး။ ဒါနဲ့ ညနေပိုင်းကျမှ သွားဖွင့်တော့ patient တွေ တောက်လျှောက်ကြည့်ပေးနေရတာနဲ့ကွာ။ ဟိုနေ့တွေက ရက်ချိန်းယူပြီးသားလူတွေလည်း မငြင်းချင်တော့ ပေါင်းပြီး တစ်ခါတည်းကြည့်ပေးရတော့ လူနာတွေ ပုံသွားတယ်ကွာ၊ ညဆယ်နာရီမှ ပြီးတော့တယ်။ ပြန်လာတော့ ပင်ပန်းပြီး တစ်ချိုးတည်းကို အိပ်ပျော်သွားတော့တာပဲ"

"ငါတော့ မနေ့က တစ်နေကုန် အားသွားတိုင်း ဖုန်းတစ်လုံးနဲ့ စုံစမ်းရေး လုပ်နေတယ်"

"ဘာကိုလဲ"

ထိုက်တန် မေ့ပြီး ပြန်မေးမိသဖြင့် ...

"ဟော့ကောင် ... ထိုက်တန်၊ အူကြောင်ကြောင် လုပ်မနေနဲ့။ မင်းပဲ မနေ့က ကတိပေးထားတယ်လေ။ ငါ နန္ဒီ့အကြောင်း စုံစမ်းပေးမယ်၊ သတင်းရရင် မင်းပဲ နန္ဒီ့ကို သွားတွေ့ပြီး မေးမယ်၊ ပြောမယ်ဆို"

ဟု အစဖော်လိုက်မှ ထိုက်တန်လည်း သတိရသွားတော့လေသည်။

"မင်း သတင်းရလာပြီလား"

"ဒါပေါ့"





"တယ်တော်ပါလား၊ တစ်ရက်တည်းနဲ့ စုံစမ်းလို့ရတယ်၊ ဟုတ်လား"

"ညီနိုင်ပဲကွ၊ သူငယ်ချင်းဟောင်းတွေရဲ့ ဖုန်းတွေမှန်သမျှ အားမနာစတမ်း လျှောက်ဆက်၊ ကိုယ့်ကိုယ်ကိုယ် အစဖော်ပြီး မိတ်ဆက်ပေး။ ဒီလိုနည်းနဲ့ နန္ဒီ့ကို စုံစမ်းလိုက်တာပဲ"

"ပြဿနာပဲကွာ"

"ဘာ ... ပြဿနာလဲ"

"မင်း စုံစမ်းလို့ မရနိုင်ဘူးထင်လို့၊ ငါ အလွယ်တကူ ခေါင်းညိတ်လိုက်တာ"

"ဟော့ကောင် ... မင်း ဒီပုံစံနဲ့ပဲ ကိုးပွင့်ကို လက်လွှတ်ခံမလား။ အေး ... ဒါဆိုလည်း ရတယ်လေ၊ ငါက လက်ခုပ်တီး စောင့်ကြည့်ရုံပဲပေါ့၊ ခုတော့ မင်းလည်း ဘာမှအမှားမကျူးလွန်ပဲ တစ်ဖက်သတ်ကြီး ခံနေရတာကို မကြည့်ရက်လို့ ငါကတော့ မင်းအတွက် ကြိုးစားလိုက် ရတာကွာ။ မင်း ဘာကြောင့် အလွယ်တကူ လက်လျှော့ရတာလဲ။ ဘာကြောင့် ပြဿနာတစ်ခုရဲ့အဖြေကို မသိချင်ရတာလဲကွာ"

"အဖြေကို သိချင်ပါတယ်ကွာ။ ဒါပေမဲ့ ဒါဟာ နန္ဒီလုပ်တာလို့ ဘယ်လိုလုပ် သက်သေပြနိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ ... ငါ တကယ်အားမရဘူး။ စိတ်ခံစားချက်က နေ့တိုင်း ပြောင်းနေပါလား။ မနေ့ကတော့ တက်သွားလိုက်။ ဒီနေ့တော့ ပြန်ကျလိုက်ပါပဲလား"

"မင်း ဘာဖြစ်စေချင်လို့ ငါ့ကို နားပူနားဆာ လုပ်နေရတာလဲ"

"မသိဘူးကွာ၊ မင်း အမြဲတမ်း Loser ဖြစ်နေရတာကို ငါ မကျေနပ်ဘူး။ ကိုးပွင့်ကို ငါ မမြင်ဖူးပေမဲ့ ငါ မင်းကို ကိုးပွင့်နဲ့ပဲ လက်တွဲစေချင်တယ်"

ထိုက်တန်မှာ သူငယ်ချင်း ညီနိုင်၏ သူ့အပေါ်ထားသော ခင်မင်မှုကို လေးစားသွားပါသည်။ ဒါနဲ့ပဲ ညီနိုင် အပင်ပန်းခံပြီး စုံစမ်းပေးရကျိုးနပ်အောင် နန္ဒီ့ကို သွားတွေ့မည်ဟု လျှပ်တစ်ပြက် ဆုံးဖြတ်မိလိုက်ပြန်သည်။ ညီနိုင်တောင်မှ သူ့ပြဿနာလည်း မဟုတ်ဘဲနဲ့ တကူးတကကြီး ဖုန်းနဲ့စုံစမ်းပေးနိုင်သေးတာ။ ငါက ဘာကြောင့် နန္ဒီ့ကို တစ်ခေါက်တောင် သွားမတွေ့နိုင်ရမှာလဲ။ ပြန်အစဖော်ပြီး မေးရမှာ သိပ်တော့ အဓိပ္ပာယ်မရှိ။ ရယ်စရာကြီးလည်း ဖြစ်ပေမဲ့ ဘာမှမလုပ်ဘဲ ငိုင်တွေ ငေးမောနေတာထက်စာရင် လုပ်ကြည့်လိုက်တာက ပိုပြီးတော့များ ထူးခြားသွားမလား။

ဒီလိုနဲ့ပဲ သူငယ်ချင်းနှစ်ယောက်စလုံးအားသော တစ်ရက်ကို ချိန်းလိုက်ကြပြီး နန္ဒီ့ကို သွားတွေ့ဖို့ တိုင်ပင်လိုက်ကြ





ပါသည်။ ထိုက်တန်မှာ နန္ဒီ့ကို သွားတွေ့ဖို့သာ ဆုံးဖြတ်ရသော်လည်း သိပ်တော့ အားမရှိလှ။ ဘာကြောင့်လဲဆိုတော့ ဒီရက်ပိုင်းအတွင်းမှာ ကိုးပွင့်ကို သတိရတာနဲ့ တစ်ရက်တော့ ကိုးပွင့် ဆိုင်ရှိရာ ရှောပင်းမောလ်ကို ရောက်ခဲ့သေးသည်။ ကိုးပွင့်တို့ဆိုင်ရှေ့ကတော့ မဖြတ်ပေမဲ့ မနီးမဝေး ဆိုင်ကိုလည်း လှမ်းမြင်ရသော တစ်နေရာမှ မယောင်မလည် စောင့်ကြည့်မိခဲ့သည်။ အဲဒီမှာ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဘာသွားတွေ့သလဲဆိုတော့ ကိုးပွင့် တစ်ယောက် ငယ်သူငယ်ချင်း ရဲသွေးအောင်နဲ့ ရယ်ရယ်မောမောစကားဆွေပြောပြီး ဆိုင်ထဲက ထွက်လာတာကို တွေ့လိုက်ရတာပဲဖြစ်သည်။ သူတို့ ဘေးပတ်ဝန်းကျင် လောကကြီးကိုပင် မေ့ပြီး အရယ်အပြုံးတွေ ဝေဝေဆာဆာနဲ့ တစ်နေရာရာကိုသွားဖို့ အတူတွဲထွက်လာသော မြင်ကွင်းသည် ထိုက်တန်၏ ရင်ထဲက မျှော်လင့်ချက်တွေကို တစ်စစီ ပြိုကွဲသွားအောင် ဖြိုချလိုက်သလိုပင် ဖြစ်နေခဲ့တော့လေသည်။

ရင်ထဲမှာ အခုလောက် တစ်ခါမှ ကြေကွဲပူဆွေးရတာမျိုး မဖြစ်ဖူးလေရာ၊ တစ်ခါမှ အခုလောက် အရှုံးသမားကြီးအဖြစ် ကိုယ့်ကိုယ်ကိုယ် မခံစားရဖူးလေရာ လောကကြီးဟာ သူ့အတွက် ဘာမှအဓိပ္ပာယ်မရှိတော့သလိုလည်း ခံစားလိုက်ရတော့သည်။

"ရောက်ပြီ ... အဲဒါ နန္ဒီ့အိမ်ပဲ"

"သေချာလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဂျိုဂျောင် လုပ်မနေနဲ့လေ၊ ဒီအိမ်
စာအတိုင်း ရှာတာ တွေ့ပြီပဲ၊ ဒါပဲပေါ့"

"ငါ့ကိုတွေ့ရင် မှတ်မိပါ့မလား မသိဘူး"

"မမှတ်မိလည်း ပါးစပ်ပါတာပဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်မိတ်
ဆက်ပြီး နာမည်ပြောပေါ့။ သူ ဆယ်ကျော်သက်ပေါက်
ဘဝက ကျိတ်ကြိုက်ဖူးတဲ့ ကောင်လေးတစ်ယောက်ရဲ့ နာမည်
ကိုတော့ မေ့မယ်မထင်ပါဘူး"

"မင်းပါ လိုက်ခဲ့လေ"

"ဟာ ... သွားသာသွားပါ၊ ငါပါရင် မကောင်းပါဘူး
မင်းနဲ့သူက ကာယကံရှင်ပဲ၊ မင်းတို့ပဲ ဆွေးနွေးသင့်တယ်"

စိတ်ထဲမှာတော့ ညီနိုင့်ကို "ခွေးကောင်"ဟု တိတ်
တဆိတ် ဆဲမိ၏။ အကောင်းဖြစ်ဖို့ တွန်းပို့သလား။ မကောင်း
တာဖြစ်ဖို့ တွန်းပို့သလားတော့ မသိ။ ငမိုက်သား ထိုက်တန်က
တော့ အုကြောင်ကြောင် ခြေလှမ်းတွေနဲ့ နန္ဒီ နေထိုင်သော ကန်
ထရိုက်တိုက်ဆီ လျှောက်လာခဲ့မိလေပြီ။ နန္ဒီတို့အခန်းက အောက်
ဆုံးထပ်သာဖြစ်ပြီး ဘယ်နံ့ညာမှာ မည်သည့်အခန်းမှန်း အသေ
အချာတော့ မသိ။ စွတ်ရွတ်ပြီး တံခါးခေါက်ရုံပဲပေါ့။

အရင်ဆုံးရောက်သော အခန်းကိုပဲ ရွေးပြီးတံခါး
ဘဲလ်ကို နှိပ်လိုက်ပါသည်။ မြေညီထပ်အခန်းတွေရဲ့ ပုံစံအတိုင်း
အပြင်ဆုံး သံပန်းတံခါးက တစ်ထပ်။ နောက် အတွင်းသစ်သား





တံခါးကတော့ အောက်ခြေသစ်သားတစ်ဝက်၊ အပေါ်ဖိုတိုဂရေး
မှန်တပ် တစ်ဝက်ဖြင့် ဖွဲ့စည်းထားသည်။ တံခါးတွေကတော့
အကုန်ပိတ်ထားပါသည်။ ဘဲလ်တီးပြီး သိပ်မကြာ။ အတွင်းသစ်
သားတံခါးချပ်လေးတစ်ချပ် ပွင့်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

လေးနှစ်လား ငါးနှစ်လား ရှိမည့်အရွယ် ချစ်စရာ
ကလေးမလေးတစ်ယောက် တံခါးလာဖွင့်ဖွင့်ချင်း မေးသည်။

"နန္ဒီနဲ့ပါ"

"ဦးက ဘယ်သူလဲ"

"ဦးက နန္ဒီ့သူငယ်ချင်းပါ"

"ဦးနာမည် မေးတာ"

ကလေးက လူတတ်လုပ်ပြီး စွာတာတာလေးမေး
သည်ကို စိတ်ရှည်စွာ ပြန်ဖြေနေရသည်။

"ဒီအခန်းက နန္ဒီတို့အခန်းရော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ တံခါးဘဲလ်တီးပြီး မေးပြီးတော့ အခုမှ
မသေမချာ ဖြစ်နေလို့လား"

ထိုက်တန် အတော်စိတ်ရှုပ်လာပြီး ဆက်မမေးတော့
ဘဲ ပြန်ထွက်သွားတော့မယ်ဟု ဆုံးဖြတ်မိစဉ် ...

"ဟယ် ... သမီးလေး၊ ဘာလုပ်နေတာလဲ၊ တခါးဖွင့်ပြီး
ဘယ်သူ့ကို စကားပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော မိန်းမတစ်ယောက်အသံ ကြားလိုက်ရလျှင် ထွက်သွားလုဆဲဆဲ ခြေလှမ်းတွေ ရပ်တန့်သွားပါသည်။

ကလေးလေးနောက်မှ ထွက်လာသော အမျိုးသမီးကား တော်တော့်ကို ကြည့်ကောင်းပြီး တည်ငြိမ်သောရုပ်ရည်လေးနဲ့ ဖြစ်ပါသည်။ သူမက ထိုက်တန်ကို မြင်တော့ မျက်မှောင်မသိမသာ ကြုတ်ပြီး အသေအချာ စိုက်ကြည့်၏။ ထိုက်တန်ကလည်း သူမဟာ နန္ဒီလား။ နန္ဒီ့အစ်မ၊ ညီမလား ဆိုတဲ့ ဇဝေဇဝါဖြစ်လျက် ပြန်မြုံးပြုံးနှုတ်ဆက်ရင်း ...

"ဒီအခန်းက နန္ဒီတို့ အခန်းလားလို့ပါ"

"ဟုတ်ပါတယ်ရှင်"

"နန္ဒီနဲ့ တွေ့ချင်လို့ပါ၊ သူ ရှိလား"

"ကျွန်မ နန္ဒီပါပဲ"

"ဟင် ... ဟုတ်လား"

ထိုက်တန် အံ့သြပြီး ရုတ်တရက်ကြောင်ကာ အသေအချာ ငေးစိုက်ကြည့်မိသွားပါသည်။ သူမကတော့ သူစိမ်းယောက်ျားတစ်ယောက် စိုက်ကြည့်သည့်အတွက် သတိအနေအထားပုံစံဖြစ်သွားပါသည်။ ဒီတော့မှ ထိုက်တန်လည်း ကိုယ့်အမှားကိုယ် သိပြီး ...

"ဩော် ... ဆောရီး၊ ကျွန်တော်တို့ ပြန်မဆုံတာ ကြာပြီဆိုတော့ ရုတ်တရက် အံ့သြသွားလို့ပါ"





အရင်က နန္ဒီကတော့ ဂျစ်တူးတူး၊ စွာကျယ်ကျယ် ညစ်တီးညစ်စုတ်ရုပ်လေးနဲ့။ ငက်ခြေတွေကလည်း ပေါက်သေး။ အသံကလည်း ကျယ်သေး။ ရုပ်ကလေး သနားကမားပေမဲ့ ပြင်ပုံဆင်ပုံ မတတ်တော့ ရုပ်ကမယွက်ဘူး။ အခုတော့ အသက်အရွယ်ရဲ့ ရင့်ကျက်မှုအရ တည်ငြိမ်သောအလှနဲ့ အပြင်အဆင်ကြောင့် ဒါဟာ အသက်ဆယ့်လေးနှစ်အရွယ်က တွေ့ခဲ့ဖူးသော နန္ဒီလားဟုပင် ပြန်မေးရမလို ဖြစ်နေသည်။

"ကျွန်တော် ထိုက်တန်ပါ"

"ဘယ်လို ... ဘာရယ်"

"ထိုက်တန်လေ၊ အထက(-)ကျောင်းတုန်းက နန္ဒီနဲ့ တစ်တန်းတည်း တက်ခဲ့ဖူးတဲ့ ထိုက်တန်"

"ဟင် ... ရှင် ... အဲ ... နင် ... နင်က ထိုက်တန်လား"

နန္ဒီ သူ့နာမည်ကို မှတ်မိနေသေးသဖြင့် ထိုက်တန်လည်း အားတက်သွားပါသည်။

"ဟုတ်တယ် ... ငါက ထိုက်တန်"

နန္ဒီကစပြီး "နင်"တွေ ဘာတွေ လုပ်လာသဖြင့် ထိုက်တန်လည်း သူ့ကိုယ်သူ "ငါ"ဟု တရင်းတနှီး သုံးမိလေသည်။

"ဟယ် ... ဝင် ... ဝင် ... ဆောရီး၊ ငါ မမှတ်မိလို့ပါ၊ လာပါ ... ဝင်ထိုင်ပါ၊ သမီး ဘေးဖယ်လိုက်၊ ဒါ မေမေ့သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန် အံ့သြသွားသည်။

"ဟာ ... ဒါ နှင့်သမီးလား"

"အေးလေဟယ်၊ လေးနှစ်ခွဲရှိပြီ"

"စကားတတ်လိုက်တာ"

"အမယ်လေး ... တတ်မှာပေါ့၊ တစ်နှစ်သမီးတည်းကစပြီး မှတ်နေအောင် ပြောလာတာလေ၊ ညည်းသည်လာရင် သူပဲ ညည်းခံချင်တယ်"

ဪ ... နန္ဒီတောင် ကလေးတစ်ယောက်အမေ ဖြစ်နေပြီ။ နန္ဒီ အိမ်ထဲဝင်ထိုင်လိုက်သောအခါ ထိုက်တန် နည်းနည်းတော့ အားတုံ့အားနာ ဖြစ်နေမိသည်။ သူမက ဖော်ဖော်ရွေရွေ ခေါ်ပြောဆက်ဆံသဖြင့် ငယ်ငယ်တုန်းက အကြောင်းကို ပြောရမှာ ရှက်နေမိသလိုလို။

"ပြောပါဦး၊ နင် ဘယ်လိုလုပ် ငါ့အိမ်ကို စုံစမ်းပြီးရောက်လာတာလဲ"

"ဪ ... အဟင်း၊ ဘယ်လိုပြောရမလဲ မသိဘူး၊ ငါ ကိစ္စလေးတစ်ခုရှိလို့ လာတွေ့တာ"

"ဟုတ်လား ... ပြောပါဦး၊ ဘာကိစ္စလဲ"

"ဘယ်ကစ,ရမှန်းတောင် မသိဘူး၊ ပြောရမှာ အားနာတယ်၊ နင် မှတ်မိပါ့မလား မသိဘူး"





နန္ဒီသည် ထိုက်တန် စကားကို စိတ်ဝင်တစားပဲ နားစွင့်နေပါသည်။

"ကလေးရှေ့မှာ ပြောဖို့မသင့်ဘူး ထင်တယ် နန္ဒီ"

"ဪ ... ဟုတ်သားပဲ၊ သမီးလေး သွား ... သွား၊ အရုပ်နဲ့သွားဆော့၊ လူကြီးစကားပြောနေရင် မပါရဘူးနော်"

ကလေးလေးက အင်တင်တင် မျက်နှာလေးလုပ်ပြီး အိမ်နောက်ထဲ ဝင်သွားပါသည်။ ဘယ်သူမှ မရှိတော့ပေမယ့် ထိုက်တန်မှာ စကားအစ ခက်ကာ ညှော်ခန်းကိုပဲ ဟိုကြည့်ဒီကြည့် လုပ်နေမိသည်။ ညှော်ခန်းမှာ နန္ဒီနဲ့ သူ့အမျိုးသားတို့ မင်္ဂလာဆောင်စဉ်က ဓာတ်ပုံနဲ့ ကလေးဓာတ်ပုံလေးတွေ ချိတ်ထားပါသည်။ နန္ဒီ့ကြည့်ရတာ သူ့အိမ်ထောင်နဲ့သူ စိတ်ချမ်းသာ ပျော်ရွှင်နေပုံရပြီး ထိုက်တန် အပေါ်လည်း တကယ့်သူငယ်ချင်းဟောင်းပုံစံမျိုးနဲ့သာ ဆက်ဆံတာ တွေ့ရသည်။

ဆယ်ကျော်သက်ပေါက်စ,က စိတ်ကစားပြီး သူမှ သူ သဘောကျပြီး ကြိုက်နှစ်သက်နေတာမျိုးလည်း မရှိတော့။ ထိုက်တန်ကသာ ဒါကို သတိရပြီး စကားပြောရမှာ ရှက်သလိုလို၊ အားနာသလိုလို၊ ပြန်အစဖော်ရမှာ လန့်သလိုလို ဖြစ်နေသည်။

"နင်က အခု ဘယ်မှာလုပ်လဲ"

နန္ဒီသည် ထိုက်တန် စကားစပြတ်ပြီး ဘာစကားမှ [illegible]စ,သဖြင့် သူမကပဲ အိမ်ရှင်ပီပီ စကားစလိုက်ပုံရသည်။ နန္ဒီ [illegible]း‌တော့မှပဲ ထိုက်တန်လည်း ပြောစရာစကား ရသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါက သွားဆရာဝန်ပေါ့"

"ဟယ် ... တယ်ဟုတ်ပါလား"

"အထင်မကြီးပါနဲ့၊ ဆေးကျောင်းမရလို့ ရရာယူလိုက်ရတဲ့ သဘောပါပဲ"

"ဘာပဲဖြစ်ဖြစ် ဒေါက်တာဘွဲ့ရပဲ၊ ကောင်းတာပေါ့"

"နှင့်အမျိုးသားကရော ဘယ်သူလဲ"

"နှင် မှတ်မိမလား မသိဘူး၊ ငါတို့ အထက်တန်းကျောင်းက ထွက်တာပဲ၊ ငါတို့ထက် တစ်တန်းကြီးတဲ့ ကိုဖြိုးဝေလေ၊ ဆယ်တန်းမှာ အားကစားတော်လို့ လူသိများတဲ့ ကိုဖြိုးဝေလေ"

"ဪ ... သိတယ်၊ သိတယ်၊ ကိုဖြိုးဝေ ငါသိပါတယ်၊ သူနဲ့နှင် ဆုံရတာကိုး"

"တက္ကသိုလ်မှာ ဆုံတာလေ၊ အခုတော့ သူက ယိုးဒယားပိုင် ဟိုတယ်တစ်ခုမှာ မန်နေဂျာပေါ့၊ ငါလည်း အဲဒီဟိုတယ်မှာ ရီဆက်ရှင်းနစ်(စ) ဝင်လုပ်တယ်လေ၊ ဒီနေ့က ငါ့အားရက်မို့ မသွားရတာ၊ ခါတိုင်း ငါ မရှိဘူး၊ မနက်ရှစ်နာရီကနေ ညနေလေးနာရီထိ အလုပ်မှာ"

"လင်ရော မယားရော အလုပ်ရှိတော့ အဆင်ပြေတာပေါ့"





"ဟုတ်တယ်ဟ၊ အခုခေတ်က နှစ်ယောက်စလုံး အလုပ်ထွက်လုပ်နိုင်မှလေ။ သမီးကိုတော့ အဘိုးအဘွားဆီ ခဏပို့ရတာပေါ့၊ ဒါနဲ့ နေပါဦး၊ နှင်ကရော ဘယ်လိုလဲ၊ တစ်ယောက်တည်းလား၊ အဖော်ရှိပြီလား"

ထိုက်တန် အရှက်ပြေ ဟက်ခနဲ ရယ်မိသည်။ ဒီကိုလာရခြင်း အကြောင်းရင်းကို ပြောလည်း ပြောဖို့အချိန်တန်နေပြီ။ မပြောရင် ဒီပြဿနာက ပြီးမှာမဟုတ်တော့ ပြောကိုပြောရမှာပါပဲ။ ဖြစ်ချင်ရာဖြစ်တော့ ...။

"တစ်ယောက်တည်းပါပဲဟာ၊ ဒါပေမဲ့ အခုတော့ ချစ်ရမဲ့သူ လက်ထပ်ယူချင်တဲ့သူ တွေ့တော့တွေ့ပါရဲ့။ အဆင်မပြေတာတွေ ဖြစ်နေလို့ အဲဒါနဲ့ နှင့်ဆီ အကူအညီတောင်းဖို့ လာတာပါ"

"ဟယ် ... ဘယ်လို ... ဘယ်လို ... ငါက ကူညီပေးနိုင်မယ် ဟုတ်လား၊ သေချာလား၊ ဘယ်သူမို့လဲ၊ နှင် ... ငါ ညီမတွေထဲက တစ်ယောက်ယောက်နဲ့များ"

"ဟာ ... မဟုတ်ဘူး၊ မဟုတ်ပါဘူး၊ ငါ ပြောချင်တာက ဒီလိုပါ။ နှင် ... ဟို ... အဲ ... ဟိုဟာလေ၊ လွန်ခဲ့တဲ့ ဆယ့်လေးနှစ်လား ဆယ့်ငါးနှစ်လား အဲဒီလောက်တုန်းက နှင်နဲ့ငါ ဖြစ်ခဲ့တဲ့ ပြဿနာတစ်ခုကို မှတ်မိမလား မသိဘူး"

"ဘာပြဿနာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... သူရကျော်တို့အိမ်မှာ မွေးနေ့ပွဲလုပ်တုန်းက ပြဿနာ တက်ခဲ့ဖူးတာလေ"

နန္ဒာ အကြာကြီးငြိမ်ပြီး စဉ်းစားသလို လုပ်နေသည်။ တစ်မိနစ်လောက် ငြိမ်သွားပြီးမှ ...

"နင်က ငါနဲ့မတွဲချင်လို့ ပြဿနာတက်ခဲ့တာကို ပြောတာလား"

ဟု သတိတရ ပြောလိုက်လျှင် ထိုက်တန် ဝမ်းသာသွားပါသည်။

"အဲဒါ ပြဿနာ မဟုတ်ပါဘူး၊ ငါလည်း အဲဒီတုန်းက ကလေးမကျ လူကြီးမကျ အရွယ်လေးပဲ ရှိသေးတာ။ ရှင်းရှင်းပြောမယ်၊ နင့်ကို ကြိုက်သလိုလို ဘာလိုလိုနဲ့ စိတ်ကစားခဲ့တာပါ။ တကယ်တော့ အခု ပြန်တွေးကြည့်ရင် ရယ်စရာကြီးပါ။ ငါတော့ စိတ်ထဲမှာ ဘာမှမထားပါဘူး။ နင်က ဒါကို တကူးတက ဘာကြောင့် လာရှင်းရပြန်တာလဲ"

"မဟုတ်ဘူး ... မဟုတ်ဘူးဟာ၊ ကျွတ် ... ငါပြောတာ ရှုးသလိုလို ဘာလိုလို ဖြစ်ရင် ဖြစ်နေမယ်ဟာ။ ဒီလိုပါ နန္ဒာရာ။ နင်က ငါ့ကိုမုန်းပြီး ကျိန်ဆဲသလို ပြောခဲ့တာလေ။ နင် ကျိန်ခဲ့တဲ့စကားကို ငါ အပြည့်အစုံတော့ ပြန်မပြော





တတ်ပေမဲ့ ဘယ်လိုသဘောပါလဲဆိုတော့ ငါ့ဘဝမှာ ငါက ချစ်တယ်ပြောတဲ့ မိန်းကလေးတိုင်း ငါ့ကို ပြန်မချစ်ကြတော့ပဲ တခြားလူတစ်ယောက်ကိုပဲ ချစ်သွားပါစေ၊ ငါကတော့ အမြဲတမ်း ကျန်ရစ်ဖြစ်ပါစေ ဆိုတဲ့ သဘောမျိုးကျိန်ခဲ့တယ်၊ နင် အဲဒါ မှတ်မိရဲ့လားတော့ မသိဘူး"

နန္ဒီ့ မျက်နှာမှာ ဒါကို ချက်ချင်းပဲ ပြန်အစဖော် မှတ်မိသွားသည့်အတွက် ထိုက်တန် ရင်အေးသွားပါသည်။ မမှတ်မိပါဘူးဆိုလျှင် ဘယ်လိုက,စပြီး မှတ်မိအောင် ပြောပြရမည်လဲတော့ ထိုက်တန်လည်း မစဉ်းစားတတ်ပါ။

"အဲဒါလည်း ကလေးဆန်ဆန် ပြောခဲ့တာပါပဲ"

"အေး ... နင်က ပြောခဲ့ပေမဲ့၊ ငါ့မှာ အခု တကယ်ခံနေရပြီ။ တကယ်ပြောတာ။ ငါ ရည်းစားတွေ အများကြီးထားပြီး စမ်းသပ်ခဲ့ပြီးပြီ။ အဲဒီမှာ ဘာဖြစ်လဲဆိုတော့ မိန်းကလေးတွေဟာ ငါနဲ့ ရည်းစားဖြစ်ပြီးရင် မကြာဘူး၊ ငါ့ကို တကယ်ချစ်လို့မရတော့ဘဲ သူတို့စိတ်တိုင်းကျ အချစ်စစ်နဲ့ ချစ်နိုင်တဲ့သူကို ရှာတွေ့သွားကုန်ကြတယ်။ ငါ့ကို အကြောင်းပြပြီး ချန်ထားရစ်ခဲ့ကြတယ်၊ အရင် မိန်းကလေးတွေတုန်းက ငါ ကိုယ်တိုင်လည်း သိပ်မချစ်ခဲ့တာမို့ ရင်ထဲမှာ ဘာမှ မခံစားရပေမဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



နန္ဒီက သဘောပေါက်သလိုဖြင့် ...

"သိပါပြီ၊ အခု နင် တကယ်ချစ်တဲ့သူ တွေ့နေပြီ၊ သူ့ကို တော့ နင် အဆုံးရှုံး မခံချင်ဘူး၊ အဲဒါပဲ မဟုတ်လား"

ဟု စကားဖြတ်ပြောလိုက်လျှင် ထိုက်တန်လည်း မဆိုင်းမတွပင် ဝန်ခံလိုက်ပါသည်။

"သူ့ကိုငါ တကယ်ချစ်တယ် နန္ဒီ။ သူ့ကိုပဲ လက်တွဲမယ် လို့ ဆုံးဖြတ်ထားပြီးပြီ။ ငါ ဘယ်လိုနည်းနဲ့မှ အဆုံးရှုံး မခံနိုင်တော့ဘူး"

"ငါ ဘာလုပ်ပေးရမှာလဲ"

"နင် ငါ့ကို ကျိန်ထားတာတွေ ပြေပါစေ၊ ချစ်တဲ့သူနဲ့ ပေါင်းရပါစေ ဆိုတာမျိုး ပြန်ပြင်ပြောပေးလို့ မရဘူးလား။ ငါ လိုချင်တဲ့ အကူအညီက အဲဒါပါပဲ"

"နင်ကလည်းဟယ် အယူသီးလိုက်တာ၊ အစွဲအလမ်းကြီး လိုက်တာ၊ ငါက ဘာရယ်မဟုတ်ဘူး၊ ကလေးစိတ်နဲ့ ကျိန်ခဲ့တာပါ၊ အဲဒီအချိန်တွေတုန်းကတော့ ကိုယ့်ကိုယ် ကိုယ် will power ရအောင် မှန်တစ်ချပ်မှာ မျက်စိစူးစိုက် ကြည့်ပြီး ကျင့်လိုကျင့်၊ တားရော့ကတ်တွေ ဗေဒင်ဟောလို ဟော၊ စာအုပ်တွေဖတ်ပြီး အရူးထတာပါ။ ငါ တကယ် လည်း စုန်းမ မဟုတ်ပါဘူး။ ကျိန်ရင်လည်း မထိပါဘူး ဟယ်။ လျှောက်ပြောတာပါ၊ တကယ်ထင်မနေပါနဲ့"





နန္ဒီ့စိတ်ထဲမှာတော့ ထိုက်တန် ဆိုတဲ့ကောင်မလေး ဆရာဝန်ရှင်မကြီးတစ်ယောက် လုပ်နေပြီး အတွေးအခေါ်ကလည်း ညံ့လိုက်တာလို့ ကဲ့ရဲ့နေမိသည်။ ဒါပေမဲ့ သူ့ကြည့်လိုက်တော့ လည်း တကယ့်ကို serious ကြီးဖြစ်တဲ့ရုပ်နဲ့ သေတော့မလိုဖြစ် နေတာမို့ ထုတ်ဖော်ပြောပြီးတော့လည်း မဝေဖန်ရဲ။ မဝေဖန်ရက် ပါ။

"ဒါပေမဲ့ နင် ငါ့ကို ကျိန်စာပြေပါတယ် ဆိုတာမျိုးလေး တော့ ပြောပေးပါ နန္ဒီရယ်၊ ငါ ရူးသလိုလို ဖြစ်ရင်တော့ ဖြစ်နေမယ်။ ဒါပေမဲ့ ငါ့ကိုတော့ ကူညီပါဟာ"

နန္ဒီမှာ ကိုယ့်အတွက်လည်း ဘာမှအပန်းမကြီးတာ မို့ ထိုက်တန် သိပ်ပြီးစိတ်အားထက်သန်နေတာကို ကူညီပေးဖို့ စိတ်ဆုံးဖြတ်လိုက်ပါသည်။

"အေးပါ ... ကဲ ... ကဲ ... လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက် ကတည်းက သင့်နေတဲ့ ကျိန်စာတွေ ပြေပါပြီ၊ အဲဒီကျိန်စာ မရှိတော့ပါဘူး။ ချစ်တဲ့သူနဲ့ အမြန်ဆုံးပေါင်းရပါစေဟယ်၊ ကျေနပ်ပြီလား၊ ငါ တကယ်ဆုတောင်းပေးတာနော်။ ချစ် သူနဲ့ပေါင်းရပါစေလို့"

ဒီလိုကြားလိုက်ရတော့မှ ထိုက်တန် ရင်ထဲ အလုံးကြီး တစ်ခု ကျသွားသလိုပဲ ခံစားလိုက်ရပါသည်။ ရင်ထဲမှာ နောက်ကျို နေတာတွေလည်း ပျောက်ကင်းသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ နန္ဒီ"

"ရပါတယ်"

"ငါ သွားတော့မယ်၊ ဆောရီးပဲဟာ နင့်ကို စိတ်အနှောင့်အယှက် လာပေးမိသလို ဖြစ်သွားပြီ"

"ကိစ္စမရှိပါဘူး၊ နင် လာပြီး အစဖော်မှ ငါတောင် အဲဒီတုန်းက အကြောင်းတွေ သတိရပြီး ခေါင်းထဲထည့်တွေးမိတယ်"

နန္ဒီက တံခါးဝအထိ လိုက်ပို့ပါသည်။

"နင်တို့ လက်ထပ်ကြရင် ငါ့ကိုလာဖိတ်ဖို့ မမေ့နဲ့၊ နင် အသည်းအသန်ဖြစ်တဲ့အထိ ချစ်ရတဲ့ မိန်းကလေးကို ငါ တွေ့ချင်တယ် သိလား"

"အေး ... စိတ်ချပါ၊ ငါ နင့်ကိုဖိတ်ပါ့မယ်"

နန္ဒီ့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ညီနိုင်ကတော့ မလှမ်းမကမ်းမှာ ကားထဲပုန်းစောင့်နေလေသည်။ ထိုက်တန် လျှောက်လာတာမြင်တော့ စိုးရိမ်တကြီး မျက်လုံးတွေနဲ့ လှမ်းကြည့်နေပါသည်။ ထိုက်တန်က မသိမသာ လက်မထောင်ပြလိုက်လေသည်။

ထိုအချိန်တွင် နန္ဒီကတော့ ထိုက်တန် ရောက်လာပြီး ရှေးဟောင်းနှောင်းဖြစ်တွေပြောမှ ပြန်သတိရသွားသလိုဖြစ်ပြီး ငယ်ငယ်တုန်းက အမှတ်တရတွေ စုစည်းပြီး သိမ်းဆည်းထားသော





ယွန်းသေတ္တာလေးကို လိုက်လံရှာဖွေနေမိသည်။ ယွန်းသေတ္တာလေးကို ပစ္စည်းဟောင်းတွေထည့်သော ဗီရိုကြီးထဲမှ ရှာဖွေတွေ့ပါသည်။

သေတ္တာလေးကို အသာဖွင့်ကြည့်လိုက်တော့ ငယ်ငယ်က ကျိတ်ပြီးသဘောကျမိတဲ့ ထိုက်တန်ရဲ့ဓာတ်ပုံတချို့ အရင်ထွက်လာသည်။ (ဓာတ်ပုံတွေက ကျောင်းမှာ အတန်းလိုက် အမှတ်တရ ရိုက်စဉ် လူစုထဲမှာပါသော ထိုက်တန်ကို ကွက်ပြီး ကတ်ကြေးနဲ့ ညှပ်သိမ်းထားတာပါ)။

* ❧ *



www.burmeseclassic.com

www.burmeseclassic.com








## ၁၀

ထိုက်တန်သည် ယုံကြည်ချက်တစ်ခုဖြင့် ကိုးပွင့်ကို တွေ့ရန် Divine သို့ အရဲစွန့်ပြီး တစ်ရက်မှာ သွားတွေ့ကြည့်ဖို့ ဆုံးဖြတ်လေသည်။ ဒါဟာ နန္ဒိနဲ့သွားဆွေးနွေးလို့ရပြီး ပြေလည်သွားတာကြောင့်ပဲလား၊ ကိုးပွင့်ကို သိပ်သတိရလာလို့ အလွမ်းပြေ သွားကြည့်ခြင်းပဲလား။ သူ့ကိုယ်သူပင် သေသေချာချာ မသုံးသပ်ကြည့်တတ်တော့ပါ။

Divine သို့ ရောက်သောအခါ ရင်က တထိတ်ထိတ်ခုန်လာသည်။ ကိုးပွင့်နဲ့ဆုံလျှင် ဘယ်လိုများ ဆက်ဆံမလဲ။ ဘာတွေပြောမလဲ (ဘာတွေပြောစရာရှိနေမလဲ)။ ဒါမှမဟုတ် ရဲသွေးအောင်နဲ့ ပတ်သက်တဲ့ သတင်းတစ်စုံတစ်ရာ ကိုးပွင့်မှာ ရှိနေပြီလား။ အနားနီးလာလေလေ ရင်ထဲမှာ ချိတုံချတုံ ဖြစ်လာလေလေ။ သွားမတွေ့ဘဲ ဒီအတိုင်းလေး လွမ်းနေလက်စနဲ့ နေရင် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



မလား။ သွားတွေ့ပြီး အခုလောလောဆယ် ဖြစ်ပျက်နေမဲ့ ကိုးပွင့်ရဲ့ အပြောင်းအလဲတွေ၊ အခြေအနေတွေကို ရင်ဆိုင်လိုက်ရင်ကောင်းမလား။

ဒါပေမဲ့ ခြေလှမ်းတွေကတော့ Divine ဆိုင်ထဲရောက်စပြုနေပေပြီ။ မြင်တွေ့နေကျ ရင်းနှီးပြီးသား မျက်နှာပိုင်ရှင်တွေက သမားရိုးကျ ကြည့်ရိုးကြည့်စဉ်အတိုင်းကြည့်ပြီး ပြုံးလျက် နှုတ်ဆက်သူက နှုတ်ဆက်။ ဆံလည်ကုလားထိုင်တစ်လုံးနဲ့ ထိုင်နေသော လဲ့လဲ့ကတော့ ထိုက်တန်ကိုမြင်လျှင် အသင့်စောင့်ကြိုသလို အနေအထားနဲ့ လှမ်းကြည့်နေပါသည်။

ထိုက်တန်မှာ မျက်နှာအမူအရာကို အတည်ငြိမ်ဆုံးဖြစ်အောင်ထားလျက် ...

"မရောက်တာကြာလို့ ဝင်လာတာ။ လဲ့လဲ့ရော နေကောင်းလား"

"နေကောင်းပါတယ်ရှင်"

"အရောင်းအဝယ်တွေရော ဘယ်လိုနေလဲ"

"မဆိုးပါဘူး၊ ပုံမှန်လေး သွားနေပါတယ်"

လဲ့လဲ့သည် ခပ်ပြုံးပြုံး လုပ်လိုက်ပြီး ...

"ကဲပါ ကိုထိုက်တန်ရယ်၊ ရှင် မေးချင်တာ ကိုးပွင့်မဟုတ်လား၊ မေးပါ ရပါတယ်။ လောကွတ်တွေ ဓား နေပါနဲ့ ... ဟင်း ဟင်း"





ဟု တိုက်ရိုက်ပြောလိုက်တော့မှ ထိုက်တန်လည်း အရှက်ပြေ ရယ်မိ၏။

"ကိုးပွင့် ဆိုင်မလာဘူးလား"

"မလာဘူးရှင့်"

"ဩော် ..."

"သူ့ကိုတွေ့ချင်ရင် ဆီဒိုးနားဟိုတယ်ကို လိုက်သွားပါလား၊ သူ အဲဒီမှာရှိတယ်"

"ခင်ဗျာ"

ဟိုတယ်ဟု ဩလိုက်ရသဖြင့် ရင်ထဲ ဒိန်းခနဲအသံမြည်သွားပါသည်။

"ဒီနေ့ စေ့စပ်ပွဲ ရှိတယ်လေ"

"ခင်ဗျာ"

ထိုက်တန် ရင်ထဲမှာ ကွဲကြေသလို ခံစားသွားရသည်။

"ကိုထိုက်တန် မသိသေးဘူးလား၊ ရဲသွေးအောင်ရဲ့ စေ့စပ်ပွဲလေ"

"ရဲသွေးအောင် စေ့စပ်သွားပြီလား၊ ဘယ်သူနဲ့လဲ"

"ကိုးပွင့် ရှင့်ကို မပြောပြဘူးလား"

ဟင် ... ကိုးပွင့်နဲ့လား။ ကိုးပွင့် ရဲသွေးအောင်နဲ့ စေ့စပ်သွားပြီလား။ စေ့စပ်လိုက်ကြပြီလား။ ထိုက်တန် မျက်စိထဲ ဘာမှမမြင်တော့သလို ဖြစ်လာသည်။ ရင်ထဲမှ အစိတ်စိတ်အမြွာ



www.burmeseclassic.com

www.burmeseclassic.com



မြွာ ကြေမွပြီး ရင်ဘတ်တစ်ခုလုံး အောင့်နေတော့သည်။ လဲ့လဲ့ ရှေ့မှာ မနည်းဟန်ဆောင်ထားရပြီး အရာရာကို လက်ခံနိုင်ဖို့ ကြိုးစားနေရပါသည်။

"ကိုးပွင့်ကို သွားတွေ့ချင်ရင်တော့ သွားတွေ့လေ၊ ပွဲက နှစ်ဖက်မိဘဆွေမျိုးတွေရှေ့မှာပဲ အသိအမှတ်ပြုရုံလေး စေ့စပ်တာဆိုတော့ တခြားစည်းသည်းတွေတောင် မဖိတ်ပါဘူး။ ရှင် သွားရင်တော့ ရပါတယ်။ ကိုးပွင့်ကလည်း ရှင့်ကို တွေ့ချင်ပါတယ်လို့ ပြောနေတယ်"

ကိုးပွင့် ဘာကြောင့် တွေ့ချင်ရသလဲ။ ထိုက်တန်သည် ရင်ထဲမှာ ကြေမွလျက်နဲ့ပဲ ဦးတည်ရာမဲ့သလိုပုံစံနဲ့ ပြန်ထွက်လာခဲ့သည်။

ကားစက်နှိုးပြီး မောင်းချင်ရာ မောင်းလာသလိုလို ထင်ရသော်လည်း တကယ်တော့ မသိစိတ်က ခြီးတည်နေသည်မှာ ကိုးပွင့် ရှိနေမည်ဖြစ်သော ဆီဒိုးနားဟိုတယ်ဆီသို့သာ။ ကိုးပွင့်ကို ခဏလေးတော့ တွေ့ချင်သည်။ ကိုးပွင့်ကို တစ်စုံတစ်ယောက်က အသေအချာ ပိုင်ဆိုင်ခွင့် မရသေးချိန်မှာ ရင်ထဲက ချစ်တဲ့ အကြောင်းတွေ နောက်ဆုံးအနေနဲ့ ပြောလိုက်ရင် ဘယ်လိုနေမလဲ။ ကိုးပွင့် အမှတ်တရ ဖြစ်သွားစေချင်တယ်။ ကိုးပွင့်ကို ထိုက်တန် ဆိုတဲ့ လူတစ်ယောက်ဟာ မြတ်မြတ်နိုးနိုး ချစ်ခဲ့တယ်ဆိုတာ သိ စေချင်တယ်။





ဟိုတယ်ရှေ့မှာ ကားရပ်ပြီး စောင့်နေခဲ့မိသည်။ ပွဲကျင်းပနေရာကြီးကို ကိုယ်လည်းမဖိတ်ခံရပါပဲ ဝင်မသွားချင်ပါ။ ကိုးပွင့်တို့ ထွက်လာသောအချိန်ကျမှပဲ သွားနှုတ်ဆက်ပြီး ရဲသွေး အောင်ကို ကွန်ကရက်ဂျူလိတ် လုပ်ရုံပဲပေါ့။

ကားထဲမှာ သိပ်တော့ထိုင်မစောင့်လိုက်ရ။ ဆယ့်ငါးမိနစ်လောက်ကြာသော် ဝတ်ကောင်းစားလှတွေ ဝတ်ထားသူ (ညည့်ခံပွဲလာ အဝတ်အစားမျိုး ဝတ်ထားသူ)တချို့ စပြီးထွက်လာတာ တွေ့ရပါသည်။ ဒါနဲ့ ထိုက်တန်လည်း ကားထဲမှ ထွက်လာကာ ဟိုတယ်၏ထွက်ပေါက်မှာ မသိမသာ သွားရပ်စောင့်လိုက်ပါသည်။ ရှိုက်ခနဲ ထွက်လာသော အရိပ်လေးတစ်ရိပ်ကို မြင်ရလျှင်ဒါ ကိုးပွင့်ပါပဲလို့ ချက်ချင်း အတပ်သိလိုက်ပါသည်။

"ကိုးပွင့်"

ကိုးပွင့်သည် ငွေမင်ရောင်လက်နေသော ပိုးရင်ဖုံး အင်္ကျီလေး (အင်္ကျီ၏ရင်ဖုံးချုပ်ရိုးနေရာ၊ လက်အိုးနေရာတွေမှာတော့ ကျောက်လှလှလေးတွေ သီထားသည်)နှင့် ကျောက်ရောင် ဖျော့ဖျော့လေးတွေနဲ့ ချိတ်ဆင်ပုံဖော်ထားသော ပိုးလုံချည်ကို ဝတ်ထားပါသည်။ သတို့သမီးလောင်းလေး ကိုးပွင့်၏ မျက်နှာက အံ့ညြမှုကို ထိုက်တန် မြင်ရသည်။

"လဲ့လဲ့ ပြောလိုက်လို့ လိုက်လာတာပါ၊ ကျွန်တော် မနှောင့်ယှက်ပါဘူး။ ကိုးပွင့်ကို ဒီနေ့ပဲ နောက်ဆုံးလာတွေ့ပြီး ပြောချင်တာလေးတွေ အကုန်ပြောခဲ့ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောခဲ့ချင်တယ်ဆိုတော့ ရှင်က ဘယ်သွားစရာရှိလို့လဲ၊ ဘယ်ကိုသွားမလို့လဲ"

ကိုးပွင့်သည် သူ့ကိုမတွေ့ရတာကြာပြီ ဖြစ်သဖြင့် သူ့အကြောင်းလည်း ဘာမှမသိရလေရာ ဘာတွေများ လာပြောနေသလဲလို့ တွေးပြီးပြန်မေးမိသည်။

"ဘယ်မှ မသွားပါဘူး"

"မသွားဘဲနဲ့ နောက်ဆုံးလာတွေ့ပြီး ပြောတယ်လို့ ဘာဖြစ်လို့ ပြောရတာလဲ"

"ကိုးပွင့်က နောက်ဆို ပိုင်ဆိုင်သူရှိတော့မှာလေ"

"ဟုတ်လား"

"ကိုးပွင့် ဒီနေ့ စေ့စပ်ပြီးပြီလေ၊ သိပ်မကြာခင် လက်ထပ်တဲ့အခါ ပိုင်ဆိုင်သူရှိတော့မှာပေါ့။ ကျွန်တော်လည်း ကိုးပွင့်မှာ ပိုင်ဆိုင်သူရှိရက်နဲ့ အနှောင့်အယှက် ဆက်ပေးတာမျိုး ဖြစ်မှာစိုးလို့ ဒီနေ့ နောက်ဆုံးလာတွေ့ပြီး ပြောတာပါ"

ထိုက်တန်သည် ကိုးပွင့် မျက်နှာကို တမေ့တမော စိုက်ကြည့်ကာ ပြောလိုက်ပါသည်။

ကိုးပွင့်ကတော့ မျက်မှောင်လေး အသာကြုတ်ပြီး ထိုက်တန်ကို နားမလည်သလို ကြည့်နေလေသည်။

"ကိုးပွင့်"

"… …"



BURMESE CLASSIC .com



"ကျွန်တော့်ဘဝမှာ အမြတ်နိုးရဆုံး၊ အချစ်ရဆုံး မိန်းကလေးဟာ ကိုးပွင့်ပါပဲ၊ ကိုးပွင့်ကို ကျွန်တော် သိပ်ချစ်ပါတယ်၊ ဆုံးရှုံးရမှာစိုးလို့ အမှားတွေလျှောက်ကျူးလွန်မိတဲ့အထိ ရူးခဲ့တာပါ။ တကယ်တော့ အဲဒီလိုဖြစ်ရတာဟာ ကိုးပွင့်ကို ချစ်လွန်းလို့ပါ"

ထိုက်တန် ပြောပြီးချိန်တွင် သူတို့နားကို ရောက်လာသော လူရိပ်တို့ကြောင့် ထိုက်တန် လှည့်ကြည့်လိုက်သလို ကိုးပွင့်ကပါ ထိုလူရိပ်တို့ကို ပြုံးလျက် စောင့်ကြိုလိုက်တာ တွေ့ရသည်။

"ဪ … ဘယ်သူများလဲလို့၊ ကိုထိုက်တန်ပါလား"

ရဲသွေးအောင် …။ ထိုက်တန် ဇဝေဇဝါဖြစ်သွားသည်မှာ ရဲသွေးအောင်သည် ရွှေရောင်ပိုးသားဝတ်စုံလေးနဲ့ ကြည့်ကောင်းနေသော မိန်းကလေးတစ်ယောက်ကို လက်တွဲထားခြင်းပင်။ ထိုက်တန်မှာ ကိုးပွင့်ကို အကဲခတ်လိုက်လျှင် …

"ရဲသွေး … နင့်ရဲ့ချစ်သူနဲ့ မိတ်ဆက်ပေးလိုက်ပါဦး"

"ဟာ … ဟုတ်သားပဲ။ ကိုထိုက်တန် … သူက ကျွန်တော့်ချစ်သူပါ။ သူ့နာမည်က ယမုံဦးတဲ့၊ ဒီနေ့ပဲ ကျွန်တော်တို့ စေ့စပ်ကြတာလေ"

"ဟုတ်လား … တကယ်လား"

ထိုက်တန်၏အမေးကို ကိုးပွင့်က မဖြေဘဲ မျက်စောင်းကြီးဖြင့်သာ တုံ့ပြန်လိုက်ပါသည်။ ရဲသွေးအောင်တို့နှင့်တွဲ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အခြေအနေကို ရယ်မောလိုက်ကြရင်း နွတ်ဆက်ကာ ဒီအနားက ထွက်သွားကြပါသည်။ ကိုးပွင့်ကိုလည်း ...

“သွားမှဖြစ်မယ်ထင်တယ်နော် ကိုးပွင့်။ ကိုထိုက်တန်ကို တွေ့ရင် နင်လည်း ပြောစရာ ရှိနေတယ်ဆိုတာ ငါ သိပါတယ်”

ဟူ၍ မသွားခင်လေးမှာ နောက်ပြောင်သလို ပြောသွားလျှင် ကိုးပွင့်မှာ ရှက်စနိုးဟန်ဖြင့် ...

“ရဲသွေးနော် ... သွားမှာဖြင့် အေးအေးဆေးဆေးသွားတာ မဟုတ်ဘူး”

ဟု လက်သီးရွယ်ပြီး ပြန်အော်လေသည်။

ထိုက်တန်သည် အနားမှာ ဘယ်သူမှ မရှိတော့မှ အရဲစွန့်ပြီး ...

“ကိုးပွင့်”

လို့ မြတ်နိုးစွာ ခေါ်မိလေသည်။

ကိုးပွင့်က မျက်စောင်းအကြီးကြီးထိုးလျက် ...

“ဘာမှန်းလဲ မသိဘူး၊ သူ ထင်ချင်တာတွေ စွတ်ထင်ပြီး လူကို လာစွပ်စွဲနေတယ်။ မုန်းဖို့ကောင်းတယ် ... တကယ်။ သိပ်မုန်းတာပဲ”

“လှဲ့လှဲ့က တမင်ခံစားရအောင်လုပ်ပြီး သေသေချာချာမှ မပြောတာ။ ကိုးပွင့်ပဲ စေ့စပ်သလိုလို ပြောတာကိုး၊ ရင်





ထဲမှာပူပြီး ကြေမွနေတာပဲ၊ ဘယ်လောက် ခံစားရတယ် မှတ်လဲ”

“ရှင့်အကြောင်းလည်း ဘလော့(ဂ်)မှာဖတ်ပြီး ကိုးပွင့် ဘယ်လောက် ခံစားရတယ် ထင်လဲ”

“ဟာ ... အဲဒီအကြောင်းတွေ ခေါင်းထဲမထည့်ပါနဲ့၊ ကျွန်တော် ရှင်းပြပါမယ်”

“ရှင်းပြလည်း အပိုပဲ”

“ဟင် ... ဘာဖြစ်လို့လဲ”

“ကိုးပွင့်က ရှင့်ကိုမုန်းပြီးနေပြီ၊ ပြင်လို့မရတော့ဘူးရှင့်”

မုန်းတယ် ပြောနေသော မျက်ဝန်းလေးထဲမှာတော့ အချစ်အကြောင်း ဖော်ပြနေသောအရိပ်တွေ ပြည့်နှက်နေခဲ့ပြီဖြစ်ကြောင်း ထိုက်တန် မြင်ရလျှင် ထိုအမုန်းကိုပင် ကျေနပ်စွာရယ်မောလိုက်မိလေသည်။ ချစ်သူ၏အမုန်းသည် ချစ်သောအမုန်း တစ်ခုသာ ဖြစ်နေပါလိမ့်မည်။

“စာလုံးတစ်လုံး စာကြောင်းတစ်ကြောင်း၊ စာပိုဒ်တစ်ပိုဒ် ဒါမှမဟုတ် စာတစ်ပုဒ် မှားရင်တောင် အမှားပြင်ဆင်ချက်လို့ ခေါင်းစဉ်တပ်ပြီး ပြင်ခွင့်ရှိတာပဲ၊ ကျွန်တော့်အပေါ်မှာရော ကိုးပွင့်ဆီမှာ အမုန်းပြင်ဆင်ချက် မရှိဘူးလား”

❋ ❧ ❋




www.burmeseclassic.com

www.burmeseclassic.com



(အမှန်ပြင်ဆင်ချက်)

အမှန်းတစ်ခုကို
ပြင်ဆင်ခွင့် ရလိုက်သောအခါ ...။ ... ...။



ရှင်မိုး
(ဆေးတက္ကသိုလ်)
20th April
Sunday
2008.

BURMESE CLASSIC .com
www.burmeseclassic.com